www.burmeseclassic.com



အုပ် (၂၀) မြောက် အမှတ်တရ

# မယ်မင်းဘို

အငြိုးကွန်ယက် နတ်သမီး

ငလင

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

မောင်ဇော်ရှိုင်

# စေတနာ

စာပေ

Ph - 01 382183



BURMESE CLASSIC

စာဖတ်ပရိသတ်များအတွက်

ဘာဝရအမှတ်တရ…

မယ်မင်းဘုံ



www.burmeseclassic.com

www.burmeseclassic.com

မယ်မင်းဘုံ

အငြိုးကွန်ယက်နတ်သမီး

၂၀၁၃ ခုနှစ်၊ မတ်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

မယ်မင်းဘုံ ၈၉၅. ၈၃

အငြိုးကွန်ယက်နတ်သမီး၊ မယ်မင်းဘုံ၊ ရန်ကုန်၊

စေတနာစာပေ၊ ၂၀၁၃

၂၈၈-စာ၊ ၅ × ၇

(၁) အငြိုးကွန်ယက်နတ်သမီး

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ

## အမှတ်တရအစီအစဉ်

30.12.2012

သို့

မမယ်မင်းဘုံ ...

ညီမက မရဲ့ပရိသတ်တစ်ဦးပါ။ "မ"ရဲ့စာအုပ်ကို စဖတ်မိကတည်းက တခြားစာအုပ်တွေကို မဖတ်ဖြစ်တော့ဘူး။ "မ"ရဲ့ စာအုပ်တွေ အားလုံးကို သိပ်နှစ်သက်မိပါတယ်။ မရဲ့ဝတ္ထုတွေထဲမှာ ကျွဲတာဆိုလို့ အမုန်းကမ်းရိုးတန်း တစ်အုပ်ပဲ ရှိသေးတယ်နော်။ အဲဒီလိုမျိုးလေး ထပ်ရေးပေးပါဦးလို့ တောင်းဆိုပါရစေရှင့်။ မ ... ထာဝရ အောင်မြင်ပါစေ။

ဆုမွန်ကောင်းတောင်း၍

ပရိသတ် ...

**အေးမိမိကျော်**

2nd year (Chemistry)

ညောင်ပင်ရပ်

အောင်ပန်းမြို့

ရှမ်းပြည်နယ်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

မမယ်မင်း ...

ပျားရည်ဆမ်းဒွိဟစာအုပ်လေးကို သိပ်ကြိုက်ပါတယ်။ အစကတော့ မမရဲ့ဓာတ်ပုံလေးကို မြင်ရတော့ ပိုသဘောကျတယ်။ စာဖတ်ရတာလည်း ပိုဖီလင်ရှိတယ်။ မမက ချစ်ဖို့ကောင်းတယ်။ မြှောက်ပင့်ပြောတာ မဟုတ်ဘူးနော်။ မမကို အပြင်မှာ တွေ့ဖူးချင်လိုက်တာ။ ညီမတို့ သူငယ်ချင်းတစ်စုက မမရဲ့ပရိသတ်တွေလေ၊ မမရဲ့ ပျားရည်ဆမ်းဒွိဟစာအုပ်လေးကို ဖတ်လိုက်၊ မမဓာတ်ပုံကြည့်လိုက်နဲ့ ကြည်မဝ ဖြစ်နေတာလေ။ ညီမတို့ ရန်ကုန်လာရင် မမအိမ်လာလည်မယ်နော်။ မမနဲ့ဓာတ်ပုံတွဲရိုက်မယ်။ စကားတွေ ပြောချင်တယ်။ မမ စိတ်မဆိုးနဲ့နော်။ မမ အောင်မြင်မှုများစွာ ပိုင်ဆိုင်ရရှိပါစေ။

**နိုင်ယမုံ**
အမှတ်(၂)ရပ်ကွက်၊ ချောင်းဦးလမ်း
အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

မမမဲယ်မင်း ...

မင်္ဂလာပါ ...

ညီမက မမရဲ့ ပရိသတ်တစ်ဦးပါ။ မမဝတ္ထုတွေကို မလွတ်တမ်း အားပေးနေတာပေါ့။ မမဝတ္ထုတွေ ဗီဒီယိုမထွက်သေးဘူးလား။ ညီမတို့ အရမ်းမျှော်နေတာနော်။ မမရဲ့ဝတ္ထုတွေမှာ ကဗျာတွေကတော့ ညီမတို့အတွက် Special ပဲ။ မမ စာအုပ်ဆို ထွက်တဲ့နေ့ကတည်းက စာအုပ်ဆိုင်ကို ကြိုပြောထားတာ။ ဦးဆုံး ဖတ်ခွင့်ရအောင်လေ။

ပျားရည်ဆမ်းဒွိဟက အိမ်ထောင်ရေးဓာတ်လမ်းလေးနော်။ ညီမ ကြိုက်တယ်။ ပြီးတော့ ဓာတ်လမ်းထက် မမ ဓာတ်ပုံဆည့်ပေးထားတာကို ပိုကြိုက်တယ်။ မမက အရမ်းချောတယ်။ မင်းသမီး လုပ်ပါလားဟင်။ ညီမက မမကို အရမ်းအားကျတာပဲ။

မမ ထာဝရအောင်မြင်ပါစေ။

မမရဲ့ထာဝရပရိသတ် ...

Kha Yay
အမှတ်(၂)ရပ်ကွက်၊ ချောင်းဦးလမ်း
အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်း

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

မမရေ ...

မင်္ဂလာပါ ...

ဝတ္ထုတွေအားလုံး တစ်အုပ်မကျန် ဖတ်ပြီးပါပြီ။ မမက အရမ်းရေးတတ်တယ်နော်။ အချစ်ကို ကြက်ဟင်းခါးသီးနဲ့ တင်ပြသွားတာကို သဘောကျလို့ မဆုံးဘဲ။ ဇာတ်လမ်းလေးက ထူးထူးဆန်းဆန်းလေးနဲ့ သိပ်ချစ်ဖို့ကောင်းတယ်။ မမရေ ... အရမ်းကို Romance ဖြစ်ပြီး နောက်ပိုင်းမှာ drama ချိုးတဲ့ ဇာတ်မျိုးလေး ရေးပေးပါဦးနော်။ မမရဲ့ idea တွေကို အားလုံးကြိုက်တယ်။ English လို ညှပ်ရေးထားတော့ ဗဟုသုတလည်းရတယ်။ အဲဒီအတွက် ချောက Thank you ပါ။

မမရဲ့ပရိသတ် ...

အမှတ်(၃၇)၊ အဲ့ကြီးရပ်
ဒလမြို့နယ်၊ ရန်ကုန်။



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

ချစ်သော မမရေ ...

မမရဲ့ဝတ္ထုတိုလေးကို MODA မဂ္ဂဇင်းမှာ ဖတ်ရတယ်။ အချစ်သင့် Blacklist ဆိုတဲ့ ခေါင်းစဉ်က အရမ်းမိုက်တယ်၊ မမကို အရမ်းချီးကျူးတယ်။ နောက်ဆို ဝတ္ထုတိုပေါင်းချုပ်စာအုပ် ထုတ်လို့ရအောင် ဝတ္ထုတို များများရေးပေးနော်။ ပြီးတော့ ဒီလထွက်တဲ့ ဗျားရည်ဆမ်းဒွိဟ စာအုပ်ကို အရမ်းကြိုက်တယ်။ ရွှေမိုးသင်က အရမ်းသနားဖို့ ကောင်းတယ်နော်။ နနယ်ကလည်း ချစ်တတ်တယ်။ တိမ်ညိုရဲ့ ဉာဏ်ရှိတဲ့ ဆုံးဖြတ်ချက်ကိုတော့ သိပ်ကြိုက်တယ်။ ဘယ်သူ့ကိုမှ မနစ်နာစေဘဲ မျှတတဲ့ ဆုံးဖြတ်ချက်မို့ သဘောအရမ်းကျတယ်။ မမရဲ့စာအုပ်တွေကို တအားကြိုက်တယ်။ အုပ်(၂၀)မြောက်မှာကော ဘာအစီအစဉ်ရှိလဲ။ ဩော် ... မေ့လို့။ ဒီဗျားရည်ဆမ်းဒွိဟစာအုပ်မှာ ဓာတ်ပုံထည့်ပေးထားတာ အရမ်းဝမ်းသာတာပဲ။ မမက အရမ်းချစ်စရာကောင်းတယ်နော်။ မမရဲ့ပုံစံလေးက အေးဆေးတည်ငြိမ်တယ်။ အရမ်းတော်တာပဲနော်။ အသက်ငယ်ငယ်လေးနဲ့ အောင်မြင်ကျော်ကြားမှုကို ရယူပိုင်ဆိုင်ထားတာ။ မမစာအုပ်တွေက အရမ်းဆွဲဆောင်မှုရှိသလို မမဓာတ်ပုံကလည်း အရမ်းကိုဆွဲဆောင်ထားတော့ မဖတ်ရမနေနိုင်အောင် ဖြစ်သွားတယ်။ မမရေ ... ဆယ်ကျော်သက်ဂိမ်းကို ဗီဒီယို မရိုက်ဘူးလားဟင်။ အဲဒီဝတ္ထုက ဘယ်တော့ဖြစ်ဖြစ် မရိုးသွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

ဝတ္ထုကောင်းလေးပါ။ အရမ်းကြိုက်တာပဲ။ မမရဲ့စာအုပ်တိုင်းကို အမြဲ အားပေးနေတာပါ။

ချစ်ရသော မမယ်မင်းဘို့ စာပေအနုပညာစင်မြင့်ပေါ်မှာ တင့်တယ်လှပစွာ ထာဝရရှင်သန်၍ ပရိသတ် အများဆုံး ကြိုက်နှစ်သက်တဲ့ စာရေးဆရာမတစ်ယောက် ဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။

မမ ထာဝရအောင်မြင်ပါစေ ...

**ကြယ်စင်**
၇၅-လမ်း၊ ၃၆ x ၃၇ ကြား၊
စကြာနွယ်ရပ်ကွက်
မန္တလေး။



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

30.12.12

သို့

Dear မမယ်မင်း ...

အနှမ်း Equation ဆိုတဲ့ စာအုပ်လေးဟာ ခေါင်းစဉ်နဲ့တင် အပါဆွဲခေါ်သွားနိုင်တဲ့ ဝတ္ထုလေးပါ။ တအားသဘောကျတယ်။ စွမ်းအုံ့မခန်း ဆိုတဲ့ နာမည်လေးကို အရမ်းကြိုက်တယ်။ ပြီးတော့ မင်းသားက ဘယ်လောက်လှည့်ကွက်တွေသုံးသုံး မင်းသမီးက လုံးဝ မဝင်ဘဲ brain ပြေးတဲ့ စတိုင်လ်ကိုလည်း ကြိုက်တယ်။ အနှမ်းကို Equation ထုတ်ထားတာကလည်း အမိုက်စားပဲနော်။ အရမ်းကောင်းပါတယ်။

နောက်လထွက်မယ့် စာအုပ်ကိုလည်း မျှော်နေပါတယ်။

အားပေးခြင်းများစွာဖြင့် ...

**ကောင်းပြည့်**
ကွန်ပျူတာတက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

အမှတ်တရအစီအစဉ်

31.12.2012

သို့

မယ်မင်းရေ ...

HAPPY NEW YEAR ပါ။

နှစ်သစ်မှာ ပျော်ရွှင်အေးချမ်းစွာ စာများစွာကို အလတ်ဆတ်ဆုံး နှလုံးသားဖြင့် ရေးသားနိုင်ပါစေ။ အနမ်း Equation ကို ဖတ်ပြီးပြီးချင်းမှာ အရမ်းကြိုက်သွားတယ်။ တိုက်ဆိုင်စွာ နှာမည်က လည်း နှစ်သက်အေးချမ်းတဲ့ HAPPY NEW YEAR ဖတ်ရတဲ့ ဒီစာအုပ် လေးကို စ,လယ်,ဆုံး အားလုံးကြိုက်တယ်။ သဘောအကျဆုံးကတော့ အနမ်းကို Equation တစ်ခု ထုတ်သွားတဲ့ မယ်မင်းရဲ့ idea လေးကို ပေါ့။ Ok ! ။ မယ်မင်း အစစအရာရာ အဆင်ပြေပါစေ။

အဝေးတစ်နေရာမှ

ပရိသတ် ...

**အန်တီဦး**

နတ်ရေကန်ရွာ၊ အနောက်ပိုင်း

ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး။



စေတနာစာပေ၏

အမှတ်တရအစီအစဉ်

သို့

မမယ်မင်းဘုံ ...

ခင်မင်းရင်းနှီးစွာဖြင့် 'မ' လို့ပဲ ရေးလိုက်တော့မယ်နော်။

ပထမဦးဆုံး မိတ်ဆက်စာ ရေးဖူးတာမို့ အမှားပါရင် ခွင့်လွှတ်ပါ။ ကျွန်တော် ဝတ္ထုတော်တော်များများ ဖတ်ဖြစ်ပါတယ်။

ဇာတ်လမ်းထက် အရေးအသားကို ရှာဖတ်တာများပါ တယ်။ အခု မ,ရဲ့ အရေးအသားကို ကြိုက်သွားတာမို့ မိတ်ဆက်စာ ရေးလိုက်တာပါ။ နဖူးမှာရေးဖို့မေ့တဲ့စာမှ စပြီး ဖတ်ဖြစ်ပါတယ်။ နောက်ပြီး "ဆယ်ကျော်သက်ဂိမ်း"၊ "ပင်လယ်အအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်သည်" အဲဒီသုံးအုပ်ကိုတော့ တော်တော်ကြိုက် တယ်ဗျ။ (ကွက်ဂရက်ကျူးလေးရှင်း)ပါ မ,။ ဇာတ်လမ်းကို မရိုးစေဘဲ အလန်းဇယားစကားလုံးတွေက (very attraction)ပါ။ ဆက်လက် ပြီးတော့လည်း ဒီထက်မက အောင်မြင်ပါစေလို့ (၂၀၁၃) New year မှာ ပျော်ရွှင်သောနှစ်သစ် အဖြစ် ဆုမွန်ကောင်းတောင်းလျက် ...

အမြဲအားပေးနေမယ့် ပရိသတ် ...

NAY HTUN (B.A, MYANMAR)

HPA-AN"

မောင်စနေထွန်း

အ-ထ-က(၁)ကျောင်းလမ်း

ဘားအံမြို့

ခရေလမ်း - ၄ ရပ်ကွက်

ယဉ်ကျေးမှုပြတိုက်ရှေ့

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေး

### အမှတ်တရအစီအစဉ်

သို့

ပထမဦးဆုံး အနုပညာရှင်ကို မိတ်ဆက်စာရေးတာမို့ အမှားပါရင် ခွင့်လွှတ်ပါနော်။ ခင်မင်မှုအပေါင်း သရဖူဆောင်းစွာဖြင့် စာရေးလိုက်ပါတယ်။ မယ်မင်းရဲ့စာအုပ်ကို (၅)အုပ်မြောက်နောက်ပိုင်း အကုန်ဖတ်ပြီးပါပြီ။ ရှေ့(၄)အုပ်က ရှာမရလို့ မဖတ်ရသေးဘူး။ ရအောင်ရှာမှာပါ။ စာရေးမယ် စိတ်ကူးပေမယ့် မရေးဖြစ်ခဲ့ဘူး။ ဒါပေမဲ့ မယ်မင်းရဲ့ စာအရေးအသားနဲ့ အလန်းစားဒိုင်တွေကို ဂုဏ်ယူရင်း ခင်မင်ခွင့်ရဖို့ စာရေးလိုက်တာပါ။

တို့က စာရေးတာ ကဗျာရေးတာ ဝါသနာပါတယ်။ စာရေးဖို့ ဘယ်လို mood သွင်းလဲ ဆိုတာနဲ့ အလန်းစားဒိုင်တွေကို ဘယ်လိုရှာရတာလဲ ဆိုတာကို ပြောပြပါလားဟင် ! ၊ မယ်မင်းရဲ့ စာသားထဲက "ကြက်ဟင်းခါးသီး"ဒိုင်ကို အကြိုက်ဆုံးပဲ၊ ကိုယ်တိုင်စားနေမိလို့ပေါ့။ မယ်မင်းဆီက ခင်မင်ခွင့်ရမယ် ထင်ပါတယ်။

မယ်မင်းအနေနဲ့ အောင်မြင်မှုအပေါင်း သရဖူဆောင်းနိုင်ပါစေလို့ ဆုတောင်းပေးပါရစေနော်။

ရိုးသားကြိုးစား တောင်ပေါ်သားလေးပါနော် ...

**ရန်ပြေထူး(ခ)ဝေယံလင်း**
ရိုးမဘဏ်(အောင်ပန်း)
ရှမ်းပြည်နယ်တောင်ပိုင်း
အောင်ပန်းမြို့



## စေတနာစာပေး

### အမှတ်တရအစီအစဉ်

To

မမမယ်မင်း ...

ညီမလေး စာရေးလိုက်ပါတယ်။ ဒီလထွက်တဲ့ အနမ်း Equation စာအုပ်လေးကို ဖတ်ပြီးသွားပါပြီ။ မမရဲ့စာအုပ်လေးတွေက တစ်အုပ်နဲ့တစ်အုပ် idea လေးတွေ မတူတော့ အရမ်းဖတ်လို့ကောင်းပြီး ဆွဲဆောင်မှုရှိတယ်။ နောက်လ ... နောက်လတိုင်းမှာလည်း ထွက်မယ့်စာအုပ်လေးတွေကို ဘယ်လို idea လေးတွေနဲ့ ထွက်ရှိမလဲ ဆိုတာကို ရင်ခုန်စွာနဲ့ စောင့်မျှော်နေမယ်နော် ... မမ။

ပျားရည်ဆမ်းဒွိဟနဲ့ ဘာညာသာရကာ စာအုပ်လေးတွေကိုလည်း ကြိုက်ပါတယ်။

အနမ်း Equation ထဲက ဇာတ်ကောင်လေးတွေရဲ့စရိုက်ကို ပိုကြိုက်မိပါတယ်။ တကယ်ပဲ အပြင်လောကမှာ ခပ်ရှုပ်ရှုပ်ကောင်လေးတစ်ယောက်ရဲ့ရင်ထဲမှာ စစ်မှန်တဲ့ချစ်ခြင်းတွေရှိလား ?၊ စာအုပ်မျက်နှာဖုံးက ပုံလေးတွေက ခေါင်းစဉ်နဲ့လိုက်အောင် အသက်ဝင်တယ်နော်။

မမနဲ့လည်းဆင်တယ်၊ အရမ်းလှတယ်၊ မမရဲ့စာအုပ်တိုင်းကို စောင့်မျှော်နေတဲ့ ...

ချစ်ညီမ
**နှင်းဟေသူ**
(ရွှေဘိုသာ Super One)

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

To

မမမယ်မင်း ...

ညီမလေး ခင်မင်စွာနဲ့ စာရေးလိုက်ပါတယ်။ မမရဲ့ စာအုပ်လေးတွေက တစ်လထက်တစ်လ ပိုပြီးတော့ ဖတ်လို့ကောင်းလာတယ်။ Idea လေးတွေကလည်း တစ်အုပ်ထက်တစ်အုပ် ပိုပြီးတော့ ကောင်းလာတယ်။ အရမ်းနဲ့လည်း ဆွဲဆောင်မှု ရှိလာတယ်။

ဖြစ်နိုင်ရင် အချိန်တိုင်း မမရဲ့စာအုပ်လေးတွေကိုပဲ ဖတ်ချင်နေမိတယ်။

မမရဲ့စာအုပ်လေးတွေကို လတိုင်းပဲ မျှော်နေမယ်နော်။ မမတစ်ယောက် အောင်မြင်မှုတွေနဲ့ အမြဲတမ်း ပျော်ရွှင်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

Please "မမ"ရဲ့ ဖုန်းနံပါတ်လေး ပေးလို့ရမလား ဟင် ? ။

**အေးမြတ်နွယ်**
ပဲခူးတိုင်းဒေသကြီး
ဝေါမြို့နယ်



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မယ်မင်း ...

အစ်မ အနမ်း Equation စာအုပ် ဖတ်ပြီးပြီးချင်းပဲ မိတ်ဆက်စာ ရေးလိုက်ပါတယ်။

မယ်မင်းရဲ့ စာအုပ်လေးတွေက ဖတ်လိုက်ရင် စာအုပ်ကို ပြန်မချချင်အောင် ဆွဲဆောင်မှု ရှိတယ်နော်။

နောက်လထွက်မယ့် စာအုပ်က ဇာတ်ကောင်တွေက ဘယ်လို Cheracter လေးတွေနဲ့ ဆွဲဆောင်မှုရှိမလဲ ဆိုတာကို ကြိုတင်ပြီးတော့ သိချင်နေပြီ မယ်မယ်ရေ ...

နောက်လမှာထွက်ရှိမယ့် မယ်မယ်ရဲ့စာအုပ်ကို စောင့်မျှော်ဖတ်ရှုလျက် ...

**မမ ဝါဝါလှိုင်** (Super One)
မကွေးတိုင်းဒေသကြီး – မင်းဘူးမြို့နယ်
ထောက်ရှာပင်
ကမ်းနီရေနံမြေ။

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမယ်မင်းဘုံရှင် ...

ဒုတိယ အနေဖြင့် သတိတရ စာရေးလိုက်ပါတယ်။ ပြန်စာပို့မယ်လို့ လုံးဝမထင်မှတ်ပါ။ အရမ်းဝမ်းသာပါတယ်။ ကျေးဇူးလည်း အများကြီးတင်ပါတယ်။

မမရဲ့ idea တွေကိုတော့ ညီမတို့ လုံးဝလိုက်မမီနိုင်ပါဘူး၊ ဒီတစ်ခါက်တော့ ညီမနဲ့ ညီမသူငယ်ချင်း အယူအဆမတူအောင် ခွဲရေးလိုက်ပါတယ်။ ညီမရေးချင်တာနဲ့ သူရေးချင်တာမတူရင် မကောင်းဘူးလေ။ ဒီတစ်ခါ အမှတ်တရ တောင်းချင်တာက မမရဲ့ Photo ပါ။ အပန်းမကြီးဘူးဆိုရင် ပြန်စာနဲ့အတူ ထည့်ပေးစေချင်ပါတယ်နော်။ မမရဲ့ e-mail ကိုရောပါပဲ။ အသက်ငယ်ငယ်လေးနဲ့ အောင်မြင်နေတဲ့ မမကို ညီမ အားကျမိပါတယ်။ မမ ဒီထက်ပို၍ အောင်မြင်နိုင်ပါစေ။ မမယ်မင်းဘုံ world bestseller ဖြစ်ပါစေလို့ ညီမ ဖြိုးဖြိုးစန်းက ဆုတောင်းပေးမယ်နော်။

ထွက်လာမယ့် ဒီဇိုင်းဆန်းဆန်းနဲ့ စာအုပ်လေးတွေကို စောင့်နေပါမယ်။

မမယ်မင်းဘုံရဲ့ထာဝရပရိသတ်

**ဖြိုးဖြိုးစန်း**

No.38 ~ ရန်ကုန် ဗဟန်း

ဟာမစ်တစ်ရပ်ကွက်

e-mail - i. am. Kgmaley

7b-Thit Hninse



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမယ်မင်းဘုံရှင် ...

ဒုတိယအကြိမ်မြောက် ခင်မင်စွာဖြင့် စာရေးလိုက်ပါတယ်။ သမီးတို့ကို အလေးထားပြီး စာပြန်ပို့ပေးတဲ့အတွက် အရမ်းကို ကျေးဇူးတင်ပါတယ် မမ။ မမဆီကို မိတ်ဆက်စာပို့တဲ့သူ များနေတော့ သမီးတို့ကို ပြန်စာမပို့တော့ဘူးလို့တောင် ထင်နေတာ။ မမရဲ့ဝတ္ထုတွေ အရမ်းကောင်းပါတယ်၊ မမရဲ့ဝတ္ထုကို ပထမဆုံး စဖတ်ရတာ "အနမ်းမြို့ကသတို့သား"ပါ။ အဲဒီဝတ္ထု ဖတ်ပြီးကတည်းက မမကိုလေးစားမိခဲ့တာပါ။ သမီး ဘယ်သူ့ကိုမှ မိတ်ဆက်စာ မရေးဖူးပါဘူး။ မမက ပထမဆုံးပါ။ သမီးစာကို မမရဲ့တန်ဖိုးရှိတဲ့ အချိန်တွေ အကုန်ခံပြီး ဖတ်ပေးတဲ့အတွက် very(100) ကျေးဇူးတင်ပါတယ်နော်။

မမယ်မင်းဘုံ ...

world bestter ဖြစ်ပါစေလို့

အမြဲဆုတောင်းရင်း ...

မမရဲ့ပရိသတ်များစွာထဲမှ အထူးခြားဆုံးပရိသတ် ...

**ညီမလေး ခင်မင်ထိုက်**

တိုက်(D)၊ No. (107)

မြတ်လေးပန်းလမ်း

ရေတာရှည်ရပ်ကွက်

ဗဟန်း

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

ညီမလေး မယ်မင်းဘုံ ...

နာမည်အပြည့်အစုံလေး ခေါ်ရတာ ပိုလှမယ်ထင်လို့ပါ။

ညီမလေးရဲ့ အနမ်း Equation စာအုပ်လေးထဲက ဇာတ်ကောင်တွေရဲ့ အမည်လေးတွေက ဆန်းတယ်နော်။ အဓိက ဇာတ်ကောင်တွေတင် မဟုတ်ဘဲ အခြားဇာတ်ပို့တွေရဲ့ နာမည်တွေကပါ အဆန်းတွေချည်းပဲမို့ ဖတ်ရတာ ကဗျာဆန်တယ်နော်။

နောက်ထွက်မယ့် စာအုပ်တွေကိုလည်း အမြဲအားပေးနေမယ်နော်။

ညီမလေး ကံ ကောင်းပါစေလို့ ဆုတောင်းပါတယ်။

**ယွန်းနန္ဒီသူရိန်**
မကွေးတိုင်း
ရေနံချောင်းမြို့နယ်
ရွာသစ်ရပ်ကွက်



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

"ချစ်ခင်မြတ်နိုး လေးစားတန်ဖိုးထားရပါသော ဘုံ"

မင်္ဂလာပါလို့ နှုတ်ခွန်းဆက်လိုက်ပါရစေနော် ...

မခိုင် ဘုံ့ဆီကို (၆)စောင်မြောက် စာရေးလိုက်ပါတယ်။

အနမ်း Equation ဆိုတဲ့ စာအုပ်လေးက အရမ်းကောင်းပါတယ်။ ပြောစရာမရှိအောင်ပါဘဲ။ စာအုပ်ထဲမှာ ပေးထားတဲ့ ဇာတ်ကောင်နာမည်လေးတွေကလည်း အရမ်းလှတာပဲ။

စာမျက်နှာ ၂၀၈ မှာဆို နှစ်သက်နဲ့အတူ မခိုင် ငိုလိုက်ရသေးတယ်၊ အပြီးထိ ခံစားရတယ်နော်။

ဘုံက စာရေးဆရာမ ဆိုတော့ စိတ်ချမ်းသာအောင်နေပါနော်။ မခိုင်ရဲ့စာလေးတွေကို ဘုံရဲ့စာအုပ်ထဲမှာ ထည့်ပေးထားတဲ့အတွက် ဘုံကို အများကြီး ကျေးဇူးတင်ပါတယ်။ ဘုံရဲ့ကဗျာလေးတွေက အရမ်းကောင်းပါတယ်။ ဘုံရဲ့စာအုပ်လေးတွေ ဖတ်ချင်လွန်းလို့ ဆိုင်ကိုပြောထားရတယ်၊ တစ်ရက်ကို ၂၀၀ ကျပ်ပေးရတယ် သိလား၊ မခိုင် ဂုဏ်ယူပါတယ်၊ တစ်အုပ်နဲ့တစ်အုပ် မထပ်အောင်ရေးနိုင်လို့လေ၊ ဒီတစ်ခါ စာအုပ်က တကယ်ဖတ်ရတာ ဗီး-အပြည့်ရှိတယ် သိလား၊ ရည်းစားရှိရင်တော့ ပိုကောင်းတာပေါ့၊ ဘုံ ... ထာဝရ အောင်မြင်ကျော်ကြားပါစေလို့ ဆုမွန်ကောင်းတောင်းလျက် ...

**မခိုင်**
အမှတ်(၃) မင်္ဂလာကွက်သစ်
ဦးညြဘာသလမ်း၊ မင်းဘူးမြို့

www.burmeseclassic.com

www.burmeseclassic.com



## ဧေတနာစာပေဇ်

### အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ ညီမလေးဘုံ ...

ညီမလေးဆီကို စာမရေးဖြစ်တာ ကြာပြီနော် ...

ဒါပေမဲ့ ညီမလေးဘုံရဲ့ စာအုပ်တွေကို အားပေးလျက်ပါ။ နတ်သားအိပ်ဆေးခပ်ထားတဲ့ညနေခင်း ဆိုတဲ့ စာအုပ်လေးအတွက် Thanks နော်။

ညီမလေးရေ ... အစ်မ ပျားရည်ဆမ်းဒွိဟာဆိုတဲ့ စာအုပ်လေးကိုတော့ မဖတ်ရသေးဘူး၊ အခုလထွက်တဲ့ အနမ်း Equation ကို ဖတ်ပြီးပြီးချင်း ညီမလေး ဘုံဆီကို စာရေးလိုက်တာလေ။ ညီမလေးရဲ့စာအုပ်တွေက အစ်မငှားဖတ်နေကျဆိုင်မှာ မရတော့ အစ်မလည်း မြို့ပတ်ပြီး လိုက်ရှာဖတ်ရတယ်။

ဘာညာသာရကာဆိုတဲ့ စာအုပ်လေးကိုလည်း ဖတ်ပြီးသွားပြီလေ။ ညီမလေးရဲ့စာအုပ်တွေက တစ်မျိုးနဲ့တစ်မျိုး မတူညီတဲ့ ခံစားမှုလေးတွေကို ခံစားရတယ်လေ။ ရှေ့လထွက်မယ့် "တစ်ဆိတ်လောက်ခင်ဗျာ ချစ်သူကို ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ"ကိုလည်း ရင်ခုန်စွာနဲ့ စောင့်မျှော်နေပါမယ်နော်။ အနမ်း Equation မှာပါတဲ့ ဇာတ်ကောင် "နှစ်သက်အေးချမ်း"ရဲ့ ချစ်တတ်ပုံ၊ စွမ်းအံ့မခန်းရဲ့ ဒေါသကြီးတတ်ပုံ၊ ပိုးသုချို (ခ) သုသုရဲ့ အငြိုးကြီး ကလဲ့စားချေပုံကို ဆွဲဆောင်မှုရှိအောင် ရေးသားနိုင်တာ ညီမလေးကို အရမ်းလေးစားမိတယ်။



## ဧေတနာစာပေဇ်

### အမှတ်တရအစီအစဉ်

ညီမလေးရဲ့စာအုပ်တွေကို မလွှတ်တမ်း အားပေးနေမယ်နော်။ ညီမလေး အဆင့်ပြေမယ့် အားလပ်တဲ့ အချိန်လေးမှာ အစ်မဆီကို စာပြန်ပါဦးနော်။

ညီမလေးဘုံဆီက ပြန်စာမျှော်နေမယ်နော်။

ညီမလေးဘုံ အနုပညာလမ်းခရီးတစ်လျှောက်မှာ ...

ဒီထက်မက အောင်မြင်မှုသရဖူ ဆောင်းနိုင်ပါစေလို့ ဆန္ဒပြုရင်း ...

အစ်မ
Naw Thu Thu Aung
B.E - Ep - 28
Technological University
Hinthada.

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့ -

ညီမလေးမယ်မင်းဘဲ့ ...

ဒီလထွက်တဲ့ အနမ်း Equation စာအုပ်လေးကလည်း တစ်မျိုးဆွဲဆောင်မှုရှိပြန်ရော။ ညီမလေးရဲ့စာအုပ်လေးတွေကို တစ်အုပ်နဲ့တစ်အုပ် ဇာတ်လမ်းလေးတွေ ကွဲလွဲအောင် ရေးနိုင်တာကို တော်တော်ချီးကျူးပါတယ်။

စာအုပ်ရဲ့ထိပ်ဆုံးမှာ "ညီမလေး"ရဲ့ဓာတ်ပုံ ထည့်ပေးထားတာလည်း သဘောကျပါတယ်။ နောက်ဆိုရင်လည်း အဲဒီလို ဓာတ်ပုံလေးတွေ များများထည့်ပေးပါနော်။ ပြီးတော့ ညီမလေးအနေနဲ့ ပရိသတ်အတွက် စာလေးနည်းနည်းလောက် ရေးထည့်ပေးစေချင်ပါတယ်။ ညီမလေးရဲ့စာအုပ်တွေကို စာနဲ့ဖတ်ရုံသာမက ရုပ်ရှင်အဖြစ်ပါ ကြည့်တော့မယ်ဆိုတော့ အရမ်းဝမ်းသာပါတယ်။

ညီမလေးရဲ့စာအုပ်တွေကိုသာမက ရုပ်ရှင်တွေကိုလည်း အမြဲအားပေးနေမယ်နော်။

ညီမလေး ထာဝရအောင်မြင်ပါစေ ...

**မမိုးနှောမြင့်**
ခ/၄၅၄၊ မြရတနာ(၂)လမ်း
မြောက်ဥက္ကလာပမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

Hello: မယ်မင်း ...

နေကောင်းရဲ့လား ? ...

ကျန်းမာရေး ဂရုစိုက်နော်၊ ညဥ့်နက်ပိုင်း စာရေးတာကိုတော့ အထူးဂရုစိုက်နော်။ နန္ဒာတောင် ညမိုးချုပ် စာအုပ်ဖတ်တာများလို့ မျက်တွင်းကျပြီး ပြန်မတက်တော့ဘူး။ မယ်မင်းကို နန္ဒာ ချီးကျူးပါတယ်။ အသက်ငယ်ငယ်လေးမယ့် အောင်မြင်တဲ့ စာရေးဆရာမဖြစ်အောင် ကြိုးစားလို့ပါ။ စာအုပ်တွေက နောက်ပိုင်း အရမ်းကောင်းလာတယ်။ ကြိုးစားပါ မယ်မင်း၊ နန္ဒာ အမြဲအားပေးနေမယ်၊ အမာခံပရိသတ်အနေနဲ့ရော သူငယ်ချင်းအနေနဲ့ပါ။ မော်လမြိုင် လာပါလား၊ လာရင် နန္ဒာဆီ ဖုန်းဆက်ပါ။ မယ်မင်းရဲ့အိမ်ကိုလာရင် ခေါ်မှာလား ဟင်၊ နန္ဒာရဲ့ဓာတ်ပုံနဲ့ စာထည့်ပေးထားတယ်၊ နန္ဒာကို မြင်ဖူးအောင်လို့ပါ။ မယ်မင်းရဲ့အမှတ်တရ အစီအစဉ်ကနေ နန္ဒာ Ph: No ပါတော့ ဖုန်းဆက်ကြတယ်၊ သူငယ်ချင်းတစ်ယောက်လည်းရတယ်၊ မယ်မင်းကောင်းမှုကြောင့်ပေါ့၊ ကျေးဇူးတင်ပါတယ်၊ စာလည်းကြိုးစားနော်၊ မယ်မင်းက တော်ပြီးသားပါ။ အောင်မြင်တဲ့ စာရေးဆရာမတစ်ယောက်အဖြစ် အမြဲရပ်တည်နိုင်ပါစေလို့ နန္ဒာ ဆုတောင်းပေးပါတယ်။

**မယ်မင်းရဲ့နန္ဒာ**
အမှတ် (720) A
မောင်ငံအောက်လမ်းမကြီး
မော်လမြိုင်မြို့

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ**

## အမှတ်တရအစီအစဉ်

မင်္ဂလာပါ အစ်မ မယ်မင်းဘို ...

ပထမဆုံး စာရေးသူမို့ အမှားပါရင် ခွင့်လွှတ်ပါနော်။ အစ်မရဲ့စာအုပ်တွေကို အားလုံးနီးပါး ဖတ်ပြီးပါပြီ။ တစ်ခုပဲ ဒုတိယ မြောက်စာအုပ်တော့ မဖတ်ရသေးပါဘူး။ ကျန်တာတွေတော့ ဖတ်ပြီးပါပြီ။ အစ်မကို ညီမ Face-book မှာလည်း အားပေးပါတယ်။

စကားပြန်ပြောပေးလို့ ကျေးဇူးတင်ပါတယ်။

နောက်ဆုံးထွက်တဲ့ အနမ်း Equation ကိုလည်း ဖတ်ပြီးပါပြီ။

အရမ်းကောင်းတယ် သိလား။ အစ်မ ... ညီမကို စာပြန်ပါနော်။ အစ်မရဲ့အမှာခံပရိသတ်။

**အိသူစံ** (1st year Chemistry)
ထန်းပင်ကုန်း(၇)လမ်းထိပ်
"သုခ"စာပေ
သန်လျင်မြို့
ရန်ကုန်တိုင်းဒေသကြီး



**စေတနာစာပေ**

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါနော် ...

ဆရာမလေးရေ ..., ပထမဆုံး စာရေးတာမို့လို့ပါ။

တစ်ဆိတ်လောက်ခင်ဗျာ ချစ်သူကို ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ ဆိုတဲ့ ခေါင်းစဉ်လေးကိုက ဖတ်ချင်စရာ ကောင်းပါတယ်။ မြားနတ်မယ်အောင်သွယ်တော် မယ်မညိုက ချစ်ဖို့သိပ်ကောင်းတာနော်။ တစ်ဇာတ်လုံး ခြုံကြည့်မယ် ဆိုရင်တော့ အလန်းဆုံးဇာတ်လမ်းလေးလို့ပဲ ပြောပါရစေ။

အနမ်း Equation လေးကလည်း သိပ်ကောင်းတာပဲ။ ဆရာမလေးရဲ့ ဓာတ်ပုံလေးတွေကိုလည်း စာအုပ်ထဲမှာ တွေ့ရတယ်။ ချောပါတယ်။

အောင်မြင်ပါစေနော် ... ဘာရေးရမှန်း မသိတော့လို့။

ဆရာမလေးရဲ့ပရိသတ် ...

**အန်တီချစ်**
၁၀-တောင်ရပ်ကွက်
သာကေတ

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

ဘုံလေး ...

တစ်ဆိတ်လောက်ခင်ဗျာ ချစ်သူကို ရင်ခွင်၌နေထိုင်ခွင့်ပြုပါ ဆိုတဲ့ ဇာတ်လမ်းလေးက လှုငယ်ဆန်ပြီး အရေးအသားတွေက ဆွဲဆောင်မှုရှိပါတယ်။ မြားနတ်မယ်လေးမို့ တစ်မျိုးလေးဆန်းတာပေါ့နော်။

နောက်ထွက်မယ့် အငြိုးကွန်ယက်နတ်သမီး ကိုလည်း ဘယ်လို အငြိုးလေးတွေနဲ့များ ရင်ထဲရောက်အောင် ရေးမလဲဆိုတာ ဖတ်ဖို့ ရင်ခုန်စွာနဲ့ စောင့်မျှော်နေပါတယ်။

ဘုံလေး အောင်မြင်ပါစေ ...

**သဲသဲစု**
1[st] year (E.P)
နည်းပညာတက္ကသိုလ်
မန္တလေး



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မယ်မင်းဘုံ (မဂ်လာပါ) ...

ညီမက မမရဲ့ထာဝရပရိသတ်ပါ။ မမဆီကို စာရေးဖို့ စဉ်းစားနေတာ ကြာပါပြီ။ အခုမှပဲ တကယ်ရေးဖြစ်တော့တယ် မမရဲ့။ ညီမက မမကို အရမ်းလေးစားတာ။ မမစာအုပ်တွေကို မလွှတ်တမ်းဖတ်တယ် သိလား။ အခု ဒီလထွက်တဲ့ (အနမ်း Equation)ကို အရမ်းကြိုက်တာပဲ။ နှစ်သက်ဖွယ်အေးချမ်း၊ စွမ်းအံ့မခန်း စတဲ့နာမည်လေးတွေက ညီမကို အရမ်းစွဲလမ်းစေပါတယ်။ ဇာတ်လမ်းလေးကလည်း တအားဆန်းတယ်နော်။ မမရဲ့ဝတ္ထုတွေက တစ်အုပ်ထက် တစ်အုပ်ပိုကောင်းလာတယ်။

စကားလုံး အသုံးအနှုန်းတွေက လန်းတယ်။ မမရဲ့စာအုပ်တွေ ဖတ်ရတာ အရမ်းကို ပေါ့ပါးပြီး လှုငယ်ဆန်တယ်။ မမက ညီမရဲ့ Favourite အဖြစ်ဆုံး ဝတ္ထုရေးဆရာမပါ။ ဗီဒီယိုကားတွေလည်း ကြည့်ချင်လှပြီ။ မမရဲ့အောင်မြင်မှုတွေကတော့ အံ့မခန်းပါပဲ။ ညီမတို့မြို့မှာဆို မမက နာမည်ကြီးပဲ။ မမဝတ္ထုတွေကို လူငယ်တွေက တအားသဘောကျကြတာ။ မမ ညီမတို့မြို့ကို လာလည်ပါလို့ ဖိတ်ခေါ်ပါရစေနော်။ ညီမတို့က မမရဲ့ထာဝရပရိသတ်တွေပါ။ ညီမသူငယ်ချင်းတွေကလည်း မမကို အရမ်းကြိုက်ကြတာ။ မမက ညီမတို့ရဲ့စံပြပါပဲ။ မမကို အားကျပါတယ်။ မမရေ ... ညီမလေးတို့ စာရှည်သွားရင် ခွင့်လွှတ်ပါနော်။

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

မမရဲ့ နောက်လထွက်မယ့် စာအုပ်တွေကိုလည်း အမြဲ အားပေး မျှော်လင့်နေမှာပါ။

မမမယ်မင်းဘုံ ထာဝရ အောင်မြင်ကျော်ကြားပါစေလို့ ဆုတောင်းပါတယ်။

ထာဝရပရိသတ် ... ၊

**အေးအိမ့်မိုး ၊ ချမ်းချမ်း**
ရေငုယ်ရွာ၊ ဘုရားကြီးလမ်း
ပြင်ဦးလွင်မြို့နယ်
မန္တလေးတိုင်းဒေသကြီး

ဦးမြင့်ထွေး
သာယာကုန်း



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

မမမယ်မင်းဘုံ ...

ရင်းနှီးခင်မင်စွာဖြင့် မမဘုံလို့ ခေါ်ပါရစေ။ မမဘုံရဲ့ စာအုပ်တွေကို လတိုင်း စဉ်ဆက်မပျက် အားပေးဖတ်ရှုနေတဲ့သူပါ။ မမဘုံရဲ့ဝတ္ထုတွေက အရမ်း attraction ရှိတယ်။ "ဘာညာသာရကာ"၊ "နတ်သားအိပ်ဆေးခတ်ထားတဲ့ ညနေခင်း" အဲဒီဝတ္ထုလေးတွေဆို အရမ်းကြိုက်တာ။ မမဘုံရဲ့ဓာတ်ပုံလေးကို စာအုပ်ထဲမှာ တွေ့ရတယ်။ မမဘုံက အရမ်းလှတယ်နော်။ ချစ်ဖို့လည်း ကောင်းတယ်။ မမဘုံရဲ့ ဝတ္ထုတွေက အရမ်းဖတ်လို့ ကောင်းတယ်။ တစ်အုပ်ထက်တစ်အုပ် လည်း လက်ရည်တွေ တက်လာတယ်။ မမဘုံကို တကယ်အားကျတယ် သိလား။ မမဘုံက အံ့သက်ငယ်ငယ်ရွယ်ရွယ်လေးနဲ့ အခုလိုအောင် မြင်တာကို တအားဂုဏ်ယူတာပဲသိလား မမဘုံ။ မမဘုံကို အရမ်း လေးစားတယ်။ စာအုပ်တွေက ဝေဖန်စရာမရှိအောင်ကို ကောင်းတယ် နော်။ မမဘုံရဲ့ဝတ္ထုတွေထဲမှာ ကဗျာလေးတွေကို အရမ်းကြိုက်တယ်။

မမဘုံရဲ့ အောင်မြင်မှုတွေကို ဂုဏ်ယူဝမ်းသာနေတာပါ။ ဒီ့ထက်မက အောင်မြင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သရင်း ...

**မကြာပန်းဖြူ**
B-1 ၊ ဘုတာတောင်လမ်း
ဖြူး

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

To.

ဆရာမ ...

မတွေ့တာ ကြာပြီနော်။ စာအုပ်တွေထဲမှာ ဆရာမရဲ့ ဓာတ်ပုံလေး ထည့်ထားတာ တွေ့ရတာ အရမ်းဝမ်းသာတာပဲ။ ဆရာမက တကယ်ကို လေးစားဖို့ ကောင်းပါတယ်။ ဆရာမရဲ့ idea တွေက အရမ်းလန်းတယ်။ မာနမကြီးဘဲ ဖော်ဖော်ရွေရွေ ဆက်ဆံတဲ့ စိတ်ဓာတ်ကတော့ လေးစားဖွယ်ရာပါ။ Facebook မှာ စကားပြန်ပြောတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

ဆရာမကို အမြဲပဲ အားပေးနေပါတယ်။ ဆရာမရဲ့ idea တွေကို အရမ်းသဘောကျတယ်။ ဆက်လက်ကြိုးစားပါနော်။

**ကျော်ခေါင်ဦး**
ရပ်ကွက်-၄ ၊ မတ္တတောင်လမ်း
ပခုက္ကူမြို့



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

အနှမ်း Equation ဝတ္ထုလေးက ဖတ်လို့အရမ်းကောင်းတာပဲ။ ဇာတ်လမ်းလေးက တအားဆန်းတယ်။ နောက်လည်း အဲဒီလို ဇာတ်လမ်းဆန်းဆန်းလေးတွေ ရေးပေးပါဦးလို့ တောင်းဆိုပါရစေ။ မမယ်မင်းက အရမ်းချောတယ်နော်။ ချစ်စရာလေး။ မင်းသမီးလုပ်ပါလားဟင်။ ညီမက အစ်မကို အရမ်း crazy ဖြစ်တာ။ မမယ်မင်း ထာဝရအောင်မြင်ပါစေ။

**THS**
Physics 3rd year.
ရတနာပုံတက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ

### အမှတ်တရအစီအစဉ်

သို့

Good Day နော်

မယ်မယ် ...

မယ်မယ်နဲ့ လမင်းတို့ ဒီတစ်ခေါက် တွေ့ဆုံရတဲ့ (၁၉)ကြိမ်မြောက်မှာ ပထမဆုံး မေးချင်တဲ့ စကားလေးက "နေကောင်းရဲ့လား" ? လို့ပါ။ ဘာလို့လဲဆိုတော့ မယ်မယ်က တစ်လတစ်ခါ လမင်း အရမ်းကိုကြိုက်ရတဲ့ ဇာတ်လမ်းလေးတွေကို တင်ဆက်ပေးတဲ့ အတွက်ပါ။

အဲဒီအတွက်လည်း ကျေးဇူးကမ္ဘာပါနော်။ မယ်မညိုရဲ့ ပုံစံလေးကိုလည်း အရမ်းချစ်ရပါတယ်။ လမင်းတို့ရဲ့ TU မှာဆို လမင်းကလည်း မယ်မညို ပေါ့နော်။ "ချန်ရှန်"ရဲ့ဒီဇိုင်းကိုလည်း နိုက်တယ်။ cover လေးကိုလည်း ကြိုက်တယ်။ ပြောရမယ်ဆိုရင်ပေါ့ နော် ... ဇာတ်လမ်း စ–လယ်–ဆုံး ကျော်ဖတ်လို့ မရအောင် စိတ်ဝင် စားစရာ ကောင်းပါတယ်။ မယ်မယ်ရဲ့ ဝတ္ထုလေးတွေက တစ်လမှာ တစ်အုပ်ပဲ ထွက်ပေးတာဆိုတော့ ဝတ္ထုအသစ်ဖတ်ရရင် ပြီးသွားမှာ တောင် နှမြောမိတယ်။

"အငြိုးကွန်ယက်နတ်သမီး"တတော့ စားသွားပြီနော်။ "ဆေးကျောင်းသားနဲ့ အီကိုကွင်း" လမင်းတို့ရဲ့အဖွဲ့ထဲမှာ အရမ်းကို ရေပန်းစားနေပြီ။



## စေတနာစာပေ

### အမှတ်တရအစီအစဉ်

တခြားတက္ကသိုလ်တွေက သူငယ်ချင်းတွေဆိုရင်လည်း ဖုန်းဆက်ပြီး လမင်းကို မေးနေကြပြီ။

အရမ်းကိုမျှော်လင့်နေကြတဲ့ ဒီဝတ္ထုလေးကို အလန်း ဆုံး အမိုက်ဆုံး အဂေါ်ဆုံး ဒီဇိုင်းတွေနဲ့ မယ်မယ် ဖန်တီးပေးနိုင်ပါစေ လို့ ဆုတောင်းပါတယ်။

မယ်မယ်ရဲ့ နောက်ထွက်မယ့် ဝတ္ထုတွေကို ရင်ခုန်စွာ စောင့်မျှော်နေတဲ့ ...

အမာခံပရိသတ် ...

**လမင်း**
အမှတ်(၄၄/၃)
တော်ဝင်သစ်ခွခြံ
မင်္ဂလာဥယျာဉ်ရပ်ကွက်
ကလေးမြို့

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

**အမှတ်တရအစီအစဉ်**

သို့

မင်္ဂလာပါ မယ်မင်းဘုံ ...

ခင်မင်မှုအပေါင်းနဲ့ စာရေးလိုက်ပါတယ်။

မမယ်မင်းဘုံရဲ့ ဓာတ်ပုံလေးတွေကို စာအုပ်ထဲတွေ့ရပါတယ်။ တကယ်ချောပါတယ်။

ဝေဖန်စရာမရှိအောင်လည်း ကောင်းပါတယ်။

အခုဖတ်ရတဲ့ တစ်ဆိတ်လောက်ခင်ဗျာ ချစ်သူကို ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ တဲ့။ ခေါင်းစဉ်လေးကလည်း မိုက်တယ်၊ ဓာတ်လမ်းလေးကိုလည်း ခိုက်ပါတယ်။

နောက်လထွက်မယ့် အငြိုးကွန်ယက် နတ်သမီးကိုလည်း ဖတ်ချင်ပါပြီ။


ဘယ်လို အငြိုးတွေနဲ့လဲ ဆိုတာကိုပေါ့။

ချစ်တဲ့ ပရိသတ် ...

**88**
စည်ပင်လမ်း
၂၄–ရပ်ကွက်
မြောက်ဒဂုံ

# မယ်မင်းဘို

## အငြိုးကွန်ယက် နတ်သမီး



အုပ်(၂၀)မြောက် အမှတ်တရ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## မယ်မင်းဘုံ၏ ထွက်ပြီးစာအုပ်များ

၁။ အချစ်ဇရိယာပြင်ပသို့ရောက်ရှိနေပါသဖြင့်
(အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)

၂။ ချစ်ရှစ် ... နှစ်မိနစ်စောင့် (ရွှေစင်ဦးဗီဒီယိုမှ ဝယ်ယူပြီး)

၃။ ငွေတောင်ပြည်ကမြို့သူ (အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)

၄။ ချစ်သူလိမ်းဖို့ ဒေးခရင်မ် (အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)

၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည်
(ရွှေစင်ဦးဗီဒီယိုမှဝယ်ယူပြီး)

၆။ အချစ်ကို ဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန် ငါသေပါရစေ
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

၇။ ဆယ်ကျော်သက်ဂိမ်း

၈။ သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စပွန်ဆာပေးခဲ့သည်။
(အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)

၉။ ကျွန်မသာစိတ်မကောက်ခဲ့သွားဆိုရင်
(အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)

၁၀။ နှုတ်ခမ်းမှာရေးဖို့မေ့တဲ့စာ (အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)

၁၁။ အနမ်းမြို့ကသတို့သား

၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ
မိုးလင်းခဲ့တယ် (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

၁၃။ အချစ်အတွက်မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန်အသိပါ
(အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)

၁၄။ နတ်သားအိပ်ဆေးခတ်ထားတဲ့ ညနေခင်း
(အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)

၁၅။ ပင်လယ်အအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည်
(အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)

၁၆။ ဘာညာသာရကာ
(အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)

၁၇။ ပျားရည်ဆမ်းဒွိဟ
(အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)

၁၈။ အနမ်း Equation
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

၁၉။ တဆိတ်လောက်ခင်ဗျာ–ချစ်သူကို..ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

**ယခုလ**

၂၀။ အငြိုးကွန်ယက်နတ်သမီး

**ရှေ့လ**

၂၁။ မိုးလေးရည်းစား မြို့ကြီးသား

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



"မင်းဆုံးဖြတ်ချက်ကို လုံးဝမပြင်တော့ဘူးလား နှင်းဆီ"

နှင်းဆီက မျက်နှာကို မော်ချီထားကာ ခြေထောက်ချိတ်ထိုင်တာ မပျက်ဘဲ အေးအေးလူလူပင် ဖြေလိုက်လေသည်။

"မပြင်ဘူး။ အဲဒါ အသေအချာပဲ ကိုထင်မင်း။ ဒီလောက်ပြောနေပြီဆိုရင် သဘောပေါက်လိုက်တော့လေ"

"တောက် ... မင်းကွာ၊ ဦးနှောက်မရှိတဲ့မိန်းမ"

နှင်းဆီက သူ့ကို စူးစူးရဲရဲ စိုက်ကြည့်ကာ သူနဲ့မျက်နှာချင်းဆိုင် ရင်ဆိုင်လိုက်သည်။ ပွက်ပွက်ဆူသော ဒေါသသွေးတို့ ရောနေသော မာနတို့ကြောင့် နှင်းဆီရဲ့မျက်နှာဟာ သွေးရောင်လွှမ်းနေပေသည်။ ထင်မင်းကလည်း နှင်းဆီကိုအရမ်းတွေ ပေါက်ကွဲနေတာကြောင့် ဘာကိုမှ မမြင်နိုင်အောင် ဆူပွက်နေတာဖြစ်၏။

"ဒီမှာ ... အပိုတွေ လာပြောမနေနဲ့။ ကျုပ်မ ဦးနှောက်ရှိခဲ့လို့ ဒီနေ့ ဒီနေရာမှာ ရှင် အခန့်သား ထိုင်စားနေနိုင်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ ဟွန်း ... အသုံးမကျတဲ့ယောကျ်ား၊ ပိုက်ဆံတော့ မရှာနိုင်ဘဲနဲ့များ small ဆွဲချင်သေးတယ်။ ဟက်ဟက် ... ရှင့်မယားငယ်ကိုတော့ သနားသေးတယ်"

"အား ... နီနှင်းဆီ၊ မင်းပါးစပ်ကို ပိတ်ထားစမ်း၊ ငါ ဒေါသတွေ အရမ်းထွက်နေပြီနော်။ မင်း တော်တော်ရိုင်း စိုင်းတဲ့ မိန်းမပဲ။ မင်း ဘာအမျိုး မျိုးတာလဲဆိုတာ ငါ ကောင်းကောင်းသိတယ်။ ငါ့ကို ရမယ်ရှာပြီး ကန်ထုတ်ချင် နေတာ ... ဟား ဟား ... ဒီလိုလုပ်လို့ ရမယ်ထင်သလား"

နှင်းဆီရဲ့ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း လှုပ်ကိုင် ယမ်း၍ ဒေါသတကြီးပြောနေတဲ့ သူ့မျက်နှာကို မထီတရီကြည့် ၍ ခပ်ချဉ်ချဉ်ပြုံးလိုက်ကာ သူ့လက်တွေကို ပုတ်ထုတ်ပစ်လိုက် သည်။

"ဘာလဲ ... ရှင်က ကျွန်မကို မကွာနိုင်တာ ဒီပစ္စည်းတွေ ကို မက်နေလို့လား။ ဟင်း ဟင်း ... လက်ထပ်ပွားမို့ ပစ္စည်းတွေ တစ်ဝက် ရှင်ရလိမ့်မယ်လို့တော့ မျှော်လင့်မနေ နဲ့။ ဒါတွေအားလုံးက ကျွန်မ အရည်အချင်းတွေပဲ။ အပို စကားတွေ ရှည်ရှည်ဝေးဝေး ပြောမနေစမ်းနဲ့ ကိုထင်မင်း။ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီး ရှင်သွားချင်တဲ့နေရာ ကို ထွက်သွားပေတော့"

"အာ ... တောက် ... မင်း"





"ထိရဲထိကြည့်လိုက်လေ။ ကျွန်မအသားကို ထိကြည့်လိုက် စမ်း။ ရှင် ဘာဖြစ်သွားမလဲ စောင့်နေလိုက်"

"တောက် ... မင်းဟာ သိပ်စိတ်ပျက်ဖို့ကောင်းတဲ့ မိန်းမပဲ။ မင်းဘဝထဲကနေ ငါ့ကို မောင်းထုတ်ချင်တာနဲ့ မင်းဟာ ငါ့ကို သစ္စာဖောက်တယ်ဆိုတဲ့ ခေါင်းစဉ် တပ်ပစ်လိုက် တာပဲ။ ဒီမှာ နှင်းဆီ ... မင်း စွပ်စွဲနေတာ ဟုတ်သလား မဟုတ်ဘူးလားဆိုတာ မင်းကိုယ်မင်း သိတယ်။ ယောကျ်ား တစ်ယောက်ကို ဒီလောက်ထိ နှိမ်ချဆက်ဆံနေတာတောင့် မင်းကို ငါ သည်းညည်းခံခဲ့တယ်နော်။ အေး ... အခု ဘောင်ကျော်သွားပြီ နီနှင်းဆီ ...

မင်းလို အတ္တကြီးပြီး ငွေသိပ်မက်တဲ့မိန်းမရဲ့ လက် ထဲမှာ ငါ့သားဘဝကို အညွန့်ကျိုးမခံနိုင်ဘူး၊ ငါ့သားကို ငါခေါ်သွားမယ်"

ထင်မင်းက စားပွဲပေါ်မှာ တင်ထားတဲ့ ကွာရှင်းစာချုပ် ကို ဆွဲယူကာ လက်မှတ်ကောက်ထိုးရင်း ပြောတာကို နှင်းဆီက အပြုံးမပျက် မျက်နှာထားဖြင့်ပင် သူ့ကို ပြန်ချေပလေသည်။

"ကျွန်မသားကို မြယမ်လို မိန်းမမျိုးကို မိထွေးအတော်မခံ နိုင်ဘူး။ ပြီးတော့ ရှင့်လိုလူမျိုးလက်ထဲကိုကော ကျွန်မသား က လိုက်မယ်ထင်သလား"



www.burmeseclassic.com

www.burmeseclassic.com



ထင်မင်းက အခန်းထောင့်အကွယ်လေးမှာ ချောင်းကြည့်နေတဲ့ သားငယ်မျက်နှာလေးကို ရိပ်ခနဲ မြင်ရလျှင် ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားရလေသည်။ အဖေနဲ့အမေရဲ့ ပဋိပက္ခကြားထဲမှာ မြေစာပင်ဖြစ်ရတဲ့ကလေး။ ကြောက်ရွံ့အားငယ်နေရှာတဲ့ကလေး။ သိပ်ဖြူစင်လွန်းတဲ့သားကို နီနှင်းဆီလက်ထဲမှာ ထားခဲ့ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါ။ ထင်မင်းသည် ဘောပင်ကို စားပွဲပေါ်ချ၍ အခန်းထောင့်သို့သွားကာ သားရဲ့ခေါင်းလေးကို ခပ်ဖွဖွပွတ်ပေးလိုက်သည်။ မျက်လုံးထဲမှာ မျက်ရည်ကြည်တွေ ဝဲနေတဲ့ ချစ်စရာ သနားစရာ သားငယ်လေး။

"သားလေး ... ဖေဖေပြောတာ သေချာနားထောင်နော်။ သား ဖေဖေနဲ့ လိုက်ခဲ့နော်။ လိုက်မယ်မှလား သား"

"သား ... မလိုက်ရဘူး။ မေမေနဲ့နေခဲ့"

နှင်းဆီကပါ သားအနားသို့ ရောက်လာကာ သားလက်မောင်းလေးကို ဆွဲလိုက်လျှင် သားက နှင်းဆီ့ဆီ ရောက်သွားလျှင် သူက သားလက်တစ်ဖက်ကို ပြန်ဆွဲကာ ...

"မင်းက မင်းသိပ်ချစ်တဲ့ပိုက်ဆံတွေနဲ့ပဲနေပေါ့။ မေတ္တာတရားတွေ လာတန်ဖိုးထားမနေနဲ့။ သားကို မင်းလက်ထဲမှာ မထားခဲ့နိုင်ဘူး။ သား ... ပြောလိုက်စမ်း။ ဖေဖေနဲ့ လိုက်မယ်လို့"

"သား ... မေမေနဲ့ပဲ နေမယ်လို့ ပြောလိုက်လေ"





သားငယ်လေးသည် အဖေနဲ့အမေ နှစ်ယောက်ကြားမှာ မျက်လုံးလေး ကလယ်ကလယ်ဖြင့် ဘာပြောရမှန်းမသိ ဖြစ်နေရှာလေသည်။ ငိုမဲ့မဲ့မျက်နှာလေးနှင့် သားငယ်လေးဟာ အရွယ်နဲ့မလိုက်အောင် သိတတ်နားလည်သူ ဖြစ်နေတာကြောင့် သူ့အဖေနဲ့အမေ လမ်းခွဲတော့မယ်ဆိုတာကို သူသိနေ၏။

"ဒီမှာ ... ကိုထင်မင်း၊ သားရဲ့ဆုံးဖြတ်ချက်ကသာ အတည်နော်။ ရှင်ကော ကျွန်မကော သားရဲ့ရွေးချယ်မှုကို လိုက်နာရမယ် ဘယ်လိုလဲ"

"ကောင်းပြီ ... သားကို ငါ အရင်မေးမယ်"

"သဘော ... မေးလိုက်လေ"

နှင်းဆီက သားလက်မောင်းကို လွှတ်ပေးလိုက်တာနဲ့ ထင်မင်းက သားကို ချီပွေ့ကာ သားရဲ့ဆံပင်လေးတွေကို ပွတ်သပ်ပေးရင်းက ...

"သားလေး ... သား ဖေဖေ့ကိုချစ်လား"

သားက မဆိုင်းမတွပင် ခေါင်းညိတ်ပြတာမို့ သူ့အရမ်းပျော်သွားရသည်။

"သားလေး ... အဖေနဲ့ လိုက်ခဲ့မလား။ ငါ့သားလေးကို အဖေက သိပ်ချစ်တာ။ သား အဖေနဲ့ လိုက်ခဲ့နော် ... သား ... နော်"



www.burmeseclassic.com

www.burmeseclassic.com



သားက ဒီစကားအတွက် သူ့ကို ငေးစိုက်ကြည့်သည်။ ပြီးတော့ သူ့အမေဘက်ကို တစ်ချက်လှည့်ကြည့်လိုက်ပြီးမှ မပီကလာ ပီကလာ လေသံလေးဖြင့် ...

"သား ... မေမေနဲ့ နေမယ်"

ဟား ... သွားပြီ။ သူဟာ နာကျင်စွာဖြင့် သားကို ချီထားရာမှ အောက်ချလိုက်သည်။ သူ့ကိုသိပ်ချစ်တဲ့သားက အခုကျတော့ မေမေနဲ့ နေပါမယ်လို့ ဘာဖြစ်လို့ ပြောလိုက်တာလဲ။ ထင်မင်းသည် အရှုံးတွေပိုက်ကာ နှင်းဆီကို ကြည့်လိုက်တော့ သူမလက်ထဲမှာ ရိုမှဒ်ကွန်ထရီးလေယာဉ်အရုပ်လေးကို တွေ့လိုက်ရသည်။ သားလှည့်ကြည့်တဲ့အချိန်မှာ သူမ ဘာနဲ့မျှားခေါ်သွားသလဲဆိုတာ သူ သိလိုက်ပြီဖြစ်သည်။ နှင်းဆီသည် အောင်မြင်သူတစ်ယောက်လို အပြုံးဖြင့် သားကိုပွေ့ချီကာ သားလက်ထဲသို့ လေယာဉ်အရုပ်လေး ထည့်ပေးရင်းက သူ့ကိုလည်း မျက်ခုံးတစ်ချက်ပင့်ပြကာ ...

"အဖြေက ရှင်းသွားပြီနော်။ Good Bye ကိုထင်မင်း။ ကလေးတောင် ဦးနှောက်ရှိတယ်ဆိုတာ ရှင် မြင်တယ်နော်။ သားသားက ထင်မင်းညီလိုအဖေရဲ့လက်ထဲမှာ ကြီးပြင်းတာထက်စာရင် နီနှင်းဆီရဲ့အုပ်ထိန်းမှုအောက်မှာ ကြီးပြင်းလာတာကမှ အဖိုးတန်မှာလေ။ ဟင်း ... ဟင်း ... ရှင်နဲ့ မြယမုံတို့ ပျော်ပျော်ကြီး ခရီးဆက်ကြပေါ့"





ထင်မင်းသည် သိပ်ချစ်ခဲ့ရတဲ့ ဒီမိန်းမရဲ့မျက်နှာကို နောက်ဆုံးအကြိမ် စေ့စေ့ကြည့်ကာ တောက်တစ်ချက် ပြင်းပြင်း ခေါက်ပစ်လိုက်သည်။

မင်းကို ကျောခိုင်းခဲ့ပြီ နီနှင်းဆီ။ ငါ မင်းကိုမုန်းဖို့ ဆုံးဖြတ်လိုက်ပြီ။

* ❦ *



www.burmeseclassic.com

www.burmeseclassic.com



## ၁

"ဒီမှာ ... ဒီမှာ ... ပိုက်ဆံအိတ် ကျနေခဲ့လို့"

ငွေမိုးသည် အနောက်ကခေါ်သံကြောင့် ရေးရေးလေး ပြုံးလိုက်ကာ လျှောက်နေတဲ့ ခြေလှမ်းတွေကိုရပ်၍ အနောက်ကို ပြန်လှည့်ကြည့်လိုက်သည်။ သူ့ဆီသို့ အပြေးလျှောက်လာကာ သူ့ပိုက်ဆံအိတ်ကို ရှေ့သို့ထိုးပေး၍ ...

"ရော့ ... ဒါ ငွေမိုးသွန်း ပိုက်ဆံအိတ်မှလား။ ပိုက်ဆံတွေ သိပ်ပေါနေတယ်ဆိုလည်း လှူစရာနေရာတွေ အများကြီးပါ၊ တမင်တကာ ပစ်ချထားခဲ့စရာ မလိုပါဘူး။ ဝမ်းနည်းပါတယ်။ ရှင့်အလှူကို လက်မခံချင်လို့ လာပြန်ပေးတာ"

ဟား ... ဆရာမကြီးပါလား။

သူက အသာရပ်လိုက်ကာ ခေါင်းတစ်ချက် ဆတ်ပြရင်း သူ့ပိုက်ဆံအိတ်ကို ပြန်ယူလိုက်သည်။





"ကျေးဇူးတင်ပါတယ်။ ဒါနဲ့ မင်းက ကိုယ့်ကိုသိတယ်"

"သိပါတယ်။ စာသိပ်တော်တဲ့ ကျောင်းသားတစ်ယောက်ကို သတိထားမိတာ မဆန်းပါဘူး။ ရှင်မေးလို့ မေးရပါဦးမယ်။ ကျွန်မကို မသိဘဲနဲ့ ဘာလို့ ပိုက်ဆံအိတ်ကို တမင်ပစ်ချထားခဲ့တာလဲ"

"အဟင်း ဟင်း ... စာသင်နှစ်ကုန်တော့မယ်လေ။ ဇာတ်လမ်းလုပ်ကြည့်တာပါ။ ဒါပေမဲ့ ကိုယ် intro ညံ့သွားတယ်"

"ရှင်ညံ့တာ မဟုတ်ပါဘူး။ ကျွန်မကိုက တော်နေတာလေ"

သူက ကောင်မလေးရဲ့စကားကြောင့် ပခုံးတစ်ချက် တွန့်မိသွားသည်။ အဟား ... သူ့ရွေးချယ်မှု မှန်သွားပြီထင်တယ်။ သူဟာ ဘော်ဒါတွေ အမြှောက်ကောင်းတာနဲ့ ဒီနေ့မြင်ကွင်းထဲမှာ အလှဆုံးဖြစ်မယ့်သူကို Queen ပေးကာ ဇာတ်လမ်းဆင်ဖို့ ရည်ရွယ်ချက်နဲ့ အဲဒီကောင်မလေးရှေ့မှာ ပိုက်ဆံအိတ်ကျချင်ဟန်ဆောင် လိုက်တာဖြစ်သည်။ ဒါပေမဲ့ ကောင်မလေးက အရမ်းကိုနပ်နေရုံမက သူ့ကိုတောင် ဘယ်သူလဲ သိလိုက်သေးသည်။ သူ ဘယ်သူဆိုတာ သိတာကတော့ သိပ်အထူးအဆန်း မဟုတ်ချေ။ ဘာဖြစ်လို့လဲဆို သူက ဒီ compound ထဲမှာ Roll 1 ဖြစ်ကာ bright အဖြစ်ဆုံးမို့ သူ့ကိုဆို မသိသူက ခပ်ရှားရှားပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ... ဖြစ်နိုင်ပါလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ ကိုယ် အခုလို လုပ်လိုက်ခြင်းအားဖြင့် မင်းနဲ့ ကိုယ် ခင်မင်ခွင့်ရသွားတာပေါ့။ nice to meet you ကိုယ် ငွေမိုးသွန်းပါ၊ မင်းနာမည်များ သိခွင့်ရှိမလား"

သူမက ခေါင်းအသာဆတ်ပြကာ ...

"me too ... ဇာအရမ်းတော်တဲ့သူနဲ့ ခင်မင်ရတာ သိပ်ကောင်းတာပေါ့။ ကျွန်မနာမည် ယဉ်တစ်ကိုယ်။ အားလုံးကတော့ ကိုကိုလို့ ခေါ်ကြတာပဲ"

ယဉ်တစ်ကိုယ် ...။

သူက ခပ်ဆန်းဆန်း နာမည်လေးကြောင့် သဘောကျမိသွားကာ ခေါင်းဆတ်ပြလိုက်သည်။ ဒီလို အလန်းစားမဒီလေးနဲ့ ခင်ရတာ မိုက်တာပေါ့။

"မင်းနာမည်က မိုက်တယ်နော်။ ဒါဆို ကိုယ်လည်း မင်းကို ကိုကိုလို့ပဲ ခေါ်မယ်။ မင်းက စိတ်ဝင်စားဖို့ကောင်းတယ်နော်။ ဒါနဲ့ မင်းက ဘယ်အတန်းကလဲ"

"ဟိုမှာလေ ... ကျွန်မ class က။ အဟင်း ... ဒါပေမဲ့ ကျွန်မက ရှင်တို့လို ကျောင်းသားတော့ မဟုတ်ဘူး။ ဒီမှာ trainer လာလုပ်နေတာ ...

Ok ... မင်း နောက်တစ်ခါ သင်တန်းဝင်းထဲမှာ အဲဒီအထာလုပ်လိုက်တော့ စည်းကမ်းထိန်းသိမ်းရေးနဲ့တွေ့မယ် မှတ်ပါ"





ဟမ် ...။ ငွေမိုးသည် သူမပြောသွားတဲ့ စကားတွေအတွက် ဘာမှပြန်မပြောနိုင်ဘဲ ဒီအတိုင်းလေး မတ်တတ်ကျန်ခဲ့လေသည်။ သူ ... သူက trainer တဲ့။

ငွေမိုးသည် အံ့သြမှုများစွာဖြင့် ပခုံးတစ်ချက်သာ တွန့်နိုင်ခဲ့ပါသည်။

* ❣ *



www.burmeseclassic.com

www.burmeseclassic.com



## ၂

ငွေမိုးသွန်းသည် ဖုန်းနံပါတ်တစ်ခုကိုနှိပ်ဖို့ ချီတုံချတုံ စဉ်းစားနေတာဖြစ်သည်။ ဒီဖုန်းနံပါတ်က သေချာပေမယ့် သူ ဆက်ပြီးဘာပြောရင် ကောင်းမလဲ စဉ်းစားမိသွားသည်။ ဒါပေမဲ့လည်း သူမနဲ့ဖုန်းပြောချင်စိတ်က ရှိနေတာမို့ သတ္တိရှိရှိပဲ ဖုန်းခေါ်လိုက်တော့သည်။ ကံကောင်းစွာပင် တစ်ချက်တည်းနဲ့ ဖုန်းက တန်းဝင်သွားလေ၏။ ဖုန်းမြည်သံ လေးချက်လောက်မှာ သူ့နားထဲသို့ အသံတစ်ခု ဝင်လို့လာလေသည်။

"ဟယ်လို"

"ကျွန်တော် ယဉ်တစ်ကိုယ်နဲ့ ပြောချင်လို့ပါ"

"ဘယ်သူပါလဲ"

ဒီလောက်ဆို ဖုန်းကိုင်သူဟာ ယဉ်တစ်ကိုယ်မှန်းသူ သိလိုက်ပြီဖြစ်သည်။





"ကိုကို ... ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် ငွေမိုးသွန်းပါ"

"အင်း ... ဪ ... ဟုတ်ကဲ့၊ ဖုန်းနံပါတ် ဘယ်ကရတာလဲ"

"ဒီလိုပဲပေါ့။ ကိုကို ဖုန်းပြောလို့ ရတယ်မှလားဟင်"

သူ့အမေးကို သူမက ချက်ချင်းပြန်မဖြေသေးဘဲ အင်တင်တင် လုပ်နေပြီးမှ ...

"ကိစ္စရှိတယ် ဆိုရင်တော့ ပြောလို့ရပါတယ်"

"ကိစ္စကတော့ ကိုကိုနဲ့ ထပ်တွေ့ချင်တဲ့ ကိစ္စပဲ"

"အဟက် ... ဟက် ... ငွေမိုးသွန်းက တော်တော်ကြောင်တာပဲ။ ဒါအရေးမကြီးတဲ့ ကိစ္စကြီးပဲ။ စာသိပ်တော်တဲ့ သူတစ်ယောက်က အခုလိုပြောတော့ နားထဲ cross ပဲ။ ကဲ ... ဒါပဲမှလား ငွေမိုးသွန်း။ တို့ ဖုန်းပိတ်လိုက်တော့မယ်နော်"

"ဟာ ... ဟော့ ... ဟော့ ... နေပါဦး ကိုကိုရ။ ဘာဖြစ်တာလဲ။ မင်းနဲ့ ကိုယ်က peace လေ"

"ကျစ် ... ကွိုင်ပဲ။ ဒီမှာ ကျွန်မ အခုမအားဘူး။ ဖုန်းပြောဖို့လည်း အချိန်မရဘူး။ ရှင်ဟာ ကျွန်မ အချိန်တွေကို နှောင့်နှေးစေတဲ့သူ ဖြစ်သွားပြီဆိုရင်တော့ ဘာမှ peace တွေ ရှိတော့မှာ မဟုတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ သူက အခြေအနေမှန်ကို သဘောပေါက်သွားကာ ပြုံးလိုက်ရင်းကမှ ...

"Ok ... I'm sorry ။ ဒါဆို ကိုယ် ဖုန်းချလိုက်မယ်နော်၊ Have a nice day "

ငွေမိုးက အလိုက်တသိပင် ဖုန်းပိတ်လိုက်တော့သည်။ ပြီးတော့မှ သူက သူ့ဘာသာ သဘောတွေ အကျကြီးကျလျက် ပြုံးနေမိသွားတော့သည်။ ဒါဟာ သူ့အတွက် ထူးခြားမှုပဲဖြစ်သည်။ ဘယ်မိန်းကလေးကိုမှ အခုလို သဘောတကျ စိတ်ဝင်တစား မရှိခဲ့တဲ့ သူ့အတွက်တော့ ယဉ်တစ်ကိုယ်နဲ့ ပတ်သက်ပြီး ဒီလိုဖြစ်လာတယ် ဆိုကတည်းက ဒါဟာ အချစ်ရဲ့အခြေခံအဆင့် စိတ်ဝင်စားခြင်းကို ရောက်နေပြီဆိုတာ သဘောပေါက်လိုက်ပါသည်။

✻ ❣ ✻





## ၃

ကိုကိုသည် အရှေ့တည့်တည့်မှာ ခန့်ညားစွာထိုင်၍ ကိုကို့ကို အပြုံးတစ်ခုဖြင့် အကဲခတ်နေသောသူကို ပြန်ပြုံးပြလိုက်သည်။ ကိုကို့ကို နှစ်လိုဖွယ်ရှိနေတာမို့ ဘာမှလွဲစရာကိစ္စမရှိချေ။ အဲဒီလိုဖြစ်ဖို့ကိုလည်း ကိုကို့ဘက်က သေသေချာချာ ပြင်ဆင်ကြိုးပမ်းခဲ့ရတာဖြစ်သည်။

"Welcome ပါ ယဉ်တစ်ကိုယ်။ မင်းကို အန်ကယ့်အနေနဲ့ ဘာမှပြောစရာမလိုအောင် ယုံကြည်ထားတယ်နော်။ ဂရေ့စ်က အင်မတန် ဇီဇာကြောင်တာကွ။ သူလိုလူမျိုးကတောင် အပြည့်အဝ comment ပေးမှတော့ မင်းကို အန်ကယ် လုံးဝယုံတယ်။ မင်း အန်ကယ့်ကို ကူညီပေးနိုင်မယ်မှလား"

ကိုကိုက တစ်ချက်ကလေးတောင် တွေဝေတုံ့ဆိုင်းခြင်းမရှိဘဲ သွက်လက်စွာ ပြန်ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ အန်ကယ်။ ကျွန်မ အစွမ်းကုန် ကူညီနိုင်မယ်လို့ ယုံကြည်ပါတယ်။ အန်ကယ့်လို ပုဂ္ဂိုလ်တစ်ယောက်က ကျွန်မကို ယုံကြည်တဲ့အတွက် အရမ်းလည်း ဂုဏ်ယူပါတယ်"

"မင်းဟာ အင်မတန် bright ဖြစ်တယ်လို့ ဂရေ့စ်ကပြောတယ်။ မင်းပုံစံက ထက်ထက်မြက်မြက်ရှိတယ်။ အန်ကယ့်အနေနဲ့က ဒါဟာ အောင်မြင်ပြီးသား လုပ်ငန်းတစ်ခုကို ထပ်တိုးချဲ့တာဖြစ်ပေမယ့် နည်းနည်းလေးမှ မလျှော့ချင်ဘူး"

"စိတ်ချပါ အန်ကယ်။ အန်ကယ် ကျွန်မကို စိတ်မပျက်စေရပါဘူး။ ကျွန်မ တာဝန်ယူထားတဲ့ လုပ်ငန်းအပေါ်မှာ ကျွန်မ လုံးဝမလစ်ဟင်းစေရပါဘူး"

"Ok ... ဟုတ်ပါပြီ။ ကဲ ... အဲဒါဆိုရင် မနက်ဖြန်ကစပြီး အလုပ်စဆင်းပေါ့။ ဒါနဲ့ ယဉ်တစ်ကိုယ် ဒီမှာနေရေးစားရေးကော အဆင်ပြေရဲ့လား"

ကိုကိုက စိတ်ပူပေးတဲ့အတွက် ကျေးဇူးတင်ဟန် အပြုံးဖြင့် ခေါင်းဆတ်ပြကာ ...

"ဟုတ်ကဲ့ ... အဆင်ပြေပါတယ် အန်ကယ်။ ဒီမှာက ကျွန်မဒေါ်လေးတစ်ယောက်နဲ့ အတူနေပါတယ်။ အဒေါ်ကလည်း တစ်ကိုယ်တည်းသမားဆိုတော့ ဘာကရိကထမှ မရှိပါဘူး။ ကျွန်မတို့ အားလုံးအဆင်ပြေပါတယ်"





"ဩော် ... ဟုတ်ပါပြီ။ ဘာပဲဖြစ်ဖြစ် လိုတာရှိရင်ပြောပေါ့ ... ဟုတ်လား"

"Thank you ပါ အန်ကယ်။ အဲဒါဆို မနက်ဖြန် ကျွန်မလာခဲ့ပါ့မယ်၊ သွားလိုက်ပါဦးမယ်ရှင့်"

"ကောင်းပါပြီ"

ကိုကိုက အန်ကယ့်ကို နှုတ်ဆက်ကာ ရုံးခန်းထဲက ထွက်လာခဲ့တော့သည်။ ပြီးတော့ ကျေနပ်ကြည်လင်စွာသော အပြုံးတစ်ခုကို ပြုံးလိုက်မိသည်။ မနက်ဖြန်မှာ ကိုကို အလုပ်စ,ဆင်းရပြီဖြစ်သည်။ အနှစ်နှစ်အလလက ဖြစ်ချင်ခဲ့သောဆန္ဒတွေကို စတင်အကောင်ထည်ဖော်နိုင်တော့မှာမို့ ကိုကိုရဲ့စိတ်တို့က အရမ်းကို လွတ်လပ်ပေါ့ပါးရလေသည်။

❋ ❣ ❋



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ယဉ်တစ်ကိုယ်၊ ဒါက အန်ကယ့်ရဲ့သား သူရမိုးယံတဲ့၊ သူကတော့ ဒီမှာ ဒါရိုက်တာ တာဝန်ယူထားတယ်လေ။ သား ... သူယံ၊ ဒါ ယဉ်တစ်ကိုယ်လေ။ သူက ဟိုဘက် join ဖို့ကော၊ ဖေဖေ့စက္ကူထရီအနေနဲ့ပါ ပူးတွဲတာဝန်ယူထားတယ်"

အန်ကယ့် မိတ်ဆက်ပေးမှုကြောင့် ကိုကိုက သူရမိုးယံဆိုတဲ့ ပုဂ္ဂိုလ်ကို တစ်ချက်လှမ်းကြည့်ရင်းက အကဲခတ်လိုက်မိသည်။

သူရမိုးယံ ဆိုတာ ဒီကုမ္ပဏီကြီးတစ်ခုလုံးရဲ့ အရိုက်အရာကို ဆက်ခံရမယ့် တစ်ဦးတည်းသော မျိုးဆက်တဲ့။ ကိုကို့ထက် ငါးနှစ်လောက် အသက်ကြီးမယ်လို့ ခန့်မှန်းရတာကြောင့် ကိုကိုက နူးညံ့သိမ်မွေ့စွာသော အပြုံးတစ်ခုဖြင့် ခေါင်းဆတ်ပြကာ ...





"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် ကိုသူရမိုးယံ။ ကျွန်မ ယဉ်တစ်ကိုယ်ပါ"

"ဝမ်းသာပါတယ် ယဉ်တစ်ကိုယ်။ မင်းက ကိုယ်တို့အတွက် result ကောင်းကောင်းတွေကို ဒီမလာခင်ကတည်းက ဖန်တီးပေးထားတဲ့အတွက် thank you ပါ။ နောက်လည်း ကိုယ်တို့ အတူတူ လက်တွဲလုပ်သွားရင်း result ကောင်းကောင်းတွေရဖို့ မျှော်လင့်ပါတယ်။ ကိုယ့်ကို သူယံလို့ ခေါ်လို့ရပါတယ် ယဉ်တစ်ကိုယ်။ မင်းကိုကော"

"အားလုံးက ကိုကိုလို့ပဲ ခေါ်ကြပါတယ် ကိုသူယံ"

"Ok"

စကားပြောကတော့ အရမ်းကို နူးညံ့ချိုသာပေမယ့် မျက်နှာကြောကတော့ အတင်းစားပဲဖြစ်သည်။ အေးလေ ... သူဌေးသား၊ ကိုယ်တိုင်ကလည်း အရည်အချင်းရှိတဲ့သူဆိုတော့ အမာဒိုင်းပဲ ဖြစ်မှာပေါ့။

"ကဲ ... ဟုတ်ပြီ။ အားလုံး ရင်းရင်းနှီးနှီး ရှိသွားတာပေါ့ကွာ။ ကိုကိုလို့ပဲ အန်ကယ်ခေါ်တော့မယ်။ မင်းကို မေးရဦးမယ်။ မင်းက weekend ဆို trainer လုပ်ပေးနေတယ်ဆို"

"ဪ ... ဟုတ်ပါတယ် အန်ကယ်။ နိုင်ငံခြားကနေ ရုံးခွဲဖွင့်ထားတဲ့ management သင်တန်းပါ။ မက်ဂရေ့စ်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ပါတနာမို့ ကျွန်မကို အကူအညီတောင်းတာနဲ့ အဲဒီမှာ part time trainer လုပ်နေတာပါရှင့်။ ဟို ... ပြဿနာများ ရှိလို့လား အန်ကယ်"

"ဩော် ... နိုး ... မဟုတ်ပါဘူး။ မနေ့က ဂရေ့စ်နဲ့ contat ရတော့ သူကပြောလို့ မေးကြည့်တာပါ။ weekend ဆို အန်ကယ်တို့လည်း အလုပ်နားတာပဲ။ ဘာပြဿနာမှ မရှိပါဘူး။ ကဲ ... ဟုတ်ပြီ ကိုကို။ မင်း အလုပ်သွားလုပ်လို့ ရပါပြီ။ အန်ကယ် (၁၂)နာရီမှာ meeting ဝင်ရမယ် နော်"

"ဟုတ်ကဲ့ပါရှင့်၊ သွားခွင့်ပြုပါဦးနော်"

ကိုကိုက အန်ကယ့်လ်ရုံးခန်းထဲက ထွက်လာခဲ့ပြီး နောက်မှာ ကိုယ့်အတွက် ပြင်ဆင်ပေးထားတဲ့ ရုံးခန်းတွင်းသို့ ဝင်လာခဲ့တော့သည်။ အဲဒီနောက်မှာတော့ ကိုကို့ရဲ့ဘော့စ်မှာကြား သည့် instruction (ညွှန်ကြားချက်)ကို Notebook ထဲသို့ မှတ် လိုက်၏။

"12:00 noon – ဦးထင်မင်းညီ meeting"

ဦးထင်မင်းညီ။

ကိုကိုသည် အဲဒီနာမည်ကို စူးရဲစွာ တစိမ့်စိမ့်စိုက် ကြည့်ကာ အံကိုခပ်တင်းတင်း ကြိတ်ထားလိုက်မိသည်။





လောကကြီးက ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်ဆိုတဲ့ စကားပုံအတိုင်း တစ်ယောက်တစ်လှည့်စနစ်နဲ့ လည်ပတ်နေတယ် ဆိုတာ မကြာခင် ရှင်သိလာတော့မှာပါ ဦးထင်မင်းညီ။ အဲဒီကျရင် အလှည့်ကျတော့ မနွဲ့စတမ်းပေါ့နော်။

❋ ❣ ❋



www.burmeseclassic.com

www.burmeseclassic.com



# ၄

ခပ်မှန်မှန် ခြေလှမ်းတွေဖြင့် ဆိုင်ထဲကို တစ်လှမ်းချင်း ဝင်လာသော တစ်ယောက်ကို သူက ဖျတ်ခနဲ လှမ်းကြည့်မိသွားလျှင် ရင်ထဲမှာ ဒုတ်ခနဲ တစ်ချက်ဖြစ်သွားလေသည်။ ပြီးတော့မှ ထိုင်နေရာမှထကာ သူမဆီ အပြေးအလွှားသွား၍ ခေါ်ရလေသည်။

"ကိုကို ... ကိုကို"

သူ့ကိုမြင်လျှင် ကိုကိုက မျက်ခုံးကြော့တွေ့ မသိမသာ တွန့်ကွေးသွားတာကြောင့် သူက သဘောတကျ ပြုံးမိသွားလေသည်။

"တကာယ့်ကို တိုက်တိုက်ဆိုင်ဆိုင်ပဲဗျာ။ လာလေ ... ကျွန်တော့်ဝိုင်းမှာပဲ ထိုင်လိုက်ပါနော်"

"ကျွန်မက ပါဆယ်လာဝယ်တာ။ မထိုင်တော့ပါဘူး"





"ဪ ... ပါဆယ်ဝယ်လည်း စောင့်ရဦးမှာလေ။ လာပါ ကိုကိုရဲ့။ ကိုယ်တို့ စကားပြောရတာပေါ့"

သူက အတင်းဖိတ်ခေါ်နေတာကြောင့် ကိုကိုက ခေါင်းညိတ်လိုက်ကာ သူ့ဝိုင်းမှာပဲ လာထိုင်လေသည်။ သူမအိမ်အတွက်ဟု ယူဆရသော ဟင်းပွဲများကို ပါဆယ်မှာကာ ဖရဲသီးဖျော်ရည်တစ်ခွက် မှာပြီးသွားတော့မှ သူက စကားစပြောလိုက်တော့သည်။

"ကိုကိုက ဒီဆိုင်ကို အမြဲလာနေကြလား"

"မလာဖြစ်ပါဘူး။ ဒီလိုပဲ ကြုံကြိုက်မှပါ"

ငွေမိုးက ကိုကို့ရဲ့ပုံစံကို တစ်ချက် သတိထားမိသွားလေသည်။ လည်ထောင်ထရိုင်ဇာအနက် လက်ရှည်နဲ့ စတိုင်လ်ပန်လီကို ဝတ်ဆင်ထားကာ ဆံပင်တွေကို ငါးမြီးကျစ်ဆံကျစ်ထား၍ အရမ်းကို တည်ငြိမ်ရင့်ကျက်နေပုံ ပေါက်လေသည်။ အချိန်ကလည်း ရုံးဆင်းချိန်ဆိုတော့ သူမက ဘာများလုပ်ပါသလဲ။ သူက စပ်စုချင်တာကြောင့် ထပ်မေးလိုက်၏။

"ဒါနဲ့ ကိုကို အခု ဘယ်ကပြန်လာတာလဲ"

"ကျွန်မက ကုမ္ပဏီတစ်ခုမှာ လုပ်တယ်လေ၊ အခု ရုံးဆင်းအပြန် အိမ်အတွက် ဟင်းလာဝယ်တာ။ ရှင်ကော။ သင်တန်းမရှိတဲ့ရက်ဆို ဘာတွေလုပ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကလား ... အင်း ... မိဘအလုပ်ထဲမှာ ဝင်ကူပေးတယ်။ ပြီးတော့ ကိုယ့်သူငယ်ချင်းတွေနဲ့ စုပြီးတော့ ကား Show room ဖွင့်ထားတယ်။ ဒါ ကိုယ့်ကတ်ပါ"

ကိုကိုက အသိမှတ်ပြုသလို ခေါင်းတစ်ချက်ဆတ်ပြရင်းက သူ့ visting card လေးကို လက်ခံထားလိုက်ပါသည်။ ပြီးတော့ ပြုံးမြမြမျက်နှာထားဖြင့် ...

"စီးပွားရေးလုပ်ငန်းရှင်က အခုမှ management သင်တန်းလာတက်တယ်ဆိုတော့ ရယ်စရာ ဖြစ်နေတယ်"

"အဟဲ ... ဒါကတော့ ဒီလိုပဲပေါ့ဗျာ။ ကိုယ်က distance ယူထားရင်းက စီးပွားရေးလုပ်တယ်လေ။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် University life လေး နည်းနည်းပါးပါး ခံစားရအောင် လာတက်တာလေ။ ကိုကိုကတော့ လုံးဝဂါပါတယ်။ Full Scholar နဲ့ နိုင်ငံခြားက ပြန်လာတာ မကြာသေးဘူးဆို"

"အဟင်း ... ဒီလိုပါပဲ၊ ကျွန်မ ဆယ်တန်းဖြေပြီးသွားတာနဲ့ စီးပွားရေးလိုင်းကို စိတ်ဝင်စားလို့ကို management သင်တန်း တက်တာလေ။ ကံကောင်းချင်တော့ Scholar ရွေးတဲ့ထဲမှာ ပါသွားတော့ ဟိုမှာ နှစ်နှစ်သွားသင်ရတာလေ။ အဲဒါကြောင့် ရှင့်ထက် စီနီယာကျသလို ဖြစ်သွားတာပါ။ အမှန်တကယ်တော့ ဘာမှမဟုတ်ပါဘူး ငွေမိုးသွန်းရယ်"





ငွေမိုးက သူမရဲ့ရင်းရင်းနှီးနှီး စကားပြောပုံလေးကို ငြိတိတိဖြစ်နေပြီဆိုတာ သတိထားမိတာကြောင့် သူမဆီက ဖုန်းဆက်ခွင့်ပါမစ်ကို အရင်တောင်းယူရလေသည်။

"ဒါဆို ကိုကိုနဲ့ ကျွန်တော်က ဘော်ဒါလုပ်လို့ ရတာပေါ့နော်"

"ဖြစ်ပါတယ်။ ကျွန်မက ခင်တတ်ပါတယ်"

"ဒါဆို ကိုကို့ဆီ ဖုန်းဆက်လို့ ရတယ်နော်"

သူ့အဖြေကို ဘာမှမဖြေရသေးခင်မှာ ဝိတ်တာက ပါဆယ်ထုပ် လာပို့ပေးတာကြောင့် ကိုကိုက ပိုက်ဆံထုတ်ရှင်းလျှင် သူက အတင်းဝင်ရှင်းတာကို လက်သင့်မခံဘဲ ...

"ကိုယ့်စရိတ် ကိုယ်ရှင်းပါ ငွေမိုးသွန်းရယ်။ တို့က အဲဒီလိုမျိုး လုရှင်းရင် စိတ်ပျက်တယ်"

အဲဒါကြောင့် သူက မရှင်းတော့ဘဲ ငြိမ်နေလိုက်တော့သည်။ ပြီးတော့ သူမေးတာကို ဘာမှမပြောသေးဘဲ ထထွက်တော့မယ် ဟန်ပြင်နေတာကြောင့် ငွေမိုးက အပြန်မခံသေးဘဲ အသည်းအသန် မေးရလေသည်။

"ဟော့ ... ဖုန်းဆက်လို့ရလားလို့ မေးနေတယ်လေ။ မင်း မဖြေရသေးဘူးနော် ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် သူမက သူ့ကို ဆတ်ခနဲလှမ်းကြည့်ကာ ...

"ရိုးရိုးသားသား ဆိုရင်တော့ ဆက်နိုင်ပါတယ်။ Bye "

လက်ကလေး အသာလှုပ်ယမ်းပြကာ သူ့ရှေ့မှထွက်ခွာသွားသော အမျိုးသမီးလေးကိုကြည့်ကာ သူ့ရင်ထဲမှာ ငြိသွားပြီဆိုတာ သိလိုက်တာကြောင့် ပြုံးမိသွားသည်။ ကိုကိုဆိုသော ကောင်မလေးက သူ့အတွက် ချစ်သူဖြစ်လာနိုင်တဲ့ ကောင်မလေး ပဲဖြစ်သည်။ ဖြစ်လာဖို့လည်း သူက ကြိုးစားမှာဖြစ်သည်။ သူ့ရဲ့ အတွေးတွေ ကြာကြာဆက်မတွေးနိုင်အောင် ဖုန်းသံကနှောင့်ယှက်တာကြောင့် အတွေးတို့ကို ဘရိတ်ဖမ်းကာ ဖုန်းနံပါတ်ကိုကြည့်လိုက်လေသည်။ **private number** ဖြစ်တာကြောင့် ဒါမေမေ့ဆီက ဖုန်းဖြစ်တယ်ဆိုတာ သူသိတာကြောင့် ဖုန်းကို ခပ်သွက်သွက်ကိုင်လိုက်၏။

"ဟယ်လို"

"အေး ... သားလေး၊ အပြင်မှာလား"

"ဟုတ်တယ် မေမေရ။ အခု SAVOY မှာ dinner ဝင်ဆွဲနေတာလေ။ ခဏနေ အိမ်ပြန်တော့မှာ"

"ဟုတ်ပါပြီ။ အိမ်မှာစားတာ မဟုတ်ဘူး သားရယ်"





မေမေ့ရဲ့စိတ်ပူစကားကြောင့် သူက ပြုံးမိသွားသည်။ ငွေမိုးကိုဆို အခုချိန်ထိ ကလေးတစ်ယောက်လိုပဲ အမြဲစိုးရိမ်စိတ်ပူတတ်သော မေမေဟာ အချိန်မအားတဲ့ကြားကနေ သူ့ဆီ မရရအောင် ဖုန်းဆက်တတ်သူ ဖြစ်ပါသည်။

"မေမေကလည်း သားတစ်ယောက်တည်း စားမှာ ပျင်းစရာကြီး၊ မေမေကော ဟိုမှာ ကိစ္စတွေမပြီးသေးဘူးလား"

"အင်း ... နောက်တစ်ပတ်လောက် ဆိုရင်တော့ ပြန်လာမှာပါ သားရဲ့။ မေမေ သားအတွက် ပစ္စည်းတွေ အများကြီး ဝယ်ထားတယ် သိလား"

"အဟား ဟား ... ဟုတ်ပါပြီ မေမေရာ။ မေမေ့သာ မြန်မြန်လာတော့။ သားမှာ မေမေ့ကုမ္ပဏီကို ငှားရ၊ ဆိပ်ကမ်းသွားရနဲ့ တစ်ယောက်တည်းချာလပတ်ယမ်းနေပြီ"

"အောင်မယ်လေးတော် ... မေမေ့သားက အခုမှ လိမ္မာပြနေတယ်၊ ကဲ ... ကဲ ... ဟုတ်ပါပြီ သားရေ။ ဒါဆို မေမေ ညမှပဲ ဖုန်းထပ်ဆက်တော့မယ်နော်။ အိမ်လည်း စောစောပြန်ဦး။ နန်းမူတို့ စိတ်ပူနေဦးမယ်"

"Yes မာမီ။ အဲဒါဆို ဒါပဲနော်"

သူက ဖုန်းချလိုက်ပြီး နောက်မှာတော့ စိတ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပါးစွာပင် ညစာကို ဆက်စားဖြစ်ပါသည်။ ဘဝမှာ လိုတာရခဲ့တဲ့အတွက် သူဟာ အရမ်းကိုပျော်ရွှင်ခဲ့ရသည်။ အဲဒါ ငွေကြောင့်ပဲဖြစ်သည်။ ငွေက အရာရာတိုင်းကို ဖန်တီးပေးတာကြောင့် ငွေမိုးသည် လူငယ်ဆန်စွာ နေထိုင်ပေမယ့် စီးပွားရေးကိုတော့ အထူးကို အာရုံစိုက်လေသည်။

✻ ❣ ✻





## ( ၁ )

"အခြေအနေ ဘာထူးလို့လဲ ဇင်"

မန္တလေးကနေ ဒီအထိတောင် လာတယ်ဆိုတော့ ဒါဟာ တစ်ခုခုထူးခြားလို့ပဲလို့ ကိုကိုက ထင်မိတာကြောင့် ဇင့်ကို အသည်းအသန် မေးရလေသည်။

"အမယ်လေးဟယ် ... ခရီးရောက်မဆိုက် နင်ကလည်း ဖွတ်ကို မေးတော့တာပဲ။ ဘာမှမထူးဘူး။ ငါလည်း စုံစမ်းတာပဲဟာ။ ဘယ်သူမှ မသိကြဘူး"

ဇင့်အဖြေကြောင့် ကိုကိုက တွေးတွေးဆဆ လေသံဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ရင်းက ...

"ဒါဆိုရင်တော့ သူ မန္တလေးမှာ မရှိတော့လောက်ဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ထားစမ်းပါဦး။ နင် အခု အလုပ်သွားလုပ်တာ ဘယ်လိုလဲ အဆင်ပြေလား"

"ဘာမပြေစရာရှိလဲ ဇင်ရယ်။ ဦးထင်မင်းညီက အခုဆို ငါ့ကို လုံးဝကိုယုံကြည်နေတာလေ။ သူ့ယံကဆို ငါ့ကိုစွတ် favour တွေ ပေးနေတာဟ။ သူ့ရုံးယံ ငါ့ကို ယိုင်လာပြီ ဆိုရင်တော့ ပွဲက ပိုကြည့်ကောင်းသွားပြီ ဇင်။ ဒီတစ်ကြော ကိုဖြတ်ပြီးရင်တော့ ဒေါ်နီနှင်းဆီ အလှည့်ပဲ"

ကိုကို့ရဲ့တင်းတင်းမာမာ အပြောကြောင့် ဇင်က သူငယ်ချင်းမကို ကရုဏာသက်စွာ ကြည့်လိုက်မိသည်။ ကိုကိုဟာ အာဃာတတွေ အငြိုးတွေ ရစ်ပတ်မှုတွေကြောင့် ပင်ပန်းနေရှာသူလေး ဖြစ်လေသည်။ သူမ အပူမီးတွေ မြန်မြန်ငြိမ်းပါစေတော့ဆိုတဲ့ ဆန္ဒနှင့် ဇင့်မှာ ဝင်ပါရမိဖြည့်ပေးနေရတာ ဖြစ်သည်။

"ကိုကိုရယ် ... နင့်မလည်း ပင်ပန်းလိုက်တာနော်။ စိတ်ကို အေးအေးထားပါဦးဟာ"

"မထားနိုင်ဘူး ဇင်၊ နင် ငါ့ကို နားလည်ပါတယ်။ သူတို့ကြောင့် ငါ့ဘဝပျက်ခဲ့ရတာလေ၊ ငါ ဘယ်တော့မှခွင့်မလွှတ်ဘူး။ ငါ့ရဲ့အမိကပစ်မှတ် ဒေါ်နီနှင်းဆီ မကျရှုံးသရွေ့ ငါ့စိတ်တွေ ဘယ်တော့မှအေးချမ်းမှာ မဟုတ်ဘူး။ ဒီမိန်းမကြီး လောကကြီးထဲမှာ ရှိသေးသရွေ့ ငါ ရေမြေအဆုံးလိုက်ရှာရမှာပဲ ဇင်"





ပြောရင်းက ကိုကို မျက်ရည်တွေ ဝေ့သီလာတာကို တွေ့လိုက်တာကြောင့် ဇင်က တခြားစကားတွေ ပြောင်းပြောကာ အာရုံလွှဲရလေသည်။

"ကဲပါ ... အဲဒါတွေ ထားစမ်းပါဦး။ နင် ငါ့ကိုပြောတဲ့ နင်တို့သင်တန်းက ကောင်လေးအကြောင်း ပြောပြဦးနော်။ ငါ နင့်အတွက် စပါယ်ရှယ် ဗေဒါရွှေကြာ ဝယ်လာတယ်။ ညကျရင် နင်က ငါ့ကို စပါယ်ရှယ်သုပ်ကျွေးဟာ။ ခုတော့ ငါ့ကို အနားယူဖို့ အခန်းလိုက်ပြဦး ... လာ"

"ငါ့အခန်းထဲ ဝင်သွားလေဟာ မသိတာကျနေတာပဲ"

ဇင်မရှိတော့ရင် ကိုကို ငိုနေတော့မည်ဆိုတာ သိနေတာကြောင့် ကိုကို့လက်ကို အတင်းဆွဲခေါ်ကာ ...

"လာစမ်းပါဟာ။ နင်ကလည်း တစ်စက်ကလေးမှ ဧည့်ဝတ်ကို မကျေဘူး။ အိမ်ရှင်ကောင်း ပီသစမ်းပါဟ။ လာခဲ့"

"ဟား ... ဘာလဲဟာ။ ဘာဧည့်သည်ကြီးမှန်းကို မသိဘူး ဆိုးလိုက်တာ",

ကိုကိုက ပြောရင်းဆိုရင်းက ဇင့်အနောက် လိုက်လာကာ အခန်းထဲ ဝင်လာစဉ်မှာပဲ ဖုန်းကဝင်လို့လာပြန်၏။

"ဩော် ... ဖုန်းရှိတဲ့ ဒုက္ခကလည်း မသေးဘူးနော်။ မပြောချင်လည်း မရဘူး။ ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ဇင့်ရဲ့အဝတ်အိတ်ကို ဆောင့်ခနဲချကာ ဖုန်းကို လှမ်းယူ၍ ကိုင်လိုက်တော့သည်။

"ဟယ်လို ... ပြောပါ"

"ကိုကိုလား ... ကျွန်တော် သူယံပါ။ ပြောလို့ရလားမသိဘူး"

သူယံ။ တစ်ခါမှ မဆက်စဖူး အဆက်ထူးတာကြောင့် ကိုကိုက ဇင့်ကို လက်မောင်းအသာတို့၍ အချက်ပြလိုက်ပြီးမှ ဖုန်းဆက်ပြောလေသည်။

"သြော် ... ဟုတ်ကဲ့၊ ကိုသူယံ ပြောပါရှင်"

"ဟို ... ဒီလိုပါ။ မနက်ဖြန် ကိုကိုများ အားမလားလို့"

"မနက်ဖြန် ... ဟို ... ကိစ္စရှိလို့လား ကိုသူယံ၊ မနက်ဖြန်က ကျွန်မ သင်တန်းသွားဖို့တော့ ရှိပါတယ်"

"ဒီလိုပါ ... ဖေဖေက ကိုကို့ကို dinner စီစဉ်ပေးချင်လို့လေ။ ကိုကို ရောက်ကတည်းက ဘာမှဧည့်မပြုရသေးတော့လေ။ အဲဒါ မနက်ဖြန်ညနေလောက် အချိန်ပေးနိုင်မလားလို့"

ကိုကိုက မျက်ခုံးတစ်ချက် ပင့်တက်သွားသည်။ ကိုကို့ရဲ့ကြိုးစားမှုကို အသိမှတ်ပြုဖို့ စီစဉ်ပေးတဲ့ ဒီပွဲကို ကိုကိုငြင်းလို့ ဘယ်ဖြစ်ပါ့မလဲ။

"အဟော် ... ရပါတယ် ကိုသူယံရယ်။ ဒီလုပ်ငန်း အောင်မြင်တယ်ဆိုတာ အန့်ကယ်နဲ့ ကိုသူယံ တော်လို့ပါ။ ကျွန်မက ဘာမှမဟုတ်ပါဘူး"

"ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ။ ကိုကိုသာ မစ္စတာရျောတို့နဲ့ Join မပေးရင် ဒီကိစ္စ ဘယ်လိုမှဖြစ်မှာ မဟုတ်ပါဘူး။ အခုက,ကတော့ ကိုကို့ကို dinner စီစဉ်ပေးတာက ပိုပြီး ရင်းရင်းနှီးနှီး ဖြစ်သွားအောင်ပါ။ လက်ခံမယ်မှလား ကိုကို"

"အဟင်း ... ဟုတ်ပါပြီ။ ကိုသူယံ ဒီလောက်ပြောနေမှတော့ ကျွန်မ မငြင်းရဲတော့ပါဘူး"

"Ok ... အဲဒါဆို မနက်ဖြန်(၆)နာရီလောက် ထရိတ်ဒါးမှာ ဆုံမယ်လေ"

"ကောင်းပါပြီ ကိုသူယံ"

သူ ဖုန်းချသွားသောအခါ ကိုကိုက ဟက်ခနဲ တစ်ချက်ရယ်လိုက်လျှင် ဇင်က မေးဆတ်မေးလေသည်။

"ဘာဖြစ်ရမလဲဟဲ့။ ငါ့ကို ဒင်နာကျွေးဖို့လေ။ ကိုသူယံကိုယ်တိုင်ကိုက ဖုန်းဆက်ပြီးဖိတ်တာ"

"အမယ် ... တယ်ဟုတ်နေပါလား။ အင်း ... ကောင်းပါတယ်။ ကိုကို ... အဲဒီ သူရမိုးယံက ဦးထင်မင်းညီရဲ့သားလား"

"Ofcourse ... ဒါပေမဲ့ သူက ဒေါ်နီနှင်းဆီရဲ့သားတော့ မဟုတ်လောက်ဘူး"

"နင်က ဘယ်လိုသိတာလဲ"






www.burmeseclassic.com

www.burmeseclassic.com



"မေမေ ပြောပြတာလေ။ ဦးထင်မင်းညီနဲ့ ဒေါ်နီနှင်းဆီရဲ့ သားက ငါနဲ့ ရွယ်တူလောက်ပဲ။ ကိုသူယံက ငါ့ထက် လေး,ငါးနှစ်ကြီးတော့ သူက ဒေါ်နီနှင်းဆီရဲ့သား မဖြစ်နိုင်ဘူး"

"ဟင် ... ဒါဆို သူက ဘယ်သူ့သားလဲ"

ကိုကိုက အဲဒီမေးခွန်းအတွက် ပခုံးတစ်ချက်သာ တွန့်ပြလိုက်တော့သည်။ ကိုသူယံရဲ့အမေ ဘယ်သူလဲဆိုတာ ကိုကို့အတွက် အရေးမကြီးပေ။ ကိုကို့အတွက် ဦးထင်မင်းညီပြီးတော့ ဒေါ်နီနှင်းဆီ သူတို့ကသာ အရေးကြီးဆုံး ဖြစ်ပေသည်။

✻ ❦ ✻





ကိုကိုသည် အပြီးသတ်ပြင်ဆင်မှုအနေဖြင့် သုံးနေကြ NINA RICCI ရေမွှေးကို ဆွတ်လိုက်သည်။ မှန်ထဲမှာ မြင်ရတဲ့ ကိုယ့်ပုံဟာ လုံးဝကို စမတ်ဖြစ်တာကြောင့် သဘောတွေအကျကြီး ကျနေမိ၏။ အားလုံးပြင်ဆင်ပြီး နောက်မှာတော့ ကိုကိုသည် ဖေ့ကို လက်ကလေးအသာ လှုပ်ယမ်း၍ နှုတ်ဆက်ကာ ...

"ဘိုင့်ဘိုင် ... ဖေရေ။ တီလေးလာရင် ငါသွားပြီလို့ ပြောလိုက်။ ပြန်လာရင် ငါ ဘာဝယ်ခဲ့ရမလဲ"

"အမယ်လေး ... မလိုပါဘူးအေ။ ညည်းသာ အဆင်ပြေရင် ပြီးတာပဲ။ ငါကတော့ 4HD လိုင်းလေးကြည့်ပြီး ခံစားလိုက်ဦးမယ်ကွာ။ ဟဲ့ ... သံပန်းတံခါး သော့ခတ်ခဲ့ဦးနော်"

"အေးပါ ... အေးပါ သွားပြီနော်"

"တာ့တာ ... ကားလည်းဖြည်းဖြည်းမောင်းဦး ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက သံပန်းတံခါးကို သော့ခတ်ရင်းက အေးပါ အေးအေးဟု အော်ပြောကာ ခပ်သွက်သွက်လေး လှေကားပေါ်က ဆင်းလာလိုက်သည်။ ပြီးတော့ ကိုကိုရဲ့ရှုပါဆလွန်းလေးကို လော့ခ်ဖွင့်၍ ကားထဲက ကြက်မွေးလေးယူကာ နည်းနည်းပါးပါး ဖုန်သုတ်၍ ရှိုင်းလိုက်သည်။ သံရည်ကျိုစက် မရောက်ခင် အပီ အပြင်ကို သ,ကာစီးသည့် ကိုကို့ကားလေးက ကိုကို့အတွက်တော့ စတားပဲဖြစ်သည်။ သွားခါနီး လာခါနီးဆို နည်းနည်းလေး စိတ်ရှည်ပြီး စက်နှိုးရတာလေးကလွဲလျှင် အားလုံးက ဗွတ်နေတာပဲ ဖြစ်သည်။

ကိုကိုက ထုံးစံအတိုင်း လီဗာကို အသားကုန်ပုတ်၍နှိုးမှ စက်က ပုံမှန်လည်ပတ်လေသည်။ အားလုံးက ပုံမှန်ဖြစ်သွားသောအခါ ကိုကိုက အေးအေးဆေးဆေးပင် မောင်းထွက်လာခဲ့တော့သည်။ ကိုကို ဟိုတယ်ကို ရောက်သောအခါ ကိုကို့ထက် စောရောက်နေသော ကိုသူယံက Reserved လုပ်ထားသော ဝိုင်းမှာ တစ်ကိုယ်တော် ထိုင်စောင့်နေတာဖြစ်သည်။ အဟား ... တယ်မိုက်ပါလား။

Guy laroche ရှပ်နှင့် လုံးဝကို သပ်ရပ်ခန့်ထည်နေသော ကိုသူယံဟာ တကယ့် အမိုက်စားပဲဖြစ်သည်။ ကိုကို လှမ်းကြည့်တာကို လှမ်းမြင်လိုက်သော ကိုသူယံက ကိုကို မမြင်ဘူးအထင်နှင့် လက်လှမ်းပြမှ ကိုကိုက အပြုံးတစ်ခုဖြင့် ခေါင်းဆတ်ပြကာ သူ့ဝိုင်းဆီသို့ လျှောက်လာခဲ့သည်။





"ဆောရီးပါ ကိုသူယံ။ ကျွန်မကို စောင့်နေရတာ အားနာလိုက်တာ"

"Nevermind ပါ ကိုကိုရယ်။ ထိုင်လေ"

ကိုကိုက ထိုင်လိုက်ပြီးမှ ဦးထင်မင်းညီကို မတွေ့မိတာကြောင့် ဝတ္တရားအရ မေးလိုက်ရသည်။

"ဟို ... အန်ကယ်ကော မလာဘူးလား"

"အင်း ... လာလိမ့်မယ်။ ဖေဖေက Chatrium က လာရမှာလေ။ ဟိုမှာ ညှိသည်နဲ့တွေ့နေလို့။ လာပါလိမ့်မယ်။ ကိုကို ဘာမှာမလဲ"

"ရပါတယ်။ အန်ကယ် လာမှပဲ ..."

"မဟုတ်တာ၊ ဒါဆို ကိုယ် Special item ထဲကပဲ ရွေးလိုက်မယ်နော်"

ကိုကိုက ဆက်မပြောတော့ဘဲ ခေါင်းအသာဆတ်ပြကာ ငြိမ်နေလိုက်တော့သည်။ ဘွိုင်ကို သူစိတ်တိုင်းကျမှာပြီးနောက်မှ သူက ကိုကိုက အပြုံးဖြင့် ခေါင်းညိတ်ပြကာ ...

"By the way ... ဒီနေ့ မင်း အရမ်းလှတယ် ကိုကို"

သူ အဲဒီလိုပြောလိမ့်မယ် ထင်မထားတာကြောင့် ကိုကိုက အံ့အားသင့်သွားပြီးမှ အသာပြုံးလိုက်ကာ ...

"Thank You ပါ ကိုသူယံ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက တကယ့်ကို အရည်အချင်းရှိတဲ့ မိန်းကလေးပါ။ ကိုယ် ချီးကျူးပါတယ်။ ဖေဖေဆိုလည်း မင်းကို အရမ်း ချီးကျူးတာ။ မင်းရောက်လာကတည်းက ကုမ္ပဏီရဲ့ result တွေက တအားကောင်းလာတယ်"

"အဟင်း ... ကိုသူယံက အဲဒီလို ပြောနေတော့ ကျွန်မ နေတောင်မနေတတ်တော့ဘူး။ ကိုသူယံ ချီးကျူးတာကို အရမ်းဂုဏ်ယူပါတယ်။ ကိုသူယံကိုလည်း ကျွန်မက လေးစားပြီးသားပါ"

"ဟား ဟား ... ပြောရှာမယ်ဗျာ"

ကိုကိုနဲ့ စကားဆက်မယ် အလုပ်မှာ သူ့ဖုန်းက ထမြည်လာတာကြောင့် ကိုကို့ကို Exceuse လုပ်၍ ဖုန်းကိုင်လေသည်။

"ဟုတ်ကဲ့ ... ဖေဖေ ပြောပါ"

"........."

"သြော် ... ဟုတ်လား။ အင်း ... ဒီမှာက ကိုကို ရောက်နေပြီ။ ဖေဖေ့ကို စောင့်နေတာလေ"

"........"

"အင်းပေါ့ ဖေဖေရာ။ ရပါတယ်။ ဟုတ်ကဲ့ ... ဟုတ်ကဲ့ ခဏလေး ဖေ"





ကိုသူယံက ကိုကို့ကို ဖုန်းလှမ်းပေးကာ ...

"ကိုကို ... ဖေဖေ့ဆီကဖုန်း။ ကိုကိုနဲ့ပြောမလို့တဲ့"

ကိုကိုက ဖုန်းကိုယူကာ နားထောင်လိုက်သည်။

"ဟယ်လို ... ဟုတ်ကဲ့ပါ အန်ကယ်"

"အေး ... ယဉ်တစ်ကိုယ်ရေ sorry ကွာ။ ဒင်နာကို အန်ကယ် မလာဖြစ်တော့ဘူး။ ဒီမှာ ဧည့်သည်နဲ့ဆွေးနွေးတာ မပြတ်သေးလို့ကွ။ မင်းကို အန်ကယ် နောက်တစ်ပွဲ ထပ်စီစဉ်ပေးပါ့မယ်။ အခုတော့ သားနဲ့ပဲ dinner စားလိုက်ပါနော်။ အန်ကယ့်ဘက်က ဧည့်ဝတ်မကျေ ဖြစ်သွားတာ sorry ကွာ"

"မဟုတ်တာ အန်ကယ်ရယ်။ အန်ကယ် အဆင်ပြေဖို့ပဲ အရေးကြီးတာပါ။ ကျွန်မက အန်ကယ် အခုလို ဒင်နာ စီစဉ်ပေးတာကိုပဲ အားနာလှပြီ။ အန်ကယ် စိတ်ဖြောင့် ဖြောင့်နဲ့ အလုပ်လုပ်ပါရှင့်။ ကိုသူယံက အရမ်းဧည့်ဝတ် ကျေပါတယ်"

"အေး ... အေး ... ဟုတ်ပါပြီ။ အဲဒါဆို coming monday မှ ဆုံတာပေါ့ကွာ။ See You"

"ဟုတ်ကဲ့ ... အန်ကယ် Good luck ပါရှင့်။ ကိုသူယံနဲ့ ပြောဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေတော့၊ အန်ကယ်က အဲဒါ လှမ်းဆက်တာ။ ဒါဆို ဒါပဲနော်"

ကိုကိုက ကိုသူယံလက်ထဲသို့ ဖုန်းပြန်ထည့်ပေးလိုက်ချိန်မှာ ကိုသူယံက serve လုပ်ပေးသော ဟင်းပွဲတွေကို ပြည့်စုံမစုံ ကြည့်ပြီးမှ ...

"ကဲ ... မင်းနဲ့ ကိုယ်ပဲ စားတာပေါ့ ကိုကို။ ဖေဖေက မလာဖြစ်ဘူး ဆိုပေမယ့် သူ မင်းကို ချီးကျူးစကားတော့ ပြောပါတယ်"

ကိုကိုက ဘာမှဆက်မပြောတော့ဘဲ သူနှင့်အတူ ဒင်နာစားနေရင်းမှ ဒါဟာ အခွင့်အရေးဆိုတာ သတိထားမိတာကြောင့် အေးဆေးနူးညံ့သော လေသံဖြင့် ပြောရလေသည်။

"ကိုသူယံက BE နဲ့ ပြီးထားတာဆို။ ဟိုနေ့က အန်ကယ် ပြောလို့ ကြားမိသွားတာ"

"အင်း ... ဟုတ်တယ်ဗျ။ ဘွဲ့သာယူထားတာ။ အလုပ်ကျတော့ အင်ဂျင်နီယာ life ကို professional မရွေးဖြစ်ခဲ့ပါဘူးဗျာ။ ကိုယ်က ဖေဖေတစ်ယောက်တည်း အလုပ်တွေပိနေတာကို မကြည့်ရက်တာနဲ့ပဲ ဒီဘက်ကို ရွေးချယ်လိုက်တာ"





"ဩော် ... သားလိမ္မာလေးပေါ့။ အဟင်း ... ကောင်းပါတယ်။ ကျွန်မက အင်ဂျင်နီယာ ဖြစ်ချင်တာလေ။ နယ်မှာဆို စီမံကိန်းတွေများတော့ အမြဲတွေ့နေရတော့ သူတို့ကို အရမ်းအားကျတာလေ"

"နယ်မှာဆိုတော့ ကိုကိုက ဇာတိ ဘယ်ကလဲ"

Ok လေ။ လိုချင်တာ ဒါပဲလေ။ ကိုကိုက ချိုမြိန်စွာပင် ပြန်ဖြေလိုက်လေသည်။

"မန္တလေးကပါ"

"ဟုတ်လား ...၊ ဩော် ... ကျွန်တော်တို့ကတော့ ရန်ကုန်ဇာတိပဲ။ ကိုယ်ဆို အဲဒီလိုနယ်မှာ ဇာတိဖြစ်ပြီး အရွယ်ရောက်မှ ရန်ကုန်လာပြီး ကိုယ့်ဘဝလမ်းကြောင်းကိုဖောက် အဲဒီလိုမျိုး ဖြစ်ချင်တာ။ ပြီးတော့ ကိုယ် ကျောင်းတက်တုန်းကဆို တချို့သူငယ်ချင်းတွေ စာမေးပွဲပြီးရင် သူတို့ဇာတိ သူတို့ပြန်ပြီးပျော်ကြ၊ ဟား ... အဲဒီလိုဖီလင်မျိုးကို အရမ်းသဘောကျတာလေ။ ကိုယ်ကျတော့ နယ်ဆို ခရီးထွက်တဲ့ ဧည့်သည်သဘောမျိုးပဲ ရောက်ဖူးတာလေ"

သူက ရန်ကုန်ဇာတိတဲ့။ ဒါဆို ဒေါ်နီနှင်းဆီရဲ့သား ဟုတ်တာ သေချာသွားသလို ဦးထင်မင်းညီ ဘယ်ကလဲဆိုတာ သူ မသိဘူးလား။ ကိုကိုက လိုချင်တာ မရသေးလို့ စကားထပ်အစ်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... ကိုသူယံ စိတ်ကူးက အဆန်းပဲ။ ဒါပေါ့ ဗီလင်တစ်မျိုးစီပေါ့။ ရန်ကုန်သားစစ်စစ် ဖြစ်ရတာ ကောင်းတာပေါ့ ကိုသူယံရဲ့။ အဖေကော အမေကော ရန်ကုန်က ဘယ်လောက်ကောင်းသလဲ"

"အင်း ... ဖေဖေကတော့ ဟိုတုန်းက မန္တလေးမှာ နေခဲ့ဖူးတယ်၊ ကြာပါပြီ။ မန္တလေးမှာ အသိမိတ်ဆွေတောင် မရှိဘူးထင်တယ်။ ကိုယ်တို့ မန္တလေးရောက်ခဲ့ရင်တောင် ဖေဖေက Sedona မှာပဲတည်း၊ အလုပ်ကိစ္စပြီးတာနဲ့ပြန် ဘယ်မှတောင် မသွားဘူး။ ကိုယ်လည်း မန္တလေးကို သဘောကျတယ်။ ရာသီဥတု နည်းနည်းပူတာကလွဲရင် နေလို့ကောင်းတယ်လေ။ ကိုကိုကတော့ အမြဲပြန်ဖြစ်မှာပေါ့"

ဟင်း ... ဟင်း ... ကျွန်မ မပြန်ဖြစ်တာ ကြာခဲ့ပြီးပေါ့ ကိုသူယံရယ်။ ရှင့်အဖေက မန္တလေးရောက်ရင်တောင် Sedona မှာပဲတည်းပြီး ဘယ်မှမသွားတာ အကြောင်းရှိလို့ပေါ့။ ကိုကိုက စိတ်ထဲကနေ ခံပြင်းစွာ တောက်တစ်ချက် ခေါက်မိပေမယ့် မျက်နှာကတော့ အပြုံးမပျက်ပင် ပြန်ဖြေလိုက်သည်။

"မပြန်ဖြစ်တာ ကြာပါပြီ။ ကျွန်မမှာက ဇာတိသာ မန္တလေးဖြစ်တာ။ မန္တလေးမှာ ကျွန်မနဲ့သက်ဆိုင်တာ ဘာမှမရှိ





တော့ပါဘူး။ ဖေဖေနဲ့ မေမေ ဆုံးသွားပြီ။ အဲဒီအိမ်ကြီးလည်း မရှိတော့ဘူး။ ကျွန်မ ခုနစ်တန်းလောက်အထိ မန္တလေးမှာပဲနေတာလေ။ မွေးစားမိဘတွေလည်း ဆုံးသွားတော့ မန္တလေးမှာ ကျွန်မနဲ့သက်ဆိုင်တာ ဘာမှမရှိတော့ဘူး။ အဲဒါနဲ့ပဲ ရန်ကုန်မှာ အခြေချလိုက်တာ။ ဆယ်တန်းလည်း ရန်ကုန်ကပဲအောင်တာ"

"အော် ... ဆောရီးပါ ကိုကို။ မင်းကို ဝမ်းနည်းအောင် အစဖော်မိသလို ဖြစ်သွားတယ်"

ကိုကိုက အဲဒီခံစားမှုအတွက် ရိုးနေပြီဖြစ်တာကြောင့် ပခုံးတစ်ချက် တွန့်ပြလိုက်ကာ ...

"ကိစ္စမရှိပါဘူး။ ကျွန်မမှာ လောကခံကို ရင်ဆိုင်ရဲတဲ့သတ္တိရှိတဲ့အတွက် ဝမ်းမနည်းပါဘူး"

"ဒါဆို ကိုကိုက ဒီမှာ အဒေါ်နဲ့အတူနေတာပေါ့"

"ဟုတ်တယ် ... အဲဒီအဒေါ်က မေမေ့ညီမဝမ်းကွဲလေ။ ကျွန်မ မွေးစားမိဘတွေဆီကရတဲ့ အမွေလေးနဲ့ ဒီမှာ ကျွန်မတို့တူဝရီးတွေ အခြေချနေခဲ့တာပေါ့။ အားလုံးအဆင်ပြေပါတယ်"

ကိုသူယံက ကိုကို့ကို ကရုဏာသက်စွာ ငေးကြည့်ရင်းက နားလည်စွာ ခေါင်းဆတ်ပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကိုကိုက တကယ်တော်တဲ့ မိန်းကလေးပါ။ ကိုယ့်ခြေထောက်ပေါ်ကိုယ် အပြည့်အဝရပ်တည်နိုင်တယ်။ လေလွင့်မသွားဘူး။ ဘဝရဲ့တိုးတက်မှုတွေပဲ ဖြစ်စေတယ်။ Congratutation ပါ ကိုကို"

ကိုသူယံက ကိုကို့ကို လေးနက်တဲ့အကြည့်တွေဖြင့် ကြည့်ကာ congratulate လုပ်တာကို ကိုကို့စိတ်ထဲမှာ တစ်မျိုးလေး ဖြစ်သွားမိသည်။ ဦးထင်မင်းညီကို မုန်းပေမယ့် သူ့သားသူရမိုးယံဟာ စိတ်ဓာတ်အားဖြင့် ကောင်းမွန်ကာ တည်တည်ကြည်ကြည်ရှိတာကြောင့် ကိုကို လေးစားမိနေတာပဲ ဖြစ်နိုင်သည်။

ကိုကိုတို့ရဲ့ညစာစားခြင်းလေးဟာ လှလှပပလေးပင် ပွဲပိတ်နိုင်ခဲ့ပြီး အပြန်မှာ ဇွဲထဖောက်တာကတော့ ကိုကို့ရဲ့ကားပဲ ဖြစ်ပေသည်။

စက်က ကိုသူယံရှေ့ရောက်မှ လုံးဝနှိုးမရပေ။ ကျစ် ... လူရှေ့ဆို အရှက်ခွဲပြီကွာ။

"ကိုကို ... ကားဘာဖြစ်လို့လဲ"

"အဟင်း ... ဘာမှမဖြစ်ဘူး။ သူက အဲဒီလိုပဲ စက်နှိုးပြီဆို ဇွဲဖောက်ချင်တယ်။ နိုးသွားပြီ ဆိုရင်တော့ Ok ပဲ"

ကိုကို့ရဲ့ဆလွန်းလေး အနားကနေ သူကမခွာသေးဘဲ တစ်ခုခု ကူညီပေးဖို့ ရပ်စောင့်နေပါသည်။ သူ့ရဲ့ Lexus ကားကြီးနှင့်ယှဉ်လျှင် ကိုကို့ကားလေးက ပုရွက်ဆိတ်လောက်ပဲ





ရှိတာမို့ ကိုကိုက တမင်အသနားခံနေတယ် ဖြစ်မှာစိုးလို့ လီဗာကို ခပ်ကြမ်းကြမ်းပုတ်၍ စက်ကိုဖိနှိုးတော့မှ အဆင်ချောသွားတော့သည်။

"Ok ... ရပြီ။ thank you ကိုသူယံ"

"ဖြစ်ပါ့မလား ကိုကို။ ကိုယ် မင်းကို အိမ်ပြန်လိုက်ပို့ပေးမယ်လေ။ ပြီးတော့မှ ဒီကားကို mechanic နဲ့ ပြန်ပို့ခိုင်းလိုက်မယ်။ တော်ကြာ လမ်းမှာပျက်နေဦးမှာစိုးလို့"

ကိုကို့ကို စိုးရိမ်တကြီး ပြောနေတာကြောင့် ကိုကိုက အပြုံးတစ်ချက်ဖြင့် ခေါင်းယမ်းပြရင်း ...

"စိတ်မပူပါနဲ့ ကိုသူယံ။ ကျွန်မကားအထာကို ကျွန်မ သိပြီးသားပါ။ လမ်းမှာ ဘာမှမပျက်နိုင်ပါဘူး။ ကဲ ... အဲဒါဆို ကျွန်မ သွားတော့မယ်။ ဒီနေ့ ဒင်နာအတွက် thank you ပါ"

"အာ ... ကျေးဇူးစကား ပြောစရာမလိုပါဘူး။ ကိုယ်တို့ ပိုပြီးရင်းရင်းနှီးနှီး ဖြစ်သွားတာကိုပဲ ကိုယ်က ဝမ်းသာနေတာပါ"

ကိုကိုက စကားပြောကောင်းသော သူ့ကို အသာ [illegible]ပြကာ နှုတ်ဆက်၍ ထွက်ခွာလာခဲ့သည်။ ဘယ်လိုဖြစ်သင့် [illegible]။ ဦးထင်မင်းညီကို အပြတ်ချေမှုန်းဖို့ ဘယ်ဟာက အခိုက် [illegible] ဖြစ်လိမ့်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကိုသူယံက သူ့အဖေဓာတိက ဘာဆိုတာကို တိတိပပ မပြောနိုင်တာဟာ ဘာကြောင့်လဲ။ မေးခွန်းများစွာက ခေါင်းနောက်စေတာမို့ ကိုကိုက အဖြေထွက်ဖို့ အချိန်ကိုသာစောင့်နေလိုက်တော့သည်။

* ❣ *





၆

ငွေမိုးသည် class ပြီးပြီးချင်းမှာပဲ စိတ်ထဲမှာ အရင်ဆုံး သတိရမိသွားတာက သူ့ရဲ့စီနီယာမလေး ယဉ်တစ်ကိုယ်ကို ဖြစ်သည်။ ယဉ်တစ်ကိုယ်က အလန်းဖြစ်ပေမယ့် သူ့ကိုတော့ သူဘာခြေလှမ်းတယ် သိသွားကတည်းက ခပ်တန်းတန်း ဆက်ဆံတာမျိုးဖြစ်သည်။ အထူးသဖြင့် ဒီလို သင်တန်းဧရိယာထဲမှာဆို တည်တည်ဒီဇိုင်းမျိုး ပိုလို့တောင်နေလေ၏။ ဒါကိုတော့ သူ နားလည်ပေးပါသည်။ အသက်အရွယ်တူပေမယ့် သူက သင်တန်းသားသူမက trainer ဆရာမလေးဖြစ်နေတာကြောင့် respect သဘောအရ သူလည်း သိပ်မလှုပ်ရဲပေ။

"ကိုကို ... ကိုယ် မင်းကို ပြောစရာရှိတယ်"

အထက်ပါစကားက သူဟာ ကော်ရစ်တာမှာရှိုင်နေတာကို တွေ့တာကြောင့် ကိုကို့ဆီသွားကာ ပြောလိုက်တာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဲဒီစကားကြောင့် သူ့ကို မော့ကြည့်ကာ မေးဆတ်ပြရင်းက "ဘာကိစ္စလဲ"ဟု ဆက်မေးလေသည်။

"အင်း ... မင်းနဲ့ စကားပြောချင်တာပါ"

သူမက သူ့ရဲ့အူတူတူအဖြေကြောင့် စိတ်ရှုပ်သလိုမျက်နှာပေးဖြင့် သူ့ကိုကြည့်ကာ ...

"ရှင်နဲ့ ကျွန်မက ဘော်ဒါအကန့်ပဲ။ ဖယားတွေလိုက်ကပ်မနေနဲ့ ငွေမိုးသွန်း။ ပြောချင်တာကို အခုတစ်ခါတည်းပြောပါ။ အချိန်းအချက် လုပ်တာတွေ လာမပြောနဲ့"

"ဟား ... ဘယ်လိုဖြစ်တာလဲ ကိုကို။ လေစိမ်းတွေပလိန်းတိုက်နေပါလား။ What's up "

"မဟုတ်ပါဘူး။ အဲဒါတွေထားပါ။ ရှင် ဘာပြောချင်တာလဲဆိုတာကို ပြောပါ။ ဒီတလော့မှာ ကျွန်မ stress များလို့စိတ်ရှုပ်နေလို့ပါ"

"ကိုယ် မင်းကို ဘာအကန့်တွေနဲ့ ဝင်နေတယ်ဆိုတာမင်း သဘောပေါက်သင့်တယ်လို့ ကိုယ်ထင်တယ်"

သူ့စကားကြောင့် ကိုကိုက ဂရုမစိုက်စွာ ဟက်ခနဲတစ်ချက်ရယ်ကာ သူ့ကို မခိုးမခန့်စတိုင်လ်ဖမ်း၍ ...

"အရမ်းရိုးစင်းလိုက်တာ ငွေမိုးသွန်းရယ်။ ဖြစ်မှဖြစ်ရလေ။ ရှင်နဲ့ ကျွန်မက ဘယ်လောက်များ သိကျွမ်းနေလို့ ဒီလိုပြောရတာလဲ။ ဒီမှာ အေးဆေးနေပါ"





သူ့ကိုကျောခိုင်းကာ ထွက်ခွာသွားလေသည်။ ပြောချင်တာပြောပြီး ပလိန်းကို ထားခဲ့လိုက်တာဖြစ်၏။ ငွေမိုးသည်အဲဒီစတိုင်လ်လေးကိုပဲ အကြိုက်ကြီး ကြိုက်မိသွားတာကြောင့်ဒီကနေ့ကစပြီး သူမကို ရအောင်လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်တော့သည်။ အဲဒီအတွက် စိတ်ဓာတ်ကို ဝေဟင်အထိ မြှင့်တင်လိုက်ကာ အပြုံးတစ်ခု ပြုံးထားလိုက်တော့သည်။

* ❣ *



www.burmeseclassic.com

www.burmeseclassic.com



"မောနင်း မေမေ"

ငွေမိုးက ဘရိတ်ဖတ်စ်ဝိုင်းမှာ ဝင်ထိုင်ရင်းက မေမေ့ကို နှုတ်ဆက်လိုက်သည်။ မနေ့က ညနေဖလိုက်နဲ့ ပြန်လာသော မေမေနဲ့ သူက အခုမှပဲ စကားအေးအေး ပြောရတာဖြစ်သည်။ မနေ့က သူက မေမေ့ကို လေဆိပ်မှာကြိုပြီး အိမ်ပြန်ရောက်တာနဲ့ သူက ချိန်းထားပြီးသား အလုပ်ကိစ္စဆီတန်းသွား၊ သူအိမ်ပြန်ရောက်တော့ ညဥ့်နက်ပြီမို့ မေမေနဲ့ စကားအေးအေးကို မပြောရသေးပေ။ မေမေက သူ့အတွက် ဂုဏ်ယူနေသော မျက်နှာထားဖြင့် ပြုံးကြည့်ကာ ...

"ငါ့သားလေး ... တော်တော်လေး အလုပ်တွေများနေတယ်ပေါ့"

"အဟဲ ... ဒီလိုပဲပေါ့ မေမေရာ။ သားကလည်း မေမေ့ခြေရာ အမီနင်းရတာပေါ့။ ဒီတလောမှာ မေမေမရှိတော့ ပိုအလုပ်များတယ်။ ဟဲ ဟဲ ... အခုတော့ အေးအေးဖြစ်သွားပါပြီ။ မေမေ ရောက်လာပြီပဲဟာ"





"ဟား ဟား ... သားကတော့ သိပ်ပြောတတ်တာပဲ။ ကဲ ဘယ်လိုလဲ ပြောပါဦး။ မေမေ့ကုမ္ပဏီကို ငါ့သား ဦးစီးနိုင်ပြီလို့ ယုံကြည်မှုရှိပြီလား"

ငွေမိုးက အဲဒီမေးခွန်းအတွက် ဘာမှမဖြေရသေးခင် ကော်ဖီကို အရင်သောက်ပြီးမှ ခပ်ပြုံးပြုံးမျက်နှာထားဖြင့် ...

"နေပါဦး မေမေရာ။ အေးဆေးပေါ့ ... ကျွန်တော် အိမ်ထောင်ကျမှ မေမေ့ကုမ္ပဏီလွှဲပေး၊ ဟုတ်ပြီလား"

"အမယ် ... တယ်ထူးဆန်းနေပါလား။ သားက တွေ့ထားပြီလား။ ဒါဆိုလည်း မေမေ့ဆီ ခေါ်လာခဲ့တော့လေ"

"အဟား ဟား ... မလောပါနဲ့ဦး မေမေရာ။ အခုမှ မြေစမ်းခရမ်းပျိုး အစပဲရှိသေးတာ။ အခုမှ စလိုက်မလို့"

"အမယ်လေးဟယ် ... အဲဒါဆိုလည်း ကြိုးစားလေ။ မေမေက ငါ့သားရဲ့အစွမ်းအစကို ကြည့်ချင်တယ်နော်။ ပြောစမ်းပါဦး ... မိန်းကလေးက ဘယ်ကလဲ"

မေမေနဲ့ သူက အဲဒီလိုမျိုး ပွင့်ပွင့်လင်းလင်း ရှိကြတဲ့ သားအမိတွေပဲဖြစ်သည်။ မေမေနဲ့ဖေဖေ သူ ငါးနှစ်သားလောက်မှာ ကွာရှင်းလိုက်ပြီးကတည်းက မေမေက သူ့ကို အရမ်းဂရုစိုက်ကာ သူနှင့် ပွင့်ပွင့်လင်းလင်း သူငယ်ချင်းပေါင်း,ပေါင်းပြီး သားရဲ့စိတ်ကို နားလည်အောင် လုပ်ထားတာဖြစ်သည်။ သူ့အမေက သိပ်ထက်မြက်တဲ့မိန်းမပဲဖြစ်သည်။ သူ ဒီလိုမျိုး ကြော့ကြော့မော့



www.burmeseclassic.com

www.burmeseclassic.com



မော့နဲ့ စမတ်ကျကျနေနိုင်အောင် မေမေကပဲ ကြိုးစားခဲ့တာဖြစ်သည်။ တစ်ဦးတည်းသောသားအပေါ် ဖြစ်စေချင်တဲ့ဆန္ဒကတော့ အရမ်းကို ကြီးမားတာဖြစ်၏။

"သား တက်နေတဲ့ သင်တန်းကပဲ မေရ။ စာလည်းအရမ်းတော်တာ။ သားထက် စီနီယာကျတယ်။ ဒီကျောင်းကပဲ scholar ရထားလို့ နိုင်ငံခြားမှာ သွားတက်ပြီး အခု ဒီမှာ part time trainer လာလုပ်ပေးနေတာလေ။ Monday to Friday ကျတော့ ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တယ် ပြောတယ်"

"အင်း ... အရည်ချင်းရှိတဲ့ မိန်းကလေးပဲ။ သားနဲ့ဆို သူက အသက်ပိုကြီးမှာပေါ့"

"ရွယ်တူလောက်ပါပဲ။ သူက ဆယ်တန်းဖြေပြီးကတည်းက အဲဒီကိုတက်လို့ စီနီယာဖြစ်သွားတာလေ"

ငွေမိုးက ကိုကို့အကြောင်းကို တခုတ်တရ ဖီလင်တွေထည့်ပြီး ပြောနေတာကို အကဲခတ်မိတဲ့ မေမေက သဘောကျစွာ ပြုံးကြည့်ရင်းက ...

"သား ပထမဦးဆုံး ပြောပြတဲ့ မိန်းကလေးအကြောင်းပဲ။ မေမေ လေးလေးနက်နက် မှတ်ထားရမှာပေါ့။ ကြိုးစားပေါ့ သားရယ်။ ဒါပေမဲ့ မေမေ့သားကို ဒူးထောက်အရှုံးပေးထားမျိုးတော့ မဖြစ်စေချင်ဘူး။ မေမေတို့မှာ ငွေရှိတယ်





ဒါဟာ လူတိုင်းရဲ့သည်းခြေကြိုက်ပဲ။ အဲဒီပိုက်ဆံတွေက သားကို ပျော်ရွှင်တဲ့အချစ်ရေးကို ဖန်တီးပေးလိမ့်မယ်။ မေမေပြောတာ သဘောပေါက်တယ်နော်"

"ပေါက်ပါတယ် မေမေရာ။ အဲဒီကိစ္စကို သား သေချာစီစဉ်မှာပဲ ... ဟဲ ဟဲ"

"ဟုတ်ပါပြီ ... စောင့်ကြည့်သေးတာပေါ့ သားရယ်။ ကဲ ... စား ... စား ... အလုပ်နောက်ကျနေဦးမယ်"

မေမေက သူကိုယ်တိုင်စီစဉ်ပေးထားတဲ့ ပေါင်မုန့်ကြက်ဥကြော်ကို သူ့ပန်းကန်ထဲ ထည့်ပေးလျှင် သူက စကားစကိုရပ်ကာ ဘရိတ်ဖတ်စ်ကို အားပါးတရ စားဖြစ်သည်။

ဒီနေ့ ဘရိတ်ဖတ်စ်က ပိုစားလို့ ကောင်းတယ်ဆိုတာကတော့ သူ့အပေါ် နားလည်လိုက်လျောပေးသည့် မေမေက ထပ်ပြီးသဘောကောင်းပေးလို့ပဲ ဖြစ်၏။

* ❣ *



www.burmeseclassic.com

www.burmeseclassic.com



## ၇

"ဘယ်လိုလဲ ... ပင်ပန်းနေပြီလား ကိုကို။ ရော ... အအေးသောက်လိုက်ပါဦး"

သူယ်က Coke ဘူးကို ဖွင့်ဖောက်လိုက်ကာ ကိုကို့ကို လှမ်းပေးလိုက်သည်။ ကိုကိုက လှမ်းယူကာ တစ်ငုံသောက်လိုက်ပြီးမှ ...

"မပင်ပန်းပါဘူး။ ဒါ အလုပ်ကိစ္စပဲလေ၊ ကျွန်မ ပင်ပန်းတယ်လို့ မထင်ပါဘူး"

မပင်ပန်းဘူး ပြောပေမယ့် ကိုကို့မျက်နှာလေးနွမ်းနေတာကို သူ သတိထားမိလေသည်။ ဘာပဲဖြစ်ဖြစ် ကိုကို့ကိုတော့ သူ ချီးကျူးမိသည်။ ကောင်မလေးက ငယ်ပေမယ့် အရည်အချင်း အပြည့်အဝရှိသလို သူတို့အလုပ်အပေါ်ကိုလည်း တကယ့်ကို စေတနာထား၍ အာရုံစိုက်သူလေးဖြစ်သည်။ အခုလည်း အလုပ်ကိစ္စနဲ့ ပဲခူးကို လာရတာဖြစ်သည်။ မနက်ခြောက်နာရီ





ကတည်းက ပဲခူးရောက်နေကာ နေ့လယ်စာတောင် မစားအားအောင် အလုပ်များနေတာဖြစ်သည်။ ဖေဖေ လက်ခွဲယူထားတဲ့ site မှာ ပြဿနာပေါ်၍ လာဖြေရှင်းနေရတာကြောင့် သူကော ကိုကိုပါ တစက်ကလေးမှ နားလို့မရပေ။

"ဒီနေ့က မမျှော်လင့်ဘဲ ညကမှ ကိစ္စပေါ်လို့ ဖြန်းစားကြီးထသွားရတာဆိုတော့ ကိုကို့ကို အားနာပါတယ်"

"အားနာဖို့မလိုပါဘူး ကိုသူယံရယ်။ ဒီကိစ္စက အန်ကယ့်ရဲ့ စက္ကထရီတစ်ယောက်အနေနဲ့ ကျွန်မ လုပ်ပေးရမှာပါ"

"အဟား ... ဟုတ်ပါပြီဗျာ။ အဲဒီအတွက် ကိုကို့ကို ကျွန်တော်ကော ဖေဖေကပါ ကျေးဇူးတင်ပါတယ်"

သူတို့နှစ်ယောက်က စကားတပြောပြောဖြင့် လမ်းလျှောက်လာကြရာ ကိုကိုက တစ်နေရာအရောက်မှာ ရှေ့သို့တက်နေသော ကွန်ကရစ်ကြောင့် စလစ်ဖြစ်ကာ ချော်သွားလျှင် သူက အမိဖမ်းဆွဲလိုက်တာမို့ သူမ ချော်လဲကျမသွားချေ။ သူမ ဘာမှ မဖြစ်ပေမယ့် သူကတော့ ရင်ထဲမှာ ဒိန်းခနဲ ဖြစ်ကျန်ခဲ့လေပြီ။ သူ့ရင်ခွင်ထဲ ရောက်လာသော သူမကလည်း အိုးတိုးအမ်းတမ်းဖြင့် သူနှင့် အကြည့်ချင်းဆုံမိသွားတာကြောင့် သူမက ဘာလုပ်ရမှန်းမသိဘဲ ဟဲခနဲ ပြုံးပြသည်။ အဲဒီအပြုံးကြောင့် သူယံရဲ့ရေခဲရိုက်နှလုံးသားက ပူနွေးလာကာ သတိပြန်ဝင်လာပြီး သူမကိုလှမ်း ပေးလိုက်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"သတိထား ကိုကို၊ ဒီဘက်က ရေညှိတွေရှိတော့ ချောနေတာ"

"ဟုတ်ကဲ့ ... ဟို ကိုသူယံ့အင်္ကျီမှာ အအေးတွေပေကုန်ပြီ အားနာလိုက်တာ"

သူ့ ကိုကို့ကိုပေးတဲ့ အအေးဘူးလေးက အောက်ပြုတ်ကျ၍ အအေးနည်းနည်း သူ့အင်္ကျီကို လာစဉ်သွားတာကို သူက အခုမှကြည့်မိကာ လက်ဖြင့်အသာခါလိုက်ရင်း ...

"ကိစ္စမရှိပါဘူး ... ရတယ်၊ ဟို ... ကိုကို သွားနှင့်လေ။ ကိုယ် နောက်မှ လိုက်ခဲ့မယ်။ သတိထားဦးနော်"

"ဩော် ... ဟုတ်"

သူ့စကားကြောင့် ကိုကိုက ထွက်သွားလျှင် သူယံသည် ပြုတ်ကျကျန်နေခဲ့သည့် ကိုကာကိုလာဘူးလေးကို ကောက်ယူလိုက်မိပြီး အဲဒီဘူးခွံလေးကိုကြည့်ကာ ပြုံးမိသွားသည်။ ဒါဟာ ခံစားမှုအသစ်ပဲဖြစ်သည်။ ကိုကိုနဲ့ပတ်သက်ပြီး သူ့ရင်ထဲမှာ တစ်မျိုးကြီး ကျန်ခဲ့တာတော့ သူသိသည်။

ပြီးတော့ အဲဒီတစ်မျိုးကြီးက ဘာဆိုတာကိုလဲ သူ သိလေသည်။

✻ ❣ ✻





ဒီနေ့က ကိုကို့ရဲ့မွေးနေ့ ဖြစ်တာကြောင့် မနက်ပိုင်းတီလေးနဲ့ ဖေ့ဖေ့ကိုပါခေါ်ကာ ဘုရားသွားခဲ့ပြီးပြီဖြစ်သည်။ ဒီနေ့က အန်ကယ် off တစ်ရက်ပေးတာကြောင့် ပိုလို့အဆင်ပြေသွားပေ၏။ အဲဒီတော့ ဒီနေ့တစ်နေ့လုံးက free ဖြစ်နေတာကြောင့် အိမ်မှာပဲ ထမင်းဟင်းစပါယ်ရှယ်ချက် လက်စွမ်းပြနေချိန် ... ငွေမိုးသွန်းဆီက ဖုန်းလာတာဖြစ်၏။ အဲဒီတစ်ယောက်က ... ည်း တစ်ဒုက္ခ။ အခုတလောမှာ ကိုကို့ဆီကို အရမ်းကြီးကို ကြွေနေတာဖြစ်၏။ ဟင်း ... မြန်မြန်ဖြတ်ချပစ်မှပါ။

"ဟယ်လို"

"ဝေး ... ယဉ်တစ်ကိုယ် HAPPY BIRTHDAY "

ဗုဒ္ဓေါ ...။ သူက ကိုကို့ Date of birth ကို ဘယ်လိုလုပ် သိတာလဲ။

"ဟော့ ... thank you လို့တောင် ပြန်မပြောဘူးလား"

"ရှင် ကျွန်မမွေးနေ့ကို ဘယ်လိုသိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... မင်း Facebook ထဲက profile ထဲမှာ တွေ့ရတယ်လေ"

ဩော် ...။ သူက ကိုကိုရဲ့ Facebook ဆီတောင် အလည်ရောက်ပြီးပါကောလား။

"ဘယ်လိုလဲ ကိုကို။ ကိုယ် မင်းကို မွေးနေ့လက်ဆောင် ပေးချင်တယ်။ မင်း တစ်ခုခု လိုက်ကျွေးနိုင်မလား"

"ဘာရှင့်"

"ဩော် ... မင်းကလည်းကွာ။ ဒီလောက်တောင် သဒ္ဓါတရား ခေါင်းပါးရသလား။ ဒီက ကျွေးပါလို့ တောင်းဆိုနေတာတောင် မလိုက်လျောနိုင်ဘူးလား။ ကိုယ့်ကို စေတနာလေးထားပါ ကိုကိုရယ်"

လာပြီး အရစ်တက်နေသော သူ့ကို စိတ်ညစ်စွာ ကျစ်ခနဲ တစ်ချက်စုပ်သပ်လိုက်ပြီး တစ်ချက်စဉ်းစားလိုက်သည်။ မကျွေးဘူး ပြောပြန်ရင်လည်း ကိုကိုက သဒ္ဓါတရား ခေါင်းပါးတဲ့သူ ဖြစ်ဦးမယ်။ ကျွေးမယ်ဆိုပြန်ရင်လည်း ဟိုဘဲက မျှော်လင့်ချက်များစွာ ဖြစ်နေဦးမယ်။ ဘယ်လိုလုပ်ရပါ့။

"ဟား ... စဉ်းစားလှချည်လားကွာ"

"ကဲ ... စကားမရှည်နဲ့။ ပြော ... ဘယ်ဆိုင်မှာ စားချင်တာလဲ"





"အဟား ... ဟား၊ ဒီလိုမှပေါ့။ အမ်း ... Signature ကို လာခဲ့။ ကိုယ် အဲဒီမှာစောင့်နေတယ်"

"ဗုဒ္ဓေါ ... အခုလား"

"Yes ..."

"ကျစ် ... လာခဲ့မယ် ဒါပဲ"

ကိုကိုက ဖုန်းပိတ်လိုက်လျှင် အကဲခတ်နေသော ဇင်က လှမ်းမေးလေ၏။

"ဟဲ့ ... ဘယ်သူမို့လိုလဲ"

"ဟိုတစ်ယောက်လေ သင်တန်းက။ ငါ့ birthday ကျွေးဖို့ ပြောနေတာ"

"အခုသွားရမှာလား"

"ဟုတ်ပါ့ဟယ် ... အဲဒီတစ်ယောက်ကို ငါသွားပ◌ာသက်မိတာကိုက မှားတာ။ တော်တော်ဖွတ်တရွတ်နိုင်တဲ့သူ။ အခုလည်း ခုဆိုခု ဖွတ်ပြောနေလို့ အားနာတာနဲ့ ကျွေးရတော့မှာလေ"

"ဟယ် ... ပြောမနေပါနဲ့ဟယ်။ ဖွဲဆုရှင်လေးကို လိုက်လျှောပေးလိုက်စမ်းပါ။ ကုသိုလ်ရပါတယ်"

လာနှောက်နေသော ဇင့်ကို ကိုကိုက မျက်စောင်းလှမ်းထိုးလိုက်ပြီး အခန်းထဲဝင်လာကာ သွားဖို့ပြင်ဆင်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ အထူးအထွေ ပြင်ဆင်စရာမရှိသော မျက်နှာကို puff ရိုက် gloss ဆိုးလိုက်တာနဲ့ အရမ်းလှသွားပြီဖြစ်သည်။ အင်္ကျီက တော့ ပေါ့ပေါ့ပါးပါး မိုးပြာရောင်ဂါဝန်တိုလေးဖြစ်၏။ ကိုကို့ရဲ့ ပုံစံက နုနယ်ကာ ချစ်စဖွယ်ဖြစ်သွားလျှင် အားလုံးပြီးပြီမို့ အိတ် ထဲ ပိုက်ဆံထည့်ကာ ထွက်လာခဲ့တော့သည်။

ကိုကို အဲဒီကိုရောက်တော့ ငွေမိုးသွန်းက ဟင်းတွေ အဆင်သင့် မှာထားကာ စောင့်နေတာဖြစ်သည်။

"Welcome ပါ မွေးနေ့ရှင်။ HAPPY BIRTHDAY"

"Thank you ... Thank you ။ ဒါနဲ့ ရှင် ဒီကို ဘယ်က တည်းက ရောက်နေတာလဲ"

"ကိုကို့ဆီ ဖုန်းဆက်တဲ့ အချိန်ကတည်းကလေ။ ဘာပဲဖြစ် ဖြစ် အခုလို လာပေးတာ ကျေးဇူးတင်တယ်။ ကိုယ်က ကိုကို မလာလောက်ဘူး ထင်ထားတာ။ အခု အလုပ်က လာတာလား"

"ဒီနေ့က off ထားတာလေ"

ကိုကို့စကားကို သူက ခေါင်းတစ်ချက် ညိတ်ပြကာ အစားအသောက်တွေကို မေးဆတ်ပြရင်း ...

"ကဲ ... lunch စားလိုက်ရအောင်။ ကိုကို ကြိုက်နိုင်လောက် မှာတွေပဲ ရွေးမှာထားတာ"





"Ok ... ရှင်လည်း စားပါ"

ကိုကိုနဲ့ သူက တိတ်တိတ်ဆိတ်ဆိတ်ပင် lunch စားပြီးသွားမှ သူက ကိုကို့ကို ညို့ရီရီ စိုက်ကြည့်ကာ ...

"ကဲ ... ဒါကတော့ အထူးအစီအစဉ်နော်။ Surprise"

အဲဒီလိုပြောပြီး သူက လက်ခုပ်သုံးချက် လှမ်းတီး လိုက်လျှင် ဝိတ်တာတစ်ယောက်က သူ့တစ်ကိုယ်စာလောက်ရှိ သည့် Teddy Bear အရုပ်ကြီးကို မ,ချီ၍ယူလာကာ ကိုကို့ဘေး က ထိုင်ခုံမှာ တင်ထားပေး၍ ထွက်သွားလေသည်။ အရုပ်ကြီးက အရမ်းကို ချစ်စရာကောင်းပြီး အကြီးကြီးဖြစ်တာကြောင့် ကိုကိုက ချစ်မြတ်နိုးသောစိတ်ဖြင့် အရုပ်ကြီးကို ကြည့်မဝစွာ ငေးနေမိတုန်း မှာ သူ့ဆီက စကားသံထွက်လာတာဖြစ်သည်။

"ဒါ ကိုယ့်ရဲ့ပထမဆုံး မွေးနေ့လက်ဆောင်။ မင်းပျော် သွားလား ကိုကို"

ငွေမိုးသွန်းရဲ့ အထူးဆန်းစကားကြောင့် ကိုကိုက ဘာခံနဲ့တစ်ချက်ရယ်ကာ ခေါင်းညိတ်ပြလိုက်ရင်း ...

"အင်း ... Teddy Bear ကြီးကို အရမ်းကြိုက်ပါတယ်"

"အဟား ... ဒီလိုပဲဖြစ်ရမယ်လေ။ Ok ... ဒါဆို နောက် တစ်ခုလာမယ်။ ဒီမှာ"

ဒီမှာဆိုလို့ ကိုကိုက ကြည့်မိသွားလေလျှင် နေကာ မျက်မှန်လေးကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ကိုယ့်ရဲ့ဒုတိယလက်ဆောင်။ ဒီနေကာလေးက မင်း နေပူထဲသွားရင် UV ray ဒဏ်ကို ကာကွယ်ပေးနိုင်တယ်။ ပြီးတော့ ကိုကိုက နေကာမျက်မှန်နဲ့ဆို အရမ်းမိုက်တယ်"

"ဟင်း ဟင်း ... အခုလိုပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်မ လက်မခံပါဘူး။ လက်ဆောင်ဆိုတာ အပေးခံရတဲ့သူ ကြည်ဖြူစွာလက်ခံမှ အဓိပ္ပာယ်ရှိတာပါ။ ငွေမိုးသွန်းရဲ့လက်ဆောင်တွေက တန်ဖိုးကြီးလွန်းနေတဲ့အတွက် လက်မခံပါဘူး"

"ကိုကိုကလည်းကွာ ပေးတဲ့သူရင်ထဲက စေတနာကသာ အဓိကကျတာပါ။ ကိုယ် ဒီပစ္စည်းတွေကို ဝယ်ကတည်းက ဒါ ကိုကို့အတွက်ဆိုပြီး ရည်ရွယ်ဝယ်လာခဲ့တာ။ ဒီလက်ဆောင်တွေ မယူဘူးဆိုရင် ကိုယ်က အိမ်အထိလိုက်ပေးဖို့ရှိတယ်"

ပုံစံက တကယ်ခွတ်တော့မှာမို့ ကိုကိုက ဘာမှ ဆက်စကားမရှည်ချင်တော့တာကြောင့် လက်သင့်ခံထားလိုက်ရတော့သည်။

"ကောင်းပြီလေ ... ဒီလက်ဆောင်တွေကို ကျွန်မ လက်ခံလိုက်ပါမယ်။ ရှင်လည်း ကျေနပ်သွားပြီမှလား။ ပြန်ရအောင်"





"အာ ... ခဏ ... ခဏလေး နေပါဦး ကိုကိုရဲ့။ နောက်ဆုံးတစ်ခု ကျန်သေးတယ်"

"ဘာ"

"စိတ်မဆိုးပါနဲ့ကွာ၊ ဒီတစ်ခုက ပစ္စည်းမဟုတ်ပါဘူး။ ကိုယ့်နှလုံးသားပါ"

ငွေမိုးသွန်း ဘာကို ဆိုလိုသလဲဆိုတာ နားမဝေးသော ကိုကိုက လိုတာထက် မျက်နှာထားကို ပိုတည်တင်းလိုက်တာ ...

"ငွေမိုးသွန်း ... ရှင့်စကားတွေ ဘောင်ကျော်နေပြီနော်"

"ကိုယ့်ခံစားချက်ကို အမှန်ဖွင့်ပြောတာပါ ကိုကို။ ကိုယ် မင်းကို စတွေ့တည်းက စိတ်ဝင်စားမိတယ်။ မကြာခင်မှာပဲ မင်းကို ချစ်မိသွားတယ်။ ဒါ ကိုယ့် right ပါ။ ကိုယ် လွတ်လပ်စွာဖြင့် ပြောခွင့်ရှိပါတယ်။ ကိုယ် ကိုကို့ကို တကယ်ချစ်တာပါ။ ကိုကို စဉ်းစားပေးစေချင်တယ်"

သူ့မျက်ဝန်းတွေက အရမ်းကြီးလေးနက်နေသော အခါ ကိုကိုလည်း ကော်ရခက်သွားလေသည်။ တကယ်ကြီးကို ကြွေဆင်းနေတယ်ဆိုတာ ကိုကို သိတာကြောင့် နောက်ဆို ပတ်သက်မှုကင်းအောင် ရှောင်မှရမယ်လို့ တွေးထားလိုက်သည်။

"ကျွန်မ ဒါတွေ မစဉ်းစားသေးဘူး ငွေမိုးသွန်း"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက အလိမ္မာသုံး၍ ငြင်းလိုက်တာကို သူက နားမလည်တာပဲလား၊ ဒါမှမဟုတ် နားအလည်လွန်နေတာလား သေချာမသိစွာသော အပြုံးတစ်ခုဖြင့် ကိုကို့ကိုပြုံးပြကာ ...

"ရပါတယ်၊ ကိုကို ကြိုက်တဲ့အချိန်မှ စဉ်းစားပါ။ ကိုယ်က လည်း ကိုယ့်သဘောထားကို ကိုကိုသိအောင် ပြောပြတာပါ။ ကိုကို စဉ်းစားဖြစ်ရင်တော့ ကိုယ့်ကိုပါ ထည့်စဉ်းစားပေး စေချင်ပါတယ်"

ဩော် ... မနိုင်ဘူး ရှင်ရယ်။ ကိုကိုက သူ့ကို ဘာမှဆက်မပြောနိုင်တော့တာကြောင့် ပခုံးတစ်ချက်သာ အသာတွန့်ပြလိုက်ကာ ...

"ဒါကတော့ ရှင့်အပိုင်းပဲ။ ကဲ ... ဒါပဲမှလား။ ဘောလ်ရှင်းပြီး သွားမယ်လေ"

"ကောင်းပါပြီ ကိုကို"

ကိုကိုနဲ့သူက တူယှဉ်တွဲ၍ ဆိုင်ထဲက ထွက်လာခဲ့သည်။ ကိုကို့ကားနောက်ခန်းမှာ Teddy Bear ကြီးက အခန့်သား နေရာယူထားတာဖြစ်သည်။ ကိုကိုသည် တခြားဟာတွေကို ကျေနပ်တာ မကျေနပ်တာ အပထား ဒီအရုပ်ကြီးကြောင့်တော့ အရမ်းကို ပျော်ရွှင်ရလေသည်။

"တာ့တာ ... ကိုကို။ ဒီနေ့က ကိုယ့်ရဲ့အမှတ်တရနေ့ပါပဲ။ နောက်နေ့မှဆုံမယ်နော်"





ကိုကိုက ဘာမှပြန်မပြောဘဲ ကားပေါ်တက်ကာ စက်နှိုးလိုက်မှ သူက အပြုံးတစ်ခုဖြင့် ကိုကို့ကို လက်ပြနှုတ်ဆက်လေသည်။

အဲဒါကို မသိချင်ယောင်ဆောင်ပြီး ထွက်လာခဲ့တာကိုက ကိုကို့အတွက် ဟာသတစ်ခု ဖြစ်နေခဲ့လေသည်။

✻ ❣ ✻



www.burmeseclassic.com

www.burmeseclassic.com



## ၈

ကိုကိုက အနီရဲရဲ ဘလောက်စ်အကျပ်တစ်ထည်ကို အနက်ရောင်ပိုးစကတ်အတိုဖြင့် တွဲဖက်ဝတ်ဆင်ကာ လေဒီရှူး အနက်ကို စီးလိုက်လျှင် အရမ်းကို စမတ်ကျ၍ အဆင့်အတန်းက ဒိတ်ဒိတ်ကြဲ သူဌေးမပုံပေါက်နေလေသည်။ ကိုကို့ရဲ့အရည်အချင်း နဲ့ အလှအပတွေကို တစ်နေ့တခြား သဘောတွေအကျကြီးကျ၍ ကိုကို့ကို စိတ်ဝင်စားသူကတော့ ကိုသူယံပဲ ဖြစ်လေသည်။ ဒီနေ့ ပွဲမှာ ကိုသူယံနဲ့အတူ ကိုကိုကပါ လိုက်တက်ရတာ ဖြစ်တာကြောင့် တချို့သောမျက်ဝန်းတွေမှာ ကိုသူယံနဲ့ ကိုကို့ကို ဘာလဲဆိုပြီး စာဖတ်နေကြတာကို သတိထားမိလေသည်။

"ဟေး ... ယဉ်တစ်ကိုယ် မတွေ့ရတာကြာပြီနော်"

လှမ်းနှုတ်ဆက်သံကြောင့် ကိုကိုက လှည့်ကြည့်လိုက်လျှင် ကိုကို သင်တန်းတက်တုန်းက အစစကူညီခဲ့ဖူးသည့် အန်တီကေသီပဲ ဖြစ်သည်။ ကိုကိုက အန်တီကေသီကို နှုတ်ဆက်ကာ_





"ဟယ် ... အန်တီကေသီ ပိုလှလာတယ်။ ဟုတ်ပါ့ ... သမီးတို့မတွေ့တာ တော်တော်ကြာပြီနော်"

"ဟုတ်ပါ့ ... သမီးက ဒီပွဲလာတက်တာလား။ အခုကော ဘာတွေလုပ်နေလဲ"

"သမီး TRS မှာ လုပ်နေတာ။ သူဌေးစက္ကူထရိုလေ။ အခုလည်း ဒီပွဲကို သူဌေးရဲ့သားနဲ့ လာတက်ရတာ"

"TRS ထရိတ်ဒင်း ဆိုတော့ ကိုထင်မင်းဆီမှာ လုပ်တာပေါ့"

"ဟုတ်ကဲ့ ... အန်တီကေသီ။ အန်တီက သိတယ်လား"

"သိတာပေါ့။ မိတ်ရင်းဆွေရင်းတွေလေ။ အန်တီကေသီက ကိုထင်မင်းအမျိုးသမီး မိုးသော်တာနဲ့ same batch လေ။ မိုးသော် ဆုံးသွားတော့ သိပ်ပြီးအဆက်အဆံ မရှိတော့တာ"

ဒေါ်မိုးသော်တာတဲ့။ ကိုကိုက နာမည်အသစ်တစ်ခုကို ဦးနှောက်ထဲမှာ record လုပ်ထားလိုက်၏။ အန်တီကေသီ့ကို စကားအစ်ကြည့်မှပဲ။ ကိုကိုက ကိုသူယံကို လှမ်းကြည့်လိုက်လျှင် ကိုသူယံက သူ့မိတ်ဆွေတွေနဲ့ စကားဖောင်ဖွဲ့နေတာမို့ ကိုကို သိချင်နေတဲ့ အချက်တချို့ကို အန်တီကေသီဆီက စကားအစ်ယူရသည်။

"ဩော် ... အင်း၊ အဲဒီ အန်တီက ငယ်ငယ်လေးနဲ့ဆုံးသွားတာလို့ ကြားတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သမီးရဲ့။ သူယံလေး ဆယ့်နှစ်,နှစ်သားလောက်က ဆုံးသွားတာလေ။ သူယံက ကိုထင်မင်း ပြုစုစောင့်ရှောက်မှုအောက်မှာပဲ ကြီးပြင်းလာခဲ့တာလေ။ မိုးသော်ကတော့ တမလွန်ကနေ ကျေနပ်နေမှာပါ"

ဒါဆိုရင် ကိုသူယံက ဦးထင်မင်းရဲ့သား မဟုတ်ဘူးလား။

ကိုကိုက နားမရှင်းဖြစ်နေတဲ့ကိစ္စကို စပ်စုသလို ဟန်ဖမ်း၍ ကိုယ်သိချင်တဲ့ အချက်တွေကို ထပ်အစ်ရပြန်၏။

"ဟို ... အဲဒါဆို ကိုသူယံက ဦးထင်မင်းရဲ့သား မဟုတ်ဘူးပေါ့"

"ဒါပေါ့ ကိုကိုရဲ့။ ဟဲ့ ... အဲဒီကိစ္စ လျှောက်မပြောနဲ့နော်။ အန်တီတောင် သမီးနဲ့ စကားစပ်မိပြီး ပြောဖြစ်သွားတာ။ ကိုထင်မင်းက မိုးသော်ရဲ့ဒုတိယအိမ်ထောင်လေ။ မိုးသော် ဆုံးသွားတော့ ကိုထင်မင်းက သူယံလေးရဲ့ အမွေထိန်း အနေနဲ့ကော ဖခင်အနေနဲ့ပါ စောင့်ရှောက်ထားတာလေ။ သူယံကလည်း ကိုထင်မင်းကို သိပ်ချစ်တာ၊ သူတို့က သားအဖရင်းတွေလိုပဲ။ ဒီကိစ္စကို သူတို့က အသိမခံဘူးလေ။ သူတို့ ဇာစ်မြစ်မသိတဲ့သူဆို သားအဖတွေပဲ ထင်နေတာလေ"





"သြော် ... အင်းနော်။ ကိုကိုလည်း သူတို့ကို တကယ့် သားအဖတွေလို့ပဲ ထင်ထားတာ။ အဟဲ ... သူများအကြောင်းကို အများကြီး မေးမိသလို ဖြစ်သွားတယ်။ အန်တီကေသီကော အရင်အိမ်မှာပဲလား။ သမီး နောက်မှ အေးအေးလာလည်ဦးမယ်"

"အေးပါ ... အေးပါ သမီးရယ်။ ကဲ ... အန်တီ ဟိုဘက် သွားလိုက်ဦးမယ်။ နောက်မှဆုံမယ်။ အဆင်ပြေပါစေ သမီး။ သွားမယ်နော်"

"ဟုတ်ကဲ့ ... အန်တီ"

အန်တီကေသီနဲ့ ဒီနေ့ ဆုံတွေ့လိုက်ရတာဟာ အရမ်းအရမ်းကို အဖိုးတန်လေသည်။ ကွင်းဆက်ပြတ်နေတဲ့ ကိုကို မသိသော ကိစ္စတစ်ခုကို ရှင်းရှင်းလင်းလင်း သိခဲ့ရပြီဖြစ်သည်။

လက်စသတ်တော့ ဦးထင်မင်းညီက ကိုသူယံကို နေရာတကာ Favour ပေးနေတာဟာ သားဆိုတာထက် သူ့အမွေတွေ ကို တာဝန်ယူထားတဲ့ ဒီကုမ္ပဏီကြီးရဲ့ CEO ရာထူးကြီးကို လက်လွှတ်မခံနိုင်လို့ဆိုတာ သဘောပေါက်လာလေသည်။

ဟင်း ... ဟင်း ... တွေ့ကြပြီပေါ့ ဦးထင်မင်းညီရယ်။ ရှင့်ဘဝရဲ့နေဝင်ချိန် ရောက်ခါနီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲက ကြွေးဝါးလိုက်ကာ ကိုကိုသည် လှမ်းမြင်နေရတဲ့ ကိုသူယံကို လှမ်းကြည့်ကာ ခပ်မဲ့မဲ့ တစ်ချက်ပြုံးမိလိုက်သည်။ နလုံးသားကို ကစားပွဲတစ်ခုသို့ လောင်းကြေးထပ်ကြည့်မယ်ဆိုရင် အဲဒီနလုံးသားဟာ နိုင်မလား ရှုံးမလားလို့ ကိုကိုက ကံကြမ္မာကို မေးကြည့်လိုက်ချင်ပါသည်။

✻ ❣ ✻

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"





❦

"ကိုကို အိမ်ရှေ့ဝရန်တာကို ခဏထွက်ခဲ့ပါလား"

ကိုကိုက ကိုသူယံ စကားကြောင့် ကြောင်တောင်တောင် ဖြစ်သွားရလေသည်။ ကိုကိုက ဒီနေ့ အလုပ်လာဖို့ ဘရိတ်ဖတ်စ်စားနေတုန်းမှာ ကိုသူယံဆီက ဖုန်းလာတာကြောင့် ဘာ instruction များ ပေးမလို့လဲ စိတ်ဝင်တစား နားထောင်နေချိန်မှာ ပြောလိုက်တဲ့စကားကြောင့် အနည်းငယ်တော့ အံ့သြမိသွားလေသည်။ ကိုကို နားကြားများ လွဲလေရောသလားကွယ်။

"ရှင် ... ကိုသူယံ ဘာပြောလိုက်တာလဲ"

"ဪ ... ကိုကို့ကို အိမ်ရှေ့ဝရန်တာကို ခဏလောက် ထွက်ခဲ့ပါလို့ ပြောတာပါ"

"ဟို ... ကိုသူယံ ရောက်နေလို့လား"

"Yes"

ကိုကိုက ပိုလို့တောင် အံ့သြလွန်စွာဖြင့် အငြေးတစ်ပိုင်းပင် ဝရန်တာကို ထွက်လာခဲ့လေသည်။ ဝရန်တာကနေ



www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ မျှော်ငေးပြီး ကြည့်လိုက်လျှင် ကိုကို့ကို အပြုံးတစ်ခုဖြင့် မော့ကြည့်ကာ လက်လှမ်းပြလေသည်။ သူ လက်ပြတာကို မြင်လျှင် ကိုကိုက လက်ပြန်ပြသော့ သူက မျက်ခုံးတစ်ချက်ပင့်ကာ သူ့လက်မလေးစောင်း၍ အနောက်သို့ ညွှန်ပြရာကို ကြည့်လိုက်လျှင် ကားတစ်စီးကို တွေ့ရလေသည်။ ထူးနေတာကတော့ အဲဒီကားရဲ့ခေါင်မိုးမှာ ဖဲပြားပန်းရောင်ကို တိတ်နဲ့ကပ်ထားတာပဲ ဖြစ်၏။

"ကိုကို ... မြင်လား။ ကြိုက်တယ်မလားဟင်"

"ရှင် ... ကိုသူယံ၊ ဘာကိုပြောတာလဲ"

"အဟား ဟား ... Surprise ရှိတယ်။ ကိုကို အခု အလုပ်သွားတော့မှာမလား"

"ဟုတ်ကဲ့"

"Ok ... အားလုံးပြီးရင် အောက်ဆင်းလာခဲ့လေ။ အတူတူသွားရအောင်"

ကိုကို အိပ်မက်များ မက်နေသလားကွယ်။ ဒီနေ့ဟာ အရမ်းကို ထူးဆန်းဖွယ် ဖြစ်နေတာကြောင့် ကိုကိုလည်း လိုက်လို့မမီပေ။ ဒါပေမဲ့ ကိုကိုဟာ ဘာမှထပ်အတွန့်မတက်ဘဲ ခေါင်းတစ်ချက်သာညိတ်ပြကာ ...

"ခဏလေး စောင့်နော်။ ကျွန်မ ဆင်းလာခဲ့မယ်"

"ရတယ် ... အေးဆေး ... ဖြည်းဖြည်းပဲ"





ကိုကိုက ဖုန်းပိတ်လိုက်ပြီးနောက် အိမ်ထဲသို့ အသည်းအသန် ပြန်ဝင်လာကာ သက်ပြင်းမောတစ်ခုကို ချလိုက်မိသည်။ ဘယ်လိုဖီလင်မျိုးကြီးပါလိမ့်။ လက်ဖျားတွေ အေးစက်လာကာ တစ်ကိုယ်လုံး သွေးမရှိတော့သလို အင်အားတွေ လျော့ရဲလာတာဟာ ရင်ခုန်တာများလား။

"ဟဲ့ ... ကိုကို၊ ဘာဖြစ်နေတာလဲ"

"ဟင် ... ဟိုဟာ ... အောက်မှာ သူ စောင့်နေတယ်တဲ့"

"ဘယ်သူတုံး"

ဇင်က တီလေးနှင့်အတူ မြီးရှည်ထိုင်စားနေရင်းက မေးဆက်မေးလျှင် တီလေးကပါ စိတ်ဝင်တစား ကိုကို့ကို လှမ်းကြည့်တာကြောင့် ကိုကိုက ဟဲခနဲ တစ်ချက်ရယ်ပြလိုက်ကာ ...

"ကိုသူယံလေ ... ဘာကိစ္စရှိလို့လဲ မသိဘူး။ အောက်မှာစောင့်နေတယ်။ ငါ အလုပ်သွားတော့မယ်နော်။ တီလေး ... တာ့တာ"

ကိုကိုက အိတ်နှင့်ဖိုင်လ်တွဲကို လှမ်းယူကာ သွားတော့မည့်ဟန်ပြင်လျှင် ဇင်က ပြုံးစိစိမျက်နှာပေးဖြင့် ကိုကို့ကို လှမ်းနောက်လေသည်။

"အင်း ... ကိုသူရမိုးယံက ရှော့ခ်မရှိဘူးဆိုတာ သိသွားတာနဲ့ အချိုးတွေပြောင်းနေလိုက်တာနော်။ ကိုကိုရေ ... fighting ပော့"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ခင့်ကို မျက်စတစ်ချက် ပစ်လိုက်ရင်း အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။ ကိုကို့ကို အပြုံးချိုချိုဖြင့် ပြုံးကြည့်နေသည့် ကိုသူယံကို ကိုကိုကလည်း ပြန်ပြုံးလိုက်မိသည်။

"ကိုသူယံ ဘာကိစ္စရှိလို့လဲ မသိဘူး"

"ကိစ္စရှိတာပေါ့။ ကိုယ် မနေ့ညကမှ ကိုကို့ CV form ကို ဖတ်ကြည့်မိတာ။ မနေ့က မင်းမွေးနေ့ဆိုတာ ကိုယ်သိလိုက်ရတယ်"

"ဩော် ... အင်း ... ဟုတ်တယ်။ မနေ့က ကျွန်မ birthday လေ"

"မွေးနေ့ရှင်က ဘာမှမကျွေးပေမယ့်လည်း ကိုယ်ကတော့ မွေးနေ့ရှင်အတွက် မွေးနေ့လက်ဆောင် စီစဉ်ထားတယ်၊ ဒီမှာလေ ... ကြိုက်ရဲ့လား"

"ရှင်"

ကိုကိုက ပါးစပ်အဟောင်းသားဖြင့် သူ့ကိုတစ်လှည့် ကားကိုတစ်လှည့် ကြည့်မိသွားသည်။ ဘုရားရေ ... ဒီကားကို သူက ကိုကို့အတွက်တဲ့။ ကိုကိုသည် အင်မတန်မှ ခန့်ထည်လှသော အဖြူရောင် Mark X ကားကြီးကို တမေ့တမော ငေးကြည့်ပြီးနောက် အံ့ဩနေတာကို ဖျောက်ဖျက်ကာ ...

"ဟို ... ဒီလောက် တန်ဖိုးကြီးတာကို ကျွန်မ လက်မခံပါရစေနဲ့ ကိုသူယံ"





"အာ ... ကိုကိုကလည်း။ မငြင်းပါနဲ့ကွာ ... ဒါဖေဖေကော ကိုယ်ကော တိုင်ပင်ပြီး ကိုကို့ကိုပေးတဲ့ လက်ဆောင်။ ကိုကို့အရည်အချင်းနဲ့ ဒီလိုကားမျိုးကတော့ စီးသင့်ပါတယ်။ မငြင်းပါနဲ့ကွာ"

"ကျွန်မမှာလည်း ကားရှိပါတယ် ကိုသူယံ။ ဒီကားက ကျွန်မအတွက် အပိုဖြစ်နေမှာပါ။ နောက်ပြီး ကိုသူယံတို့ စေတနာကို နားလည်ပါတယ်။ ဒါပေမဲ့ ကျွန်မ ဘယ်လိုမှ လက်မခံပါရစေနဲ့နော်"

"နိုးပါ ... ကိုယ် မင်းကို တကယ်ကို လေးလေးနက်နက်နဲ့ ဒီလက်ဆောင်ကို ပေးတာပါ"

"ဒါပေမဲ့လည်း ကျွန်မ လက်မခံ ..."

"နိုး ... နိုး ... ကဲ ... အလုပ်ချိန် နီးနေပြီ ကိုကို၊ ကားပေါ်တက် ... ပြီးမှ ဆက်ပြောတာပေါ့။ အခုတော့ ကိုယ်ပဲ မောင်းလိုက်မယ်နော်"

ကိုကိုက ပြောလို့မနိုင်စွာ ကားပေါ်တက်လိုက်ရတော့သည်။ အေးစိမ့်မွှေးပျံ့နေကာ အင်မတန်မှ Luxary ဖြစ်သော ဒီကားကြီးက အရမ်းကိုပင် ခမ်းနားလွန်းလှပေသည်။ ကိုသူယံ ... ကားမောင်းနေရင်းကမှ ကိုကို့ဘက်သို့ လှည့်ကြည့်ကာ ...

"ကိုယ်တို့ အလုပ်မသွားသေးဘဲ သက်သက် အချိန်ခဏ ပေးရအောင်နော်။ ကိုယ် ကိုကို့ကို ပြောစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ...။ အဲဒီစကားကြောင့် ကိုကို့ရင်မှာ ဒိန်းခနဲတော့ ဖြစ်သွားရလေသည်။ ကိုသူယံက ကိုကို့ကို ဘာတွေများ ပြောစရာရှိနေတာလဲ။ ကိုကို့ရဲ့အတွေးစကား မဆုံးသေးခင်မှာ သူက ကန့်တော်ကြီးဝင်းထဲသို့ ဝင်လာကာ ကားရပ်လိုက်သည်။

"ကိုသူယံ ဒါဘာလုပ်တာလဲ။ ပြောစရာရှိတာကို ရိုးရိုးမပြောဘဲ ဒီအထိ ဘာလို့ခေါ်လာရတာလဲ"

ကိုကိုရဲ့ ခပ်ဆတ်ဆတ်အမေးကို သူက အေးဆေးသော အပြုံးတစ်ခုဖြင့်ပြုံးကာ box ထဲကနေ အအေးဘူးတစ်ဘူး ထုတ်ကာ ကိုကို့ရှေ့သို့ ကမ်းပေးလေသည်။

"ဒီဘူးခွံလေးက ကိုယ့်အတွက် စကားလုံးတွေ အဓိပ္ပာယ်တွေ အများကြီးရှိပါတယ်။ ကိုကိုကတော့ ဒီဘူးခွံလေးဟာ အမှိုက်လို့ မြင်နိုင်ပေမယ့် ကိုယ့်အတွက်ကတော့ တန်ဖိုးရှိတဲ့ပစ္စည်းတစ်ခုပဲ။ မင်း မှတ်မိမလားတော့ မသိဘူး ကိုကို။ ဒါ ပဲခူး site မှာ မင်းချော်လဲလို့ ကျသွားခဲ့ဘူးခွံလေး"

ဟင် ...။

သူက ဒီကိုကာကိုလာဘူးခွံကို တမြတ်တနိုး သိမ်းထားသတဲ့။ အဲဒါ ဘာသဘောပါလဲကွယ်။





"ကိုယ့်ကို စိတ်မဆိုးပါနဲ့ ကိုကို။ ကိုယ် ဒီစကားကို ဘယ်သူ့ကိုမှ မပြောခဲ့ဖူးပါဘူး။ ကိုကို့ကိုတော့ ပြောပါရစေ ကိုကို။ ကိုယ် ကိုကို့ကို ချစ်တယ်။ ကိုကိုသာ ခွင့်ပြုလက်ခံမယ်ဆို ကိုကို့ကို မိသားဖသားပီပီ လက်ထပ်ယူချင်ပါတယ်"

ကိုကိုက ပြောပြောချင်းတော့ ဒေါသထွက်သွားလေသည်။ ဒါ သူ ကိုကို့ကို သက်သက်ကြောတာ။ အပိုင်တွက်ထားတာ။

"ဒီမှာ ... ကိုသူယံ၊ ဒါ ရှင် ကျွန်မကို အပိုင်တွက်ပြီး ပြောတဲ့စကားပဲ"

"ဟား ... ကိုယ် အဲဒီလိုသဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူး ကိုကို။ ကိုကို့ကို ကိုယ့်အဖေရဲ့စက္ကထရီအဖြစ် မိတ်ဆက်ပေးကတည်းက ကိုယ် စိတ်ဝင်စားမိခဲ့တာပါ။ ကိုကို့ကို ကိုယ့်ရင်ထဲက တကယ့်ကို ချစ်မိလို့ ကိုကို့ဆီက မေတ္တာကို တောင်းခံတာပါ။ ကိုယ် ဘယ်လိုကြောတဲ့ သဘောမျိုးနဲ့မှ မရည်ရွယ်ပါဘူး ကိုကို"

သူက ပျာပျာသလဲ ရှင်းပြတာကို နားမဝင်နိုင်သေးဘဲ ကိုယ့်အဖေရဲ့စက္ကထရီဆိုတာ သူပြောမှ သတိရသွားတာကြောင့် ကိုကို့ဒေါသတွေ ရုတ်ခြည်းငြိမ်တိတ်သွားလေသည်။ ပြီးတော့ မျက်ဝန်းထဲမှာ ဦးထင်မင်းညီရဲ့ပုံရိပ်တွေကို သွားမြင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို သူ့အနားကို ရောက်နေတဲ့ ရည်ရွယ်ချက်က ဦးထင်မင်းညီရဲ့ဘဝကို ပျက်စီးသွားစေဖို့။ အခုလို အခြေနေ အချိန်အခါမျိုးမှာ ကိုကိုဟာ ဦးထင်မင်းညီဘဝကို ပျက်စီးစေဖို့ ဘယ်လိုဆောင်ရွက်နိုင်သလဲ။ ကိုကိုသည် အခုတလောမှ ထူးထူးခြားခြား ခံစားမှုတွေ လှုပ်ရှားသက်ဝင်လာတာဟာ ဘယ်သူ့ကြောင့်ရယ်လို့ မတွေးမိရသေးခင်မှာ ကိုကို့ကို အပြုံးတွေဖြင့် ဖမ်းစားနေသူကို ကိုကိုပြန်ဖမ်းစားမှ အနိုင်ယူနိုင်မယ်ဆိုတာ သဘောပေါက်လိုက်သည်။

"ကိုကို ... ကိုယ့်ကိုပြောစရာစကား မရှိတော့ဘူးလားဟင်"

သူ့ရဲ့တိုးသက်သက် အမေးကြောင့် ကိုကိုက ဆတ်ခနဲ ပင့်ကြည့်လိုက်ကာ စိတ်ထဲမှာ plan ဆွဲလိုက်သည်။

"ကျွန်မတို့ ပြန်ကြရအောင် ကိုသူယ်"

"ကိုကို ... စိတ်ဆိုးသွားတာလားဟင်။ ကိုယ့်ကို တစ်ခုခု ပြန်ပြောပါဦး"

"ဟင်း ... ကိုသူယ်ကို ကျွန်မ စိတ်မဆိုးပေမယ့် စိတ်ထဲတော့ တစ်မျိုးဖြစ်မိတယ်။ ထားလိုက်ပါ အဲဒါတွေက။ အဓိက ကျွန်မ ပြောချင်တာက အခု ကျွန်မကို present ပေးပါတယ်ဆိုတဲ့ ဒီကားကို လုံးဝလက်မခံနိုင်ပါဘူး။ ကိုသူယ်က ကျွန်မကို မက်လောက်စရာပစ္စည်းတွေ ပေးပြီး ဒီစကားပြောတာကို ကျွန်မ တကယ်စိတ်မကောင်းပါဘူး"





"အာ ... ကိုယ် အနူးအညွတ် တောင်းပန်ပါတယ် ကိုကို။ အဲဒီလို တကယ်မရည်ရွယ်တာပါ။ ကိုယ့်ရင်ထဲမှာ ကိုကို့ကို ချစ်တဲ့စိတ်က သက်သက်ကို ရှိနေတာပါ။ ကိုကို့မွေးနေ့ကို သိလိုက်ရတော့ ကိုယ် surprise ဖြစ်သွားပြီး ကိုကို့ကို အံ့ဩသွားအောင် ကားကို ဖဲပြားတပ်ပြီး လက်ဆောင်ပေးတာပါ။ စိတ်မဆိုးပါနဲ့ ကိုကိုရယ် ... နော်"

ကိုကို့အပေါ်ကို နက်နက်ရှိုင်းရှိုင်း ရှိနေသည့် ကိုသူယ့်မျက်ဝန်းတွေကို ကိုကိုက ခပ်ကြာကြာ စိုက်မကြည့်ရဲစွာ အကြည့်လွှဲလိုက်ပြီးနောက် ...

"ကဲ ... ပြန်ကြရအောင် ကိုသူယ်"

"ကိုကို စိတ်မဆိုးဘူးမှလား ... ဟင်"

"ကိုသူယ် ... ကျွန်မ အလုပ်သွားတယ်ဆိုတာ အဲဒီအလုပ်အပေါ်ကို ဘာမှ စိတ်ခုစရာမရှိဘဲနဲ့ စေတနာအပြည့်ထားနိုင်လို့ပါ။ ကဲ ... သွားရအောင်လေ"

သူ ဘာကိုပြောတာလဲဆိုတာ ကိုသူယ်က သဘောပေါက်သွားတာကြောင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"အဟား ... ဝမ်းသာလိုက်တာ ကိုကိုရာ။ ကိုယ့်မှာမျှော်လင့်ချက်တွေ ရှိသေးတဲ့သဘောပေါ့နော်။ အိုခေ ... အဲဒါဆို အလုပ်သွားကြစို့နော်"



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကို တက်ကြွသွားလေသော ကိုသူယံကိုကြည့်ကာ ကိုကိုက ပြုံးမိသွားသည်။ ဘာလို့ ဒီလောက်ထိ ကိုကို ကံတွေကောင်းနေရတာလဲလို့ တွေးမိပြီး ကိုယ့်ကိုယ်ကိုယ်တောင် ဘဝင်မြင့်လို့သွားလေသည်။

* ❣ *





( ၉ )

ဇင်သည် ညှိသည်စောင့်တဲ့ ခုံတန်းမှာထိုင်ကာ သူ့ကို စောင့်နေလိုက်၏။ ခဏအကြာမှာ ဇင့်အနားသို့ရောက်လာကာ ...

"ကျွန်တော် ငွေမိုးသွန်းပါခင်ဗျ။ ဘာကိစ္စရှိလို့လဲ မသိဘူး"

ဇင်က ငွေမိုးသွန်း ဆိုသောသူကို တစ်ချက်ကြည့်ကာ အကဲခတ်မိသွားသည်။ ဒါ ကိုကိုပြောတဲ့ ငွေမိုးသွန်းပဲဖြစ်မယ်။ ဇင်က ထိုင်နေရာမှ မတ်တတ်ထရပ်ကာ ...

"ကျွန်မက မကြည်ပြာဦးရဲ့ ယောက်မပါ။ သဇင်ခင်စုပါရှင့်။ မကြည်ပြာ ရှင့်ကိုဖုန်းမဆက်ထားဘူးလား။ သူ လူကြုံပစ္စည်း ပို့ခိုင်းလိုက်လို့ပါ"

"အာ... ဟုတ်သားပဲ။ ဆောရီးဗျာ... ဟုတ်တယ် ကျွန်တော့်ကို ကြည်ပြာ ဖုန်းဆက်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သြော် ... ရော့ ... ဒါ-မကြည်ပြာ ပို့ပေးလိုက်တာတွေ။ ဒီဖိုင်လ်ထဲက ပုံတွေထဲမှာ ရှင် အဆင်ပြေတဲ့ မြေကွက်ရှိရင်လည်း ပြောလေ။ မကြိုက်ဘူးဆိုရင်လည်း သူ့ဆီ ဖုန်းဆက်လိုက်ပါတဲ့"

သူက ဇင့်လက်ထဲက ဖိုင်လ်လေးကို ယူလိုက်ပြီးမှ အပြုံးတစ်ခုဖြင့် ခေါင်းဆတ်ပြလိုက်ကာ ...

"ဟုတ်ကဲ့ဗျ ... ကျေးဇူးတင်ပါတယ်။ အခုလို တကူးတက လာပို့ပေးတာကို ကျေးဇူးတင်ပါတယ်။ ဒီနေ့မှ ကျွန်တော်ကလည်း အလုပ်လာတာ နည်းနည်းနောက်ကျသွားတာ။ စောင့်နေရတာ ကြာသွားတယ်ဆိုတော့ တောင်းပန်ပါတယ်"

"ရပါတယ်။ ကျွန်မလည်း ဒီဘက်ကို လူကြုံပစ္စည်း တမင်လာပို့တာပါ။ ဟုတ် ... အဆင်ပြေတယ်ဆို ကျွန်မ သွားလိုက်ပါဦးမယ်။ မကြည်ပြာကို ဘာမှာဦးမလဲ"

"သြော် ... ရတယ်၊ ကျွန်တော်ပဲ ဖုန်းဆက်လိုက်ပါ့မယ်။ ဒီက ညီမကိုလည်း ကျေးဇူးတင်တယ်နော်။ ညီမကလည်း မန္တလေးကပဲလား"

အင်း ... စကားပြောတာကတော့ အညက်ဇယားထဲ ဇင်ကသာ ကိုကို့သူငယ်ချင်းဆို သူ ဒီ့ထက်တောင် ပိုဖော်ရွေမယ် ထင်တာပဲလို့ ကိုယ့်ဘာသာကိုယ် ကျိတ်ပြုံးပြုံးလိုက်တာက သူ့ကို ပြုံးပြလိုက်သလို ဖြစ်သွားတာကြောင့် ချော့လဲရောထိုင်ရင်း စကားဆက်ပြောလိုက်သည်။





"ဟုတ်တယ် ... မန္တလေးကပဲ။ ကျွန်မက အခု ရန်ကုန် ခဏ လာလည်တာလေ။ နေတာကလည်း မန္တလေးမှာပဲ နေတာပါ"

"သြော် ... ဟုတ်လား။ ရန်ကုန်မှာ နေရတာ အဆင်ပြေရဲ့လား။ အကူအညီလိုရင် ပြောနော်။ ဒါ ကျွန်တော့်ကတ်ပါ"

"ဟုတ် ... thank you ပါ။ အဲဒါဆို ကျွန်မ သွားလိုက်ပါဦးမယ်"

"ဟုတ်ကဲ့ ခင်ဗျ"

ဇင်က သူ့ကို နှုတ်ဆက်ကာ ထွက်လာခဲ့ပြီး ဒီနေ့ shopping ထွက်ဖို့အတွက် Taxi တစ်စီးကို တားလိုက်တော့သည်။ အင်း ... ဒီနေ့တော့ ကိုကို့ကို ပြောစရာစကားတွေ များနေတော့မှာပဲ။ ဇင်က ကိုယ့်အတွေးနဲ့ကိုယ် shopping ထွက်၊ ပြီး ရတဲ့ကော်ဖီဆိုင်မှာ အချိန်ဖြုန်းရင်း ညနေမှ အိမ်ပြန်လာလျှင် ကိုကိုက အိမ်ပြန်ရောက်နှင့်နေပြီဖြစ်သည်။

"ဝေး ... ဘာတွေဝယ်လာတာလဲ။ ဒီနေ့ နင် တစ်နေကုန် လျှောက်လိမ့်နေတယ်ဆို"

"ဟဲ ဟဲ ... shopping လေဟာ။ ငါ့သူငယ်ချင်းက တစ်ပတ်မှာ ခုနစ်ရက်လုံး busy ဖြစ်နေတာဆိုတော့ ငါ့ဘာသာ ပဲ လိမ့်လိုက်တာ။ နင်နဲ့ တီလေးတို့အတွက်လည်း အများ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဝယ်လာတယ်။ သြော် ... ပြီးတော့ ပြောစရာလည်း ရှိတယ်ဟော့ ... important"

"ဟား ... တိုက်ဆိုင်လိုက်တာ ဇင်ရယ်။ ငါလည်း ပြောစရာရှိတယ်"

ဇင်က ဝယ်လာတဲ့ပစ္စည်းအိတ်ကို ဆိုဖာပေါ်ပစ်တင်ကာ ကိုကို့ဘေးသို့ အင့်ခနဲ ပစ်ထိုင်ချလိုက်ကာ အာပေါင်အာရင်းသန်သန်ဖြင့် ပြောလေသည်။

"ငါ ဒီနေ့ ဘယ်သူနဲ့ တွေ့ခဲ့တယ်ထင်လဲ။ ငွေမိုးသွန်းနဲ့ တွေ့ခဲ့တယ်။ နင်ပြောတဲ့ ငွေမိုးသွန်းဆိုတာ အသားဖြူဖြူ အရပ်မြင့်မြင့် Rain လို ဒီဇိုင်းမျိုးနဲ့ ကောင်လေးကိုပြောတာမလား။ သူက ကမ္ဘာအေးမှာ ကား showroom ဖွင့်ထားတယ်လေ ... ဟုတ်လား"

"အင်း ... နင်ပြောတာ ဟုတ်တယ်။ နင်က ဘယ်လိုသိတာလဲ"

"ငါ ဒီနေ့ သူ့ဆီရောက်ခဲ့တယ်။ ငါ့ယောက်မက မန္တလေးကနေ လှမ်းပို့လိုက်တဲ့ မြေကွက်နေရာနဲ့ ဈေးတွေကို ငါက သွားပို့ပေးရတာလေ။ ငွေမိုးသွန်းက ဘောစိပဲဟဲ့။ သူ့ကား showroom ကို မန္တလေးမှာ အခွဲဖွင့်ဖို့တောင် မြေနေရာ အပိုင်ဝယ်မှာတဲ့။ မနေ့က မကြည်ပြာ ပြောကတည်းက ငါ့စိတ်ထဲ ထင်သွားတယ်။ ငွေမိုးသွန်းဆိုတော့





နင်ပြောတဲ့တစ်ယောက်များလားပေါ့။ ဟဲ့ ... မဆိုးပါဘူး။ ဘဲကြီးက မိုက်တာပဲဟာ။ အင်း ... ငါ့သူငယ်ချင်း စန်းတွေသိပ်ပွင့်နေတာပေါ့ဟယ် ... ဟဲ ဟဲ"

ဇင်က သူ ဒီနေ့ ငွေမိုးသွန်းနဲ့ ကြုံခဲ့တာကိုပြောပြပြီး ငွေမိုးသွန်းကို ချီးမွမ်းခန်းဖွင့်ကာ စန်းတွေသိပ်ပွင့်နေတယ်လို့ဆိုလျှင် ကိုကိုက တကယ်လည်း စန်းပွင့်နေတာကို သတိရကာ ပြုံးမိသွားတာကြောင့် ဇင်က ကိုကို့ကို မျက်လုံးတစ်ချက်ပင့်ကြည့်ကာ ...

"အမယ် ... အပြုံးတွေက very shine နေပါလား။ ပြောစမ်း ... နင် ငါ့ကို ပြောစရာရှိတယ်ဆိုတာ ဘာလဲ"

ကိုကိုက ပြောပြချင်လွန်းလို့ စောင့်နေသူမို့ ဇင့်ကို အောင်နိုင်သူတို့ အပြုံးဖြင့် ပြုံးကြည့်ကာ ဝမ်းသာစရာသတင်း ပြောပြလိုက်တော့သည်။

"ဒီနေ့ ကိုသူယံ ငါ့ကို propose လုပ်လိုက်တယ်ဟ။ ငါ့ကိုသိပ်ချစ်တဲ့ပုံပဲ။ ဟိုတစ်ခါ ပဲခူးသွားတုန်းက ငါချော်လဲတယ်ဆိုတာလေ။ အေး ... အဲဒီတုန်းက ငါသောက်ခဲ့တဲ့ coke ဘူးလေးကို သူက အခွံကို ကောက်လာခဲ့တယ်ဟာ။ ဘယ်လောက် ရိုမန့်စ်ဖြစ်သလဲ။ ပြီးတော့ ငါ့ကို ပြောသေးတယ်။ ငါသာ လက်ခံမယ်ဆို လက်ထပ်ပါရစေတဲ့။ ကဲ ... ဒါသတင်းထူးပဲမလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက တက်ကြွအားရစွာ ပြောနေတာကို ဇင်က ငြိမ်သက်စွာ နားထောင်အကဲခတ်ကာ ကိုကို့စကားဆုံးမှ မေးခွန်း ထုတ်လေသည်။

"ဘယ်လိုအစီအစဉ်ရှိလို့ သတင်းထူး ဖြစ်တာလဲ ကိုကို"

"ဟင်း ဟင်း … နင်ကလည်း ငါ့အချစ်ဆုံး လုပ်နေပြီး ပိန်းလိုက်တာ။ ကိုသူယံက ငါ့ကိုချစ်တယ်ဆို ပွဲသိမ်းပြီ လေ။ သူနဲ့ငါ လက်ထပ်လိုက်ရင် ငါဟာ လုံးဝကိုအောင်ပွဲ ခံနိုင်ပြီပေါ့"

"ဘယ်လို … ကိုကို။ နင်ပြောတာက"

"ရှင်းပါတယ် ဇင်ရယ်။ သိပ်ကိုစည်းလုံးပြီး ချစ်ကြတဲ့ ဘာမှမတော်တဲ့ သားအဖကို ငါ ခွဲလိုက်မယ်။ TRS ထရိတ်ဒင်းကြီးရဲ့ CEO လို့ အများကသိကြတဲ့ ဦးထင်မင်းညီ ဟာ ဒီ CEO ရာထူးနဲ့ ဘာမှမသက်ဆိုင်ဘူးဆိုတာ လူတွေသိအောင် ကြေညာမယ်။ သူထိုင်နေတဲ့ ထိုင်ခုံကနေ ဆွဲချလိုက်တာနဲ့ အဲဒီလူကြီး ဘဝပျက်ပြီ။ ဦးထင်မင်းညီ က ကုမ္ပဏီကို သူ့ဘဝလို့ သတ်မှတ်ပြီး စိတ်နှစ်ထားတာ ဟ။ ကိုသူယံနဲ့ သူသာ သွေးကွဲသွားရင် သူ ဒီနေရာကနေ လွင့်ထွက်သွားမှာပဲ။ အဲဒီလိုဆိုရင် ငါစောင့်နေခဲ့ရတဲ့နေ့ ကို ရောက်ပြီပေါ့ဟာ။ မကောင်းဘူးလား ဇင်"

"ကိုကို … နင်တကယ် ပြောနေတာလား"





ဇင့်အမေးကို ကိုကိုက ခပ်သွက်သွက် ခေါင်းညိတ် ပြလိုက်မိသည်။ ဇင် ဘာကိုစိတ်ပူနေလဲ ဆိုတာကို ကိုကိုနားလည် သည်။ ဒါပေမဲ့ ကိုယ်ရည်ရွယ်ထားတာ အောင်မြင်ဖို့ လမ်းခုလတ် မှာ ပေးစရာရှိရင် ပေးဆပ်ခဲ့ရမှာပဲ မဟုတ်လား။ ကိုကို့မှာ ရည် ရွယ်ချက်က တစ်ခုတည်း မဟုတ်တဲ့အတွက် ပိုလို့တောင် ပေး ဆပ်ဖို့ လိုအပ်သေးသည်။

"ဟုတ်တယ် ဇင်။ ငါ တကယ် ပြောနေတာ"

"နင် … နင် ကိုသူယံကို လက်ထပ်မယ်ပေါ့၊ ဟုတ်လား"

"အင်း … ကိုသူယံက ဒီအရှုပ်တွေထဲမှာ ရှိနေတဲ့သူဆို ပေမယ့် သူနဲ့ ဘာမှမဆိုင်ဘူး။ ပြီးတော့ ကိုသူယံက အဲဒီ ကုမ္ပဏီကြီးရဲ့ တစ်ဦးတည်းသော အမွေဆက်ခံမယ့်သူ။ ငါလိုလူတစ်ယောက်ရဲ့ရင်ထဲက အမုန်းတွေကိုဖြေဖျောက်ဖို့ ဖန်တီးပေးနိုင်တာက ကိုသူယံပဲ ဖြစ်နိုင်မယ် ဇင်။ ငါ ဒေါ်နီနှင်းဆီကို မတွေ့တွေ့အောင်ရှာဖို့ ငါ့ဆီမှာ ဘက် ခရောင်းတောင့်ဖို့ လိုတယ်။ ငါတို့မှာ ငွေအလုံအလောက် မရှိဘူး ဇင်။ ငါ ဦးထင်မင်းညီအနား ရောက်ဖို့တောင် မနည်း ကျားကုတ်ကျားခဲ ကြိုးစားခဲ့ရတာ။ အဲဒီတော့ ငါ ကြိုက်သလို အနိုင်တိုက်နိုင်ဖို့အတွက် ကိုသူယံကို ငါလက် ထပ်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ခတ်ပြင်းလွန်းတဲ့ ကိုကို့ကို ဇင်က နှစ်သိမ့်ပေးချင်တာကြောင့် ပခုံးကိုလက်ဖြင့် ခပ်ဖွဖွပုတ်ပေးလိုက်သည်။ ကိုကို့ရဲ့ရပ်တည်ရှင်သန်မှုဟာ ဘာအတွက်ကြောင့်လို့ သိနေတာမို့ ဇင် မတားရက်။ ဒါဟာ ကိုကိုပြောသလို အကောင်းဆုံးနည်းလမ်းဆိုတာ ဇင်လည်း သိပါသည်။ ဒါပေမဲ့ …။

"ကိုကို … နင် ငါ့ကို မှန်မှန်ဖြေနော်။ ကိုသူယံကို လက်ထပ်ဖို့ တခြားရည်ရွယ်ချက် ရှိသေးလား"

"နင် ဘာကိုဆိုလိုချင်တာလဲ ဇင်"

"အချစ်"

ကိုကိုက ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။ ပြီးတော့ ဇင့်ဘက်လှည့်လာကာ ပခုံးတစ်ချက် တွန့်ပြ၍ …

"ငါ့ဘဝမှာ အချစ်ဆိုတာကို ခံစားခွင့်မရအောင် ဦးထင်မင်းညီနဲ့ ဒေါ်နီနှင်းဆီတို့ လုပ်ခဲ့တာလေ။ ငါက ဘာကိုချစ်ရမှာလဲ။ မချစ်ဘဲ လက်ထပ်လို့ ရပါတယ်ဟာ။ ဒါပေမဲ့ ငါ နင့်ကို အမှန်အတိုင်း ဝန်ခံမယ်။ ငါ ကိုသူယံကို နည်းနည်းရင်ခုန်ပါတယ်။ ငါ့အတွက်တော့ ဒီလောက်ဖီလင်ကတင် တော်တော်ကြီးမြတ်နေပြီလေ"

"ကိုကိုရယ် … ငါလေ နင့်ကို တကယ်ပဲ စိတ်ချမ်းသာပျော်ရွှင်စေချင်တယ်။ နင့်ကို ငါ့စိတ်ထဲမှာ ဖြစ်စေချင်တာက နင် တကယ်ချစ်တဲ့ ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ပြီး သာယာပျော်ရွှင်တဲ့ မိသားစုဘဝကို ထူထောင်စေချင်တာ။ နင် လက်ထပ်ဖို့အထိကိုတော့ မိုက်မိုက်မဲမဲ မဆုံးဖြတ်လိုက်ပါနဲ့ဟာ၊ ငါပြောတာကို သေချာစဉ်းစားပါ ကိုကိုရယ် … နော်"

"အေးပါ၊ ငါ နင့်စေတနာကို နားလည်ပါတယ်။ ငါ့အပေါ်ကို ညီအစ်မအရင်းထက်တောင် ပိုကောင်းတဲ့ နင့်ကို ငါ သိပ်ကျေးဇူးတင်ပါတယ် ဇင်ရယ်။ ငါလည်း နင်ဖြစ်စေချင်သလို ဖြစ်ချင်ပါတယ်။ ဒါပေမဲ့ ငါ့ကံကြမ္မာကိုက အဲဒီလို အခွင့်အရေး မပေးဘူး ဇင်။ ငါ အခုလို ဒုက္ခဖြစ်ရတာက သူတို့တွေကြောင့်ပဲ။ သူတို့ မပျော်ရင် ငါပျော်တယ်။ ငါ ပျော်ရွှင်ရဖို့ အဲဒီလူတွေကို ငါ လက်စားချေရမယ်။ ဦးထင်မင်းညီ ပြီးရင်တော့ အဲဒီမိန်းမကြီးကို ငါ ရက်ရက်စက်စက် အနိုင်ယူပြမယ်"

"နင်က အဲဒီအချိန်ဆို ကိုသူယံနဲ့ လက်ထပ်ပြီးနေလောက်ပြီ။ နင် ဒေါ်နီနှင်းဆီကိုတွေ့ရင် ဘယ်လိုလက်စားချေလို့ရမှာလဲ"

ကိုကိုက ထိုင်နေရာမှ ထရပ်လိုက်ကာ ဇင်နဲ့ကျော ခိုင်းအနေအထားမှာ ရပ်နေလိုက်သည်။ ကိုယ်ဟာ ဒီလူသားတစ်ဦး







www.burmeseclassic.com

www.burmeseclassic.com



ကို လက်စားချေဖို့ ရှင်သန်နေခဲ့တယ်ဆိုတာကို ခေါင်းထဲမှာ သံမှိုစွဲထားတာဖြစ်သည့်အတွက် မပျော့ညံ့တတ်သော နှလုံးသားသည် ညစ်ကျယ်ကျယ် တစ်ချက်ပြုံးမိသွားလေသည်။

"သိပ်ပြီး ငွေဂုဏ်မောက်တဲ့မိန်းမကို သူမက်မောတဲ့ငွေတွေ မရှိအောင် ငါ အလဲထိုးနိုင်ရမှာပေါ့။ အဲဒီအတွက် ငါ့ဆီမှာ ငွေရှိဖို့လိုတယ်။ ဘယ်ဘက်က စဉ်းစား စဉ်းစား ကိုသူယံက ငါ့အတွက် လိုအပ်နေလို့ ငါ သူ့ကိုခေါင်းညိတ်ဖို့ ဆုံးဖြတ်လိုက်တာပါ ဇင်ရာ"

အဲဒီနောက်မှာတော့ ကိုကိုဟာ အတွေးနက်နက်ဖြင့် ငြိမ်သက်လို့ သွားတော့သည်။ ကိုကို စောင့်ဆိုင်းနေရတဲ့ အချိန်ကာလကိုရောက်ဖို့ ဘယ်လောက်မှ မလိုတော့တဲ့ကာလမှာ ကိုကို ဘာကိုမှ တုံ့ဆိုင်းတွေဝေမနေချင်ဘူး။

အဲဒီအတွက် ကိုသူယံကိုသာ ကိုကိုက ချစ်သူလို့ သတ်မှတ်ပါမည်။

* ❣ *





## ၁၀

အဲဒီကားပေါ်ကဆင်းလာတဲ့ ကိုကို့ကို သူက မမှိတ်မသုန် ငေးကြည့်မိနေတာဖြစ်သည်။ ပြီးတော့ compound ထဲကို ချက်ချင်းမလာနိုင်သေးဘဲ ကားထဲကိုငုံ့ကာ ကားမောင်းသူကို ပြုံးရွှင်ရယ်မောကာ နှုတ်ဆက်စကား ဆိုနေသေးသည်။ အဲဒီကားမောင်းထွက်သွားမှ သူမက compound ထဲသို့ ဝင်သွားတာဖြစ်သည်။ အဲဒါတွေကို ကန်တင်းကနေ မမှိတ်မသုန် စိုက်ကြည့်နေတဲ့ သူ့ကို သူ့ဘော်ဒါ မျိုးကျော်က သတိထားမိသွား၍ ဝင် comment ပေးလေသည်။

"ဟိုနေ့ မင်းတို့ class တွေမရှိတဲ့နေ့တုန်းကလည်း အဲဒီကားပဲ လာပို့ပေးသွားတာကွ။ ဘဲထင်တယ်။ လုံးဝ gent နော်။ ငါ မြင်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့သင်တန်းမှာက trainer ယဥ်တစ်ကိုယ် ဆိုတာ အားလုံးရဲ့ star ပဲလေ။ သူ အဲဒီနေ့က လာတဲ့ကိစ္စကို တချို့က ယဥ်တစ်ကိုယ်ရဲ့စပွန်ဆာလို့ ပြောကြတာပဲ။ ဟော့ကောင် ... ထင်လို့ရတယ်နော်။ ကားက ကြွလော်ကီ တယ်"

"ဟား ... ဖြစ်နိုင်တယ်နော်။ ယဥ်တစ်ကိုယ်က အမိုက် စားပဲဟာ။ သူ့ကို စပွန်ဆာပေးချင်တဲ့ သူတွေက အများ ကြီးပဲနေမှာ။ အဲဒီအထဲကမှ လုံးဝအလျှံတစ်ကောင်ကို ဆွဲစိလိုက်တာဖြစ်မှာ"

သူတို့ထင်ကြေးတွေနဲ့ ပြောချင်တာ ပြောနေတာကို ငွေမိုးက ကြားရတာ နားထဲမှာ cross ဖြစ်လာတာကြောင့် ထ အော်လိုက်တော့၏။

"ဟော့ကောင်တွေ ... ဘာမှလျှောက်ပြောမနေနဲ့။ မင်းတို့ ပြောတာတွေက တစ်ဖက်သားကို အရမ်းနစ်နာတယ်။ ယဥ်တစ်ကိုယ်က မိန်းမကောင်း။ ဘာကိုစပွန်ဆာထားရမှာ လဲ။ မင်းတို့တောင် သူ့ကိုလိုက်လို့ ရလား။ စိတ်ကူးတောင် ယဥ်ခွင့်မရတဲ့ကောင်တွေကများ"

"ငွေမိုး ... မင်းကလည်း ဘယ်လိုဖြစ်တာလဲ သားကြီးရာ။ ငါတို့က ဘော်ဒါချင်းမို့ ဒီလိုပြောမိတာပါ။ မင်းကလည်း အဖြစ်သည်းနေတာ"





"မပြောနဲ့ကွာ ငါ မကြိုက်ဘူး။ မင်းတို့ အပြောအဆိုဆင် ခြင်။ Sponsar ဆိုတဲ့ စကားလုံးကို သိပ်ပြီးတော့များပြော လို့ကောင်းနေကြသလား။ နောက်တစ်ခါ ယဥ်တစ်ကိုယ့်ကို အဲဒီလိုပြောကြည့်။ မင်းတို့နဲ့ ငါတွေ့မယ်"

သူက စိတ်ပေါက်ပေါက်ဖြင့် ဘလိုင်းကောကာ ထထွက်လာခဲ့တော့သည်။ သူ့ရင်ထဲမှာ လုံးဝမခံစားနိုင်ပါ။ ကိုကို့ ကို စပွန်ဆာရှိတယ်တဲ့။ အဲဒါတွေက ကောလာဟလတွေမို့ထားဦး။ အခု သူ့မျက်စိရှေ့မှာတင် သူမကို ဘဲတစ်ပွေ လာပို့သွားတာက တော့ လုံးဝခံစားရလေသည်။ သူ့စိတ်ထဲမှာ ကိုကို့ကို အတည်ကြီး ရည်ရွယ်ထားတာကြောင့် သူက ရုပ်ထိနေတာဖြစ်သည်။ နောက် တစ်ပတ်ဆိုရင် ဒီသင်တန်း Level က ပြီးသွားပြီ။ သူလည်း Diploma ရပြီ။ ဒီသင်တန်းပြီးသွားရင် တစ်ပတ်မှာနှစ်ရက် တွေ့ ခွင့်လေး ဆုံးရှုံးသွားပေမယ့် သူ့အတွက်တော့ ကိုကိုဟာ သူတို့ရဲ့ trainer မဟုတ်တော့တာကြောင့် ကိုယ်ကြွနေရတဲ့ ကောင်မလေး အဖြစ် ပတ်သက်လို့ရသွားပြီဖြစ်သည်။ ငွေမိုးသည် တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့် စိတ်တွေက လေထွက်ကုန်ကာ ဒီနေ့ class တက်ဖို့ ဆုံးဖြတ်လိုက်ကာ ကားပါ့ခ်သို့ လျှောက်လာခဲ့ကာ ကားမောင်းထွက်လာခဲ့တော့သည်။ ပြီးတော့ ကားမောင်းနေရင်း ကမှ ကိုကို့ဆီကို ဖုန်းလှမ်းခေါ်လိုက်လေသည်။

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ... ကိုယ် ငွေမိုးသွန်းပါ။ ကိုယ် မင်းကို စကား ခဏလောက် ပြောလို့ရမလား"

ကိုကို့ဘက်က အသံထွက်မလာသေးဘဲ ငြိမ်သွားကာ ပြီးတော့မှ ...

"ကျွန်မ Class ဝင်ရဦးမယ်။ ဘာကိစ္စရှိလို့လဲ"

"ကိစ္စ သိပ်ရှိတာပေါ့။ မင်းကို မေးစရာရှိလို့ပါ။ ဒီနေ့ မင်းကို လာပို့တဲ့သူက ဘယ်သူလဲလို့ သိချင်လို့"

"ဘုရားရေ ... ရှင်က အဲဒီလိုမေးရအောင် ရှင်ကဘာမို့လို့ လဲ။ ဒီမှာ ငွေမိုးသွန်း ... ရှင့်စကားတွေက တရားလွန်နေ ပြီနော်။ ကျွန်မ သည်းညည်းခံနေလို့ ရောင့်တက်မလာနဲ့"

"ဆောရီးပါ ကိုကို။ မင်းကို ကိုယ် ဘယ်လိုကြောင့်မေး တယ်ဆိုတာ မင်းသိဖို့ လိုပါတယ်။ ကိုယ် မင်းကိုချစ်နေ တယ်ဆိုတာ မင်းသိဖို့ လိုအပ်တယ်။ မင်း အခု ကျောင်းကို ဘယ်သူနဲ့ လာတာလဲ"

ငွေမိုးက ဒေါသထွက်သွားတာပါ ရောပေါင်း၍ ပြောချင်ရာကို ဖွတ်ပြောချလိုက်လျှင် ကိုကို့ဘက်က တုံ့ပြန်မှုက ခပ်ပြင်းပြင်းတောက်ခေါက်သံနဲ့အတူ သူ ကြွေကျသွားလောက်မည့် အပြင်းစားစကားလုံးကို သုံးသွားလေသည်။

"stupid ... ရှင် ရူးနေသလား ... တောက်"





အဲဒီလိုပြောပြီး ဖုန်းပိတ်သွားကာ သူထပ်ခေါ်သော် လည်း မရတော့အောင် power off လုပ်ပစ်လိုက်လေသည်။ ငွေမိုးက တောက်တစ်ချက် ခေါက်မိသွားကာ ဖုန်းဆက်မခေါ် တော့ဘဲ မေမေ့ဆီကိုသာ မောင်းချလာခဲ့တော့သည်။ မေမေ့ကုမ္ပဏီ ရောက်သောအခါ သူဟာ ပေါက်ကွဲလာသော စိတ်အလျဉ်တို့ဖြင့် မေမေ့ရုံးခန်းထဲသို့ ဝင်ခွင့်မတောင်းဘဲ ဝင်ချလာလျှင် သူ့စက္ကထရီ နဲ့အလုပ်ရှုပ်နေတဲ့ မေမေက သူ့ကို အလန့်တကြား လှမ်းကြည့် တာ ...

"သားလေး ... ဘာဖြစ်လာတာလဲ"

ချက်ချင်း ဆိုသလို မေမေက သူ့ဆီသို့ရောက် လာကာမေးလျှင် သူက မဖြေသေးတာကြောင့် မေမေက သဘော ပေါက်စွာဖြင့် သူ့စက္ကထရီကို အပြင်ထွက်နိုင်းလိုက်သည်။

"သဲနီ ... တို့ ခဏနေမှ ပြန်ခေါ်လိုက်မယ်။ မင်း အပြင် မှာ လုပ်စရာရှိတာ ဆက်လုပ်ပါ"

စက္ကထရီမလေး ထွက်သွားမှ မေမေက သူ့လက် မောင်းကိုဆွဲ၍ ဧည့်ခန်းဆိုဖာပေါ်သို့ ခေါ်လာကာ အရင်ထိုင်စေ ပြီးမှ ...

"သား ... မင်း ဒီနေ့ class မတက်ဘူးလား။ ဘာဖြစ် လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... ကျွန်တော် အရမ်း serious ဖြစ်နေတယ်"

"ဟုတ်ပါပြီ၊ သား ဘာဖြစ်သလဲ ဆိုတာကို မေမေ့ကို အရင်ဆုံးပြော"

"ဒီနေ့ ယဉ်တစ်ကိုယ်ကို လူတစ်ယောက်က ကျောင်းလိုက်ပို့ပေးတယ် မေမေ။ အဲဒီကောင်ကို သူများတွေက ကိုကို့ရဲ့ စပွန်ဆာတဲ့၊ တချို့ကျတော့ သူ့ဘဲတဲ့။ ကျွန်တော် စိတ်တွေလုံးဝမခံမရပ်နိုင် ဖြစ်ရတယ်။ ကျွန်တော် ယဉ်တစ်ကိုယ်ကို ပိုင်ဆိုင်ချင်တယ် မေမေ"

မေမေဟာ ဘယ်တော့မဆို သူ့အတွက် ဖန်ဆင်းပေးနိုင်သည့် နတ်သမီးဖြစ်တာကြောင့် သူ လက်လွှတ်ရတော့မယ့် အခြေအနေမျိုးကို ရင်မဆိုင်လိုတာကြောင့် မေမေ့ကို ရင်ဖွင့်ရခြင်းဖြစ်သည်။ သူ့စကားကို မေမေက နားထောင်ပြီးသောအခါမှာ မေမေက သူ့ကို ခေါင်းလေးအသာသပ်ပေး၍ ...

"သားလေးရယ် ... ဒါလေးကိုများ အတန်းမတက်တဲ့ထိ ခံစားလာရသလား။ သားချစ်တဲ့ မိန်းကလေးက အရင်တုန်းက အဲဒီလူနဲ့တွဲတာ မြင်ဖူးလား"

"ဟင့်အင်း ... ဒါ ပထမဆုံးပဲ"

"ဒါဆို စပွန်ဆာဘယ်ဖြစ်နိုင်မလဲ။ လူတွေဆိုတာ အင်မတန်စကား,ကားကြတယ် သား၊ သား အခု ဘာဖြစ်ချင်လဲ မေမေ့ကိုပြော"





"သား ကိုကိုနဲ့ အဆင်ပြေချင်တယ် မေမေ။ သားက သူ့ကို အတည်ရည်ရွယ်ထားတာ။ သား နောက်ကောက်မကျချင်ဘူး မေမေ"

"ဟင်း ဟင်း ... မေမေ့သားကတော့လေ လုပ်ငန်းကြီးတွေသာ လုပ်နေတယ်။ စိတ်ကတော့ အခုထိ ကလေးဆန်တုန်းပဲ။ ကဲ ... ဟုတ်ပါပြီ။ သားလိုချင်တာကို မေမေက ဘယ်တုန်းကများ ငြင်းခဲ့ဖူးလို့လဲ။ ဘာမှစိတ်မဆင်းရဲနေနဲ့။ မေမေတို့မှာ ငွေကြေးအပြည့်ရှိတယ်။ သားလိုချင်တဲ့မိန်းကလေးကို မေမေ ရအောင်ဝယ်ပေးမယ်၊ ဟုတ်ပြီလား"

မေမေ့စကားကြောင့် သူက ရင်အေးသွားပေမယ့် ဒါဟာ မဖြစ်နိုင်ဘူးဆိုတာ သူ သိနေသည်။ ယဉ်တစ်ကိုယ်ဟာ အင်မတန်မှ sharp ဖြစ်တဲ့ မိန်းကလေးမျိုး။ သူချစ်တဲ့ မိန်းကလေးဟာ လွယ်လွယ်လေးနဲ့ မရဘူးဆိုတာ သူသိနေတာကြောင့် မေမေ့ကို သူမအကြောင်း ပြောပြရသေးသည်။

"မေမေ ... ကိုကိုက ငွေမက်တဲ့မိန်းကလေး မဟုတ်ဘူး။ သူက သူ့ပညာနဲ့သူ proud ဖြစ်ပြီး ရပ်တည်နိုင်တဲ့သူနော်။ သားကိုက သူ trainer လုပ်တဲ့ကျောင်းမှာ တက်မိခဲ့တာ အမှားပဲ။ သူက သားကို ကျောင်းသားလိုပဲ မြင်နေတာ"

"သားရယ် ... မင်းကလည်း သိပ်ညွှန်းနေတာပဲ။ ဒီမယ် သား ... သူ့ပညာနဲ့သူ proud ဖြစ်ပေမယ့် သူဟာ ကိုယ့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



တက် ချမ်းသာနေတဲ့သူ မဟုတ်ဘူး သား။ သူ ဘာလို့ အလုပ်တွေလုပ်နေလဲ။ money makes everything ။ ဘာမှ worry များမနေနဲ့။ သားချစ်တဲ့မိန်းကလေးကို သားပဲ ပိုင်ဆိုင်ရစေမယ်"

မေမေ့စကားကို သူက နှစ်သက်စွာ ပြုံးလိုက်မိသည်။ မေမေဟာ တကယ်ပဲ ဖန်ဆင်းပေးနိုင်သူ ဖြစ်သည်။ ဒါကို ကောင်းကောင်းသိတဲ့ သူဟာ မေမေ့အရည်အချင်းရော၊ သူ့ရဲ့ ကြိုးပမ်းအားထုတ်မှုပါ ပေါင်းလိုက်မယ်ဆို တကယ်ကိုပဲ ကိုကို သူ့ဘက်ယိမ်းကာ ချစ်လာနိုင်ပေသည်။

မျှော်လင့်ချက်သည် စိတ်တို့ကို နိုးကြားတက်ကြွ လာစေပါသည်။ ထို့ကြောင့် သူ ကိုကို့ကို မျှော်လင့်လို့ ရပါသေး သည်။

✻ ❦ ✻





ဖုန်းလာနေတာကြောင့် ဆံပင်တွေကို ရေသုတ်နေတာ ခေါင်းရပ်ကာ, တဘက်ကို ပခုံးပေါ်တင်၍ ခုတင်ပေါ်ကဖုန်းလေးကိုယူကာ နံပါတ်ကိုကြည့်လိုက်သည်။ ဒါ ကိုကို မသိတဲ့ နံပါတ်ပဲ။ ဘယ်သူပါလိမ့်။

"ဟယ်လို"

"ယဉ်တစ်ကိုယ်နဲ့ ပြောချင်လို့ပါ"

"ဟုတ်ကဲ့ ... ပြောနေပါတယ်။ ဘယ်သူပါလဲရှင်"

"ဪ ... ဟုတ်ကဲ့ပါ အစ်မ။ အစ်မကို ကျွန်မရဲ့သူဌေးက တွေ့ချင်လို့ပါရှင့်။ appointment တောင်းတာပါ"

"ရှင်"

ကိုကိုက ဘာမှန်းမသိဘဲ အူကြောင်ကြောင် ဖြစ်သွားရလေသည်။ ဘာလဲဟ ... ကိုကို့ကို ဘယ်သူက တွေ့ချင်တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပါ အစ်မ။ ကျွန်မ စကားပြော လောသွားလို့ပါ ရှင့်။ ဒီလိုပါ ... ကျွန်မသူဌေးက အစ်ကိုလေး ကိုငွေမိုးသွန်းရဲ့မိခင်ပါ။ အစ်မကို သူဌေးက တွေ့ချင်လို့ပါ။ အဲဒါ အစ်မများ ဘယ်နေ့လောက် အချိန်ပေးနိုင်မလဲလို့ confirm လုပ်တာပါ"

ဘုရား ... ငွေမိုးသွန်း အမေ။ သူက ဘာကိစ္စ ကိုကို့ကို တွေ့ချင်ရတာလဲ။ ပြီးတော့ တွေ့ချင်တဲ့သူက ကိုယ်တိုင် မဆက်ဘဲနဲ့ များ။

"အင်း ... ညီမရယ်။ အစ်မက မသိတဲ့အခါကျတော့ တွေ့ဖို့ဆန္ဒမရှိဘူး။ ပြီးတော့ ငွေမိုးသွန်းအမေကို အစ်မ တွေ့ဖို့အတွက် ဘာကိစ္စမှမရှိဘူးလေ။ အစ်မလည်း အလုပ် မအားဘူး။ အားနာပါတယ် ညီမ။ အစ်မ မတွေ့နိုင်ပါဘူး"

ကိုကိုက ကောင်မလေးကို အပြတ်ပြောလိုက်လျှင် တစ်ဖက်က ဘာဆက်ပြောရမှန်း မသိစွာဖြင့် "ဟုတ်ကဲ့ ... ဟုတ်" သာ ပြောနိုင်ကာ ဖုန်းချသွားလေသည်။ ကျစ် ... ဓယားပဲ။ အဲဒီ ငွေမိုးသွန်း တစ်ယောက်က ဘာတွေလျှောက်ပြောထားတာလဲ။ သူ့အမေကတောင် ကိုကို့ကို တွေ့ချင်တယ်ပြောနေတော့ ဒါဟာ ဘာသဘောပါလိမ့်။





ကိုကိုက အတွေးစကိုဖြတ်လိုက်ကာ ဆံပင်တွေကို ဘာကက်ဖြင့်ပေါင်းကာ သိမ်းလိုက်ပြီး မျက်နှာကို မိတ်ကပ်ပြင် ဆင်လိုက်တော့သည်။ ဒီနေ့က ကိုသူယံနဲ့အတူ ဦးထင်မင်းညီ တက်ဖြစ်တဲ့ ရှယ်ယာအစည်းအဝေးကို တက်ရမှာဖြစ်သည်။ ပွဲက ဆီဒိုးနားမှာ ကျင်းပမှာဖြစ်ပြီး ကိုကို့ကို ကိုသူယံက လာ ခေါ်မှာဖြစ်၏။

အခုတလောမှာ ကိုသူယံနဲ့ ပိုပိုရင်းနှီး ခင်မင်လာတဲ့ ကိုကို့ရဲ့စိတ်တွေသည် ကိုသူယံအပေါ်ကို ရင်ခုန်သံတွေ နွေးထွေးလာပြီဟု ထင်ရပေသည်။ ကိုကို့ရဲ့ပရောဂျက် (project)ထဲမှာ ကိုသူယံပါ ပါဝင်ပတ်သက်လာခဲ့တာ အတွက်တော့ စိတ်မကောင်းပေ။ အနေးနဲ့အမြန်ဆိုသလို ကိုကို သူ့ကို အဖြေပေးတော့မယ်။ ပြီးရင် လက်ထပ်မယ်။ ကိုသူယံနဲ့ ဦးထင်မင်းညီ ကြားထဲမှာ စိတ်ဝမ်းကွဲစရာတွေ ဖြစ်လာအောင် ကိုကို ဖန်တီးရမယ်။

"သမီးရေ ... ကိုကို၊ အောက်မှာ မောင်သူယံ ရောက်နေပြီနော်၊ မပြီးသေးဘူးလား"

ကိုကိုက အားလုံးပြင်ဆင်ပြီးသောအခါ ရေမွှေးတစ်ချက်ဖြန်း၍ ထွက်လာခဲ့တော့သည်။ ကိုကို့ရဲ့ပုံစံကအရမ်းကိုမိုက် နေတာကြောင့် တီလေးက မျက်စိတဆုံးငေးကာ ကိုကို့ကိုလှမ်းကြည့်ာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ... သမီး စိတ်ဖြေရာကို မတားရက်ပေမယ့် ထင်ရာတော့ မစိုင်းပါနဲ့ သမီးရယ်။ မိန်းကလေးဆိုတာ ချွေးချယ်မှု မှားသွားတာနဲ့ ဘဝတစ်လျှောက်လုံး သာယာမှာ မဟုတ်တော့ဘူး။ တီလေး သမီးကို ပျော်ရွှင်စေချင်တယ်"

တီလေး စကားကြောင့် ကိုကိုက မျက်ရည်စတွေကို ပုတ်ထုတ်ပစ်လိုက်ကာ ခပ်မာမာ အပြုံးတစ်ခုကို ပြုံးလိုက်ရင်း ...

"ဘာမှစိတ်မပူပါနဲ့ တီလေးရယ်။ သမီးရဲ့ခြေထောက်နှစ်ဖက်လုံးကို ကြံ့ကြံ့ခိုင် ရပ်နိုင်အောင် နာကြည်းချက်တွေက သင်ပေးခဲ့တာပါ။ ဘယ်လိုနာကျင်မှုမျိုးကမှ သမီးရဲ့အရင်တုန်းက နာကျင်မှုကို မီမှာမဟုတ်ဘူး။ သမီး ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်ပါတယ် တီတီ။ သမီး သွားတော့မယ်"

တီလေးက စိတ်မသက်သာစွာ ခေါင်းလေးအသာညိတ်ပြသည်။ ကိုကိုက အပြုံးတွေပြန်ပြုံးရင်း အောက်ဆင်းလာကာ အသင့်စောင့်နေတဲ့ ကားပေါ်သို့ တက်လိုက်သည်။ ကိုကို့ကို မွေးနေ့လက်ဆောင်ပေးတဲ့ ဒီကားကို ကိုကိုက ဘယ်လိုမှလက်သင့်မခံသည့်အတွက် သူပဲ ဒီကားကို မောင်းနေကာ ကိုကို့ကို အကြိုအပို့ ဖယ်ရီလုပ်ပေးနေသူ ဖြစ်ပါသည်။

"ဝါး ... ဒီနေ့ သိပ်လှပါလား ကိုကို"





"အဟင်း ဟင်း ... thank you ပါ ကိုသူယံ"

"ကျေးဇူးတင်တယ်ဆို အပြေပေးချင်စိတ်လေး ဘာလေးတောင် မရှိဘူးလား"

"အဟင်း ဟင်း ... ဒါကတော့ ဆောရီးပါရှင်။ စဉ်းစားနေဆဲ"

ကိုသူယံက ကားမောင်းထွက်လာရင်းက ကိုကို့ဆီက အဖြေရဖို့ ကြိုတိုက်နေတာဖြစ်သည်။ ဘယ်အချိန်ဖြစ်ဖြစ် ရှိပြီးသား အဖြေတစ်ခုကို ခေါင်းညိတ်လိုက်ရင် လွယ်လွယ်လေးမှန်း သိနေပေမယ့် ကိုကိုက တမင်တကာ ကြိုးရှည်ရှည်နဲ့ လှန်ထားတာဖြစ်သည်။

"မြန်မြန်လေး စဉ်းစားပေးပါ ကိုကိုရယ်။ ကိုယ့်ကို ဘယ်တော့လောက်မှ အဖြေပေးမယ်လို့ စဉ်းစားထားတာလဲဟင်"

"အိုး ... ဒါကတော့ စဉ်းစားဆဲဘဲလေ။ အကယ်၍ ကိုသူယံ မစောင့်နိုင်ဘူးဆိုလည်း တခြားတစ်ယောက်ကို..."

"အမယ်လေး ... တော်ပါ ကိုကိုရာ။ တခြားတစ်ယောက်ကို ကိုယ်မှမချစ်နိုင်တာ။ ကိုကို့ကိုပဲ ချစ်တာ"

"တော်ပြီ ... ကားကိုပဲ အာရုံစိုက်မောင်းတော့"

"ဟုတ်ကဲ့ပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုသူယံက နောက်ရွတ်ရွတ်လေး ပြောလိုက်လျှင် ကိုကိုက ပြုံးမိသွားသည်။ ယောကျ်ားတွေဟာ ကလေးတွေလိုပါပဲလား။ သူတို့ အလိုလိုက် အကြိုက်ဆောင် စကားတွေပြောနေလျှင် ထိန်းချုပ်ဖို့ အင်မတန်လွယ်ကူတာပဲ။ ကိုကိုက ကိုသူယံကို control ကောင်းကောင်းလုပ်နိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

✻❣✻





၁၁

"ဟုတ်တယ် ... on the way လေ။ ဒီနေ့က သိတယ်မှလား၊ အရေးကြီးလို့ စောထွက်လာတာ"

"........."

"ဘာ ... ဘာဖြစ်တယ်"

ကိုကိုက ကြားလိုက်ရတဲ့ စကားသံကြောင့် အလန့်တကြား ဖြစ်သွားကာ ကားကို ဘေးသို့ဆွဲချလိုက်ကာ တိခနဲရပ်ပစ်လိုက်သည်။ ပြီးတော့မှ အိပ်မက်က နိုးထလာသူတစ်ဦးလို ကယောင်ကတမ်း မေးခွန်းတွေ ပြန်မေးမိသည်။

"ဖင် ... နင် ဘာပြောလိုက်တာလဲ။ နောက်တစ်ခါ ပြန်ပြောစမ်းပါဦးဟာ"

"နင် Shock ရမယ်ဆိုလည်း ရစရာပဲ။ ငါလည်း အရမ်းကို အံ့သြသွားတာ။ ဒါပေမဲ့ အဲဒါ တကယ်ပဲ ကိုကို။



www.burmeseclassic.com

www.burmeseclassic.com



ငွေမိုးသွန်းဆိုတာ နင်ရှာနေတဲ့ ခေါ်နီနှင်းဆီရဲ့ တစ်ဦးတည်း သော သားပဲ"

ကိုကို့နားထဲကို မိုးကြိုးတစ်ချက် ပစ်ချသွားသလို ခံစားရလေသည်။ ဒါဟာ ဘယ်တုန်းကမှ ထင်မထားခဲ့တဲ့ တိုက်ဆိုင်မှုပါပဲ။ စတီယာတိုင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့လက်တွေက ပိုတင်းကျပ်စွာ ဖိဆုပ်လိုက်ကာ ဆုံးဖြတ်ချက်တစ်ခုကို နိုင်နိုင်မာမာ ချလိုက်တော့သည်။

"နင် အခု ဘယ်မှာလဲ ဇင်"

"ငါ အခု သူ့ showroom ကနေ အိမ်ပြန်လာနေပြီ။ တက္ကစီပေါ်မှာ"

"ငါ အခု အိမ်ပြန်လာခဲ့မယ် ဇင်။ နင် အိမ်မှာပဲစောင့်နေ"

"ဟှဲ ... နင် ဒီနေ့ ကိုသူယံနဲ့ ချိန်းထားတယ်မလား"

ဇင့်စကားကြောင့် ရင်ထဲမှာ နင့်ခနဲတော့ ဖြစ်သွားရလေသည်။ ဒါပေမဲ့ အဲဒီနာကျင်မှုက ကိုကို့အတွက် ပုရွက်ဆိတ်ကိုက်သလောက်ပဲ ရှိတာမို့ ကိုကိုက ဂရုမစိုက်နိုင်ပါ။ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး ဇင့်ကို အေးအေးဆေးဆေးပဲ ပြန်ပြောပြလိုက်သည်။

"သွားဖို့ မလိုတော့ပါဘူး ဇင်ရယ်။ ဘယ်သူက အဓိကလဲဆိုတာ ငါ သိလိုက်ရပြီပဲ။ သွားဖို့ မလိုတော့ပါဘူး"

"ဟဲ့ ... နင်က ..."





ဇင့်ကို စကားဆုံးအောင် ပြောခွင့်မပြုဘဲ ကိုကိုပဲ အရင်ဦးအောင် ဖြတ်ပြောလိုက်တော့သည်။

"အိမ်ရောက်မှ ဂဃနဏ ပြောကြရအောင် ဇင်။ ငါအခုပဲ ပြန်လာခဲ့မယ် ... ဒါပဲ"

ကိုကိုက ဖုန်းပိတ်လိုက်ပြီးတာနှင့် ဘာမှမလုပ်သေးဘဲ ဒီအတိုင်း ခဏတွေးနေမိသည်။ ပြီးတော့မှ ဖုန်းနံပါတ်တစ်ခုကိုနှိပ်ကာ ဖုန်းခေါ်လိုက်သည်။

"ဟယ်လို ... ကိုကို လာနေပြီလား"

ရှင်လန်းတက်ကြွနေသော သူ့စကားသံကြောင့် ကိုကိုတာ တစ်ခဏတော့ တွေဝေသွားလေသည်။ ဒါပေမဲ့လည်း ကိုကို့အတွက်က ဘယ်သူအဓိကလဲ သိလာသည့်အချိန်မှာ နှောင်းနေးကြန့်ကြာနေလို့ မရတော့ချေ။

"ဆောရီးပါ ကိုသူယံရယ်။ ကျွန်မ အဲဒီကို ဘယ်လိုမှလာလို့ မရတော့ဘူး။ ကျွန်မ အရမ်းအရေးကြီးတဲ့ ကိစ္စတစ်ခုပေါ်လာလို့"

"သြော် ... ရတယ်လေ။ ကိစ္စမရှိပါဘူး ကိုကိုရဲ့။ ဟို ... ကိုယ် ဘာကူညီပေးရဦးမလဲ"

"သြော် ... ရတယ်ရှင့်။ ရတယ် ... ကျေးဇူးပါပဲ ကိုသူယံရယ်။ ကျွန်မပဲချိန်းပြီး ကျွန်မပဲ ဖျက်လိုက်တာ အားနာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး ကိုကိုရယ်။ ဒါ ဖြစ်တတ်ပါတယ်။ ဟို ... ကိုယ့်ကိုချိန်းတာ အရေးကြီးလား။ အဲဒါဆိုရင် ကိုယ် ကိုကို့ကို စောင့်နေလိုက်ရမလား"

"ရတယ် ... ကိုသူယံ။ ကျွန်မ ချိန်းထားတာ အရေးမကြီး ပါဘူး။ နောက်ရက်မှ ဆုံမယ်လေ ... နော်"

အမှန်တကယ်က ဒီနေ့မှ ကိုသူယံကို တကူးတက ကိုကို ချိန်းလိုက်တယ်ဆိုကတည်းက ဒါဟာ ကိုကို အဖြေပေးမ လို့ဆိုတာ သူလည်း အနည်းနဲ့အများတော့ ရိပ်မိမှာပဲဖြစ်သည်။ ဒါပေမဲ့ ကံတရားသည် ကိုကိုနဲ့ သူ့ကို ချစ်သူဖြစ်ဖို့ အခွင့်အရေး မပေးဘူးလို့ ယူဆရပါသည်။

ကိုသူယံက နင်နေသော လေသံဖြင့် မဖြစ်လို့ ကိုကို့ကို နားလည်ပေးလိုက်ရ၏။

"Ok ... Ok ... ကိုကို၊ အဲဒါဆို ကိုယ် ညမှပဲ ဖုန်းပြန် ဆက်လိုက်မယ်နော်"

ကိုကိုက ကိုသူယံနဲ့ ဖုန်းပြောပြီးတာနဲ့ ဖုန်းကိုဘောခုံ သို့ ဆတ်ခနဲပစ်လိုက်ကာ ကားကို ဂငယ်ကွေ့ ပြန်ကွေ့ကာ အိမ်ကိုပြန်လာခဲ့တော့သည်။ ကိုကို အိမ်ပြန်ရောက်လျှင် ဇင်က ကော်ဖီနှစ်ခွက်ဖျော်ထားကာ စကားပြောဖို့ ဝရန်တာမှာ အသင့် စောင့်နေတာဖြစ်သည်။ ကိုကိုက အဝတ်အစားတောင် မလဲနိုင်သေး ဘဲ ဇင့်ကို အလန့်တကြား လှမ်းမေးရလေသည်။





"ဇင် ... ဘာလဲ၊ နင်ပြောတာ တကယ်ပဲလားဟင်"

"အမယ်လေး ... အမောတကော ကိုကိုရယ်။ ထိုင်ပါဦး ... ငါ အေးဆေးပြောပါ့မယ် ... ထိုင်"

ကိုကိုက စိတ်ကို တတ်နိုင်သမျှ ဖြေလျှော့ကာ ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ ကိုကို့စိတ်တွေ သိပ်လှုပ်ရှားနေတယ် ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိလေသည်။

ကိုကိုက ငြိမ်ငြိမ်လေး ထိုင်ကာ ဇင် ပြောလာမည့် စကားတို့ကို စောင့်စားနေမိသည်။

"ဒီနေ့ မကြည်ပြာ ပို့ခိုင်းတဲ့ မြေကွက်စာချုပ်ကို ငါ ကိုငွေမိုးဆီ သွားပို့တာဟ။ ငါ သွားပို့တဲ့အချိန်မှာ သူ့အမေ ရောက်လာတယ်။ ငါနဲ့တောင်မှ မိတ်ဆက်ပေးလိုက်သေး တယ်။ ရွှေမိုးတိမ်စိန်တိုက်က သူ့အမေပိုင်တာတဲ့။ ဒေါ်နီ နှင်းဆီ။ ပြီးတော့ နင် ငါ့ကိုပြတဲ့ ဓာတ်ပုံထဲကအတိုင်းပဲ။ နည်းနည်းလေး အသက်ကြီးလာသလိုပဲ ထင်ရတယ်။ ဟဲ့ ... အဘွားကြီးက အရမ်း အရွယ်တင်တာနော်။ ပြီးတော့ ရုပ်ရှင်တွေထဲအတိုင်း သည်းသည်းလှုပ်အမေမျိုးပဲဟဲ့။ သူ့ သား show room ကို ဘာလာလုပ်တယ် ထင်သလဲ။ သူ့သားစားဖို့ တူနာဆင်းဒ်ဝတ်ချ်နဲ့ နပ်ကော်ဖီကို ကိုယ်တိုင် တောင် လာပို့တာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ဇင် ပြောပြနေတာတွေကို နားထောင်နေရင်းကမှ အိတ်ထဲမှာ အမြဲထည့်ထားသည့် ဓါးပြယ်လွင့်စပြနေပြီဖြစ်တဲ့ ဓာတ်ပုံလေးတစ်ပုံကိုထုတ်ကာ ဇင့်ကိုပြလိုက်သည်။

"ဇင် ... သေချာအောင် ထပ်ကြည့်ပါဦး။ ဒီအမျိုးသမီးလား"

ဇင်က ဓာတ်ပုံကိုယူကာ သေသေချာချာကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်ပြကာ ...

"ဟုတ်တယ် ... sure ပဲ ကိုကို။ ဒီအမျိုးသမီးပဲ။ ငါတွေ့ခဲ့ရတဲ့ ဒေါ်နီနှင်းဆီက သူပဲ"

ကိုကို့ရဲ့သွေးတွေ ဖျဉ်းခနဲဖြစ်သွားသည်အထိ စိတ်အားတွေ တက်ကြွသွားရပါသည်။ ရှာလို့တွေ့ခဲ့ပြီ။ ကိုကို ဒေါ်နီနှင်းဆီကို ရှာလို့ တကယ်ကိုတွေ့ခဲ့ပြီ။ သူက ကိုကို့ကို ချစ်နေတဲ့ ငွေမိုးသွန်း ဆိုသော တစ်ဦးတည်းသောသားလေးကို မွေးထားတဲ့ မိခင်တဲ့။ ဟား ဟား ... လောကကြီးက ကျဉ်းကျဉ်းလေးပါ ဒေါ်နီနှင်းဆီရယ်။ ကိုကိုသည် အနေးပြကွက်တစ်ခုလို ပီပြင်ထင်ရှားစွာ မြင်နေရတဲ့ အတိတ်က ခါးသီးမှုတွေကို တစ်ကွက်ချင်း ပြန်မြင်လာကာ အံကြိတ်ထားပါရက်နဲ့ မျက်ရည်တို့က ဝေလို့သီလာလေသည်။

"ဟယ် ... ဒါဆို နေဦး၊ ဒါဆို ကိုငွေမိုးက ဦးထင်မင်းညီသားပေါ့"





အခုမှ သတိလာရသော ဇင့်ကို ကိုကိုက ခေါင်းတစ်ချက် ဆတ်ပြကာ ...

"သိပ်ဟုတ်တာပေါ့ဟာ။ ငွေမိုးသွန်းက ဒေါ်နီနှင်းဆီသားဆိုတာ သေချာမှတော့ သူ့အဖေက ဦးထင်မင်းညီပေါ့"

"ဟယ် ... အံ့သြစရာပဲနော်။ ရန်ကုန် တစ်မြို့တည်းမှာ အတူတူရှိနေကြတာတောင် သူတို့တွေ မသိကြဘူးနော်"

"မသိတာ ကောင်းပါတယ်။ ငါ့အတွက် အခွင့်အရေးတွေ ပိုရှိသွားတာပေါ့"

ကိုကို့စကားကြောင့် ဇင်က သက်ပြင်းတစ်ချက်ချကာ ကိုကို့လက်ဖဝါးတွေကို လှမ်းဆုပ်ကိုင်၍ ...

"နင့် အခုတွေ့နေပြီ ကိုကို။ နင် ဘာလုပ်ဖို့ စဉ်းစားထားလဲ"

ဇင့်မေးခွန်းကို မဖြေသေးဘဲ ကိုကိုက ဇင့်ကို မျက်လုံးအသာပင့်ကြည့်ကာ အသာမေးဆတ်ပြရင်း ...

"နင်ဆိုရင်ကော ဘာလုပ်မှာလဲ"

"ငါ ... ငါမသိဘူး ကိုကို။ ငါ့စိတ်ထဲမှာ အရမ်းခံပြင်းနေတဲ့စိတ်ပဲ ရှိလိမ့်မယ်။ ဘာလုပ်ရမလဲဆိုတာ ငါမသိသေးဘူး"

ကိုကိုက နှုတ်ခမ်းတွေကို တွန့်ချိုးမိသွားသည်။ ဘာလုပ်သင့်သလဲ။ ဟင် ! ကိုကိုက ဇင့် ဖျော်ပေးထားသော အော်ဖီခွက်ကို အခုမှ ကောက်တိုင်ကာ တစ်ငုံမော့သောက်ပြီးမှ ...

www.burmeseclassic.com



"ပြီးခဲ့တဲ့ရက်က ငါ့ဆီ ဖုန်းတစ်ကော ဝင်လာတယ် ဖေ်။ ဘာပြောလဲ သိလား"

"အင်း"

"ကျွန်မ သူဌေးက အစ်မနဲ့တွေ့ချင်လို့ appointment တောင်းတာတဲ့။ အဲဒီသူဌေးက ဘယ်သူလဲ သိလား။ ဟင်း ဟင်း ... ငွေမိုးသွန်းရဲ့အမေတဲ့။ ကဲ ... နင့်ဆီက comment တစ်ခုခုကို ငါကြားချင်တယ် ဖေ်"

ဖေ်က တွေးတွေးဆဆ ပုံလေးဖြင့် ခေါင်းကိုခပ်လေးလေး ညိတ်ရင်းက ...

"ကိုငွေမိုးက ဒါဆို နင့်ကို လေးလေးနက်နက် ရှိတယ်ဆိုတာကို ပြတာပဲ။ နင့်အကြောင်းကို သူ့အမေကိုပြောပြလို့ သူ့အမေက နင့်ကို စိတ်ဝင်စားတယ်လို့ ယေဘုယတွေးလို့ရတယ်။ ဒါပေမဲ့ ကောင်းတဲ့ဘက်ကလား၊ မကောင်းတဲ့ဘက်ကလား ဆိုတာတော့ မသိဘူး ...

အဲဒါနဲ့ နင်က ဘာပြန်ပြောလိုက်လဲ"

"အင်း ... အဲဒီတုန်းကတော့ ငါ့ target က ဦးထင်မင်းညီ ဖြစ်နေတာကို။ တစ်ခါတည်း ဖယားဖြတ်ပစ်လိုက်တာပေါ့။ မတွေ့နိုင်ဘူးလို့ ငြင်းလိုက်တယ်လေ"

"ဟယ်တော့ ... အဲဒီတော့ ..."





ကိုကိုက ပခုံးတစ်ချက် တွန့်လိုက်ကာ ဦးနှောက်ကို နည်းနည်းအလုပ်ပေးလိုက်သည်။

"ငါ့ဘဝအတွက် ဦးထင်မင်းညီနဲ့ ဒေါ်နီနှင်းဆီက အရေးကြီးဆုံးပဲ။ သူတို့က ကွာရှင်းထားတဲ့အခါကျတော့ ငါက လမ်းကြောင်းနှစ်ခု ကွဲထွက်သွားတယ်။ ငါ ဦးထင်မင်းညီ အနားကို ရောက်လာတာ သူ တစ်ခုခု နစ်နာသွားစေဖို့ပဲ။ ငါ ခံစားနေရတာတွေ မပျောက်သွားပေမယ့် စိတ်၏ဖြေရာ ပေါ့ဟာ။ အခု ငါ အကောင်းဆုံးနဲ့ အထိရောက်ဆုံးနည်းကိုရပြီ ဖေ်"

"ဘာလဲ"

ဖေ်က စိတ်ဝင်တစား မေးလာပါသည်။ ကိုကိုက ရည်ရွယ်ထားတာကို ရင်ဖွင့်ပြောပြလိုက်သည်။

"ငါ့အတွက် မြားတစ်ချောင်းနဲ့ နှလုံးသားနှစ်ခုကို ထုတ်ချင်းပေါက်သွားစေဖို့ လုပ်စရာနည်းက တစ်ခုတည်း။ ငွေမိုးသွန်းက ငါပစ်လိုက်မယ့်မြားပဲ"

"ကိုကို ... နင် ကိုသူယံကို ချစ်နေတာမှလား"

"သွားစမ်းပါကွာ။ ဘာအချစ်လဲ ... ငါ ကိုသူယံကို မလိုအပ်တော့ဘူး။ ငါ့အတွက် ငွေမိုးသွန်းက အခရာကျသွားပြီ။ ဦးထင်မင်းညီက သူ့သားအရင်းကိုပဲ ပိုချစ်မှာပေါ့။ ရှင်းရှင်းလေးပါ ဖေ်ရယ်။ ငါ့နှလုံးသားကို ဆွဲထုတ်ခဲ့တဲ့ သူ



www.burmeseclassic.com

www.burmeseclassic.com



တို့တွေကို ငါ လက်စားချေဖို့ အချိန်ရောက်နေပြီဟ။ ငါ့ကိုချစ်တဲ့ ငွေမိုးသွန်း၊ သူ့သားချစ်တဲ့သူကို တွေ့ချင်တဲ့ ဒေါ်နီနှင်းဆီ၊ ငါ သူတို့နားကို ညင်ညင်သာသာလေးပဲ ကပ်သွားမှာ။ ငါ သူတို့အနားရောက်သွားရင် ဦးထင်မင်းညို ဆိုတာ ပစ်ရအလွယ်ဆုံး နှလုံးသား ဖြစ်သွားပြီ။ ဟား ဟား … ငါ နင့်ကို ကျေးဇူးတင်တယ် ဇင်”

ဇင်က ကိုကို့ကို ရင်လေးသော မျက်ဝန်းတွေဖြင့် ကြည့်မိသွားကာ လေပူတစ်ချက် မှုတ်ထုတ်လိုက်မိသည်။ တကယ့် ခေါင်နဲ့မှ ထိပ်တိုက်ကြုံတော့မယ့် အခြေအနေပဲ ဖြစ်လေသည်။ ကိုကိုကလည်း သိပ်မှ သိပ်ကို အဆိပ်ပြင်းသည့် lady cobra လေး ဖြစ်၏။ နာကျင်မှုတွေနဲ့ ဖြတ်သန်းကုန်ဆုံးခဲ့တဲ့ အချိန်တွေ အတွက် သူ အောင်နိုင်ရမယ့် အချိန်မှာ ဘာကိုမှ ညှာမှာမဟုတ် ဘူးဆိုတာ ဇင် သိနေပါသည်။ သူ မချစ်ပါဘူးလို့ ဟန်ဆောင် နေပေမယ့် သူ့မျက်လုံးတွေထဲမှာ ကိုသူယံနဲ့ ပတ်သက်ပြီး တစ်စုံတစ်ရာ ရှိနေတယ်ဆိုတာ ဇင် အတပ်ပြောရဲပါသည်။ အခု သူ ကိုသူယံကို ကျောခိုင်းတော့မယ် ဆိုတာလည်း သိပြန်သေးတာ ကြောင့် ကိုကိုရဲ့ပျော်ရွှင်မှုအတွက် တကယ်ရင်လေးမိပါ၏။

“နင်တို့ သင်တန်းတွေ ပြီးပြီမို့လား။ ကိုငွေမိုးနဲ့ နင် ဘယ်လိုဆက်မလဲ။ ကိုကို … နင် စိတ်ထင်ရာတော့ လျှောက်မလုပ်နဲ့နော်”





ဇင်ရဲ့စိတ်ပူမှုကြောင့် ကိုကို့မှာ သဘောတကျပင် ဟက်ဟက်ပက်ပက်ပင် ရယ်မိသွားလေသည်။

“ဟား ဟား … စိတ်ပူရန်ကော ဇင်ရယ်။ ငါ သူ့ကိုဆက်ဖို့ လွယ်လွယ်လေး။ ငါလည်း ဒီကားကို လဲချင်နေတာကြာပြီ။ ကိုသူယံ ပေးတဲ့ကားကို ငါ မယူခဲ့ဘူး။ ငါ့ပိုက်ဆံနဲ့ ငါ ကားဝယ်မလို့ ငါ့မှာစုထားတာ ရှိတယ်လေ။ သူ့ show room မှာ သွားဝယ်မယ်။ ငွေကို တစ်ခါတည်းမချေခဲ့ဘူး။ Hire purchasing system (အရစ်ကျငွေချေခြင်း) နဲ့ ရှင်းမယ်။ တခြားသူကိုသာ သူ့ဝန်ထမ်းတွေနဲ့ လွှတ်ထားပေမယ့် ငါ့ဆိုရင်တော့ သူကိုယ်တိုင် serve လုပ်ပေးလိမ့်မယ်။ သူနဲ့ငါ တွေ့ဖို့အတွက် ကြားခံရှိသွားပြီလေ။ ဘယ်လိုလဲ ဇင်”

လုံးဝထင်မထားတာကြောင့် ဇင်က အံ့သြနေဟန်ဖြစ်ပါသည်။ ပြီးတော့ ကိုကို့ကို ပြုံးရုံသာ ပြုံးပြကာ …

“အကြံကတော့ ပိုင်ပါ့ ကိုကိုရယ်။ ဒါပေမဲ့ နင်က တွေ့ဖို့ ငြင်းထားတော့ တင်းနေတဲ့ သူ့အမေကို နင့် ဘယ်လိုလုပ်မှာလဲ”

“အလွယ်ဆုံးပဲ ဇင်။ သားကိုသာ အပီချုပ်ထားဖို့လိုတယ်။ ဒေါ်နီနှင်းဆီကို ငါ ရအောင်ချုပ်ပြမယ်။ တစ်ချိန်က သူ ပြောခဲ့ဖူးတဲ့ စကားလုံးတွေအတိုင်းပေါ့ဟာ။ မကြာတော့



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး ဇင်။ ငါ့အတွက် လက်မထောင်ရမယ့်အချိန် ရောက်တော့မှာပါ"

ကိုကိုက စကားစကိုဖြတ်လိုက်ကာ ပြာလွင်နေတဲ့ ကောင်းကင်ပြာကြီးကို မော့ငေးလိုက်သည်။ တကယ့်ကို အလှဆုံး အက်ဆစ်တစ်ခွက်ဖြစ်ဖို့ လောကကြီးက ကိုကို့ကို ဖော်စပ်နည်း ပေးခဲ့လို့ အဲဒီလောကကြီးကို ကျေးဇူးတင်သောအားဖြင့် ကိုကိုက အပြုံးတွေ တပွေ့တပိုက်ဖြင့် ကောင်းကင်ကြီးကို fly kiss ပေး လိုက်လေသည်။

✻ ❣ ✻





# ( ၁၂ )

ကားပေါ်ကနေ ဆင်းလာသော အမျိုးသမီးကို ကြည့်ရတာဟာ မိန်းကလေးချင်းတောင် ငေးရလောက်မည့် အလှ တရားဖြင့် ပြည့်စုံနေသူ ဖြစ်ပါသည်။ အီတလီပိုးသားအနက်ကို ရင်ဖုံးဝတ်ဆင်ကာ အဲဒီရင်ဖုံးရဲ့ရင်ဘတ်မှာ အလှထိုးထားတဲ့ ကနုတ်တွေဟာ အရမ်းကို လှပပေ၏။ ချိတ်အနက်ပါ ဝင်ဆင် ထားတာကြောင့် ကြည့်ရတာဟာ လုံးဝကို ဂန္ဓဝင်ဆန်သော မြန်မာနိုင်ငံရဲ့ကလီယိုပတ်ထရာကို ကြည့်ရသလိုဖြစ်၏။ Frame ကြီးကြီး နေကာမျက်မှန်ကို တပ်ထားကာ တင်းတင်းထန်ထန် မျက်နှာထားကြောင့် လုံးဝကို အရှိန်အဝါကြီးမှန်း သိသာတာကြောင့် တော်ရုံဆို ရှိန်ကျသွားစေမည့် ပုံပန်းသွင်ပြင်ပဲဖြစ်သည်။

"ဘွားတော်က တကယ့်ဂရိတ်ပဲနော်။ လုံးဝကို ခေါင်းခိုက် နေတဲ့ ဒီနိုင်းပဲ။ ငွေမိုးသွန်းကို သူ့သားဖြစ်လာလိမ့်မယ် လို့ ငါ မထင်ထားမိခဲ့တာ မှားတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်လေးကို ချမ်းသာတာပဲနော်။ သူ့လိုလူတောင် အိမ်ထောင်ရေး အဆင်မပြေဘူးတဲ့။ ကံတရားပဲ ထင်ပါရဲ့"

ဇင်က တရားကျသလို ပြောတာကို ကိုကိုက ပြုံးလိုက်ရင်းက ...

"သူကလည်း ဦးထင်မင်းညီကို သိပ်စိတ်နာနေတဲ့ပုံပဲဟ။ ကဲ ... ထားပါ အဲဒါတွေထက် အရေးကြီးတာက ငါ ဒေါ်နီနှင်းဆီနဲ့ ဘလိုင်း တစ်ကြိမ်ဆုံဖို့လိုတယ်။ အဲဒါမှ ငါ သူနဲ့ တကယ်ဆုံတဲ့အခါ မြင်ဖူးသလိုပဲလို့ ပြောအောင်လို့လေ"

"သူလိုလူမျိုးက တကယ့် ဂရိတ်နေရာတွေမှာပဲ ရှိမှာပေါ့။ ငါတို့မှာ Spy လည်း မရှိဘူးလေ။ ငါတို့ ဒါကိုတော့ တော်တော်စဉ်းစားရမယ်"

Spy ...။

အဲဒီစကားလုံးကြောင့် ကိုကိုက အတွေးတစ်ခုရသွားကာ လက်ဖျောက်တစ်ချက် တီးလိုက်ပြီး ...

"Ok ... သူ ငါ့ကိုမှတ်မိစေဖို့ သူ့အကျီမှာ ဝိုင်လိုဟာမျိုး စွန်းသွားဖို့လိုတယ်ဟ၊ သူ ပါတီတွေ ဘာတွေတက်မှာပေါ့။ အဲ့ခါဆို Ok ပြီ။ ဒီကိစ္စကတော့ သူ့သားဆီကပဲ စကားအစ်တတ်ဖို့ လိုလိမ့်မယ်။ ဟုတ်ပြီ ... ငါ ဒေါ်နီနှင်းဆီကို တွေ့ဖူးသွားပြီ။ ကျေးဇူးပဲ ဇင်။ ကျန်တာ ငါ လှုပ်ရှားရမယ့် အပိုင်း ဖြစ်သွားပြီ"





"ကိုကို ... နင် တကယ်ဆုံးဖြတ်ပြီးပြီလား"

"အင်း"

" ......... "

"ငါ့မှာ လက်စားချေဖို့ တာဝန်ရှိတယ် ဇင်။ ငါ့အချိန်တွေကို ဒီကလဲ့စားအတွက် အကုန်ခံလာတာ။ ငါ နောက်မဆုတ်ဘူး"

✻❣✻



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြုံးတွေ မြင်နေရရင်
သူလိုတာ ဖြည့်ပေးရရင်
သူ့အတွက် ဘာမဆို
ကိုယ်ဖြစ်နေရတာကိုက
ချစ်လို့ပဲ။

(ငွေမိုးသွန်း)



ထိုနေ့က ... ❤
ကောင်းကင်တွေ အရောင်ပြောင်းခဲ့တယ်
ဘောင်ခတ်ထားတဲ့ ပန်းချီကားထဲက
နှလုံးသားတစ်ခု ခုန်ထွက်လာခဲ့တယ်
အချစ်သီချင်းတွေ ချိုလို့လာတယ်
ထိုနေ့က ... ❤
နှလုံးသားရဲ့ပလ္လင်ထက်မှာ
ကြိုက်သလို မင်းမူစမ်းပါ ချစ်သူ
အပြစ်မယူဘဲ
အချစ်တွေ ထုပ်ပိုးလို့ ဆက်သချင်တယ်
ထိုနေ့က ... ❤
အရိုးသားဆုံး ပါရမီဖြည့်ဖက်အဖြစ်
အချစ်တတ်ဆုံး ပန်းရောင်ရဲ့သတို့သမီးအဖြစ်
မြတ်နိုးစွာသော အကြင်နာလူပျိုရဲ့
လူပျိုတမ်းချင်းအဖြစ် ရွတ်ဆိုချင်ရဲ့။
**Need you Now**

❄ ❤ ❄



www.burmeseclassic.com

www.burmeseclassic.com



ငွေမိုးက မေမေကိုယ်တိုင် ဖျော်ပေးထားတဲ့ နပ်ကော်ဖီဘူးလေးကို အဖုံးဖွင့်ကာ မော့သောက်လိုက်သည်။ အလုပ်ထဲမှာ စိတ်မပါတာကြောင့် သူက သူ့မန်နေဂျာနှင့် ကိစ္စတွေကို လွှဲထားကာ သူကတော့ အေးရာအေးကြောင်း ipad တစ်လုံးနဲ့ Temple Run ဆော့လိုက်၊ Angry birds ဆော့လိုက်နဲ့ သူ့အာရုံတွေကို game ထဲမှာ နစ်ထားလိုက်ရလေသည်။ အခုတလောမှာ သူနဲ့ နှလုံးသားနဲ့ တိုင်ပတ်နေတာကြောင့် ဘာမှလဲ လုပ်ချင်ကိုင်ချင်စိတ် မရှိပါ။ မေမေ ဆူမှာစိုးလို့သာ သူက အလုပ်ကိုနေ့တိုင်းလာနေရတာ ဖြစ်လေ၏။ ငွေမိုးက မျက်လုံးညောင်း၍ အာရုံလွှဲသလို ဆတ်ခနဲ TV ကိုကြည့်လိုက်လျှင် Showroom CCTV camera တပ်ထားသောအလုံးကို သွားကြည့်မိတာဖြစ်၏။ show room ထဲမှာ မြင်နေရတာက ... တာက။ ငွေမိုးသည် ချက်ချင်းပင် မျက်လုံးတွေ ကျယ်လာကာ ချက်ချင်းအောက်ထပ်သို့ ဆင်းလာကာ ကိုကိုရှိရာကို လာခဲ့လိုက်သည်။





"ကိုကို ... ကားလာကြည့်တာလား"

သူ့ရဲ့နှုတ်ဆက်စကားကြောင့် ကိုကိုက သူ့ကိုဆတ်ခနဲ မျက်လုံးပင့်ကြည့်လေသည်။ ဟား ... အရမ်းမိုက်တာပဲကွာ။ ဖြူဆွတ်နေတဲ့ အသားပျော့ရုပ်ကို Sky blue ဂျင်းနဲ့ ဝတ်ထားတာဟာ အရမ်းကိုမိုက်ပါသည်။ ဒီမှာ သူရှိနေတဲ့အတွက် အံ့အားသင့်သွားသော မျက်နှာပေးဖြင့်ကြည့်၍ ...

"ဒါ ရှင့် Showroom လား"

"အင်း ... ဟုတ်တယ်လေ"

"ဒီလိုဆို မလာပါဘူး"

သူမဘာသာ တိုးတိုးရေရွတ်တာကို သူကကြားတာကြောင့် သဘောတကျ ရယ်မိသွားကာ ...

"အဟား ... အဲဒီလိုတော့ မလုပ်ပါနဲ့ကွာ။ ဘာ ... စိဖြစ် peace ပေါ့။ Customer is always right ပဲဟာ။ ဘာပြောပြော သည်းခံပါတယ်။ ကဲ ... ကိုကိုက ဘယ်အမျိုးအစားလိုချင်တာလဲ"

"အင်း ... Belta ဖြစ်ဖြစ်၊ Swift ဖြစ်ဖြစ်ပေါ့။ ကျွန်မက အင်ဂျင်ပါဝါ 1.5 လောက်အထိပဲ စဉ်းစားထားတာနော်။ အင်း ... သဘောကျနေတာကတော့ ဟို Swift အနီလေးလေ"

"ဟုတ်ပါပြီ၊ လာလေ ... သွားကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



သူကပဲ ဦးဆောင်ခေါ်သွားကာ ကားအကြောင်း ရှင်းပြ ဘာညာနှင့် ကိုကိုနဲ့ စကားပြောရတာ အချိန်ကြာသွားလေသည်။ Purchasing နဲ့ဝယ်ပြီး စာချုပ် ဘာညာလုပ်ပြီး နောက်မှာတော့ သူက ကိုကို့ကို တစ်ဆိုင်ဆိုင်သွားဖို့ တောင်းဆိုလိုက်လေသည်။

"ကိုယ့်ကကံစတန်မာကို တစ်ခုခုနဲ့ ညှိခံပါရစေ။ လက်ခံမယ်မှုလားဟင်"

"ရပါတယ်၊ အဲဒီလောက် မလိုပါဘူး"

"ဘယ်ဟုတ်ပါ့မလဲ။ ကိုယ့်အတွက်တော့ ကိုကိုက အထူးခြားဆုံး ညှိသည်ပဲလေ၊ လာပါ … တစ်ခုခုစားရင်းသောက်ရင်း စကားပြောတာပေါ့"

သူက ဖွတ်ခေါ်တော့မှ ကိုကိုက အင်တင်တင်နှင့် ခေါင်းညိတ်ပြကာ လိုက်ဖို့သဘောတူလေသည်။ ဘာပဲဖြစ်ဖြစ် ဒါဟာ သူ့အတွက်တော့ အခွင့်အရေးပဲဖြစ်သည်။ သူနှင့်ကိုကိုဟာ ဆိုင်မှာအေးဆေးထိုင်ကာ စကားပြောဖို့ အသင့်ဖြစ်သောအနေအထားမှာ သူက စတင်ပြီး တောင်းပန်ခဲ့တာဖြစ်သည်။

"ဟိုနေ့တုန်းက ကိုယ် တော်တော့်ဖောင်းလိသွားတယ်။ Sorry ပါ ကိုကို။ ကိုယ် အဲဒီကိစ္စအတွက် တောင်းပန်ပါတယ်"





"ရပါတယ်။ ကျွန်မလည်း ရှင့်ကို ပြောတာနည်းနည်းလွန်သွားတယ်။ ရုတ်တရက်ဆိုတော့ ဒေါသထွက်သွားတာပါ။ အဲဒီနေ့က ကျွန်မက အလုပ်ကနေ တန်းလာတာလေ။ Boss ကလည်း ဒီဘက်ကို လမ်းကြုံနေတာနဲ့ ပတ်ပို့ပေးတာ။ အဲဒါကို ရှင်က တစ်မျိုးမေးခွန်းတွေ မေးနေတော့ ဒေါသဖြစ်သွားတာပေါ့။ အခုတော့ အေးဆေးဖြစ်သွားပါပြီ။ နောက်ဆို ရှင် ရမ်းသမ်းမပြောဖို့တော့ လိုလိမ့်မယ်"

ငွေမိုးရဲ့ရင်ထဲက အပူလုံးတွေဟာ အခုမှပဲ ရှော့ခနဲ ကျသွားတော့သည်။ အဟား … ဒါဆို အဲဒီနေ့က ကိုကို့ကို လာပို့တဲ့သူက သူတို့ ထင်ကြေးပေးကြသလို စပွန်ဆာလည်းမဟုတ်ဘူး။ ကိုကို့ဘဲလည်း မဟုတ်ဘူးပေါ့။ ကိုကို့ရဲ့ပြည့်စုံလှသော ဖြောင့်ရှင်းမှုအတွက် သူဟာ အခုမှပဲ ရင်အေးသွားရတာဖြစ်တာကြောင့် ကိုကိုနဲ့စကားပြောတဲ့အခါ လေသံတွေက ပိုသွက်လို့ လာလေသည်။

"အာ … စိတ်ချ၊ နောက် ဒီလိုမဖြစ်စေရပါဘူး ကိုကိုရယ်။ အခုလည်း ဖြစ်သွားတယ်ဆိုတာက ကိုယ့်ရဲ့ ကိုကို့အပေါ်ထားတဲ့ ဖီလင်တွေက ပေါက်ကွဲထွက်သွားတဲ့သဘောပါ။ ကိုကို့မှာ ဘာချစ်သူမှ မရှိဘူးဆိုတာ သိလိုက်ရပြီဆိုတော့ ကိုယ် အရမ်းစိတ်အေးသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအထအနကို ကိုကိုက ဘာဆိုတာ သဘော ပေါက်တာကြောင့် ကိုကိုက ဟက်ခနဲ တစ်ချက်ရယ်ရင်းက ...

"အမယ်လေး ... ပြောလိုက်ရင် အပိုင်ချည်းပဲ။ ဘယ်သူက ရည်းစားမရှိပါဘူးလို့ ပြောလို့လဲ။ ရှိရင်လည်း ရှိနိုင်တာပဲ"

"ဟာ ... မရှိပါဘူးကွာ။ ကိုယ့်စိတ်ထဲမှာ သိတာပေါ့။ ကိုကို ... ကိုယ် စကားတစ်ခွန်း ကြားဖူးတယ်ကွ။ မိန်းက လေးတစ်ယောက်ဟာ ကိုယ့်ကိုချစ်နေတယ်ဆိုတာသိတဲ့ ကောင်လေးရဲ့ရှေ့မှာဆို အဲဒီမိန်းကလေးက သူ့ကို လုံးဝ စိတ်မဝင်စားဘူးဆိုရင် မျက်နှာကြောတင်းတင်းနဲ့ လုံးဝကြီး ကိုငြင်းပြီး ငါ့မှာ ဘဲရှိတယ်လို့ အပြတ်ပြောတတ်ကြတယ် တဲ့။ အခု ကိုကိုက ရှိပါတယ်မပြောဘဲ ရှိရင်ရှိနိုင်တယ်ဆို တော့ ဒါဟာ ကိုယ့်ကို နည်းနည်းတော့ စိတ်ဝင်စားတဲ့ သဘောကို သက်ရောက်နေတယ်။ ဘယ်လိုလဲ ... ကိုယ် ပြောတာ ဟုတ်နိုင်လားဟင် ? "

မေးခွန်းဖမ်းအစ်လိုက်တဲ့ သူ့စကားကို ကိုကိုက ပြုံးရုံလေးသာ ပြုံးထားပြီး ပြန်မဖြေသေးပေ။ ကိုကိုဟာ သူ့အတွက် တော့ အရမ်းကို ဆွဲဆောင်နိုင်သူလေး ဖြစ်ပါသည်။ မိန်းကလေး တစ်ယောက်ကို သူဟာ ဘဝမှာ အဲဒီလောက်ထိ မငြိခဲ့ဖူးပေ။ ကိုကိုဟာ သူ့ဘဝရဲ့ရင်ခုန်သံအသစ်ပဲ ဖြစ်၏။





"ဟော ... ဘယ်လိုလဲ။ ကိုယ်ပြောတာ မှန်နေတယ် မဟုတ်လား"

"ဟား ဟား ... အထင်ကြီးရန်ကော ငွေမိုးသွန်းရယ်။ ဒီမှာ ရှင် ပြောတာတွေကို ကျွန်မက ယုံမယ်များ ထင် သလား။ ရှင့်အကြောင်းလည်း ဘာမှသေချာသိတာမဟုတ် ဘူး။ ရှင့်ကို တွေ့တာမှ weekend နှစ်ရက်ပဲရှိတာ။ ကျန်တဲ့အချိန်ကာလတွေမှာ ရှင် ဒီလိုစကားတွေ တခြား တစ်ယောက်ကို သွားပြောနေလားဆိုတာ ဘယ်သူမှ အာမ မခံနိုင်ဘူးလေ"

"ပြောစရာလားကွာ။ ကိုယ့်ဘဝမှာ ကိုကို တစ်ယောက် တည်းပဲ ချစ်ဖူးတာ။ အင်း ... ဟုတ်တာပေါ့။ ကိုကိုနဲ့ ကိုယ်က တွေ့လိုက်ရင် အမြဲဏာပဲဆိုတော့ သေချာမှ မပြောဖြစ်တာ။ ကိုကို နားထောင်ချင်တယ် ဆိုရင်တော့ ကိုယ့်အကြောင်း ပြောပြချင်ပါတယ်"

"အင်း ... ပြောလေ"

ကိုကိုက ခေါင်းညိတ်ပြလိုက်တာနဲ့ သူက သူ့ အကြောင်းသူ ပြန်ပြောပြဖြစ်သည်။

"ကိုယ့်အကြောင်းက ဘာမှ မယ်မယ်ရရတော့ မရှိပါဘူး။ ကိုယ်က တစ်ဦးတည်းသောသား။ မေမေပဲ ရှိတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့က သားအမိနှစ်ယောက်ပဲ ဘဝကိုရပ်တည်ထားတော့ မေမေနဲ့က အရမ်း Close ဖြစ်တယ်လေ။ ကိုကို့အကြောင်းကိုလည်း မေမေ့ကို ကိုယ်ပြောပြထားတယ်။ ဒီလိုပါပဲ ... ကိုယ်တို့မိသားစုက ရိုးရှင်းပါတယ်။ ကိုယ်က အခု စီးပွားရေးတစ်ဖက် ကျောင်းတစ်ဖက်နဲ့ စနေ၊ တနင်္ဂနွေဆို သင်တန်းလာတက်တယ်။ အဲဒါပဲ”

“အဖေက ဆုံးသွားတာလား”

အဲဒီမေးခွန်းကြောင့် ငွေမိုးက ပြုံးမိသွားသည်။ သူ မပြောဖြစ်တာ ကြာပြီဖြစ်တဲ့ စကားပဲဖြစ်သည်။ ဒါပေမဲ့ ကိုကိုက မေးတဲ့အခါ သူက မဖြေမဖြစ် ဖြေရတာဖြစ်သည်။

“မဆုံးသေးဘူးလို့ ထင်ရတာပဲ။ ကိုယ့်မေမေနဲ့ ဖေဖေက ဒီဗို့စ်လုပ်ထားတာလေ။ ကိုယ် ငယ်ငယ်ကတည်းကပဲ။ အဲဒီကတည်းက အဖေနဲ့ အဆက်သွယ်ပြတ်ခဲ့တာ ဒီနေ့ထိပဲ။ အဖေ ဘယ်မှာရှိလဲလည်း ကိုယ်မသိဘူး။ ဒါပေမဲ့ ဖေဖေ ရှိနေဦးမယ်လို့ ကိုယ်ယုံတယ်”

“သြော်”

“.........”

“sorry ပါပဲ။ ရှင့်အကြောင်းကို အရမ်းစပ်စုမိသလို ဖြစ်သွားတယ်။ ကျွန်မ စိတ်မကောင်းပါဘူး ငွေမိုးသွန်း”





“ရပါတယ်၊ ဒါက ကိုယ့်အတွက် အထူးအထွေ ဝမ်းနည်းစရာ မလိုတော့ဘူး။ ပြီးတော့ ကိုကိုက ကိုယ် တကယ်လေးလေးနက်နက် ရည်ရွယ်ထားတဲ့ မိန်းကလေးလေ။ ကိုယ် ပြောပြရမှာပါ”

သူ့ရဲ့တည်တံ့စွာပြောသော စကားကြောင့် ကိုကိုရဲ့ မျက်ဝန်းတွေဟာ တစ်မျိုးသာအဓိပ္ပာယ် ရှိသွားသလို သူ ခံစားမိလေသည်။ သူ့အပေါ်ထားတဲ့ သဘောထားဟာ ကိုကို့ဘက်က ဒီလောက်ပြောင်းလဲတယ် ဆိုတော့ မျှော်လင့်လို့ ရပါသေးသည်။

“ကိုယ့်အပေါ်ကို တစ်စုံတစ်ခု တုံ့ပြန်စေချင်ပါတယ် ကိုကို။ ကိုယ့်ဘက်က ကိုကို့အပေါ် တကယ်စိတ်နှစ်ထားတဲ့အခါကျတော့ ကိုကို့ဆီက တုံ့ပြန်လာမယ့် အဖြေတစ်ခုခုကို လိုချင်ပါတယ်”

“ကျွန်မ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်နော်။ အခုချိန်မှာ ငွေမိုးသွန်းလိုပဲ ကျွန်မကို ချစ်တဲ့သူတစ်ယောက်ကလည်း propose လုပ်ထားပါတယ်။ ဒါပေမဲ့ ရှင်တို့နှစ်ယောက်လုံးကို အချင်းမများစေချင်ဘူး။ ကျွန်မတို့က ကျောင်းတက်တုန်းအချိန်ဆိုတော့ ဒါဟာ ဘဝလက်တွဲဖော် ဆိုတာထက် အားလုံးက အပျော်သဘော ဖြစ်နေကြတာချည်းပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ကျွန်မအနေနဲ့ကလည်း ကိုယ့်ကို အပျော်သဘော တွဲချင်လို့လား၊ ဘယ်သူက ကျွန်မအတွက် သင့်တော်မလဲ စသဖြင့်ပေါ့ တွေးရပါတယ်။ ငွေမိုးသွန်ကို ကျွန်မ ခင်ပါတယ်။ လောလောဆယ် ဒီလောက်ပဲ ပြောနိုင်သေးတယ်"

"ဒါ ... ဆို ... သူ့ကိုကျတော့ကော"

"အတူတူပဲလေ၊ ကျွန်မ သူ့ကိုလည်း ခင်တယ်"

ငွေမိုးက ဘာပြောရမှန်းမသိ ဖြစ်သွားရသည်။ ဒါဟာ သူ့မှာ ပြိုင်ဘက်ရှိတယ်ဆိုတာ အသိပေးလိုက်တာပဲ။ ကိုကိုက ဒီလိုပြိုင်ဘက်ရှိကြောင်း အသိပေးတယ်ဆိုတော့ ဟိုတစ်ဖက်ကပဲ ကိုကို့နှလုံးသားကို ရနိုင်တာမို့ပဲ ကြိုကန်ထားတာများလား။ ဟား ... မဖြစ်တော့ဘူး။ သူဟာ ပြိုင်ဘက်ရှိတယ်ဆိုမှပဲ ကိုကို့ကို အဆုံးရှုံးမခံချင်တော့တာကို ရိပ်မိလာရသည်။

"ကိုကို ... ကိုယ်နဲ့ မင်းကြားမှာ တွေ့ချိန်ဆိုတာ အရမ်းနည်းပါတယ်။ အခုဆို သင်တန်းကလည်းပြီးပြီ။ ကိုယ့်အပေါ်ကို ရင်းနှီးမှုမရှိဘူးဆိုပြီးတော့ မငြင်းလိုက်ပါနဲ့နော်"

"ဟင်း ဟင်း ... စကားတွေက ပြောတာများပြီဆိုတော့ ပြန်ရအောင်လေ။ ရှင့်ကြည့်ရတာ အရမ်း worry တွေများနေသလိုပဲ။ အေးဆေးပေါ့"





ကိုကိုက ပေါ့ပါးစွာ နောက်သွားပေမယ့် သူကတော့ ရင်ထဲမှာ တကယ်ဖိုးလ်ဖြစ်ပြီး ကျန်ခဲ့တာဖြစ်သည်။ ကိုကိုသာ တခြားလူကို ချစ်သွားရင် သူတော့ ရေလည် အသည်းဟက်တက်ကွဲမှာဖြစ်သည်။

အဲဒါကြောင့် သူ့အသည်းမကွဲရေးအတွက် သူကိုယ်တိုင် ကြိုးစားမှ ရတော့မယ်ဆိုတာ သူ သဘောပေါက်လေသည်။

* ❣ *



www.burmeseclassic.com

www.burmeseclassic.com



၁၃

"အမယ်လေး ... ဒါများ သားရယ်။ စိတ်ညစ်စရာလား။ မင်းအမေ တစ်ယောက်လုံး ရှိနေတာပဲ။ သား ဟိုးငယ်ငယ် ကတည်းကနေ အခုချိန်ထိ သူ မရခဲ့တာဆိုတာ ရှိလို့လား။ မေမေပဲ ရအောင်လုပ်ပေးခဲ့တာပဲ။ ဒီတစ်ခါလည်း မေမေ့ ကိုပဲယုံ၊ ဟုတ်ပြီလား"

ဒေါ်နီနှင်းဆီသည် သီးသန့်ခန်းရဲ့ special comfort ဆက်တီမှာ ခြေချိတ်ထိုင်ကာ မျက်လုံးတွေက မှန်ချပ်ကတစ်ဆင့် အပြင်မှာရှိတဲ့ ရှုခင်းတွေကို ကြည့်နေပေမယ့် နားထဲမှာ မနေ့ညက သားကိုပြောခဲ့တဲ့စကားကို ကြားယောင်နေမိသည်။ သားဟာ ယဉ်တစ်ကိုယ် ဆိုတဲ့ ကောင်မလေးကို တော်တော်လေး ချစ်ခင်နေပုံရသည်။ အဲဒီအတွက် ...။

"မမ ... မယဉ်တစ်ကိုယ် ရောက်ပါပြီရှင်"





"ဟုတ်ပြီ ... သန္တာ ဟိုဘက်အခန်းက စောင့်နေလိုက်နော်"

သန္တာက ယဉ်တစ်ကိုယ့်ကို အခန်းထဲ ပို့ပေးပြီး နောက် ထွက်သွားလေသည်။ ဒေါ်နီနှင်းဆီက အခုမှ မြင်ဖူးတဲ့ ယဉ်တစ်ကိုယ့်ကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်။ အင်း ... သားက ဒါကြောင့် တမ်းတမ်းစွဲ ဖြစ်နေတာကိုး။ ကလေးမသည် ဖြူဖြူစင်စင်နှင့် ကြည်လင်သော မျက်နှာထားမျိုးဖြစ်သည်။ မျက်လုံးတွေက ရဲရင့်စူးရှနေကာ နှုတ်ခမ်းတွေက ပြုံးမြမြအနေ အထားဖြစ်၏။

"ထိုင်ပါ သမီး ... ထိုင်ပါ။ အခုလို လာတာကိုလည်း ကျေးဇူးတင်ပါတယ်။ အန်တီက ငွေမိုးသွန်း မေမေပါ။ ဒေါ်နီနှင်းဆီ"

နှင်းဆီ လက်တစ်ဖက်ကမ်းလိုက်လျှင် ယဉ်တစ်ကိုယ် ကလည်း အသိမှတ်ပြုသလို ခေါင်းဆတ်ကာ လက်ဆွဲပြန်နှုတ် ဆက်၍ ...

"ဟုတ်ကဲ့ ... တွေ့ရတာဝမ်းသာပါတယ် အန်တီ။ ကျွန်မ က ယဉ်တစ်ကိုယ်ပါ။ အန်တီတွေ့ချင်တာ ဘာကိစ္စများ ရှိလို့ပါလဲရှင့်"

"ထိုင်ပါ ... အန်တီတို့ စကားအေးဆေးပြောချင်လို့လေ။ သမီး အချိန်ရရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ယဉ်တစ်ကိုယ်က ခေါင်းတစ်ချက် ဆတ်ပြရင်းက သူမကို အာပါလိမ့်ဆိုတဲ့ သဘောဖြင့် လှမ်းကြည့်သည်။ အဲဒီ အချိန်မှာပဲ မှာထားတဲ့ အစားအသောက်တွေ လာချပေးတာမို့ စကားစက ခဏရပ်သွားကာ သူတို့ထွက်သွားပြီးမှ ပြန်ဆက်လိုက်၏။

"သုံးဆောင်ပါ သမီး။ စားရင်း သောက်ရင်း စကားပြောတာပေါ့။ အဟင်း ... သမီးနဲ့ သားက သင်တန်းမှာဆုံတယ်လို့ ကြားတယ်။ သားက အင်း ... ပွင့်ပွင့်လင်းလင်း ပြောရရင် သားက အန်တီ့ကို ပြောပြတယ်လေ။ သူ့ဘက်က သမီးအပေါ်ထားတဲ့ သဘောထားကိုပေါ့"

"ဟို ... Excuse အန်တီ။ ကျွန်မနဲ့ ငွေမိုးသွန်းက ဘာမှ မဆိုင်သေးပါဘူး။ ကျွန်မ သူ့ကို လက်မခံထားသေးပါဘူး"

မိန်းကလေးက ဆတ်ဆတ်ကြဲပဲ။ နှင်းဆီက အခြေအနေ ရှုပ်ထွေးမသွားခင် စကားစမပြတ်အောင် ဆက်ပြောလိုက်သည်။

"ဟုတ်ပါတယ်။ ဒါကို အန်တီ သိပါတယ်။ သားက ငယ်ငယ်လေးတည်းက ဘာမဆို ရခဲ့တဲ့သူ။ အန်တီက သားရဲ့အလိုဆန္ဒ မှန်သမျှကို ဖြည့်ဆည်းပေးတဲ့ အမေတစ်ယောက်ပါ။ အခု ဒီနေ့ သမီးကို ခေါ်တွေ့တယ်ဆိုတာကလည်း အဲဒီအတွက်ပဲ စကားပြောချင်တာပါ"





"အန်တီ ဘာကိုဆိုလိုချင်တာလဲ မသိဘူး"

ယဉ်တစ်ကိုယ်ရဲ့ မျက်ဝန်းတွေထဲမှာ အဓိပ္ပာယ်တွေ အများကြီး ပါဝင်နေလေသည်။ ဒါပေမဲ့ ဒါဟာ ဘာလဲဆိုတာ စဉ်းစားနေဖို့ အချိန်တွေ သိပ်ကြာနေလိမ့်မည်။ နှင်းဆီအဖို့ သားနဲ့ပတ်သက်တဲ့ ကိစ္စကသာ အရေးကြီးလေသည်။

"ဆိုလိုချင်တာကတော့ သမီးနဲ့ အန်တီ့သားကို အန်တီက ချစ်သူတွေ ဖြစ်မသွားစေချင်ဘူး။ အဲဒီတော့ သမီး သူ့ကို ရှောင်ပေးပါ။ အဲဒါ အဓိက ပြောချင်တာပါ။ အဲဒီစကားအတွက် သမီးဘက်က ဘာမှနစ်နာဖို့ မရှိပါဘူး။ ဒါလေးကို လက်ခံလိုက်ပါ"

နှင်းဆီက ယဉ်တစ်ကိုယ့် ရှေ့သို့ စာအိတ်လေး တစ်အိတ် ထိုးပေးလိုက်သည်။ ကြည့်ရတာ နှင်းဆီဘက်က ဒီလို ပြောလိမ့်မယ်လို့ လုံးဝထင်ထားဟန်မတူပါ။ တော်တော်လေးကို မျက်နှာပျက်သွားကာ ပြီးတော့မှ စာအိတ်ထဲမှာ နှင်းဆီထည့်ထားတဲ့ သိန်း(၁၀၀၀)တန် ချက်လက်မှတ်ကို အသာဖွင့်ကြည့်ကာ ...

"အန်တီ့သားက သိန်းတစ်ထောင်ပဲ တန်တာလား"

ဘယ်လိုမိန်းကလေးလဲ။ နှင်းဆီသည် အဲဒီမေးခွန်းကြောင့် ဖျင်းခနဲ ဒေါသဖြစ်သွားပေမယ့် ယဉ်တစ်ကိုယ် ဆိုသော မိန်းကလေးကို ပြုံးထေ့ထေ့ ပြန်စိုက်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါက မင်းအတွက် ပေးတာပါ။ သားနဲ့မင်းက ဘာမှ မဆိုင်သေးပါဘူး။ မင်း ရှောင်ပေးလိုက်တာနဲ့ ရမယ့်တန်ဖိုးပါ။ အန်တီ့သားက တန်ဖိုးဖြတ်မရဘူး"

"ဒီမှာ အန်တီ၊ အန်တီ့စကားတွေကသာ ကျွန်မကိုစော်ကားနေတာနော်။ ကျွန်မကို ဒီစကားပြောပြီး ဒီငွေပေးဖို့အတွက် ဒီနေရာမှာ ချိန်းတယ်ဆိုတော့ စိတ်ဝင်စားစရာပဲ။ ကျွန်မ ဒါတောင် အဖြေပေးရသေးတာမဟုတ်ဘူး။ ဟင်း ဟင်း ... ဒီချက်ကို ပြန်ယူသွားလိုက်ပါ အန်တီ"

ယဉ်တစ်ကိုယ်က ဆက်ပြောဖို့အတွက် သူမမျက်နှာကို အပြုံးဖြင့်စိုက်ကြည့်သည်။ ပြီးတော့မှ နှုတ်ခမ်းဖျားလေးနဲ့ သူ့ကို စိန်ခေါ်သွားလေသည်။

"ကျွန်မ ငွေမိုးသွန်းကို ခေါင်းညိတ်ပြီးမှ အန်တီ ကျွန်မနဲ့ တွေ့ဖို့လိုမယ်ထင်တယ်"

"မင်း ဘယ်လောက်လိုချင်သလဲပြောပါ။ တစ်ခုပဲ သားနဲ့ မင်းကို အန်တီ သဘောမတူနိုင်ဘူး။ စိတ်တော့ မရှိနဲ့နော်။ သားလိုလူမျိုးက မင်းလိုမိန်းကလေးမျိုးနဲ့ တွေ့တယ်ဆိုတာကို အန်တီ တော်တော်အံ့သြနေတာ။ သူ့ပတ်ဝန်းကျင်က မဟုတ်ပေမယ့် မင်းက သင်တန်းက ဖြစ်နေတယ်ဆိုတော့ ထူးဆန်းနေတာ။ အဓိက,က သားနဲ့ ချစ်သူ မဖြစ်ချင်ပါနဲ့"





"အဟင်း ဟင်း ... အန်တီ ဆန္ဒတွေ သိပ်စောနေသလိုပဲ။ တကယ်ဆို ကျွန်မက အနိုင်ပိုင်းထားတဲ့သူပါ။ ဒီခေတ်ထဲမှာ ငွေကြေးဟာ အဆင့်အတန်း ဆိုပေမယ့် ပညာမဲ့သလို စည်းလွတ်ဝါးလွတ် စကားပြောရင်တော့ ငွေဘယ်လောက်ရှိရှိ အဆင့်အတန်းဆိုတာ မရှိတော့ပါဘူး။ ကျွန်မက ငွေမိုးသွန်းကို စိတ်ကူးထဲတောင် ထည့်ထားတာ မဟုတ်ပါဘူး။ သွားလိုက်ပါဦးမယ်"

နှင်းဆီက ပညာသားပါပါ နှိပ်ကွပ်သွားသော မလောက်လေး မလောက်စားလေးကို ပြန်ချေပမနေတော့ဘဲ သူမ မထွက်သွားခင် လှမ်းပြောလိုက်သည်။

"မင်းစကားနဲ့မင်း တည်ပါစေ ယဉ်တစ်ကိုယ်"

ယဉ်တစ်ကိုယ်က နှင်းဆီကို လည်ပြန်လှည့်ကြည့်သည်။ ပြီးတော့မှ ခေါင်းတစ်ချက် ဆတ်ပြကာ ...

"See You ပါ အန်တီ"

ကြည့်စမ်း ... အင်မတန်မှကို အထိမခံတဲ့ မိန်းကလေးပဲ။ ဒီလိုမိန်းကလေးမျိုးကို သားရလို့ကတော့ လွယ်မှာမဟုတ်။ နှင်းဆီဘက်က ပညာသားပါပါ သိမ်သိမ်မွေ့မွေ့နဲ့ သားရဲ့နှလုံးသားထဲက သူ့ကို ထုတ်ပစ်နိုင်ဖို့ဆိုတာ လွယ်လွယ်လေးပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ နှင်းဆီဘက်က တစ်ကွက်ချော်သွားတာက ယဉ်တစ်ကိုယ် ဆိုတဲ့ မိန်းကလေးဟာ လက်ညှိုးထောင်ခေါင်းညိတ် အဆင့်မဟုတ်ဘဲ နှင်းဆီလို မာနကြီးသည့် ခပ်ထက်ထက်မိန်းက လေး ဖြစ်လိမ့်မည်လို့ ကြိုမတွေးမိလိုက်တာဖြစ်သည်။

* ❣ *





ငွေမိုးသည် ကြည်လင်လန်းဆန်းသော စိတ်တို့ဖြင့် Bath-tub မှာ ရေကောင်းကောင်းစိမ်ပြီးနောက် towel ပတ်ကာ အပြင်ထွက်လာလေလျှင် သူ့ ကွန်ပျူတာဘေးက စာအုပ်စင်ပေါ်က ဖုန်းက အသံပေးလေသည်။ ငွေမိုးက ဘယ်သူပါလဲလို့ ကြည့်မိလျှင် ဝါးခနဲ အာမေဋိတ်ပြုကာ ဖုန်းချက်ချင်းကိုင်လိုက်လေသည်။

"very amazing ... ကိုယ် ဘာလုပ်ပေးရမလဲ ပြောပါ"

သူမက သူပြောတာကို ဂရုတောင်မစိုက်ဘဲ သူမ ပြောစရာရှိတာကိုပဲ ဆက်ပြောလေသည်။

"ရှင် အခု အလုပ်မှာလား"

"မဟုတ်ဘူး။ ကိုယ် အိမ်ပြန်ရောက်ပြီ။ အခုလေးတင် ရေချိုးခန်းက ထွက်လာတုန်း ကိုကို့ဆီက ဖုန်းလာတာ ဘာဖြစ်လို့လဲ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက အခု ဆရာစံလမ်းမပေါ်မှာ။ ကားကလေ ဘာဖြစ်မှန်းမသိဘူး မောင်းနေရင်းက ထိုးရပ်သွားတယ်"

"Ok ... ဒါဆို ကိုယ်သိပြီ။ ခဏပဲစောင့်၊ ကိုယ်အခုထွက်လာခဲ့မယ်"

"ရှင် အားရော အားရဲ့လား"

"ကိုကို့အတွက်ပဲ။ မအားဘူးရှိမလား။ ခဏလေးပဲစောင့်နော်"

"အင်း ... ကျွန်မက ပုလဲကွန်ဒို အကျော်လေးမှာရှိတယ်"

သူက ဖုန်းပြောပြီးသွားလျှင် ရေးဆို ခလထဲသို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။ ဒါဟာ သူ့ရဲ့မဟာအခွင့်အရေးပါလား။ ပြီးတော့ ကိုကိုက သူ့ကို သတိတရရှိတာကိုလည်း အရမ်းပဲ ဂုဏ်ယူရလေသည်။ ငွေမိုးက ဗီရိုထဲက အဖြူရောင်ရှပ်ကို လက်ခေါက်ဝတ်ကာ ဂျင်းဘောင်းဘီအနက်ဖြင့် တွဲဖက်ကာ မြန်မြန်အဝတ်လဲပြီး ကိုကို့ဆီသွားဖို့ အောက်ကိုအမြန်ဆင်းလာလျှင် ထမင်းပွဲအဆင်သင့်ဖြစ်အောင် ကိုယ်တိုင်ပြင်နေသော မေမေက သူ့ကို လှမ်းမေးလေသည်။

"သား ... ဒါ ဘယ်သွားမလို့လဲ"

သူက မေမေ့ကို ပြန်လာမှ ကိုကိုနဲ့သွားတွေ့တာကို ကြွားမယ်လို့ စဉ်းစားမိပြီး အခုတော့ ပါးစပ်ထဲရှိရာ reason တစ်ခုကို ပြောလိုက်သည်။





"ဟိုဟာ မေမေ၊ မနက် ကိုလူလေးကို ကားလိုင်စင် ဝင်ခိုင်းထားတာ။ အဲဒါ owner book ကုမ္ပဏီမှာ ကျန်ခဲ့လို့ သား သွားယူလိုက်ဦးမယ် မေမေ"

"ထမင်းစားပြီးမှသွားလေ သားရဲ့"

"ရတယ် မေမေ။ သား ဒီနေ့ ဗိုက်မဆာဘူး။ နေ့လယ်က sandwich တွေ စားတာများသွားလို့ ရင်ပြည့်သလို ဖြစ်နေလို့ ပြန်လာမှပဲ စားတော့မယ် မေမေ"

"သားနော် ... အကျင့်တွေ ပျက်နေတယ်။ ကဲ ... သွား ... သွား"

မေမေ့ကို သူက ဖောရှောလုပ်ပြီးနောက် ခပ်သွက်သွက်ပင် ဂိုဒေါင်ထဲက ကားထုတ်ကာ ကိုကို့ဆီသို့ အမြန်ဆုံးသွားလေတော့သည်။ သူ ပွိုင့်တစ်ခုမှာ တန်းစီနေတုန်း ကိုကို့ဆီက ဖုန်းထပ်လာပြန်လျှင် သူက handfree တပ်ကာ ပြောလိုက်၏။

"ရောက်ခါနီးပြီ ကိုကိုရေ။ wait afew minute "

"အဲဒါ လှမ်းပြောတာ။ ကားကောင်းသွားပြီ ငွေမိုးသွန်းရဲ့။ ရှင် မလာနဲ့တော့ ရပြီ"

ဟင် ... ကားကလည်းကွာ ဘာကိစ္စ ချက်ချင်းကြီး ကောင်းရတာလဲဟ။ သူက ကြုံတောင့်ကြုံခဲ အခွင့်အရေးကို လက်လွှတ်မခံချင်တာကြောင့် မရ,ရအောင် ဆွဲစိပ်စ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကိုယ်က ရောက်တောင် ရောက်တော့မယ့်ဟာကို။ မင်းကလည်း အဲဒါဆိုလည်း အဲဒီမှာ ခဏလေးစောင့်နေနော်။ ကိုယ်ရောက်တော့မယ်"

"အိုး ... ဘာလို့လဲ။ ကားက ကောင်းပြီဟာကို။ သွားလို့ရပြီပေါ့"

"အာ ... ကိုယ့်ကို အားနာဦးလေ။ ကိုယ် ရုံးက ကိုကို့ဆီ ထွက်လာခဲ့တာ။ ဘာမှတောင် မစားလာဘူး ကိုယ်က အစာအိမ်ရှိတယ်ကွ။ လူကို ခေါ်တုန်းကခေါ်ပြီး ကျွေးမွေးမတင်ရင်တောင် အားနာတဲ့အနေနဲ့ တစ်ခုခုတော့ ကျွေးသင့်တာပေါ့"

ငွေမိုးက ကားမောင်းလာရင်းက ကိုကို လက်ခံလာအောင် ပြောနေလျှင် ကိုကို့ဘက်က ကျစ်ခနဲ စုပ်သတ်သံနဲ့အတူ_

"အစာအိမ်ပဲ လူတိုင်းမှာ ရှိတာပေါ့။ ဟွန်း ... မကျွေးပြန်ရင်လည်း အလကားနေရင်း စိတ်ပုပ်မ ဖြစ်တော့မယ်။ ရှင် အခု ရောက်တော့မှာလား"

"Yes ... 5 minutes later"

"အမယ်လေး... ကဲ ... ပြီးရော၊ အဲဒါဆို ထိပ်က YKKO ကိုသာ မောင်းလာခဲ့တော့။ အဲဒီကစောင့်မယ် ဒါပဲ"

ကိုကို့စကားအဆုံးမှာ သူဟာ ပျော်လွန်းလို့အရှင်ကြီးကို မြှူးမိသွားလေသည်။ သူ့ရဲ့ကံတရားဟာ ပြီးခဲ့တဲ့လတွေနဲ့





ဘာမှမဆိုင်တော့ဘဲ စန်းတက်ချိန်ကို ရောက်လာခဲ့ပြီလို့တောင် ပြောလို့ရသည်။ သင်တန်းမရှိတော့မှ သူနဲ့ ကိုကိုဟာ ပိုပြီးနီးစပ်သွားသလိုပဲဖြစ်သည်။ စိတ်ကူးတွေများစွာဖြင့် သူဟာ ခပ်သွက်သွက်ကလေး ကားမောင်းလာခဲ့လျှင် YKKO မှာ စောင့်နေသော ကိုကို့ဆီသို့ ရောက်လေသည်။ ချစ်စရာကောင်းသော ကိုကိုဟာ ဆံပင်တွေကို အပြောင်လှန်သိမ်းကာ ခေါင်းစည်းကွင်းတစ်ခုဖြင့် စည်းထားတာကြောင့် မျက်နှာလေးက လမင်းလေးတစ်စင်းလို အားမြလို့ လင်းချင်းတောက်ပနေပါသည်။ သူက ကိုကို့နဲ့မျက်နှာ - ချင်းဆိုင်မှာပဲထိုင်ကာ ...

"ဟိုင်း ... ဒကာတော်ရေမြွေသခင်မ၊ ကိုယ့်ကိုကျွေးဖို့ စေတနာကော အပြည့်ပါရဲ့လား"

ကိုကိုက မျက်စောင်းတစ်ချက် ထိုးရင်းက ...

"ကြိုက်တာမှာပါ၊ ခေါ်မိတာကိုက ကျွန်မအမှားပဲဟာ။ ရှတ် ... ရှတ် ... ကြေးအိုးဆီချက် ဝက်နဲ့၊ ပြီးတော့ ဆားတေးတစ်ပွဲ၊ အမ်း ... ပြီးတော့ စတော်ဘယ်ရီလက်ဖျော်တစ်ခွက်။ ရှင်ကကော"

"ကြေးအိုးဆီချက် ဝက်နဲ့ ရေတစ်ဘူး"

ကောင်လေး ထွက်သွားပြီးနောက်မှ ငွေမိုးက ကိုကို့ရဲ့ပုံစံလေးကို ကြည့်ကာ ပိုချစ်မိသွားပြီး ပြုံးစိစိဖြင့် စိုက်ကြည့်နေလျှင် သူမက ဘာလဲဆိုပြီး မေးဆတ်ပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံး ... ဘာအတင်းပြောဖို့လဲ"

"အဟား ... ဟား ... သိနေတယ်လား။ ကိုယ်က ကိုယ်လာမှ ကိုကိုက အစားအသောက်တွေ မှာတာကို သဘောကျနေတာပါ။ ပြီးတော့ မေးရဦးမယ်။ ကြေးအိုးက ဝိတ်တက်တယ်လေ။ ညနေဘက် ကြေးအိုးစားတယ်ဆိုတော့ ဝ,မှာမစိုးရိမ်ဘူးလား"

"စိုးရိမ်စရာလား။ ကျွန်မက ဘယ်လောက်စားစား ဝိတ်မတက်ဘူးရှင့်။ ဘာတွေလာစပ်စုနေတာလဲ"

"အဟား ဟား ... ဟုတ်ပါပြီဗျာ။ မစပ်စုတော့ပါဘူးနော်။ အဲ ... ကားက ဘာဖြစ်တာလဲ။ ဒီကားတွေက ပျက်ခဲပါတယ်"

"မသိပါဘူး။ ရုတ်တရက် ထိုးရပ်သွားတာ။ အခုတော့လည်း သူ မဟုတ်တဲ့အတိုင်း ကောင်းသွားပြီ"

ကိုကို့ရဲ့ချစ်စရာအပြောလေးကို သူက ပြုံးကြည့်နေမိကာ ပါးစပ်ကလည်း လွှတ်ခနဲ ထွက်သွားလေသည်။

"မင်းက အရမ်းချစ်ဖို့ကောင်းတယ် သိလား ကိုကို"

သူ့ရဲ့အဲဒီစကားကို ကိုကိုက အပြုံးတစ်ခုပြုံး၍ ကန့်ကွက်လေသည်။

"ငွေမိုးသွန်းက သားအမိနှစ်ယောက်တည်း ရှိတာနော်"





ဘာမှမဆိုင်ဘဲ မေးတာဖြစ်ပေမယ့် သူဟာ ကိုကို သိချင်တာကို ခေါင်းညိတ်၍ ဖြေပေးလိုက်လေသည်။

"အင်း ... ဟုတ်တယ်လေ။ ဘာလို့လဲ ကိုကို"

ကိုကိုက သူ့အမေးကို မဖြေသေးဘဲ ရောက်လာပြီဖြစ်သော ကြေးအိုးဆီချက်ကိုစားဖို့ တူကိုဖောက်ကာ ကြေးအိုးဆီချက်ကို အသာမွှေနှောက်နေပြီးမှ အေးဆေးသော အပြုံးတစ်ခု ဖြင့်ပြုံးကာ ...

"ရှင်က ရှင့်မေမေကို ကျွန်မအကြောင်း ဘာတွေပြောထားသလဲ။ မနေ့က အန်တီနဲ့ ကျွန်မ ဆုံဖြစ်တယ်"

"အဟင် ... အဟွတ် ... ဟွတ်"

သူက သောက်နေတဲ့ရေတောင် သီးမတတ်ဖြစ်သွားရလေသည်။ ဟား ... မေမေက လက်သွက်လှချည်လား။ ပြီးတော့ သူဟာ အံ့ဩမှုနဲ့အတူ မေမေ့ကို ပိုတောင်ချစ်သွားရသည်။ သူ့ကို စိတ်ချနေပါဆိုတဲ့ ကတိအတိုင်း တကယ်ပဲ ဖန်တီးပေးခဲ့တဲ့ heroပါလား။ ကိုကိုက သူ့ပြန်အဖြေကို မစောင့်လေဘဲ စကားဆက်ပြော၏။

"အန်တီက တကယ့်ကိုတော်တဲ့ အမျိုးသမီးတစ်ယောက်ပါပဲ။ သူက ရှင့်အတွက် မိခင်ကောင်းလည်း ဖြစ်တယ် ငွေမိုးသွန်း"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့စကားတွေက သူ့ကို စိတ်ဆိုးလို့ပြောတဲ့ပုံမျိုး မဟုတ်ဘဲ အရမ်းကြီး တည်နေတာကြောင့် သူက မေမေ ဘာတွေများပြောသလဲလို့ သူ တအားကို စိတ်ဝင်စားမိသွားသည်။ ပြီးတော့ မေမေက ကိုကိုနဲ့ တွေ့လာတယ် ဆိုတာကိုလည်း သူ့ကို တစွန်းတစမှ မဟခဲ့။ ဘာများပါလိမ့်။

"ကိုကို ... ကိုယ့်အမေက တစ်ခုခုများ ပြောလိုက်လားဟင်။ ကိုယ်က ကိုကို့ကို ချစ်တယ်ဆိုတာကိုပဲ မေမေ့ကို ရင်ဖွင့်မိတာပါ။ မေမေက ... မေမေက ဘာပြောလို့လဲဟင်"

"အဟင်း ... သူ့သားအတွက် မှန်တဲ့စကားကို ပြောသွားတာပါ။ ဒါပေမဲ့ တစ်ဦးတစ်ယောက် ကောင်းစားဖို့ဆိုရင် တစ်ဦးတစ်ယောက် ပျက်စီးရတယ်ဆိုတာ မမှတာပဲမှလား။ အဲဒီလိုပဲပေါ့ ... ရှင့်အတွက် ကောင်းမယ့်စကားတွေကိုပဲ အန်တီက ရွေးပြောသွားတာပါ"

ကိုကိုက စကားပြောတာ အရမ်းညက်ညောလှသည်။ သူ့ရဲ့သိချင်စိတ်တွေဟာ ပို၍ ပို၍ ကလိကလိဖြစ်ရလေသည်။ တစ်ဦးကောင်းဖို့ တစ်ဦးပျက်ရတယ်တဲ့။ မေမေက သူ့အတွက် ကောင်းတဲ့စကား ပြောတယ်ဆို ကိုကို့အတွက်က ...။ ဟား ... မေမေ ဘာတွေများ ပြောလိုက်ပါလိမ့်။ သူဟာ ကိုကို့ကို မျက်နှာပူကာ အားနာသွားတာရော ရင်တွေပူတာတွေပါရောကာ သူကမပြောလေ သိချင်လေတွေဖြစ်ကာ ကိုကို့ကို အသည်းအသန် မေးရတော့သည်။





"အမေက ကိုကို့ကို ဘာတွေပြောသွားလို့လဲဟင်။ ကျေးဇူးပြုပြီး ကျွန်တော့်ကိုပြောပါ ကိုကို။ ကိုကို့ကို ထိသွားအောင် မေမေ ဘာတွေပြောလဲဟင်"

"ဆောရီးပဲ ငွေမိုးသွန်း။ ကျွန်မ ပြန်ပြောလိုက်ရင် ကျွန်မက သွေးထိုးပေးလိုက်တယ်ဆိုပြီး ရာဇဝင်တွင်သွားမှာပေါ့။ မပြောပါရစေနဲ့။ ပြီးတော့ ရှင်နဲ့ ကျွန်မ တွေ့ဆုံခြင်း၊ ပတ်သက်ခြင်းတွေကို ဒီနေရာမှာ ရပ်လိုက်ရအောင်"

"ဘာ"

သူ့ရဲ့ဘာ,သံက နည်းနည်းကျယ်သွားတာကြောင့် ဘေးဝိုင်းတွေက လှမ်းရှိုးလျှင် သူက ကိုယ်ရှိန်သတ်ကာ လေသံကို လျှော့လိုက်ပြီး ...

"ကိုကို ... ဘာတွေလဲ။ မေမေက ဘာပြောလို့လဲ။ ကိုယ်နဲ့ ကိုကိုက ဘာလို့ အဆက်သွယ် ဖြတ်ရမှာလဲ။ ကိုကို ပြောပါကွာ။ မေမေ့ကိုယ်စားလည်း ကိုယ်တောင်းပန်ပါတယ်"

"မလိုပါဘူး။ ဒါ ဖြစ်သင့်တယ်လို့ ယူဆလို့ ရပါတယ်"

"ကိုယ်က မင်းကို တကယ်ကြီး ချစ်နေတဲ့သူပါ ကိုကို။ ကိုယ် မလွဲချင်ဘူး။ မေမေ ဘာပြောလိုက်တာလဲ။ ကိုယ့်ကို ပြောပြပါ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ။ ရှင်က ပြောဆိုလို့ ပြောလိုက်တာနော်။ ရှင့်အမေက ကျွန်မကို ရှင်နဲ့မတွေ့အောင် ရှောင်ပေးပါတဲ့။ အဲဒီလို ရှောင်ပေးတဲ့အတွက် သိန်းတစ်ထောင် နှစ်နာကြေး ပေးမယ်တဲ့။ ကျွန်မရဲ့ဂုဏ်သိက္ခာတွေ ဘယ်မလဲ။ ကျွန်မ အပေါစားမဟုတ်ဘူး ငွေမိုးသွန်း။ ရှင်နဲ့ကျွန်မက သာမန် အဆင့်ပဲ ရှိတယ်။ ရှင့်ဘက်က proposeကို ကျွန်မဘက်က ဘာမှမတုံ့ပြန်ဘူး။ ရှင်နဲ့ကျွန်မ မပတ်သက်တာကို ဘလိုင်း ဝင်ပွဲကြမ်းတာတင်မကဘူး ငွေနဲ့ပစ်ပေါက်သွားတာ။ သူ ဆိုလိုချင်တာက ကျွန်မက ရှင်နဲ့မတန်လို့ဆိုတဲ့ အဓိပ္ပာယ် ပဲ။ ကျွန်မ ဘယ်လောက်အောက်လဲ။ တော်တော်လေးလည်း ဒေါသဖြစ်သွားတယ် ...

သွေးအေးတော့မှ စဉ်းစားကြည့်တော့ သူ့လုပ်ရပ်က တစ်ဖက်ကို ဒေါကန်စရာဖြစ်ပေမယ့် ရှင့်အတွက် အမြင့် တကာ့ အမြင့်ဆုံးမှန်းတဲ့ အန်တီရဲ့မိခင်စိတ်ကို ခံစားပေး လို့ရလို့ ကျွန်မ လျှော်ပစ်လိုက်တာပါ"

"........."

"ကျွန်မတို့ မပတ်သက်ဖို့ ပြောဖို့အတွက် ကျွန်မ ရှင့်ကို ဖုန်းဆက်မလို့ပါ။ မမျှော်လင့်ဘဲ ကားပျက်သွားတော့ အဲဒါပြောဖို့ အခွင့်အရေး ရသွားတာပေါ့။ ပြောချင်တာက အဲဒါပဲ။ ကျွန်မ အန်တီ့ကို မိခင်စိတ်ဆိုတာနဲ့ ကိုယ်ချင်း





စာနိုင်လို့ သည်းညည်းခံနိုင်ပါတယ်။ ဒါပေမဲ့ နှစ်ခါမရဘူး ငွေမိုးသွန်း။ အဲဒါကြောင့် ကျွန်မကို လာပြီးမပတ်သက်ပါ နဲ့တော့ ... နော်။ Request လုပ်နေတာပါ"

ဟား ...။ ငွေမိုးသည် ဘာကစပြီး ပြောရမယ်မသိ အောင် လည်ချောင်းဝမှာ တစ်ဆို့လို့နေလေသည်။ ကျစ် ... ဟား ... ဟားကွာ၊ မေမေ ... မေမေ ရက်စက်လိုက်တာ။

"မဟုတ်ဘူး ... မဟုတ်ဘူး ကိုကို။ မေမေ့ဘက်က ဘာပဲ ပြောပြော ကိုယ်က ကိုယ့်ရည်ရွယ်ချက်ကို ပျက်စီးမခံနိုင် ဘူး။ ကိုကို့ကို ကိုယ်တကယ်ချစ်တာပါ"

"ကျစ် ... ရှင့်မေမေ သဘောမတူတဲ့ ဆန္ဒကို ဘာလို့ဖွတ် တိုးချင်နေရတာလဲ ငွေမိုးသွန်းရယ်"

"ချစ်လို့လေ ... မင်းကို ချစ်လို့ပေါ့ ကိုကိုရယ်"

သူ့ရဲ့ ခပ်သွက်သွက် အဖြေစကားကြောင့် ကိုကိုက အံ့အားသင့်သလို ပါးစပ်အဟောင်းသားဖြင့် သူ့ကို ငေးကြည့်လေ သည်။ သူက သူ့ခံစားချက်ကို ဆက်ပြောလေသည်။

"ကိုယ်က မင်းအမြင်မှာ ပေါ့ပေါ့နေတတ်တဲ့ အလေးအနက် မထားတတ်တဲ့ သူတစ်ယောက် ဖြစ်ကောင်းဖြစ်မယ် ကိုကို။ ဒါပေမဲ့ ကိုယ်က သိပ်ချစ်တတ်တဲ့ သူပါ။ အချစ်ကိုကိုး ကွယ်တယ်။ ပြီးတော့ ကိုယ်ချစ်တဲ့ မင်းဆီက အချစ်ကို လည်း ပြန်ရချင်တယ်။ ကိုယ့်အတွက်တော့ အချစ်က



www.burmeseclassic.com

www.burmeseclassic.com



သိပ်ခမ်းနားတယ်။ ခမ်းနားရတဲ့ အကြောင်းရင်းကလည်း မင်းကိုတွေ့ခဲ့ပြီး ချစ်မိသွားလို့ပဲ ကိုကို။ အဲဒါ ကိုယ့်သဘောထားပဲ"

"ဟူး ... ရှင်က ပြောလေ ကဲလေပါပဲလား။ ကျွန်မနဲ့ မပတ်သက်ချင်စမ်းပါနဲ့ ငွေမိုးသွန်းရယ်"

"ကိုယ်က ..."

"တော်ပြီ ... စားစရာရှိတာ အရင်စားတော့။ အဲဒါပြောလို့မှ နားမထောင်ရင်တော့ အနေချက်ချင်း ကျွန်မ ထပြန်ဖို့ပဲရှိတော့တယ်"

ကိုကိုက အပြတ်ပြောလိုက်ကာမှ သူက နှုတ်ဆိတ်ကာ ကြေးအိုးဆက်စားလိုက်သည်။ ရင်ခံနေတာကြောင့် ဘာမှ စားမဝင်ပါချေ။ ပြီးတော့ မေမေ ဘာလို့ အဲဒီလိုလုပ်ရတာလဲ။ သူလိုချင်တာကို ဖန်တီးပေးပါမယ်ဆိုပြီး ကိုကို့ကို ဘာလို့ ဒီစကားတွေ လာပြောသွားရတာလဲ။

"စားလေ ... ဘာငိုင်နေတာလဲ"

"မစားနိုင်တော့ပါဘူးကွာ။ ကိုယ့်ရင်တွေ အရမ်းပူနေတယ်။ ကိုယ့်ဘဝမှာ တစ်ခါမှ အဲဒီလိုမျိုး မဖြစ်ဖူးဘူး။ တစ်ခါဆို ဆိုသလောက် အရမ်းခံစားရတယ်။ ကိုကိုသာ ကိုယ့်ကို ခေါက်ပစ်လိုက်မယ် ဆိုရင်တော့ ကိုယ်တော့ လုံးဝကိုးပြီ"





သူ့စကားကြောင့် သူမရဲ့မျက်ဝန်းတွေမှာ အရောင်တစ်မျိုး ပြောင်းသွားသလို ခံစားရလေသည်။ ပြီးတော့ တိုးဖျော့ဖျော့ လေသံလေးဖြင့် သူ့ကို မေးလေသည်။

"တကယ်ပဲ ... တကယ်ပဲ အဲဒီလို ခံစားရတာလားဟင်"

"ကိုယ် မင်းကို အဲဒီထက်တောင် ပိုချစ်ပါသေးတယ် ကိုကို"

"........."

သူတို့နှစ်ယောက်ကြားမှာ စကားသံတို့က တိတ်ဆိတ်လို့ သွားချေသည်။

"ကျွန်မလေ ရှင်နဲ့ တကယ်ပဲ မပတ်သက်ချင်ပေမယ့် ရှင့်ရဲ့အချစ်တွေကို ဘယ်လိုမှ မတွန်းလှန်နိုင်ဘူး"

သူဟာ ကိုကို့စကားကြောင့် မျက်လုံးတွေ ပိုကျယ်သွားသလို ခံစားရလေသည်။ အခြေအနေ တစ်ခုခုများ ပြောင်းလဲသွားလေမလား။ သူက စားပွဲပေါ်မှာ တင်ထားတဲ့ ကိုကို့ရဲ့လက်များလေးကို ဆုပ်ကိုင်ရင်းက ...

"ကိုယ့်ကို ယုံကြည်ပါလား ကိုကို။ ကိုယ့်အချစ်က မပြောင်းလဲပါဘူး။ ကိုကိုသာ သတ္တိရှိဖို့လိုတယ်"

ကိုကိုက သူ့စကားတွေကို မငြင်းချေ။ ပြီးတော့ သူ ဆုပ်ကိုင်ထားတဲ့ လက်ဖျားလေးကိုလည်း မရုန်းချေ။ ခေါင်းငုံ့ကာ မျက်လွှာချလိုက်ခြင်းအားဖြင့် သူ့ကို အဖြေပေးလိုက်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



သူက ယူဆလေသည်။ ငွေမိုးက အရမ်းကို ပျော်ရွှင်ဝမ်းမြောက်ရလေသည်။

"ကိုယ်တို့ အတူတူ ရင်ဆိုင်ကြတာပေါ့နော်။ ကိုကိုသာရှိရင် အခက်အခဲဆိုတာ ဘာမှမရှိဘူး"

"အခက်အခဲ"

သူမက သံယောင်လိုက်လေသည်။ ပြီးတော့ သူ့ကို မျက်လုံးတစ်ချက် ပင့်ကြည့်ကာ ...

"တကယ်ကို မမျှော်လင့်ဘဲနဲ့ ခံစားချက်တွေ ပွင့်ထွက်သွားတာပဲ။ အဲဒီအတွက် ကျွန်မ ဘာပြဿနာမှ မရှိချင်လို့ မပတ်သက်ရအောင်လို့ ပြောတာ"

"ဘာမှ မစိုးရိမ်ပါနဲ့ ကိုကိုရယ်။ ကိုယ်တို့ ချစ်နေဖို့သာ အဓိကပါ။ ကိုယ့်မမေ ပြောခဲ့တာတွေ အတွက်လည်း ကိုကို့ကို တောင်းပန်ပါတယ်။ အဆင်ပြေသွားမှာပါ။ ကိုယ့်ကိုဆို မေမေက ဘာမဆို အလိုလိုက်တယ်လေ"

သူ ဆုပ်ကိုင်ထားတဲ့ လက်တွေထဲကနေ ကိုကိုက အခုမှ ရုန်းထွက်လိုက်ပြီးနောက် သူ့ကိုကြည့်ကာ လေပူမှုတ်ထုတ်လိုက်ပြီးမှ ...

"ငွေမိုးသွန်းမေမေရဲ့ ခံစားချက်ကို ကျွန်မ နားလည်ပေးလို့ရပါတယ်။ ရှင် သူ့ကို against မလုပ်ပါနဲ့။ အခု အိမ်ပြန်ရောက်ရင် ရှင့်အမေကို ဘာမှဒီကိစ္စနဲ့ပတ်သက်ပြီး မပြော





ပါနဲ့နော်။ ကျွန်မ ထင်တယ်။ အဲဒီကိစ္စကို ရှင်သိပြီး တစ်ခုခုပြောလိုက်ရင် အခြေအနေက ဒီ့ထက်ဆိုးလိမ့်မယ်လို့ ကျွန်မ သိနေတယ်"

"ဟင် ... ဟုတ်လား။ မေမေက ကိုယ့်အတွက်ဆို အမြဲတမ်း အလိုလိုက်တာပါ"

"မဟုတ်ဘူး ငွေမိုးသွန်း။ ရှင်သာ ဒီကိစ္စကို ပြောလိုက်ရင် အဲဒီကျမှ ရှင်နဲ့ကျွန်မ တကယ်ဝေးသွားမှာ"

သူ အဲဒီလိုမျိုးတော့ အဖြစ်မခံနိုင်ပါ။ ကိုကို ပြောသလို မေမေ့အပေါ် နားမလည်တဲ့ ပဟေဠိကို သူ မေမေ့ကိုမမေးဖို့ဘဲ ဆုံးဖြတ်လိုက်တော့သည်။ ပြီးတော့ သူနဲ့ကိုကိုက အခုဆို ချစ်သူတွေ ဖြစ်သွားပြီပဲ။ ကျန်တဲ့ကိစ္စဆိုတာ no matter ပဲပေါ့။ နဂိုကတည်းက စိတ်သိပ်မညစ်တတ်တဲ့သူဟာ အခုတော့ လုံးဝကို စိတ်တွေ fresh ဖြစ်၍ အရမ်းကို ပျော်နေမိတာပဲဖြစ်သည်။

"အင်းပါ ... မပြောပါဘူး။ ကိုယ့်ချစ်သူလေး အလိုအတိုင်း ဖြစ်စေရမယ်"

"ဘာမှန်းလဲမသိဘူး။ သူ့ကို အဖြေမပေးရသေးဘူးဟာကိုး"

"ချစ်တယ်လို့ပြောမှ ချစ်သူဖြစ်တာ မဟုတ်ပါဘူး။ ရင်ထဲက ခံစားနာတွေ မြင်တာနဲ့တင် ကိုယ့်ရဲ့ကိုကို သဘောထားကို နားလည်ပါတယ်။ ပြီးတော့ ကိုယ့်ကို ဒီနေ့ ဖုန်းဆက်ပြီး လှမ်းခေါ်တဲ့အတွက်လည်း ကျေးဇူးတင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာဆိုလိုတယ် ဆိုတာကို ကိုကိုက နားမလည်စွာဖြင့် မျက်လုံးလေးတစ်ချက် ပင့်ကြည့်ရင်းက မေးလေသည်။

"ဘာလို့"

"ဪ ... ဒီနေ့သာ ကိုကို့ကား မပျက်ခဲ့ဘူးဆိုရင် ကိုယ်တို့အခြေအနေက အခုလို ဘယ်ပြောင်းပါ့မလဲ။ ဟုတ်ဘူးလား"

သူ့စကားအတွက် ကိုကိုက ပြုံးရုံလေးသာ ပြုံးလိုက်ပါသည်။ ဘာပဲဖြစ်ဖြစ်ပေါ့ ... အခု သူ့ရှေ့မှာရှိနေတဲ့ ကောင်မလေးက သူ့ရဲ့ချစ်သူတဲ့။ အတွေးတွေနဲ့တင် ရင်ခုန်လာကာ သူ့တစ်ကိုယ်လုံးသည် မိုးတိမ်ပေါ်သို့ ရောက်သွားသလို ခံစားရလေသည်။

❋ ❣ ❋

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မဇိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"





## ၁၃

"ကိုယ့်ကို ဘာလို့ရှောင်နေတာလဲ ကိုကို။ ကိုကို ဘာများ မကျေနပ်တာ ရှိလို့လဲ"

Tea Time ချိန်ရောက်တော့ ကိုသူယံက ပေါက်တင်ကြီး လာမေးလေသောအခါ ကိုကို့မှာ တကယ့်ကို ဘာဖြေရမှန်း မသိပါပေ။ ဝန်ထမ်းတချို့ရဲ့ သို့လော သို့လော အထင်တွေက နဂိုတည်းက ရှိနေတာကို ကိုသူယံက အခုလိုကြီး ကိုကို့ဆီလာကာ တိုက်ရိုက်လာမေးလိုက်တော့ ကိုကို့မှာ တကယ့်ကို အဖြေရခက်လေသည်။ ဒါပေမဲ့ မဖြေဘဲ ရှောင်ထွက်သွားရင်လည်း ပိုဆိုးမှာမို့ ကိုကိုက ခပ်တိုးတိုး ပြန်ဖြေရလေသည်။

"မရှောင်ပါဘူး။ ဒီရက်တွေမှာ နိုင်ငံခြားက Export တွေ အမှာအရမ်းတက်နေလို့ အားလုံး အလုပ်များနေကြတာပဲ။ ကိုသူယံ ထင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ... ကိုယ် မင်းနဲ့စကားပြောချင်တယ်။ အောက် လှေကားမှာ စောင့်နေမယ်"

ကိုသူယံကပြောပြီး ထွက်သွားလေလျှင် ကိုကို့မှာ လှမ်းတားလိုက်ချိန်တောင် မရလိုက်ချေ။ ကျစ်ခနဲ စုပ်သပ်ကာ စိတ်ပျက်မိသွားသည်။ ဝန်ထမ်းတွေရဲ့ ဘာလဲဆိုတဲ့ အကြည့်တွေကို ဂရုမစိုက်သလို မျက်နှာလွှဲခဲ့ကာ ကိုသူယံဆီကို လိုက်လာခဲ့တော့သည်။

"ပြောပါ ကိုသူယံ၊ ဘာကိစ္စရှိလို့လဲ"

"ကိုကို ... ဘာလို့ ကိုယ့်ကို အဲဒီလို အေးတိအေးစက် ဆက်ဆံနေရတာလဲ။ ကိုကို ဘာဖြစ်နေတာလဲ။ ကိုယ့်ကို ဘာတွေစိတ်နာစရာ ရှိလို့လဲ၊ ပြောပါကွာ"

ကိုသူယံက အသည်းအသန်ကြီး ပေါက်ပြနေလျှင် ကိုကိုက ထိုင်ငိုလိုက်ချင်သည်အထိ စိတ်ဆင်းရဲသွားရလေသည်။ ဆောရီးပါ ကိုသူယံရယ်။ အစ်ကို့ကို ရင်ခုန်ခဲ့တာ ဝန်ခံပေမယ့် ကျွန်မတို့ ရှေ့ဆက်ဖို့ မဖြစ်နိုင်တော့ဘူးလေ။ ကိုကိုက ပျော့ချင်နေတဲ့ စိတ်တွေကို ဖျောက်ပစ်လိုက်ကာ ခပ်တင်းတင်း မျက်နှာပေးဖမ်း၍ အပြတ်ပြောလိုက်တော့သည်။

"ကိုသူယံ ... ကျွန်မဘော့စ်ရဲ့သားက အခုလိုမျိုး မပြောသင့်ပါဘူး။ ကိုသူယံကို ကျွန်မ စိတ်လည်းမခုရပါဘူး။ ပြီးတော့ ကျွန်မကို ဒီမှာဆက် အလုပ်လုပ်စေချင်တယ်





ဆိုရင် ကိုသူယံ စကားပြောဆင်ခြင်ပေးပါ။ ကျွန်မ ကိုသူယံကို ကိုယ့်အလုပ်ရှင်တစ်ယောက်လို သဘောထားပါတယ်။ ကျွန်မဆီက ဒီထက်ပိုပြီး မမျှော်လင့်ပါနဲ့တော့"

"ဘာ ... ဘယ်လို"

လုံးဝ ထင်ထားပုံမရတာကြောင့် ကိုသူယံဟာ အာမေဋိတ်သာပြုကာ ကျန်တဲ့စကားသံ မထွက်နိုင်သေးပေ။ ကိုကို့အပေါ်ကို ဘယ်အတိုင်းအတာထိ စိတ်နှစ်ထားသလဲ ဆိုတာကိုလည်း ကိုကို သိပါသည်။ သူ မျှော်လင့်နေတာကို အပြီးဖျက်ချလိုက်ခြင်း ခံရတာမို့ ရုတ်တရက် ရှော့ခ်ရသွားတာဖြစ်၏။

"ဘာဖြစ်လို့လဲ ကိုကို။ ကိုယ် မင်းမကျေနပ်အောင် ဘာတွေများ လုပ်မိခဲ့လို့လဲ။ ကိုယ် မင်းကို တကယ်ရည်ရွယ်ပြီးတော့ ..."

"မချစ်နိုင်တာပါ။ ကိုသူယံ့ proposeကို အဲဒီနေ့က လက်မခံကြောင်းပြောဖို့ ချိန်းလိုက်တာပါ။ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် မပြောဖြစ်ခဲ့ဘူး။ အခု တစ်ခါတည်းပြောလိုက်တာပါ။ ကျွန်မ ကိုသူယံကို ခင်တယ်။ ဒါပေမဲ့မချစ်နိုင်ဘူး။ သေသေချာချာ စဉ်းစားပြီးမှ ပြောတဲ့စကားမို့ ကိုသူယံ နားလည်ပေးစေချင်ပါတယ်"

ကိုကိုက သူ့စကားမဆုံးခင်မှာပင် အမြန်ဖြတ်ပြောလိုက်တော့ ကိုသူယံဟာ တော်တော်လေး စိတ်ဓာတ်ကျသွားပုံရ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဒါပေမဲ့ သူက လူကြီးတစ်ယောက် ဖြစ်နေတာကြောင့် ဟန်မပျက်ပြုံးရင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ဟုတ်ပါပြီ ... ကိုကို ပြောတာကို ကိုယ် လက်ခံပါတယ်။ ဒါပေမဲ့ ကိုယ် မယုံဘူး။ ကိုကို့ဆက်ဆံရေးတွေ အရင်လို မဟုတ်ဘူး။ ကိုယ့်အပေါ်ကို ဘာလို့အေးစက်သွားတာလဲ။ တကယ်ဆို ကိုယ်တို့ ဒီထက်မက ရင်းနှီးကြတာပါ။ ကိုကို့ကို အထင်သေးတာ မဟုတ်ဘူးနော်။ ဒါပေမဲ့ ကိုယ် ကိုကို့ရဲ့အချစ်ကို ရမယ်လို့ ယုံကြည်ခဲ့တယ်။ ကိုယ်တို့ ရင်းနှီးခဲ့ကြပါတယ်။ ကိုယ်တို့ ဆက်ဆံရေးတွေကို အေးခဲသွားတာ အကြောင်းတော့ ရှိရမယ်"

ကိုကိုက သူ့မျက်နှာကို ဆတ်ခနဲကြည့်လိုက်လေသည်။ ကိုသူယံရယ် ... ဘာလို့ ဒီလောက်ခံစားရတာလဲ။ ရှင် စချစ်ခဲ့တာကိုက မှားတာပါ။ ကိုကို့လို အာဃာတတွေ အငြိုးတရားတွေ ကြီးမားနေတဲ့ မိန်းမတစ်ယောက်ရဲ့ ရင်ထဲကနှလုံးသားဟာ အချစ်ကို ဦးစားမပေးဘူးဆိုတာ ရှင် သိပါစေ။

"ဆောရီးပါ ကိုသူယံ။ ကျွန်မရဲ့ခင်မင်မှုက မျှော်လင့်ချက် ဖြစ်စေခဲ့ရင် တောင်းပန်ပါတယ်"

"ဟား ... ကိုယ် မထင်ထားဘူးကွာ။ ကိုကို့ကို ကိုယ် စွတ်အတင်း မတောင်းဆိုပါဘူး။ ဒါပေမဲ့ ကိုယ့်ကိုကြိုးစားခွင့်ပြုစေချင်တယ်"





ကိုကိုဟာ ဒီအလုပ်က ထွက်သွားဖို့ရာမှာလည်း မဖြစ်နိုင်သေးတာမို့ သူ့ကို ထပ်မံကစားရပြန်ပါသေးသည်။

"ကျွန်မဘက်က အဖြေကို ပြောထားပြီးပါပြီ။ ကိုသူယံကို ကျွန်မ ခင်ပါတယ်။ သွားလိုက်ပါဦးမယ်"

ကိုကိုက သူ့ကို ကျောခိုင်းလှည့်ထွက်လိုက်ပြီဖြစ်သည်။ သူ့ကြေကွဲမှုအတွက် ကိုကို့ဘက်က ဘာမှပြန်လည်နှစ်သိမ့်မပေးနိုင်ပါ။ ဘာမဟုတ်တဲ့ ရင်ခုန်တဲ့ဖီလင်တစ်ခုအတွက် ကိုကို ရည်ရွယ်တာတွေ အပျက်စီးမခံနိုင်ပါ။ ကိုကို့ဆန္ဒတွေပြည့်ဝဖို့ လက်တစ်ကမ်း ဖြစ်နေတဲ့ ကာလမှာ ဘာတုံးမှ အတားမခံပါ။

ကိုကို့အတွက် ဒီအချိန်မှာ ငွေမိုးသွန်းကာသာ မြားတစ်စင်း ဖြစ်နေခဲ့ပါသည်။

✻ ❣ ✻



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် ... ကော်ဖီရပါပြီ"

ကိုကိုက ဗန်းထဲက ကော်ဖီပန်းကန်ကို ဦးထွဋ်မင်းညို ရဲ့စားပွဲပေါ်ကို တင်လိုက်ရင်းက ပြောလိုက်လျှင် ဦးထင်မင်းညိုက ကိုကို့ကို မျက်လွှာတစ်ချက် လှန်ကြည့်လိုက်ပြီးမှ ...

"ကိုကို ... အန်ကယ် စကားပြောချင်လို့။ ခဏထိုင်ပါဦး"

ဘာများပြောမလို့ ဖြစ်လိမ့်မလဲ။ ကိုကိုက ကိုယ့်ဘာသာ မေးခွန်းမေးရင်းက ဆိုလည်ကုလားထိုင်မှာ ဝင်ထိုင်လိုက်ကာ ...

"ဟုတ်ကဲ့ ... ပြောပါ အန်ကယ်"

"အင်း ... အလုပ်ကိစ္စနဲ့တော့ မဆိုင်ပါဘူး သမီးရယ်။ ကိုကို့ကို မေးစရာလေးရှိလို့ပါ။ ဒီလိုပါ ... သား သူယံက အစီအစဉ်မရှိဘဲ ဘာလို့ စင်ကာပူကို သွားတာလဲဆိုတာ ကိုကိုများ သိမလားလို့ပါ"





ကိုကို့မျက်ခုံးတစ်ဖက် မသိမသာ မြင့်တက်သွားပါသည်။ ဟား ... ဘိုးတော်က ပိုင်လှချည်လား။ ဒီကိစ္စနဲ့ ကိုကို ပတ်သက်တယ်ဆိုတာ သူ ပေါက်တယ်လား။ မနေ့ညနေ Silk air flight နဲ့ ကိုသူယံ တစ်ယောက် စလုံးကို နှစ်ပတ်ထွက်ခွာသွားတာဖြစ်သည်။ စင်ကာပူက သူငယ်ချင်းမင်္ဂလာဆောင် သွားမယ်လို့ အကြောင်းပြခေါင်းစဉ်တပ်ထားပေမယ့် ကိုသူယံဟာ ကိုကိုနဲ့ပတ်သက်ပြီး ခံစားနေရတာကို စတေးရှောင်ဖို့ သွားတာလို့ပဲ ကိုကိုက ယူဆလေသည်။ အဲဒီတော့ ကိုကို ဘိုးတော်ကြီးကို ဘယ်လိုဖြေပေးသင့်သလဲ။

ထုံးစံအတိုင်း ဗလာစာရွက်အဖြူလို ဖြူစင်သော အိုက်တင်လေးဖြင့် မေးခွန်းပြန်ထုတ်လိုက်လေသည်။

"ဟို ... ကိုသူယံက စင်ကာပူက သူငယ်ချင်းမင်္ဂလာဆောင်ကို သွားတာမဟုတ်ဘူးလား အန်ကယ်"

"အင်း ... ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ နှစ်ပတ်တော့ မကြာသင့်ဘူးလေ။ ဒီမှာ အလုပ်တွေပစ်ပြီးသွားတာ။ ပြီးတော့ သားသူယံ မျက်နှာသိပ်မကောင်းဘူး။ အန်ကယ် မေးတော့လည်း မပြောဘူး။ ဟို ... အန်ကယ် သမီးကို ပွင့်ပွင့်လင်းလင်း ပြောမယ်ကွာ။ တို့တွေက မိသားစုတွေလို ဖြစ်နေကြတာပဲမဟုတ်လား"

"ဟုတ်ကဲ့ ... ပြောပါ အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ယံက သမီးကို မေတ္တာရှိနေတဲ့အကြောင်းကို အန်ကယ်ကို ပြောပြထားတယ်။ အင်း ... အန်ကယ်ကိုယ်တိုင်ကိုကလည်း ကိုကိုနဲ့ဆို ဘာမှပြောစရာမရှိဘူးလေ။ သူ့ယံက ပြီးခဲ့တဲ့ ရက်တွေကတည်းက မှိုင်သွားတာ။ အဲဒီမတိုင်ခင် သူ တော်တော် Activeဖြစ်တယ်။ အန်ကယ့် အထင်တော့ သားသူ့ယံက အချစ်ရေးပြဿနာကြောင့် စင်ကာပူခဏ ရှောင်ထွက်သွားတာလို့ ထင်နေမိတာပေါ့နော်။ အဲဒါ သမီးများ သိမလားလို့လေ"

ကိုကိုက သားအတွက် စိတ်ပူပန်နေတဲ့ ဖခင်ရဲ့ မျက်ဝန်းတွေကို ကြည့်မိသွားသည်။ ဝမ်းမနာသားအတွက် ဘာလို့ ဒီလောက်တောင် စိုးရိမ်နေရတာလဲ။ ကိုသူ့ယံ နောက်က ရေအကန့် အတွက်ဆိုတာ ခဏထားလိုက်ဦး။ အတူနေလာခဲ့တဲ့ နှစ်ရှို့ သံယောဇဉ်ကြောင့် သားအရင်းမဟုတ်တဲ့ ကိုသူ့ယံအပေါ်ကိုတောင် ဒီလိုစေတနာမျိုး ထားနိုင်ခဲ့တယ်ဆိုရင် သူ့သားအရင်းဆိုရင် ဘယ်လိုနေလိမ့်မလဲ။ ကိုကိုက အတွေးနဲ့တင် ကြည်နူးလှိုက်ဖြာလာကာ ဦးထင်မင်းညီ သိစေဖို့ ပြောပြလိုက်သည်မှာ အမှန်တိုင်း ပင်ဖြစ်သည်။

"စိတ်မရှိပါနဲ့ အန်ကယ်။ အန်ကယ် ပြောသလိုဆိုရင်တော့ ဒါဟာ ကျွန်မကြောင့်လို့ ယေဘုယျ သတ်မှတ်လို့ ရပါတယ်"





"........."

ကိုကိုက စကားစကို ခဏလေးတန့်ထားကာ ဦးထင်မင်းညီကို တစ်ချက်အကဲခတ်လိုက်သည်။ ကြည့်စမ်း ... ကိုကို ဘာများဆက်ပြောမလဲလို့ ဂရုစိုက် မျှော်လင့်နေရှာတာပဲ။

"ကျွန်မကို ကိုသူ့ယံက propose လုပ်ထားပါတယ် အန်ကယ်။ အန်ကယ့်ကို ပြောရမှာ အားနာပါတယ်"

"ရပါတယ် ကိုကို။ ပြောမှာသာ ပြောပါ"

"ဟုတ်ကဲ့ ... ကျွန်မ ကိုသူ့ယံကို ငြင်းထားပါတယ် အန်ကယ်"

"ဘယ်လို"

ဦးထင်မင်းညီလည်း တွေသွားပုံရပါသည်။ ကြည့်ရတာ ကိုကိုက ကိုသူ့ယံကို လက်ခံမှာပဲလို့ သူလည်း အပိုင်တွက်ထားပုံရသည်။ အတန်ငယ် ငြိမ်သက်သွားပြီးမှ ဦးထင်မင်းညီက နားလည်သလို ခေါင်းတဆတ်ဆတ်ညိတ်ပြရင်းက ...

"ဒါပေါ့လေ။ ဒါက ကိုကို့ rightပဲ။ ဒါပေမဲ့ သားအတွက် အန်ကယ်လည်း စိတ်မကောင်းပါဘူး။ သူ့ယံမှာ သမီးမ ကြိုက်နိုင်တဲ့ ဘာအားနည်းချက်များ ရှိလို့လဲ အန်ကယ် သိလို့ရမလားဟင်"

အိုခေပေါ့ကွယ်။ ဒီကလည်း အဲဒီမေးခွန်းအတွက် ဖြေဖို့အဖြေကို အဆင်သင့် စောင့်မျှော်နေတာ။ ကိုကိုက သားတို့



www.burmeseclassic.com

www.burmeseclassic.com



အားနာ မျက်နှာပေးလေးဖြင့် ဦးထင်မင်းညီကို ဖြေပေးလိုက်လေသည်။

"ကိုသူယံက အရမ်းကိုတော်တဲ့ လူတော်တစ်ယောက်ပါ အန်ကယ်။ သူက perfectပါ။ ကျွန်မမှာ ချစ်သူရှိနေလို့ပါ အန်ကယ်"

"ဩော် ...၊ အင်းပေါ့ကွယ် ... ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို ခေါင်းထဲထည့်မထားပါနဲ့ ကိုကို။ အန်ကယ်တို့ကို ဘာမှ အားနာဖို့ မလိုပါဘူး၊ သူယံလည်း နားလည်မှာပါ။ အန်ကယ်တို့ အရင်တိုင်းပဲ အတူတူ အလုပ်လုပ်ကြမယ် ...

Congratulation ပါ ကိုကို။ သမီးလို အရည်ချင်း ရှိပြီး graceful(ကျက်သရေရှိသော)ဖြစ်တဲ့ မိန်းကလေးကို ရတဲ့ ချစ်သူက lucky boy ပဲ"

ဟုတ်လား ? ။ ကိုကိုက စိတ်ထဲကနေ ဟက်ခနဲ ရယ်မောမိသွားပေမယ့် အပြင်မှာတော့ ဟန်ဆောင်ကောင်းပြလိုက်သေးသည်။

"Thank you ပါ အန်ကယ်"

"ဟုတ်ပါပြီ သမီး။ လုပ်စရာရှိတာ သွားလုပ်ပါ။ no tension နော်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် အန်ကယ်။ သွားခွင့်ပြုပါဦး"





ကိုကိုက ဦးထင်မင်းညီရဲ့ ရုံးခန်းထဲကနေ ကြော့ကြော့လေး ထွက်လာခဲ့လိုက်သည်။ Yes... ဘယ်လောက်တောင် ကျေနပ်စရာကောင်းတဲ့ လောကကြီးလဲကွယ်။ သိပ်ကိုချစ်ဖို့ကောင်းတာပဲ။ တစ်ပတ်လှည့်နေတဲ့သံသရာမှာ ယဉ်တစ်ကိုယ်က အတုံ့အလှည့်ဆိုတဲ့ စကားလုံးကို လက်ခံကျင့်သုံးထားသူပင် ဖြစ်လေသည်။

✻ ❣ ✻



www.burmeseclassic.com

www.burmeseclassic.com



# ၁၄

ဒီနေ့မနက်စောစော ကိုကို တစ်ယောက်တည်းဘုရား တက်ဖြစ်သည်။ အနည်းဆုံးတော့ ရွှေတိဂုံကို တစ်ပတ်နှစ်ရက် တော့ မဖြစ်,ဖြစ်အောင် လာတတ်တာမို့ ဒီနေ့ စနေနေ့မှာလည်း ကိုကိုက အလုပ်ပိတ်ရက် ဖြစ်တာကြောင့် စောစောထလာလိုက်တာ ဖြစ်သည်။ အရင်တုန်းကတော့ သင်တန်းမှာ trainer လုပ်နေရတာ မို့ မနက်ဘက်ဆို အိပ်ရာစောစောမထဖြစ်။ ငွေမိုးသွန်းတို့သင်တန်း course ပြီးသွားကတည်းက ကိုကို trainer မလုပ်ဖြစ်တော့တာက တော့ အမှတ်တရပင် ဖြစ်လေသည်။

ကိုကိုက ဓာတ်လှေကားမှာ စောင့်နေစဉ် ကိုကို့သား မှာ တစ်စုံတစ်ယောက် လာရပ်တာမို့ ကိုကိုက ဘာရယ်မဟုတ် ဖျတ်ခနဲ ကြည့်လိုက်မိချိန်မှာပဲ အဲဒီတစ်ယောက်နဲ့ အကြည့်ချင်း ဆုံမိသွားလျှင် နှစ်ယောက်စလုံး အံ့သြသွားရလေသည်။





"ဟာ ... ကိုကို"

အဲဒီအသံက ကိုကိုတို့အနောက်က လာတာမို့ ကိုကို က လှည့်ပြန်တစ်ချက် ကြည့်လိုက်လျှင် သူဟာ ငွေမိုးသွန်းပဲဖြစ် လေသည်။ ကိုကို့သားက ဒေါ်နီနှင်းဆီသည် ကိုကိုတို့ကို အကဲ ခတ်နေဟန်ရှိသည်။ ငွေမိုးသွန်းက ပါကင်ထိုးပြီး အခုမှ တက်လာ တာမို့ ကိုကို့ကို လှမ်းနှုတ်ဆက်လို့ လျှောက်လာကာ ကိုကို့အနား သို့ ရောက်တာနှင့် ဒေါ်နီနှင်းဆီက သူမသားလက်မောင်းကို ကိုင်ဆွဲတွန်းကာ ...

"သား ... သွားကြရအောင်"

အဲဒီစကားကြောင့် ကိုကိုတောင် အံ့အားသင့်ရလေ သည်။ ဘုရားရေ ... ဒါ အရှက်ခွဲတာပဲ။ ဓာတ်လှေကားက ဆင်း လာပြီမို့ ဘုရားပေါ်က ဆင်းလာတဲ့သူတွေကော တက်မယ့်သူတွေ ကော ရှိနေချိန်ဖြစ်သည်။ အဲဒီစကားကြောင့် အားလုံးက ဘာလဲ ဆိုပြီး တစ်ချက်စွေကြည့်ပြီးမှ ဓာတ်လှေကားထဲ ဝင်သွားကြတာ ဖြစ်သည်။ ကိုကိုကော၊ ဒေါ်နီနှင်းဆီကပါ ဓာတ်လှေကားထဲ မဝင်ကြသေးတာမို့ ကိုကိုတို့ကို မစောင့်တော့ဘဲ ဓာတ်လှေကား က တက်လို့သွားလေသည်။

"မေမေ ... ဘာဖြစ်တာလဲ။ ဘုရားတောင် မဖူးရသေးဘဲနဲ့"

"ဟိုကွယ် ... မေမေ ခေါင်းထဲက မူးလာလို့။ နောက်မှ လာတော့မယ်။ လာ ... သွားရအောင်သား"



www.burmeseclassic.com

www.burmeseclassic.com



သားမှာရှိနေတဲ့ ကိုကို့ကို တစ်စက်ကလေးတောင် ဂရုမစိုက်ဘဲနဲ့ သူ့သားကို တစ္ဆတ်တိုက် ဆွဲမခေါ်ရုံတမယ် ခေါ်ထုတ်သွားတာဖြစ်သည်။ ငွေမိုးသွန်းက ဘုမသိဘမသိနဲ့ ယက်ကန်ယက်ကန် ပါသွားပေမယ့် သူ့ကို ပြန်ခေါ်မယ့်ပုံဖြင့် လည်ပြန်ကြည့်တာမို့ ကိုကိုက "မလာနဲ့ ပြန်တော့"ဆိုတဲ့ သဘောကို သူ့အား မျက်စပစ်လိုက်သည်။ ငွေမိုးသွန်းက သဘောပေါက်ကာ ခေါင်းဆတ်ပြပြီး သူ့အမေနဲ့အတူ ထွက်သွားလေတော့သည်။

ကျန်ခဲ့တဲ့ ကိုကိုကသာ ရင်ထဲမှာ ထုံပေပေကြီးဖြစ်ကာ ကျန်နေခဲ့ရလေသည်။ ဒီအနားဝန်းကျင်မှာ ဓာတ်လှေကား ရပ်စောင့်နေတဲ့ လူတွေရှိတယ်။ ဘာဖြစ်တာလဲဆိုတဲ့ အကြည့်တွေကြားထဲမှာ ကျန်နေခဲ့တာပဲ။ ကိုကိုက အိမ်ပြန်ချင်စိတ် ဖြစ်လာပေမယ့် ဘုရားပေါ်တော့ ဖြစ်အောင်တက်ကာ ဘုရားဖူးလိုက်သေးသည်။ ဘုရားဖူးပြီးနောက် အိမ်ပဲ တန်းပြန်လာခဲ့တာဖြစ်သည်။ အိမ်ပြန်ရောက်မှ ကိုကို့ရဲ့ဒေါသတွေက ပွက်ပွက်ဆူလာလေသည်။ ဒါ ... ဒါဟာ သက်သက်ကို အရှက်ခွဲတာ။

ဒေါ်နီနှင်းဆီသည် ဘယ်လိုမိန်းမ အမျိုးအစားထဲမှာပါဝင်သလဲဆိုတာ ကိုကို ကောင်းကောင်းသိလေသည်။ ဘယ်လိုနည်းမျိုးနဲ့မှ ရှင့်ကိုခွင့်မလွှတ်နိုင်ဘူး ဒေါ်နီနှင်းဆီ။ ကျွန်မရဲ့အနာဂတ်တွေကို တစစီ မွမွချေထားတဲ့ ရှင့်ရဲ့အဆိပ်တွေကို ရှင်ပြန်မိရမယ့်အလှည့် ရောက်တော့မယ်။ ကိုကိုက ပြတ်ကျလုမ





တတ် အံကိုတင်းတင်းကြိတ်ကာ မျက်ရည်မကျမိအောင် စိတ်ကို တင်းခံထားချိန်မှာ ဖုန်းကထမြည်လာလေသည်။ ဒါ ငွေမိုးသွန်းဆီကဖုန်းပဲ။ ကိုကိုက လေပူတစ်ချက် မှုတ်ထုတ်ကာ ဒေါသစိတ်ကို လျှော့ချလိုက်၍ ဖုန်းကိုင်လိုက်လေသည်။

"ဟယ်လို"

"ကိုကို ... ကိုယ် တကယ်ကို အနူးအညွတ် တောင်းပန်ပါတယ်ကွာ။ ကိုကို့ကို ဘယ်လိုတောင်းပန်ရမှန်း မသိအောင်ကို အားနာနေမိတယ်"

ငွေမိုးသွန်းက အသည်းအသန်တွေ တောင်းပန်နေတာကြောင့် ကိုကိုက မျက်နှာတစ်ချက်မဲ့လိုက်ရင်းက ပြန်ဖြေလိုက်သည်။

"ရပါတယ် ... ကိစ္စမရှိပါဘူး။ ငွေမိုးသွန်းအမေက ဘာဖြစ်တာတဲ့လဲ"

"ကျစ် ... ကိုယ်လည်း မသိပါဘူးကွာ။ မေမေက ခေါင်းထဲက မိုက်ခနဲ ဖြစ်သွားတာတဲ့။ သွေးတိုးရှိတော့ ဖြစ်တတ်တဲ့ သဘောပါ။ ကိုယ်လေ ကိုကို့ကို တောင်းပန်ပါတယ်နော်"

"ရပါတယ် ... ကိစ္စမရှိပါဘူးဆို"

"ကိုကို အိမ်ပြန်ရောက်ပြီလား"

"အင်း ... ခုလေးပဲ ရောက်တာ"



www.burmeseclassic.com

www.burmeseclassic.com



*"ကိုယ် အခုပဲ ကိုကိုဆီ လာခဲ့မယ်။ ဘရိတ်ဖတ်စ်စားရင်း*
စကားပြောမယ်လေ"

"အခု"

"အင်းလေ"

ကိုကိုက ဘာမှပြန်မဖြေသေးဘဲ ဟက်ဟက်ပက်ပက်ကို ပြုံးမိသွားလေသည်။ ခေါင်းထဲက မိုက်ခနဲဖြစ်တာကို ယုံနေသေးတယ် ငွေမိုးသွန်းရယ်။ ရှင်က တကယ့်ကို ကလေးပဲရှိပါသေးတယ်လေ။

"ဘာဖြစ်လို့လဲ ကိုကိုရဲ့"

"သြော် ... ဟုတ်ပါဘူး။ ရှင့်မေမေ့က လွှတ်ပါ့မလားလို့။ ကျွန်မ ထင်တယ်။ သူ ဒီနေ့တော့ ရှင့်ကို ဘယ်မှလွှတ်တော့မယ် မထင်ဘူး"

"ဟာ ... မေမေက အိပ်တောင်ပျော်နေပြီ။ မလွှတ်စရာလား။ ကိုယ်က ကလေးမှ မဟုတ်တာ။ အခုပဲ လာခဲ့မယ်။ တိုက်အောက်ရောက်ရင် ဖုန်းဆက်လိုက်မယ်နော်"

မလွှတ်ဘူးဆိုတာ သိနေတာကြောင့် ကိုကိုက မငြင်းတော့ဘဲ ဟက်ခနဲ တစ်ချက်ရယ်ရင်းက ခေါင်းပါညိတ်ပြကာ ...

"ဟုတ်ပါပြီ၊ လာတော့လည်း တွေ့ရတာပေါ့။ Ok... see you"





ငွေမိုးသွန်း တစ်ယောက်ကတော့ လာမယ်ဆိုတာချည်းပဲဖြစ်သည်။ ကိုကိုက ဟင်းခနဲ သက်ပြင်းချကာ အိပ်ရာပေါ်မှာ ကန့်လန့်ဖြတ် လှဲချလိုက်တော့သည်။ ပြီးတော့ ပျာတိပျာယာဖြစ်နေတဲ့ ငွေမိုးသွန်းပုံစံကို မြင်ယောင်ကာ ပြုံးမိသွားလေသည်။

ရှင့်အမေက ဒက်ပေါက်သွားပြီ ငွေမိုးသွန်းရဲ့။ ကျွန်မပြောခဲ့တဲ့ စကားလုံးတွေအတွက် အခုချိန်လောက်ဆိုရင် ရှင့်ကို သော့ခတ်ပြီး သိမ်းမထားတာတောင် ကံကောင်းတယ်လို့ သတ်မှတ်လိုက်ဦး။

* ❣ *



www.burmeseclassic.com

www.burmeseclassic.com



ငွေမိုးက ဖုန်းပြောပြီးတာနဲ့ ဝတ်ထားတဲ့ပုဆိုးကို ဂျင်းဘောင်းဘီနှင့် လဲဝတ်ပြီးနောက် ဘောင်းဘီအိတ်ကပ်ထဲ ဖုန်းထည့်ကာ အောက်ထပ်ကို ပြန်ဆင်းလာခဲ့သည်။

"သား ... ဒါ ဘယ်သွားမလို့လဲ"

အပြေးတစ်ပိုင်း ထွက်လာခဲ့တဲ့ သူ့ခြေလှမ်းတွေဟာ တုံ့ခနဲ ရပ်တန့်သွားလေတော့သည်။

"မေမေ"

မေမေက လှေကားပေါ်ကနေ တစ်ထစ်ချင်းဆင်းလာကာ သူ့ဆီသို့ လျှောက်လှမ်းလာပြီး သူ့ကို ခပ်စေ့စေ့စိုက်ကြည့်ကာ ...

"ဘယ်ကိုသွားမလို့လဲ သား"

ငွေမိုးက တံတွေးတစ်ချက် မျိုချကာ မေမေ့ကို လိမ်ပြောလိုက်သည်။





"ဟို ... သားသူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်မလို့ ချိန်းထားလို့ပါ မေမေ"

"ဖျက်ပစ်လိုက်ပေါ့ သားရယ်။ မင်းမေမေ တစ်ယောက်လုံးနေမကောင်း ဖြစ်နေတာပဲ။ ဒါ အရေးကြီးကိစ္စမှ မဟုတ်တာ။ မသွားနဲ့"

မေမေ့စကားသံတွေက အမိန့်ဆန်နေတာကြောင့် သူက မေမေ့ကို အလန့်တကြား မော့ကြည့်မိသွားသည်။ မေမေက သူ့ကို တည်တည်ငြိမ်ငြိမ်ကြီးပဲ ပြန်ကြည့်နေတာဖြစ်၏။

"ဟို ... မေမေက အိပ်နေတော့ ကျွန်တော် မဖျက်ချင်တာနဲ့ သွားမလို့ပါ။ လာခဲ့မယ်လို့ ချိန်းထားပြီး ဖြစ်နေလို့"

"ငွေမိုးသွန်း ... မင်း ဘာလို့ လိမ်ပြောရတာလဲ"

သူ ဘာခြေလှမ်း လှမ်းတယ်ဆိုတာ မေမေသဘောပေါက်သွားပြီဆိုတာ သူ သိလိုက်ပြီဖြစ်သည်။ မေမေ့ရဲ့မျက်နှာကြောဟာ ခပ်တင်းတင်းဖြစ်၍ သူ့ကို အပြစ်ထိန်းသိမ်းတော့မည့် သဘောမှာ ရှိလေသည်။ သူက လုံးဝဟန်ဆောင်မနေလိုပေ။ မေမေဟာ သူ့ကို ကိုကိုနဲ့ သဘောတူချင်ယောင် ဆောင်နေတာက [illegible]မမိုက်ဘူး။ သူ့ကို ဒဲ့မေးပေါ့။ သူက သည်းမခံနိုင် မထိန်းနိုင်တော့တာကြောင့် မေမေ့ကို ဒဲ့ပင် ရင်ဆိုင်လိုက်တော့သည်။

"မေမေလည်း လိမ်ပြောတာပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ငွေမိုးသွန်း၊ နှင် ဘာစကားပြောလိုက်တယ်
မအေကို ဘယ်လိုစကားတွေ ပြောနေတာလဲ"

"ဟူး ... စိတ်မဆိုးပါနဲ့ မေမေ။ မေမေက ကိုကိုနဲ့ ကျွ
တော့်ကို သဘောမတူဘူးဆိုတာ သားသိလို့ ... အဲ

သူ့စကားတောင် မဆုံးသေးပေ။ မေမေက ခပ်ထ
ထန်စကားလုံးနှင့် သူ့ပါးစပ်ကို ပိတ်ပစ်လိုက်၏။

"ဪ ... နင်က သိလာခဲ့ပြီကိုး။ ငွေမိုးသွန်း ... မင်း
ဒီလိုမိန်းကလေးမျိုးနဲ့ သဘောတူဖို့အတွက် ငါမွေးထားတာ
မဟုတ်ဘူး။ မေမေ ရှင်းရှင်းပဲပြောမယ် သား။ မင်း ယ
တစ်ကိုယ်နဲ့ အဆက်ဖြတ်ပါ။ အခုလည်း ဒါ ယဉ်တစ်ကိုး
ဆီပဲ သွားမှာမှလား"

"ဟုတ်တယ် မေမေ။ သားနဲ့ကိုကို ချစ်သူတွေ ဖြစ်နေပြ

"ဘာ"

"........."

"ငွေမိုးသွန်း ... မင်းက သတ္တိတွေ သိပ်ကောင်းနေတယ
ပေါ့လေ ... ဟုတ်လား"

"ကျစ် ... ဘာဖြစ်လို့လဲ မေမေရာ။ ကျွန်တော် ကိုကို့
ချစ်တယ်။ ကိုကိုက ကျွန်တော်လိုချင်တဲ့ အရာပဲ။ မေ
ဖန်တီးပေးမယ်ဆိုပြီး ကိုကို့ကို မေမေ ဘာတွေသွားပြော





ခဲ့သလဲ။ မေမေထင်သလို ကိုကိုက အဲဒီလိုမိန်းကလေးမျိုး
လည်း မဟုတ်ဘူး"

"ဘုရားရေ ... မင်းက ငါ့ကိုတောင် အာခံနေတာလား
ငွေမိုးသွန်း"

"မဟုတ်ပါဘူး မေမေရာ။ သားက မေမေ နားလည်မှုလွဲ
နေတာကို ရှင်းပြနေတာပါ"

"မလိုချင်ဘူး။ မင်း ဒီနေ့ကစပြီး အိမ်ထဲကအိမ်ပြင် လုံးဝ
မထွက်ရဘူး။ ကိုဦး ... မောင်သောင်း လာဦး။ နင်တို့
အစ်ကိုလေးကို အခန်းထဲ ပြန်ပို့လိုက်"

ကိုဦးနဲ့ အသေးလေးက သူ့လက်နှစ်ဖက်ကို တစ်
ယောက်တစ်ဖက်စီ ဆွဲချုပ်ကာ သူ့ကို အပေါ်ထပ်ကို ဆွဲခေါ်ဖို့
ကြတာကြောင့် သူက ဆောင့်ရုန်းလိုက်၍ ...

"ဖယ်ကြစမ်းပါဗျာ။ မေမေ ... သား ကလေးမဟုတ်တော့
ဘူးနော်။ အဲဒီလို မလုပ်ပါနဲ့။ သား သွားပါရစေ"

မေမေက သူ့တောင်းဆိုချက်ကို လုံးဝကိုနားမလည်
ပေးချေ။

"ကိုဦး ... မောင်သောင်း ... နင်တို့အစ်ကိုလေးကို ခေါ်
သွားတော့"

"ကျစ် ... မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး ... ခဏလေး အပေါ်တက်လိုက်ပါ အစ်ကို လေးရာ။ ကျွန်တော် တောင်းပန်ပါတယ်နော်။ မေမေနှင့် က နေမှမကောင်းတာ အစ်ကိုလေးရယ် ... နော်"

ငွေမိုးက အသေးလေးတို့ ဆွဲခေါ်သွားရာနောက်ကို ယက်ကန် ယက်ကန်ဖြင့် ပါလာခဲ့ရတော့သည်။ သူ့ကိုအခန်းထဲ သို့ ပို့ပေးကာ တံခါးပိတ်သွား၏။ ငွေမိုးက ခုတင်ပေါ်မှာထိုင် ချကာ တောက်တစ်ချက်ခေါက်၍ မွေ့ရာကို လက်သီးနဲ့ထိုးချ လိုက်သည်။ မေမေ လုံးဝမတရားဘူး။ သူဟာ ထပြီး အခန်းတံခါး ကို ဖွင့်ကြည့်မနေတော့ဘဲ ကိုဦးနဲ့ အသေးလေးတို့ အပြင်ကနေ သော့ခတ်သွားပြီဆိုတာ သူ သိနေပြီးသားဖြစ်သည်။ ဒီတစ်ခါနဲ့ဆို သူ အိပ်ခန်းထဲမှာ သော့ခတ်ခံခဲ့ရတာ သုံးကြိမ်မြောက် ရှိသွားပြီ ဖြစ်သည်။ မှတ်မှတ်ရရ သူ ကလေးဘဝတုန်းက ဖေဖေ့ဆီသွား ချင်တယ်လို့ ပြောခဲ့တုန်းက တစ်ခါ၊ သူ ဆယ်တန်းအောင်တော့ ဖေဖေ့ကို ရှာပါရစေလို့ ပြောခဲ့တုန်းက တစ်ခါ၊ အခု ဒီတစ်ကြိမ် မှာတော့ ကိုကို့ကို ချစ်တယ်လို့ ပြောခဲ့တဲ့အတွက် သူ ဒဏ်ခတ် ခံရတာဖြစ်သည်။ ဒီတစ်ခါတော့ သူ မေမေ့ကို အရှုံးမပေးနိုင်ပါ။

ပြီးတော့ မနက်က ကိုကို ပြောခဲ့တဲ့စကားကို ပြန်ကြားယောင်မိသွားသည်။ မင်းပြောတာ ဟုတ်တယ် ကိုကို သူက ဘောင်းဘီအိတ်ကပ်ထဲက ဖုန်းလေးကို သတိရသွားကာ အမြန်ထုတ်လိုက်ပြီး ကိုကို့ဆီ ဖုန်းလှမ်းခေါ်လိုက်သည်။





"အင်း ... ငွေမိုးသွန်း ပြောလေ"

"ကိုကို ... မင်းပြောတာ မှန်တယ် သိလား"

"ဘာလဲ ... ရှင် လာလို့မရဘူးမလား။ ပြောသားပဲ။ အဲဒါ ကြောင့် ထင်နေပါတယ်လို့။ အခု အိမ်မှာပဲပေါ့"

သူဟာ လွတ်လပ်နေသော ကိုကိုရဲ့ဘဝကို အားကျမိသွားသည်။ သူဟာ ယောကျ်ားလေးဖြစ်ပြီးတော့ ဒီလိုထိန်းချုပ်ခံရတာကို ရှက်မိသွားသည်။

"အင်း ... ဟုတ်တယ်။ ကိုယ်က ကိုကို့ဆီ လာမယ်ဆိုတာ မေမေ သိနေတယ်။ ပြီးတော့ မေမေနဲ့ကိုယ် စကားများကြတယ်။ အခု ကိုယ့်ကို အခန်းတံခါးသော့ခတ်ပြီး အပြင် ပေးမထွက်ဘူး"

"ဘုရားရေ ... ရှင်ကလည်းဟယ်။ ကလေးကျနေတာပဲ။ အခန်းတံခါးကို သော့အခတ်ခံလိုက်ရသလား"

"မေမေ့ဩဇာက ကိုယ့်ကို အရမ်းလွှမ်းတယ် ကိုကို။ အခု ဖုန်းတောင် အမေ မေ့သွားလို့ မသိမ်းသေးတာ။ ကိုယ် တောင်းပန်ပါတယ် ကိုကို"

သူ့စကားအဆုံးမှာ ကိုကိုက သူ့ကို ကရုဏာသက်သော လေသံဖြင့် ...

"ဖြစ်ရလေ ငွေမိုးသွန်းရယ်။ ကျွန်မ ရှင့်ကို ဘယ်လိုလုပ် ပေးရမလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ငွေမိုးက သူ့ရင်ထဲက ခံစားချက်ကို ဖွင့်ပြောပြလိုက်တော့သည်။

"ကိုယ် ကိုကို့ကို လက်ထပ်ချင်တယ်။ မေမေ သဘောမတူလည်း ကိုယ် ကိုကို့ကို လက်ထပ်မယ်။ ဒီတစ်ကြိမ်တော့ မေမေ့ကို ကိုယ် ဆန့်ကျင်ချင်တယ်"

သူ့စကားကြောင့် ကိုကို့ဘက်က စကားသံတိတ်သွားလေသည်။ ပြီးတော့မှ တကယ့် လေးလေးနက်နက်ရှိသော အသံဖြင့် သူ့ကိုမေးလေသည်။

"ရှင်ဘက်က သေချာရဲ့လား ငွေမိုးသွန်း"

"ကိုယ့်ဘဝမှာ မေမေ့ကို ကလန်ကဆန် ပြန်ပြောမိတာဟာ ဒါ ပထမဆုံးပဲ။ အဲဒါ ကိုယ့်အဖြေပဲ"

"Ok ... ရှင့်ရဲ့အချစ်တွေအတွက် တန်ပြန်သက်ရောက်မှု ရှိပါတယ် ငွေမိုးသွန်း။ ရှင် အိမ်ကထွက်လို့ရအောင် ကြိုးစားပါ။ အခု နောက်ထပ် တစ်နာရီအတွင်းကနေစပြီး ရှင် မထွက်လာမချင်း ရှင်တို့ခြံရဲ့ အနီးဆုံးမှာ ကျွန်မ ရှိနေမယ်"

အစကတော့ ကိုကို ဘာပြောတယ်ဆိုတာကို သူ သဘောမပေါက်ချေ။ သူ့ဘက်က စကားသံမထွက်သေးဘဲ ငြိမ်နေတာကြောင့် ချက်ချင်းမတုံ့ပြန်သေးလျှင် ကိုကို့ဘက်က စိတ်မရှည်တော့တဲ့ လေသံဖြင့် သူ့ကို ပြောလေသည်။





"ဟော့ ... ဘာလဲ။ မလာရဘူးလား။ ဒါမှမဟုတ် ရှင်တွေဝေနေတာလား။ အခုလို ဖုန်းပြောခွင့်ရနေတာတောင် ရှင့်ကုသိုလ် တော်တော်ကောင်းနေလို့မှလား"

ဒီတော့မှ သူဟာ ကိုကိုပြောတာ ဘာဆိုတာသဘောပေါက်လေတော့သည်။ ပြီးတော့ ကိုကို့ကိုလည်း အရမ်းချစ်သွားလေသည်။

ငွေမိုးသည် ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် ထိုင်နေရာမှ အကာ ဆတ်ခနဲ ခုန်လိုက်ရင်း ...

"No ... No ... ကိုယ် ... ကိုယ်က အရမ်း surpriseဖြစ်သွားလို့ပါ။ Ok ... စိတ်ချ ကိုကို။ ကိုယ် ဒီနေ့ အိမ်ကနေ မရ ရအောင် ထွက်ခဲ့မယ်။ ကိုယ် ကိုကို့နဲ့ လက်ထပ်မယ်"

"ဟုတ်ပြီ ... အဲဒါဆို စောင့်နေမယ်နော်"

ကိုကိုက အရင်ဦးဆုံး ဖုန်းချလို့ သွားလေသည်။ သူ့ဘာ ရင်ခုန်သံတွေ မြန်ဆန်လာကာ တကယ်ကြီး အံ့ဩနေမိသည်။ အေးတိအေးစက်နေတတ်တဲ့ ကောင်မလေးရဲ့အချစ်က ဘယ်လောက်ထိ သစ္စာရှိသလဲဆိုတာ သူ သိလိုက်ပြီ။ ကိုကိုက သူ့ကိုချစ်တယ် ဆိုတာထက် ပိုချစ်တာပဲ။ သူ အိမ်ကနေ မဖြစ်ဖြစ်တဲ့နည်းနဲ့ ထွက်ရလိမ့်မယ်။ ပထမဆုံး သူက သူ့ဖုန်း list ထဲက ကိုကို့နဲ့ပြောခဲ့တဲ့ ဖုန်း call ကို ဖျက်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အရေးကြီးတဲ့ သူ့မှတ်ပုံတင်နဲ့ ဘဏ်စာအုပ်ကို ဘောင်းဘီအိတ်ကတ်ထဲ ထည့်လိုက်သည်။ Ok ... ဒါဆို လုံလောက်ပြီ။ ပြီးတော့ သူ အိမ်ထဲက ဘယ်လိုထွက်ရမလဲ ? ။ ငွေမိုးရဲ့အခန်းဟာ အပြင်ကိုထွက်ဖို့အတွက် ဝရန်တာမရှိ။ ပြတင်းပေါက်ကလည်း အပြင်ကိုမြင်ရရုံသာဖြစ်သည့် လေးဖက်လေးတန် အလုံပိတ်အခန်း ဖြစ်တာကြောင့် ဒီအခန်းထဲကနေ လစ်ထွက်လို့ မရပေ။ ဒီတော့ သူ အရင်ဆုံး ဒီအခန်းထဲက ထွက်ဖို့လုပ်ရမည်။

ငွေမိုးက အခန်းတံခါးကို တဒုန်းဒုန်းနဲ့ ထုပစ်ကာ အသံကုန် အော်ပစ်လိုက်သည်။

"မေမေ ... ကျွန်တော့်ကို တံခါးဖွင့်ပေးပါ။ သား တောင်းပန်ပါတယ် မေမေ။ ကျွန်တော် ကတိပေးတယ် မေမေရာ။ မေမေ ဘာတောင်းဆိုဆို သား ကတိပေးတယ်။ သားကို တံခါးဖွင့်ပေးပါ"

အခန်းအပြင်က ဘာမှအသံမကြားရသေးပေ။ သူအော်ရုံးမပေး။ တံခါးကို တဒုန်းဒုန်းထုပစ်ကာ သူ အသားကုန်အော် ပြလေသည်။ မိနစ်နှစ်ဆယ်လောက်ကြာတော့ တံခါးလာဖွင့်ပေးသည်။ တံခါးဖွင့်ဖွင့်ချင်းမှာ မြင်လိုက်ရတာ မေမေ့မျက်နှာ။ သူက ဣန္ဒြေမပျက်အောင် မျက်နှာကို မရယ်မပြုံးဖြင့် မျက်လွှာချထားလိုက်သည်။





"သားရယ် ကလေးလည်း မဟုတ်တော့ဘူး။ မင်း နောက်တစ်ခါ ဒီလိုမလုပ်ပါနဲ့။ သားဆန္ဒကို မေမေ ဘယ်တုန်းက များ လျစ်လျူရှုခဲ့ဖူးသလဲ။ ဒီတစ်ခါ မေမေ မင်းကို ယဉ် တစ်ကိုယ်နဲ့ သဘောမတူဘူးဆိုတာ သူက သိပ်ပြီး ဆတ် ဆတ်ကြဲ ဖြစ်နေလို့ပဲ။ ဒီလို မာနကြီးတဲ့မိန်းမရဲ့အချစ်က ဘယ်လောက်ထိ တည်တံ့မလဲ။ ဒါကြောင့် မေမေ သဘော မတူရတာ။ သား သူ့ကို မေ့လိုက်ပါ"

ငွေမိုးက မေမေပြောတာကို ဘာမှပြန်မပြောဘဲ ခေါင်းညိတ်နားထောင်ပေးလိုက်ပြီးမှ သူ့ကိုယုံအောင် အယုံသွင်း ရလေတော့သည်။

ခွင့်လွှတ်ပါ မေမေရယ်။ သားက ကိုကို့ကို သိပ်ချစ် နေလို့ပါ။

"လောလောဆယ်တော့ သား မမေ့နိုင်သေးဘူး မေမေ။ မေမေ့ဘက်ကလည်း သဘောတူနိုင်အောင် ကြိုးစားပေးပါ။ သားလည်း တတ်နိုင်သမျှတော့ မေ့နိုင်အောင် ကြိုးစားမယ်"

သူကပြောပြီး ထွက်လာခဲ့လျှင် မေမေက လှမ်းမေး လေသည်။

"ဒါ ဘယ်လဲ သား။ မင်း အိမ်ထဲက ထွက်လို့တော့မရ ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



သူက မေမေပြောမယ်ဆိုတာကို ကြိုတွက်ထားပြီး သားမို့ မေမေမမြင်အောင် ပြုံးလိုက်ပြီးမှ မေမေ့ဘက်သို့ ပြန်လှည့်လိုက်ကာ အကြောင်းပြချက် ကောင်းကောင်းလေး ဖြေလိုက်သည်။

"သိပါတယ်၊ သား ဒီနေ့ ဘယ်မှမသွားပါဘူး။ မေမေ့ကို ဆန္ဒပြရတာ မောသွားလို့ ဗိုက်ဆာလာတယ်လေ။ ထမင်းသွားစားမလို့"

သူက ထမင်းစားခန်းဆီ ဝင်လာကာ ဒေါ်မြ ထည့်ပေးတဲ့ ထမင်းနဲ့ စုံလင်မွှယ်ရာဟင်းတွေကို ဗိုက်မဆာပေမယ့် အတင်းကို ဖျစ်ညှစ်စားလိုက်သည်။ မေမေက သူ့ဘေးက လုံးဝ မခွာဘဲ သူ့အခြေအနေကို စောင့်ကြည့်နေလေသည်။ သူဟာ စားပြီးသောက်ပြီးနောက်မှာ သူက သူ့ရဲ့ ipad ကိုယူကာ fruit ninja ခွဲနေလိုက်သည်။ သူက စိတ်ပါဝင်စားစွာဖြင့် ဂိမ်းဆော့နေတာမို့ မေမေက သူ့ကိုယုံကြည်သွားပုံ ရပါသည်။ သူ့ကိုစောင့်ကြည့်မနေတော့ဘဲ သူ့ဘေးကနေ ထသွားကာ ထွက်သွားလေ၏။

ငွေမိုးက ဂိမ်းဆော့နေရင်းကမှ အခြေအနေကို မသိမသာ အကဲခတ်လိုက်လေသည်။ အခြေအနေက အေးဆေးဖြစ်သွားပြီဖြစ်သည်။ နာရီကို လှမ်းကြည့်လိုက်တော့ ဆယ့်တစ်နာရီခွဲနေပြီ။ ဒါဆို အပြင်မှာ ကိုကိုစောင့်နေတာ မရှိလောက်ဘူးဆိုရင်တောင် အနည်းဆုံး နှစ်နာရီလောက် ရှိလောက်ပြီ။ သူက ဂိမ်းဆက်မဆော့တော့ဘဲ အသေးလေးကို လှမ်းခေါ်လိုက်လေသည်။





"ဟော့ကောင် ... အသေးလေး၊ လာဦး"

"ဟုတ် ... အစ်ကိုလေး၊ ဘာခိုင်းမလို့လဲ"

"ဟို ... ငါ့ကို သံပရာရည်တစ်ခွက် ဒေါ်မြကို သွားဖျော်ခိုင်း။ ပြီးတော့ ရေခဲသေတ္တာထဲက မေမေ ဝယ်ထားတဲ့ စပျစ်သီးတွေပါ တစ်ခါတည်း ယူလာခဲ့။ ရုပ်ရှင်ကြည့်ရအောင်လေ။ မေမေကော"

သူက သူ့ဘေးနားမှာ အရိပ်အခြေ စောင့်ကြည့်နေတဲ့ အသေးလေးကို ပ,ထုတ်ဖို့ အလုပ်ခိုင်းလိုက်ရတာဖြစ်သည်။

"မေမေနှင်းက ခုနက အလုပ်ခန်းထဲ ဝင်သွားတာ တွေ့တယ်"

"အေး ... အေး ... ဟုတ်ပြီ၊ သွားလေ ဟော့ကောင်"

သူက အသေးလေး နောက်ဖေးထဲဝင်သွားမှ ထိုင်နေရာကထကာ ခြံထဲသို့ အမြန်ပြေးရလေသည်။ ဒီအချိန်ဆို ကိုဦးက အနောက်မှာ ထမင်းသွားစားနေလောက်ပြီ။ သူက ဂေါ်တီကိုကနေ အရိပ်အခြည်ကြည့်၍ Ok တာနှင့် အသားကုန်ပြေးကာ တံခါးချက်ကိုဖွင့်ကာ အမြန်မြန် ထွက်လာခဲ့တော့သည်။ အိမ်အပြင်ရောက်တာနဲ့ သူက မျက်လုံးတစ်ချက် ဝေ့လိုက်လျှင် ကိုကို့ရဲ့ swift အနီလေးက သူ့ရှေ့သို့ ထိုးဆိုက်လာလေသည်။ ငွေမိုးသည် လွတ်ပြီကွလို့ တိုးတိုးလေး ရေရွတ်ကာ အပြုံးများစွာနှင့် ကားပေါ်တက်လိုက်တာနှင့် ကားက ဝေါခနဲ မောင်းထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ ... တော်တော်မှ ကြိုးစားလိုက်ရရဲ့လား"

ကိုကိုက သူ့ကို အရင်မေးလေလျှင် သူက ဟားခနဲ တစ်ချက်အော်ကာ သဘောတကျ ရယ်မောလိုက်ရင်း ...

"အေးဆေးပါကွာ။ ကိုယ်ပဲ ရအောင်ထွက်ခဲ့တာပေါ့။ မှတ်ပုံတင်ကော ဘဏ်စာအုပ်ကောပါတယ်"

သူနှင့် ကိုကိုဟာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိသွားရင်းက တဟားဟား ရယ်မောမိသွားလေသည်။

"ကျွန်မက ရှင့်ကိုနိုးပြေးလာရတာပေါ့နော်။ ဟား ဟား ... ရယ်ရလိုက်တာ"

"သာတယ် နာတယ် မတွက်ပါဘူးကွာ။ ကိုယ်ပဲ အနစ်နာခံပြီး လိုက်လာရတာပါ ... ဟဲ ဟဲ"

သူက နောက်လိုက်လျှင် ကိုကိုက မျက်စောင်းတစ်ချက် လှည့်ထိုးရင်းက ဘာမှမပြောတော့ဘဲ ကားကိုသာ ဆက်မောင်းသွားလေသည်။

"ဘယ်ကိုသွားကြမလဲ ကိုကို"

ငွေမိုးက ကိုကို့ကို လှမ်းမေးလိုက်လျှင် ကိုကိုက သူ့ဘက်သို့ မျက်နှာလှည့်လာကာ မျက်စောင်းထပ်ထိုးရင်း ...

"ရှင်နော် ... ငွေမိုးသွန်း။ ကားကို ဒီမှာရပ်လိုက်တော့မယ်။ ရှင် ဆင်းတော့မလား"





"ဟား ဟား ... စတာပါ ချစ်ရာ။ peace ... peace ။ အခု ကိုကို ဘယ်သွားနေလဲ ကိုယ်သိတယ်"

ကိုကိုက "ဘယ်လဲ"လို့ ခပ်တိုးတိုးမေး၏။ ငွေမိုးသည် အရမ်းကို ချစ်စရာကောင်းလေသော ကိုကို့ကို မြတ်နိုးမဝ စွာ ငေးကြည့်လိုက်ရင်းက ပြေလိုက်လေသည်။

"ကိုယ်တို့ လက်ထပ်ကြမယ်လေ။ ဒီတော့ let's go to တရားရုံး"

* ❣ *



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

နှင်းဆီသည် ကိုယ့်ကိုမလိမ့်တပတ် လုပ်သွားသော သားကို တနုံ့နုံ့နဲ့ ဒေါသတွေ ဖြစ်နေမိသည်။ မအေကို အယုံသွင်းပြီး လက်တစ်လုံးခြား လုပ်သွားတာ။ တောက် ...။ ဘယ်အချိန်ကတည်းက အချိန်းအချက် လုပ်ထားကြသလဲ မသိ။

"စိတ်မဆိုးပါနဲ့တော့ နှင်းဆီရယ်။ သားက ချစ်နေမှတော့ ဘယ်တတ်နိုင်ပါ့မလဲ။ ခွင့်လွှတ်လက်ခံပေးဖို့ပဲ ရှိတော့တယ်"

မမြက နှင်းဆီကို ပြေရာပြေကြောင်း ဖျောင်းဖျလေလျှင် နှင်းဆီက ပို၍ခံစားရလေသည်။ ယောက်ျားတွေက အချစ်ကို သိပ်မက်မောထားကြတာပဲလား။ သားရယ် ... မင်း ဒီလိုလုပ်လိမ့်မယ်လို့ မေမေ လုံးဝမထင်ခဲ့မိဘူး။ စိတ်ထဲမှာ ခံစားရတာနဲ့အတူ ဒေါသတွေကပါ၊ အလိပ်လိုက် တက်လာ့ကာ ဘောက်တစ်ချက် ခတ်လိုက်ရင်း ...





"တောက် ... ဒါ မလိမ့်တပတ်လုပ်တာ မမြရဲ့။ ငွေမိုးသွန်း အဲဒီလောက် လုပ်မယ်လို့ ကျွန်မ မထင်မိဘူး။ မ,ဘက်လိုက်လို့ မိုက်ဘက်ပါတဲ့ထဲမှာ ကျွန်မသားလည်းပါတာ ကျွန်မ ရင်နာလွန်းလို့ မဆုံးဘူး"

"နှင်းဆီရယ် ... စိတ်လျှော့ပါလို့ပဲ မမြ ပြောပါရစေ။ သားလေးလည်း အရွယ်ရောက်လာပြီပဲ။ သီးချိန်သီး ပွင့်ချိန်ပွင့်ပေါ့။ သားကိုစိတ်ဆိုးလို့ စွန့်လွှတ်လိုက်ရင် နှင်းဆီပဲ ခံစားရလိမ့်မယ်။ သားကို ချစ်တဲ့စိတ်နဲ့ ခွင့်လွှတ်လိုက်ပါ နှင်းဆီရယ်"

သားကိုတော့ နှင်းဆီ မစွန့်လွှတ်နိုင်ပါ။ လောကအလယ်မှာ နှင်းဆီဟာ တစ်ယောက်တည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်၍ သားရဲ့အမေနေရာကော အဖေနေရာပါ ပုံ၍ချစ်ခဲ့ရတာဖြစ်သည်။ အေးပေါ့လေ ... သားက ကလေးမှမဟုတ်တော့တာ။ သူလည်း အရွယ်ရောက်လာပြီပဲ။ သားနဲ့ပတ်သက်လာတဲ့ ယဉ်တစ်ကိုယ်ကို သူမ လက်ခံပေးရမှာပေါ့။ ယဉ်တစ်ကိုယ်က သိပ်ပြီးထက်နေတာကြောင့် သားကို အဲဒီမိန်းကလေးနဲ့သဘောမတူတာဖြစ်သည်။ သူမက နှင်းဆီနဲ့တူသည်။ သားကို အိမ်ထောင်ပြုရင် အဆင်ပြေတဲ့ အိမ်ထောင်ရေးမျိုး ဖြစ်စေချင်သည်။

"အေးပေါ့လေ ... သားကို သဘောတူပေးဖို့ပဲ ကျွန်မ ဆုံးဖြတ်လိုက်ပါပြီ မမြရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... အဲဒါ အကောင်းဆုံးပဲ။ ကလေးမလေးက တော်ယော့်ထက်လို့လား"

"အင်း ... ကောင်မလေးက တော်ပါတယ်။ ကိုမြင့်မောင်ကို စုံစမ်းခိုင်းကြည့်တော့ အဲဒီကောင်မလေးက Export ကုမ္ပဏီမှာ အလုပ်လုပ်တာတဲ့။ မိဘတွေ မရှိတော့ဘူး။ သိပ်ပြီးတော့ ပြောစရာအကြောင်း မယ်မယ်ရရတော့မရှိပါဘူး။ ကျွန်မက ဘာမိသားစု ဘက်ခရောင်းမှမရှိတဲ့ မိန်းကလေးမျိုးနဲ့ သားကိုမပေးစားချင်ဘူး။ ဒါပေမဲ့ သူက အဲဒီမိန်းကလေးကိုပဲ အသည်းအသန် ဖြစ်နေတာလေ။ အိမ်ကိုတောင် လက်တစ်လုံးခြားလိမ်ပြီး ထွက်ပြေးတယ် ဆိုကတည်းက စဉ်းစားသာကြည့်ပေတော့"

မမြက အသာပြုံးလို့သာ နေလိုက်သည်။ သားက ဒါဆို ကိုထင်မင်းနဲ့ သွားတူတာပေါ့။ ကိုထင်မင်းတုန်းကလည်း နှင်းဆီကိုရဖို့ ဒီလိုပဲ အိမ်ကနေ ထွက်ပြေးလာခဲ့တာပဲလေ။ ဘယ်လောက်ပဲချစ်ချစ် နောက်ဆုံးတော့လည်း ...။

ဘာပဲဖြစ်ဖြစ် သားတို့ကို သဘောတူတယ်ဆိုတော့ အဆင်ပြေမှာပါ။ နှင်းဆီဟာ သားနဲ့ပတ်သက်ပြီး မာနမရှိ စိတ်သဘောတွေ ပျော့ပျောင်းတယ်ဆိုတာ သေချာသည်။ အဲဒီတော့ သားတို့အချစ်ရေး အဆင်ပြေမယ်လို့ပဲ ယုံကြည်လေသည်။

❊ ❦ ❊





"ရှင့်မေမေဆီ ဖုန်းဆက်ပြီး အကြောင်းကြားသင့်တယ် ငွေမိုးသွန်း"

ကိုကို့စကားကြောင့် ငွေမိုးသွန်းက မျက်လုံးအဝိုင်းသားဖြင့် သူ့ကို ပြူးကြည့်လေသည်။ သူ့ကြည့်ရတာ သူ့အမေဆီကို ဆက်ရဲတဲ့ပုံ မပေါ်ပါ။ ကိုကို့ကို အသည်းအသန်ကို ငြင်းနေတာဖြစ်သည်။

"ဟာ ... ကိုကိုကလည်း၊ ကိုယ် အခုဆက်လို့ ဘယ်ဖြစ်ပါ့မလဲ။ မေမေက အခုဆို အသေပေါက်ကွဲနေလောက်ပြီ။ နောက်နှစ်ရက်လောက်မှ ဆက်မယ်လေကွာ"

"ဟင်း ... ဘယ်ဟုတ်ပါ့မလဲ။ ငွေမိုးသွန်း မဆက်ရင် ကျွန်မ ဆက်လိုက်မယ်လေ"

"ကိုကို ဆက်မယ်"

ကိုကို့ကို သူက အံ့သြနေဟန်ဖြင့်ကြည့်လျှင် ကိုကို က ခေါင်းညိတ်ပြလိုက်သည်။ အဲဒီတော့ သူက ဟက်ခနဲရယ်ကာ ကိုကို့ပခုံးကို ခပ်ဖွဖွပွေ့ဖက်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အဟား ဟား ... ကိုယ့်ကိုကိုကတော့ လုံးဝ braveပဲ ကွာ။ မေမေ့ကို တော်ရုံတန်ရုံ ရင်မဆိုင်ရဲဘူးကွ။ ပြီးတော့ ဒီအချိန်ဆို မေမေ အရမ်းစိတ်ဆိုးနေလောက်ပြီ။ ကိုယ်က ကိုကို့ကို အားနာလို့ပါ"

"ငွေမိုးသွန်းရယ် ... ရှင် တော်တော် အမေကြောက်တာပဲ နော်။ သား မိန်းမယူလိုက်ပြီဆိုတာက တကယ်ပဲကြောက် စရာကောင်းကြီး ဖြစ်နေလို့လား"

"အဟား ဟား ... မဟုတ်ရပါဘူးကွာ။ အဲ ... နေဦး။ ကိုယ်တို့က လင်မယားတွေ ဖြစ်သွားပြီပဲ။ မင်း ကိုယ့်ကို အဲဒီလို ငွေမိုးသွန်း ... ငွေမိုးသွန်း ဆိုပြီး မခေါ်သင့်တော့ ဘူး။ အခေါ်အဝေါ်လေးတွေ ပြောင်းသင့်ပြီ ချစ်ရဲ့"

ငွေမိုးသွန်းက ညို့ရီရီမျက်လုံးတွေနဲ့ ကိုကို့ကိုကြည့် ကာ ပြောလိုက်မှ ကိုကို့ကျောထဲက စိမ့်ခနဲ ဖြစ်သွားရလေသည်။ ဘုရားရေ ... ကျွန်မ တကယ်ပဲ ယောက်ျားတစ်ယောက်နဲ့ လက် ထပ်ခဲ့ပြီပဲ။ မနက်ကတော့ ဒေါ်နီနှင်းဆီကို ချိုးချင်တဲ့စိတ်တွေက များနေကာ ကိုယ် ဘာတွေလုပ်မိမှန်းတောင် မသိတော့ပေ။

သူနဲ့ ကိုကိုက တရားရုံးမှာ တရားဝင်လက်မှတ် ထိုးကာ လက်ထပ်လိုက်ကြပြီ။ အခု ကိုကိုတို့က လှည်းကူး ဘန်ဂလိုတစ်ခုထဲမှာ။ ဒီနေ့ကို ကိုကို ဘယ်လိုဖြတ်သန်းရမလဲ ငွေမိုးသွန်းက ကိုကို့ကို အပြုံးတစ်ခုဖြင့် ကြည့်လေလျှင် ကိုကို





သောင်နနဖြင့် ဖုန်းကိုကောက်ယူလိုက်ကာ ထိုင်ရာမှ ဆတ်ခနဲ ထ၍ ...

"လာ ... ဖုန်းဆက်မယ်လေ"

"ကဲ ... သဘောဗျာ။ ပေး ... ဖုန်း။ ကိုကိုနဲ့ လက်ထပ် ပြီးသွားပြီ ဆိုတာကို အားလုံးသိအောင် ပြောလိုက်မယ် ဟုတ်ပြီလား"

"လာလေ ... အပြင်ထွက်ဆက်"

"ဒီမှာလည်း လိုင်းမိပါတယ်။ အပြင်မှာဆို ပူတယ်ကွ။ အခန်းထဲမှာ air-con နဲ့ဖိမ်ပဲ။ အခန်းထဲမှာပဲ ပြောမှာပေါ့။ ကဲ ... ပေးပါ"

သူက ကိုကို့လက်ထဲကဖုန်းကိုယူကာ ခေါ်လိုက် သည်။ ပြီးတော့ အလိုက်သိစွာပင် ဖုန်းကို speaker ဖွင့်ပြောလေ သည်။ ကဲ ... ရှင့်ရဲ့အရှုံးတွေကို ကျွန်မ နားထောင်နေတယ် ဒေါ်နီနှင်းဆီ။

"ဟယ်လို ... မေမေလား"

"သား ... ငွေမိုး၊ သား ဘယ်ရောက်နေတာလဲ"

ငွေမိုးသွန်းက ကိုကို့ကို အပြုံးချိုချို ပြုံးပြပြီးမှ ဆက်ပြောလေသည်။

"သားနဲ့ ကိုကို လက်ထပ်လိုက်ပြီ မေမေ။ မေမေ ဘာမှ စိတ်ပူမနေပါနဲ့နော်။ ပြီးတော့ သားကို ခွင့်လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သားရယ် ... ဒီအချိန်မှာ ဒီစကားတွေ ပြောနေရတော့မှာ မဟုတ်ဘူး။ မင်းကို မေမေ နားလည်ပေးလိုက်ပါပြီ။ သားနဲ့ သမီး အမြန်ဆုံး ပြန်လာခဲ့နော်။ မေမေ သားတို့ ကိစ္စကို စီစဉ်ပေးမယ်"

ဟား ဟား ... လေသံက အရမ်းကို ချိုမြသွားတာပါ ပဲလား။ ကိုကိုက ကြိုတွက်ဆနေမိတဲ့ အဖြေအတွက် ထူးပြီးအံ့ဩ မနေပေ။ ဒေါ်နီနှင်းဆီရဲ့ တစ်ဦးတည်းသောသားကို ဘယ်နည်း နဲ့မဆို ခွင့်လွှတ်မယ်ဆိုတာ သိထားပြီးသားလေ၊ ငွေမိုးသွန်းက တော့ ဒေါ်နီနှင်းဆီ စကားကြောင့် တအံ့တဩတွေ ဖြစ်နေကာ_

"မေမေ ... သား နားကြားများ မှားတာလား"

"မဟုတ်ပါဘူးကွယ်။ သားကို မေမေ တကယ်သဘောတူ လိုက်ပါပြီ။ ဘေးနားမှာ သမီးကော ရှိလား"

"ဟုတ် ... ခဏလေးနော် မေမေ"

ကိုကိုက ငွေမိုးသွန်းဘေးသို့ ဝင်ထိုင်လိုက်ကာ ဖုန်းပြောလိုက်၏။

"ဟုတ်ကဲ့ ... အန်တီ"

"ယဉ်တစ်ကိုယ့်ကို အန်တီ့ဘက်က စကားပြောလွန်ထား တဲ့အတွက် ဆောရီးပါ သမီးရယ်။ ဘာမှ စိတ်ထဲထားမနေ ပါနဲ့။ သမီးတို့လည်း လက်ထပ်ပြီးပြီပဲ။ အန်တီ မကန့် ကွက်တော့ပါဘူး။ သားနဲ့သမီး အမြန်ပြန်လာခဲ့ကြနော်"





"ဟုတ်ကဲ့ အန်တီ။ ဒါပါပဲနော်"

ကိုကိုက စကားစဖြတ်ချပစ်ကာ ဖုန်းပိတ်လိုက်လေ သည်။ ဟင်း ... တောင်းပန်တာတောင် ဆောရီးအဆင့်လောက်ပဲ လား။ ကိုကိုကတော့ တောင်းပန်တာကို တောင်းပန်ပါတယ်လို့ မြန်မာလိုပြောမှ ပိုပြီးလေးနက်တယ်လို့ ခံယူလေသည်။

"ကိုကို ... ထူးဆန်းမနေဘူးလား"

ငွေမိုးသွန်းက ကိုကို့ကို လှမ်းမေးလျှင် ကိုကိုက ပခုံးတစ်ချက်တွန့်ပြလိုက်ကာ ဟန်ဆောင်၍ မသိဘူး လုပ်ပစ်လိုက် သည်။

"မသိဘူးလေ"

"မေမေ ဒီလောက်မြန်မြန်ဆန်ဆန် စိတ်ပြေမယ်လို့ မထင် ထားဘူး။ ကိုကို ... ကိုယ်တို့ မပြန်ဘဲနေရအောင်။ တော် ကြာ မေမေက ကိုယ်နဲ့ကိုကို့ကို ခွဲလိုက်ရင် ဘယ်လိုလုပ် မလဲ"

ကိုကိုက အရမ်းကို simpleဖြစ်လွန်းတဲ့ ငွေမိုးသွန်း ကို ခပ်ထွေထွေ စိုက်ကြည့်ကာ ရင်မောမိသွားသလို ပျော်လည်း ပျော်မိလေသည်။ ကိုကို့ကိုချစ်တဲ့ အချစ်တစ်ခုကလွဲပြီး အရမ်းကို အေးဆေးလှတဲ့သူဟာ ဒေါ်နီနှင်းဆီရဲ့သား ဖြစ်နေတာကတော့ စိတ်မကောင်းစရာပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ကျွန်မတို့ကို နားလည်ပေးလိုက်တာပါ။ သူ ရှင့်ရဲ့ ကျွန်မကို ခွဲလို့မရတော့ဘူး။ လက်ထပ်လိုက်တာဟာ ခွဲလို့မရတဲ့ နှောင်ဖွဲ့ခြင်းပဲ ငွေမိုးသွန်းရဲ့"

"ဟာ့ ... အရမ်းမိုက်တဲ့ စကားပဲ။ လက်ထပ်တယ်ဆိုတာ ခွဲလို့မရတဲ့ နှောင်ဖွဲ့ခြင်း။ မိုက်တယ်ကွာ။ ကိုကိုကလေ ကိုယ့်အတွက်တော့ နတ်သမီးပါပဲ။ ဘာလို့ ဒီလောက်ထိ ကိုကို့ကို ချစ်မိသွားလဲ ကိုယ်မသိဘူး။ ကိုယ် အရမ်းချစ်တာပဲကွာ။ ကိုကိုကောဟင် ... ? "

သူက ကိုကို့လက်တွေကို ဆုပ်ကိုင်ကာ ဖီးလ်တွေ အပြည့်ထည့်၍ မေးလာတာဖြစ်သည်။ ကိုကို့အတွက် နှလုံးသားအေဗလာဖြစ်သည်။ သူ ကိုကို့ကို အရမ်းချစ်တာကို သိပေမယ့် ကိုကိုဟာ သူ့အချစ်ထက် သူ့အမေကိုပဲ အလေးပေးနေသူဖြစ်ပါသည်။

"ဟေး ... ဖြေဦးလေကွာ။ ကိုယ့်ကိုချစ်လားလို့။ အဖြေပေးတုန်းကလည်း ချစ်တယ်လို့ တစ်ခွန်းမှမပြောဘူး။ အခုတော့ ပြောပါနော်။ ကိုယ့်ကို ချစ်လားဟင်"

ကိုကိုက ဖြေရတာ အကျပ်ရိုက်နေလေသည်။ ဟား ... စိတ်ညစ်တာပါပဲ။ မဖြေလို့မရတာမို့ ကိုကိုက ဝိနည်းလွတ် ဖြေပေးလိုက်လေ၏။





"ဟင်း ... ဘာတွေလာမေးနေတာလဲ။ ငွေမိုးသွန်းနဲ့ လက်ထပ်ပြီးပြီပဲ၊ မေးစရာလိုလို့လား"

"ဟား ... ဝမ်းသာလိုက်တာကွာ။ ဒါဆို ကိုယ့်ကို ချစ်တယ်ပေါ့နော်။ ကိုကို စိတ်ချ။ ကိုယ့်ကြောင့် ကိုကို့ကို ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူး။ ပြီးတော့ ကိုကို့ကိုပဲ တစ်သက်လုံး ရိုးမြေကျ ချစ်သွားမယ်လို့ ကိုယ် မင်္ဂလာဦး ကတိ ပေးတယ်။ တစ်သက်လုံး တည်စေရမယ်"

သူ့ကတိကြောင့် ကိုကို့ရင်ထဲမှာ နင်တင်တင်ကြီးဖြစ်သွားသည်။ စိတ်မကောင်းပါဘူး ငွေမိုးသွန်းရယ်။ ရှင့်ကြောင့် ကျွန်မ စိတ်မဆင်းရဲရဘူးလို့ ရှင် ကတိပေးပေမယ့် ကျွန်မကတော့ ကျွန်မကြောင့် ရှင် စိတ်ဆင်းရဲစေရမယ်လို့ ကတိပေးရလိမ့်မယ်။ ရှင့်ကို မရက်စက်ချင်ပေမယ့် ရှင်က ကျွန်မပစ်လွှတ်လိုက်မယ့် ဗုတ်ချင်းပေါက် သေစေနိုင်တဲ့ မြားတစ်စင်းမို့ ပစ်ခွင်းရမှာပဲ။

"ဒီနေ့က ကိုယ့်ဘဝရဲ့ အကြည်နူးရဆုံးနေ့ပဲ ကိုကို"

သူက ကိုကိုရဲ့မျက်ဝန်းတွေကို နူးညံ့ရီဝေစွာဖြင့်ပြီး ကြည့်လာသည်။ သူ့အကြည့်တွေက အရမ်းကို ခံစားချက်ပါနေတာမို့ ကိုကို့ရင်တွေ တလှပ်လှပ်ခုန်လာတာကြောင့် မျက်လုံးတွေကို လွှဲပစ်လိုက်သည်။ ကိုကို အရမ်းကို အသက်ရှူသံတွေ မြန်လာသလို ခံစားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အနှစ်နှစ် အလလ စောင့်ဆိုင်းခဲ့ရတဲ့ နာကျင်ကြေကွဲမှုအတွက် ပျောက်စေမယ့်ဆေးကို ကိုကို ရှာတွေ့ထားခဲ့ပြီ။ အဲဒီအတွက် ကိုကို ဘာကိုမှ ဂရုမစိုက်ဘဲ လက်ထပ်ခဲ့သည်။ မကြာခင်မှာ အနိုင်ရတော့မယ့် အောင်နိုင်မှုအတွက် ဒါဟာပေးဆပ်မှုလို့ သဘောထားလိုက်မည်။

"ကိုယ်တို့ ဘယ်တော့မှ မခွဲဘူး"

တိုးတိတ်ညင်သာသော စကားသံတွေက ကိုကိုရဲ့ နှုတ်ခမ်းဖျားထက်သို့ နီးကပ်လာသောအခါ ကိုကိုဟာ ကြောက်လန့်တကြား မျက်ဝန်းတွေ မှိတ်ထားပစ်လိုက်သည်။ နွေးထွေးသွားသော အထိအတွေ့ကြောင့် ရင်ခုန်သံတွေ သိပ်မမှန်ချင်တော့ပေမယ့် ကိုကို မရုန်းဖယ်မိချေ။

ဒေါ်နီနှင်းဆီရဲ့ အသည်းနှလုံးက ကိုကို့ခြေရင်းမှာ ဒူးထောက်ဝပ်ဆင်းစေဖို့ ပစ်လွှတ်မယ့်မြှားကို အဆိပ်ထည့်ပေးလိုက်မိသည်။

✻ ❣ ✻





## ၁၆

သူက ဖိတ်စာဖတ်ပြီးသွားသောအခါ ရင်ထဲမှာ တလှပ်လှပ် တုန်ယင်လာ၍ လူက ချာချာလည်လိုက်နေသလို ခံစားရလေသည်။ ဘုရား ... ဘုရား ... ကိုကိုနဲ့ လက်ထပ်မယ့် သတို့သားနာမည်က ငွေမိုးသွန်းတဲ့။ သူ လူမှားတာတော့ မဟုတ်လောက်ပေ။ ပြီးတော့ သတို့သားအမေက ဒေါ်နီနှင်းဆီတဲ့။ ဒါဆို ... ဒါဆို ...။

ထင်မင်းညီသည် ဖိတ်စာကို စားပွဲပေါ်မှာတင်ကာ ထိုင်ရာမှ ထလိုက်ပြီး ခန်းဆီးလိုက်ကာအပြင်က ရှုခင်းတွေကို ကြည့်၍ စိတ်ကိုတည်ငြိမ်အောင် အရင်ထားရလေသည်။ ပြီးတော့မှ ကိုကို့ဘက်ကို လှည့်လိုက်ပြီး ...

"ကိုကို့ရဲ့သတို့သားက ငွေမိုးသွန်း ... ဟုတ်လား"

"ဟုတ်ပါတယ် အန်ကယ်။ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အမေနာမည် မပါဘူးနော်။ ထူးဆန်းနေလို့ပါ"

"ဪ ... အင်း ... ဟုတ်တယ်။ သူ့အဖေနဲ့ အမေက ဒီဗိုစ်လုပ်ထားတာလေ။ သူ့အမေက Single mother အနေနဲ့ ရပ်တည်နေတဲ့ အန်ကယ်ရဲ့"

နှင်းဆီ ...။ မင်းဟာ တကယ်ပဲ နီနှင်းဆီပေါ့။ ဒါဆိုရင် သားဟာ ...။

"ကိုကို ... အန်ကယ့်ကို သူတို့ရဲ့လိပ်စာ ပေးပါလားဟင်"

"ရှင်"

"ဟင်း ... ပြောရမယ်ဆိုရင် ကိုကိုက အန်ကယ့်ရဲ့ချွေးမပါ။ ငွေမိုးသွန်း ဆိုတာ အန်ကယ့်သားပဲ ကိုကို။ ကိုယ်နဲ့ သူတို့တွေ ဝေးခဲ့တာ အနှစ်နှစ်ဆယ်တောင် ရှိခဲ့ပြီ"

ကိုကိုက သူ့ကို အံ့အားတသင့် မျက်ဝန်းတွေနဲ့ ကြည့်လေသည်။ အေးပေါ့လေ ... သူတောင်မှ ရှော့ခ်ဖြစ်သွားသေးတာပဲ။

"ကိုယ်နဲ့ နှင်းဆီက သဘောထားချင်း မတိုက်ဆိုင်လို့ လမ်းခွဲခဲ့ပြီးကတည်းက အဆက်သွယ် ပြတ်သွားခဲ့တာ ဒီနေ့အထိပဲ။ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင် ကိုကိုနဲ့ လက်ထပ်မယ့်သူဟာ ငွေမိုးသွန်း ဆိုတဲ့ အန်ကယ့်သားဖြစ်နေတယ် ...





ကျေးဇူးပြုပြီး အန်ကယ် သူတို့နဲ့တွေ့ပါရစေ သမီးရယ်။ အန်ကယ့်ကို ကူညီပေးပါလားဟင်"

"ဖြစ်ပါတယ် အန်ကယ်။ ဒီကတ်လေးထဲမှာ ဒေါ်နီနှင်းဆီရဲ့အိမ်လိပ်စာရော ကုမ္ပဏီလိပ်စာရော ပါပါတယ်"

ထင်မင်းက ကိုကိုပေးသော ကတ်လေးကိုယူကာ ဖတ်လိုက်သည်။ မင်းဟာ ပြောတဲ့စကားအတိုင်း လုပ်တတ်တဲ့ အရည်အချင်းရှိ မိန်းမပါပဲ နှင်းဆီ။ စိန်ပွဲစားဘဝကနေ စိန်တိုက်ပိုင်ရှင်ဖြစ်လာအောင် ပြီးတော့ အရည်အချင်းရှိတဲ့ သားကိုလည်း ပျိုးထောင်နိုင်ခဲ့ပါတယ်။ ထင်မင်းက သိပ်ရှည်ရှည်ဝေးဝေး မစဉ်းစားတော့ဘဲ ထိုင်ရာမှထကာ သွားဖို့ဆိုင်းပြင်းလေတော့သည်။

"ဒီအချိန်ဆို နှင်းဆီက ဘယ်မှာရှိသလဲဟင်"

"အန်တီက သူ့ကုမ္ပဏီမှာ ရှိပါတယ်"

"Thank you သမီး။ နောက်မှ တွေ့တာပေါ့"

ထင်မင်းညီသည် ချက်ချင်းပင် နှင်းဆီ့ဆီ အပြေးသွားလိုက်တော့သည်။ ဘယ်လောက်ပဲ မုန်းတယ်လို့ပဲ ကြွေးကြော်ထားပါစေ။ ဒီနာမည်ဟာ သူ့ရင်ထဲကနေ ဘယ်တုန်းကမှ ပျောက်ကွယ်မသွားဘူးခဲ့ပေ။ သူ့ကို သိပ်ပြီးနှိမ်ချဆက်ဆံတတ်ခဲ့တဲ့ ဒီမိန်းမကို သူ မမေ့နိုင်သေးပေ။ ပြီးတော့ ငွေမရှိတဲ့အချိန်က သူ့ကို သိပ်ချစ်ပေမယ့် သူ့နောက်မလိုက်ခဲ့တဲ့သားကကော အခုဆို ဘာတွေပြောင်းလဲသွားပြီလဲဆိုတာ သူ သိပ်သိချင်လှသည်။

အုပ်(၂၀)မြောက်အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



နင်းဆီနဲ့သားကို သူ သတိရနေသလို တစ်ဖက်မှာလည်း အဲဒီ သတိရစိတ်နဲ့ထပ်တူ စိတ်နာနေမိတာကိုတော့ ဝန်ခံပါရစေ။ ဒါပေမဲ့ အခုချိန်မှာ သူဟာ နင်းဆီနဲ့ ရင်ဆောင်တန်းနိုင်ရုံမကသော စည်းစိမ်တွေ ပိုင်ဆိုင်နေခဲ့ပြီဖြစ်သည်။ ပြီးတော့ သူ့သားက လာမယ့် တနင်္ဂနွေမှာ လက်ထပ်တော့မယ်တဲ့။ သူ လူလုံးထွက်ပြသင့်တယ်လို့ ယူဆတာကြောင့် ထင်မင်းသည် နင်းဆီရဲ့ဆိုင်ခြံဝင်းကြီးထဲသို့ ဝင်လာခဲ့လေတော့သည်။

"မင်္ဂလာပါ အန်ကယ်။ ဘာများအလိုရှိပါသလဲရှင်"

ဝန်ထမ်းဝတ်စုံကြို မိန်းကလေးတစ်ယောက်က သူ့ကို စိန်လာဝယ်တဲ့ ကက်စတန်မာအမှတ်နှင့် ဧရိုးဦးကြိုပြုတာကြောင့် သူက ဆိုင်အနေအထားကို တစ်ချက်ကြည့်လိုက်မိသည်။ တော်တော့ကို ကြီးကျယ်ခမ်းနားတာပဲ။ မင်းဟာ သိပ်တော်နေတယ်ဆိုတာ ကိုယ် ငြင်းမရပါဘူး နင်းဆီ။

"အန်ကယ် ... ဘာအလိုရှိပါသလဲ"

"ဩော် ... ဒေါ်နင်းဆီနဲ့ တွေ့ချင်လို့ပါ။ သူရှိလားမသိဘူး"

"ဟုတ်ကဲ့ ... ဘယ်သူလို့ ပြောလိုက်ရမလဲ အန်ကယ်"

ကောင်မလေးရဲ့အမေးကြောင့် ထင်မင်းက မျက်ခုံးတစ်ချက်ပင့်မိသွားသည်။ ဒီအချိန်မှာ ဒီနာမည်ကို ကြားလိုက်ရင် သူမ ဘယ်လိုတုံ့ပြန်လိမ့်မလဲလို့ သူ သိချင်ပေသည်။





"ဦးထင်မင်းညီလို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ ... အန်ကယ်။ ခဏလေး ထိုင်စောင့်ပါရှင့်"

ကောင်မလေးက နင်းဆီထံသွား၍ ပါမစ်သွားတောင်းပုံ ရလေသည်။ ခဏနေတော့ ပြန်ထွက်လာကာ ...

"အန်ကယ် ... ဒီဘက်ကို ကြွပါရှင့်"

ထင်မင်းသည် ရင်ထဲမှာ ဒိန်းခနဲတော့ ဖြစ်သွားလေသည်။ နင်းဆီက တွေ့ခွင့်ပြုတယ်တဲ့။ သူဟာ အနှစ်နှစ်ဆယ်ဝေးကွာနေတဲ့ မျက်နှာတစ်ခုကို မြင်ရဖို့ ကောင်မလေးလိုက်ပို့တဲ့ အခန်းကို လိုက်လာခဲ့သည်။ တံခါးဖွင့်လိုက်လျှင် သူ့ကိုလှမ်းကြည့်နေသည့် မျက်ဝန်းတွေကို အရင်ဆုံး စတင်ဆုံစည်းလေသည်။

"ရပြီ ... အေမီ"

ကောင်မလေးက ထွက်သွားလေသည်။ နင်းဆီက ထိုင်ရာမှထကာ သူ့ကို စေ့စေ့ကြည့်လေသည်။

"မတွေ့တာကြာပြီနော် နင်းဆီ"

သူက အရင်ဆုံး နှုတ်ဆက်လိုက်လျှင် သူမရဲ့မျက်နှာက ပို၍တင်းထန်သွားကာ ...

"ရှင် ဘာလာလုပ်တာလဲ။ ဒီပတ်ဝန်းကျင်က ရှင်လိုလူမျိုးလာခွင့်ရှိတဲ့နေရာ မဟုတ်ဘူး"

သူက နင်းဆီရဲ့စကားကို ဂရုမစိုက်ဘဲ ဆိုဖာနှင့်အခန့်သား ဝင်ထိုင်ကာ ခြေချိတ်ထိုင်လိုက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အခုချိန်မှာ ကိုယ်က ပိုင်ဆိုင်မှုတွေ အများကြီးရှိနေတဲ့ ထင်မင်းညီ ဖြစ်သွားပြီကွ။ ခြေရာပျောက်ကောင်းလွန်းတဲ့ မင်းတို့သားအမိကို ကိုယ် အခုမှပဲ တွေ့ရတော့တယ်။ သား လက်ထပ်တော့မယ်ဆို"

သူ့ဘက်က သိနေလွန်းတာကြောင့် နှင်းဆီက အရမ်းအံ့အားသင့်နေပုံ ရပါသည်။

"သိပ်မအံ့သြပါနဲ့။ ကိုယ်လည်း မင်းနဲ့သားနာမည်ကို ဒီနေ့မှ ဖိတ်စာထဲမှာ မြင်လိုက်ရတာ။ လုံးဝရှော့ခ်ဖြစ်သွားတယ်။ ကိုယ်တို့ ရန်ကုန်တစ်မြို့တည်းမှာ နေနေကြတာတောင် တကယ်ကို တစ်ခါဆို တစ်ခါမှ မတွေ့ခဲ့မှုဘူးနော်။ ကိုကိုက ကိုယ့်ကို ဖိတ်စာလာဖိတ်မှပဲ ကိုယ်သိတော့တယ်"

"ယဉ်တစ်ကိုယ်က ရှင်နဲ့ ဘယ်လိုပတ်သက်နေတာလဲ"

"သူက ကိုယ့်ကုမ္ပဏီမှာလုပ်တာလေ။ ကိုယ့်ရဲ့စက္ကူထရီပေါ့"

"TRS က ရှင်ပိုင်တာပေါ့။ ဟား ... မထင်မှတ်စရာပဲ။ ပန်းချီစုတ်တံပဲ ကိုင်တတ်တဲ့ သူက ဒီကုမ္ပဏီမျိုး ပိုင်ဆိုင်တယ်"

တောက် ... တွေ့လား။ သူ့ကိုဆို ဘယ်တော့မှ အထင်မကြီးတတ်တဲ့မိန်းမ။ သူက မျက်နှာကြောတင်းသွားကာ ဘာမှ ဆက်မပြောပေမယ့် နှင်းဆီက သူ့ကို ခပ်ဆတ်ဆတ်ကြည့်လိုက်ကာ ...





"ရှင် ဒီကိုလာတာ ဘာကိစ္စရှိလို့လဲ။ ရှင်နဲ့ ပတ်သက်ဖို့ ဘာအကန့်မှ မရှိတော့ဘူးလေ"

"ရှိတာပေါ့ကွ။ ဖိတ်စာထဲမှာ မင်း ငါ့နာမည် ထည့်မထားဘူးလေ"

"ဘာ ... ဟား ဟား"

သူ့စကားကြောင့် နှင်းဆီက ဟက်ဟက်ပက်ပက်ကြီးကို ရယ်မောလေသည်။

"သိပ်ကြောင်တဲ့ စကားလုံးပဲ။ သားက ရှင်နဲ့မပတ်သက်ဘူး။ ကျွန်မက သူ့ရဲ့တစ်ဦးတည်းသောမိခင်။ သူ့အတွက် အဖေမလိုဘူး။ သူက ရှင့်ကို ခေါင်းထဲတောင် ထည့်မထားဘူး။ တစ်သက်လုံး သားရဲ့အုပ်ထိန်းသူနေရာမှာ နီနှင်းဆီပဲ ရေးလာခဲ့တာ ဦးထင်မင်းညီ၊ အဲဒီကိစ္စအတွက် ရှင့်မှာ ပြောပိုင်ခွင့်မရှိဘူး"

ထင်မင်းသည် နှလုံးသားထဲမှာ ဆစ်ခနဲတော့ ဖြစ်သွားလေသည်။ သူလည်း အသည်းမာတဲ့သူပါပဲ။ ဒါပေမဲ့ နှင်းဆီလောက်တော့ မဟုတ်ဘူး။ နီနှင်းဆီသည် အချိန်ကာလအားဖြင့် အနှစ်နှစ်ဆယ် ကြာမြင့်သွားပေမယ့် ဟိုတုန်းကလို ဂန္ထဝင်ဆန်သော အလှတရားတို့ဖြင့် ကျက်သရေရှိနေဆဲပင် ဖြစ်သည်။ ဘာမှ ထူးထူးခြားခြား မပြောင်းလဲသွားပေ။ သူ့ကို နှိမ်ချပြောဆိုတတ်တာ၊ မာနကြီးတတ်တာတွေကလည်း လျော့မသွားချေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် သားနဲ့တွေ့ချင်တယ် နှင်းဆီ။ ဒါကိုတော့ မင်း ခွင့်ပြုရလိမ့်မယ်"

"မဖြစ်နိုင်ဘူး။ သားကို စိတ်ဒဏ်ရာမပေးပါနဲ့။ သားက သူ့ကိုယ်သူ confidence အပြည့်နဲ့ ရပ်တည်နေနိုင်ပြီ။ ကလေးရဲ့စိတ်ကို ရှင် တွေဝေသွားအောင် မလုပ်ပါနဲ့"

"ဟား ... မင်း ... တောက် ... သားက ငါ့သားကွ။ ငါ့ သားကို တွေ့ချင်လွန်းလို့ ငါရှာနေတာ ကြာခဲ့ပြီ။ အခု ငါတွေ့ပြီ။ တကယ်ဆို မင်းကို မပြောဘဲ သွားတွေ့လိုက်လို့ တောင်ရတယ်။ မင်းကို ငါ့သားနဲ့ တွေ့ခွင့်တောင်းနေတာ ပါ နှင်းဆီ"

"ဘာလုပ်ဖို့လဲ။ သားကိုတွေ့ရင်ကော ဘာထူးမှာမို့လို့လဲ။ မတွေ့ရဘူး။ ရှင် ထွက်သွားတော့"

တင်းထန်နေတဲ့ မျက်နှာထားဟာ သူ့ကို ခါးခါး သီးသီး မျက်ဝန်းတွေဖြင့် စိုက်ကြည့်ကာ သူ့ကိုနှင်ထုတ်လေသည်။ သူက ထိုင်နေရာမှ ထရပ်ကာ နှင်းဆီရဲ့ဘေးသို့ လျှောက်သွား လိုက်၍ ...

"ငါက ငွေမိုးသွန်းရဲ့အဖေပဲ။ သွေးဆိုတာ ဖြတ်တောက် ပစ်လို့မရဘူး။ နှင်းဆီ ... သားက ငါ့သားဆိုတာ မင်းမမေ့ ထားလိုက်နဲ့"

"ထင်မင်းညီ ... ရှင်"





"မေမေ"

အဲဒီအချိန်မှာ တံခါးချပ်က ဖျတ်ခနဲပွင့်လာကာ ခေါသံတစ်ခုက နားထဲသို့ ဝင်ရောက်လာလေသည်။ တံခါးဝကို သူရော နှင်းဆီပါ လှမ်းကြည့်မိသွားသည်။ သူတို့ကို အကဲခတ် နေသော မျက်ဝန်းတွေဖြင့် ကြည့်နေကာ နှင်းဆီကို "မေမေ"လို့ ခေါ်လိုက်သော ဤလူချောလေးဟာ နှင်းဆီနဲ့ရုပ်ချင်းဆင်လေ သည်။ ဒါဆို ... ဒီကလေးက ...။

"ဘာဖြစ်တာလဲ မေမေ"

ကောင်လေးက သူတို့ဆီသို့ လျှောက်လာကာ သူ့ ကို အကဲခတ်သလို လှမ်းကြည့်လေသည်။ သူကလည်း သားကို မျက်လုံးချင်းဆုံအောင် စိုက်ကြည့်မိသွားသည်။

"သား အပြင်မှာ စောင့်နေ။ မေမေ ညီသည်နဲ့ စကား ပြောနေတယ်လေ"

နှင်းဆီက သားကို အခန်းထဲကနေ ဆွဲမထုတ်ရုံ အပြင်ထွက်ခိုင်းနေသော်လည်း သားကတော့ သူ့ကိုအကဲ ခတ်နေသော မျက်လုံးတွေဖြင့် စူးစူးစိုက်စိုက်ကြည့်ကာ စကားသံ ထွက်လာလေသည်။

"ဦးက ... ဦးက ကျွန်တော့်ဖေဖေ ဦးထင်မင်းညီလား ခင်ဗျာ"

"သား"



www.burmeseclassic.com

www.burmeseclassic.com



သားက နှင်းဆီလှမ်းတားသော်လည်း မရတော့ချေ။ သူ့ကိုမေးလေပြီ။ ချစ်စရာကောင်းလိုက်တဲ့သား။ ထင်မင်းက ကြည်နူးပီတိဖြစ်စွာဖြင့် မျက်ရည်လည်မတတ် ပြုံးမိသွားကာ သားရဲ့ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်၍ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တာပေါ့ သားရယ်။ သားရဲ့အဖေပါကွ"

"ဖေဖေ ... ဖေဖေ"

သားက သူ့ကို ဝမ်းသာအားရခေါ်ကာ ဖွေ့ဖက်လေသည်။ သူက ခပ်တင်းတင်း ပြန်ဖက်ထားပေမယ့် အဲဒီလက်တွေကို ဖြုတ်ချကာ သားရဲ့လက်မောင်းကို ဆောင့်ဆွဲကာ သူမဘက်သို့ ဆွဲခေါ်သွားလေသည်။

"ငွေမိုးသွန်း ... မင်း ဒီကိုလာစမ်း"

"မေမေ ... ဒါ ကျွန်တော့်အဖေလေဗျာ"

"နင့်ပါးစပ်ကို ပိတ်ထားစမ်း။ ဘာအဖေလဲ။ နင့်မှာ ငါ တစ်ယောက်တည်းရှိတယ်"

"မေမေ ... စိတ်လျှော့ပါဗျာ။ ကျေးဇူးပြုပြီး နားလည်ပေးပါ။ သားလည်း အရွယ်ရောက်နေပါပြီ။ သားအဖေကို အဖေလို့ တော့ ခေါ်ပါရစေ မေမေရာ"

သားက သူ့အမေကို ပြောနေလျှင် သူက သားရဲ့ ပခုံးကို လှမ်းဖက်ကာ ...





"ကိုယ် တောင်းပန်ပါတယ် နှင်းဆီ။ သားနဲ့ကိုယ် အခုမှ ပြန်ဆုံရတာပါ။ မင်း ကိုယ်တို့ရဲ့တွေ့ဆုံမှုကို နားလည်ပေး သင့်ပါတယ်"

"မလိုချင်ဘူး။ ငွေမိုးသွန်း ... နင် ပါးစပ်ကို ပိတ်ထားလိုက် တော့။ ဆက်ပြောနေရင် ယဉ်တစ်ကိုယ်နဲ့ပါ ဝေးသွားရလိမ့် မယ်။ ရှင် ထွက်သွားတော့ ထင်မင်းညို"

"မေမေ ... ဘာဖြစ်နေတာလဲဗျာ။ ဒါ သားအဖေလေ၊ လောကမှာ ကွာရှင်းထားတဲ့ လင်မယားတွေ တစ်ပုံကြီးပဲ။ သူတို့သားသမီးတွေကို အဖေနဲ့အမေက တွေ့ခွင့်ရှိတယ်။ မေမေရာ ... တောင်းပန်ပါတယ်။ သား ဖေဖေ့ကိုစကားလေး စကားပြောပါရစေ"

သားက တောင်းပန်လျှင် နှင်းဆီ ငြိမ်သွားတာကို သူ သတိထားမိသည်။

သားက သူ့အုက်သို့ မျက်နှာလှည့်ကာ ...

"ဖေဖေ ... အပြင်မှာ စောင့်နေနော်။ သား လာခဲ့မယ်"

သားကို သူက ခေါင်းညိတ်ပြလိုက်ကာ နှင်းဆီကို နှုတ်ဆက်လိုက်သည်။

"Thank you ပါ နှင်းဆီ။ ကိုယ့်ကို သားနဲ့ပေးတွေ့တဲ့ အတွက်ပါ။ နောက်မှ ဆုံတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက အရင်ထွက်လာကာ ကားပေါ်မှာ စောင့်နေလိုက်သည်။ ခဏနေတော့ သားက သူ့အမေကို နှုတ်သိမ်ပေးပြီး ထွက်လာခဲ့လေတာကြောင့် ထင်မင်းသည် သားကို ချစ်မဝစွာ ကြည့်၍ ပြုံးပြလိုက်လေသည်။

* ❣ *





"ဖေဖေ နောက်အိမ်ထောင်ပြုလိုက်လား"

ငွေမိုးက ဖေဖေ့ကိုမေးလိုက်လျှင် ဖေဖေက သူ့ကို ကြည့်ကာ ချက်ချင်းမဖြေသေးပေ။ ပြီးတော့မှ ခေါင်းကို ခပ်လေးလေး တစ်ချက်ညိတ်ပြလိုက်သည်။

"ဖေဖေ အိမ်ထောင်ထပ်ပြုခဲ့တယ်။ အမျိုးသမီးက ဖေဖေနဲ့ အိမ်ထောင်ကျပြီး နှစ်နှစ်လောက်မှာ ဆုံးသွားတယ် သား။ သူ့ဆီမှာ သားလေးတစ်ယောက်ရှိတယ်။ ဖေဖေက ငါ့သား နေရာမှာ အဲဒီကလေးကို သားအရင်းလို သဘောထားပြီး စောင့်ရှောက်ခဲ့တယ်။ ဖေဖေ သားတို့ကို မန္တလေးမှာ ရှာပါသေးတယ်။ ဘယ်လိုမှ ရှာမတွေ့ခဲ့ဘူး"

"ဖေဖေ ယူလိုက်တာ ဒေါ်မြယမုံ မဟုတ်ဘူးလား"

သူ့နားရည်ဝခဲ့တဲ့ နာမည်တစ်ခုမို့ သူက မေးလိုက်တာဖြစ်သည်။ ဖေဖေက ကျစ်ခနဲ စုပ်သပ်ကာ ခေါင်းကိုတွင်တွင်ယမ်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး သား။ ယမုံက အဖေနဲ့ဘာမှမဆိုင်ဘူး။ နှင်းဆီကသာ တစ်ဖက်သတ် ထင်နေခဲ့တာပါကွာ။ ဖေဖေတို့ လမ်းခွဲခဲ့တဲ့အကြောင်းကလည်း အဲဒီကိစ္စပဲ။ သားတောင် ဒီကိစ္စတွေ သိနေတာပဲ"

"သိတယ် ဖေဖေ။ မေမေ့ဘဝမှာ သူအမုန်းဆုံးက အဲဒီ ဒေါ်မြယမုံကိုပဲ။ မေမေ့လိုပဲ ကျွန်တော်လည်း မုန်းတယ်။ သူက သားတို့ဘဝကို ဖျက်ဆီးတာပဲ"

"မဟုတ်ဘူး သား။ လုံးဝမဟုတ်ဘူး။ မင်းမေမေက အထင်လွဲနေတာ။ ယမုံက ဖေဖေ့ပန်းချီခန်းက စာရေးမလေးပါသားရာ။ အဖေနဲ့ ဘာမှမဆိုင်ဘူး။ အဲဒီအချိန်တုန်းက ငွေရှာနိုင်တာ သားအမေလေ။ သူက အဖေ့ကို ယမုံနဲ့ အထင်လွဲတယ်။ အဖေ ကျိန်ပြောရဲပါတယ် သားရယ်။ မြယမုံဟာ အဖေ့အတွက် ဝါသနာတူမိတ်ဆွေ အဖေ့စာရေးမ ဖြစ်တာကလွဲပြီး ဘာမှမပတ်သက်ဘူး။ ဒါကို အခုချိန်ထက်ထိ မင်းအမေ မယုံဘူးလေ ...

ဖေဖေလည်း အဲဒီတုန်းက မာနနဲ့ကွာရှင်းခဲ့တာပါ။ ဖေဖေ ရန်ကုန်ရောက်လာတော့မှ မိုးသော်တာ ဆိုတဲ့ အမျိုးသမီးနဲ့တွေ့ပြီး လက်ထပ်ခဲ့တယ်။ သူ့ရဲ့ကျူဆင်းနေ





တဲ့ စီးပွားရေးတွေကို ဖေဖေ ဦးဆောင်ပြီး အောင်မြင်အောင် လုပ်ခဲ့တာ ဒီနေ့အထိပဲ"

ဖေဖေက သူ့ဘဝကို အစအဆုံး ရှင်းပြလျှင် သူ ဖေဖေ့ကို နားလည်ပေးလို့ ရသွားသည်။ ဒါပေမဲ့ ဖေဖေက မေမေ လောက်တော့ အချစ်မကြီးဘူးလို့ သူ ယူဆလေသည်။ အဲဒါကြောင့် နောက်အိမ်ထောင်ပြုခဲ့တာပေါ့။

"မေမေကတော့ သားအပေါ်ကို တာဝန်ကျေခဲ့တယ် အဖေ။ သားကို မကြောင့်မကြ ထားခဲ့တယ်။ မိန်းမသားတစ်ယောက်ဖြစ်ပြီး ဘယ်သူ့အကူအညီမှမပါဘဲ သူ ကြိုးစားခဲ့တယ်။ ပြီးတော့ ဖေဖေ့ကိုတော့ အရမ်းစိတ်နာနေတယ်။ မေမေက အခုချိန်ထိ ဖေဖေ့ကို ဒေါ်မြယမုံနဲ့ သစ္စာဖောက်တယ်လို့ ထင်နေတုန်းပဲ"

"ဖေဖေ စိတ်မကောင်းပါဘူး သား။ နှင်းဆီဟာ အချစ်ကြီးလို့ အမျက်ကြီးတာကနည်းနည်း၊ အဲဒီတုန်းက သူ ငွေရှာနိုင်တယ်ဆိုပြီး ဖေဖေ့ဝါသနာနဲ့ အလုပ်ကို နှိမ်ချ ဆက်ဆံခဲ့တာ။ ဖေဖေလေ ငါ့သားနဲ့ ဘယ်တော့မှမတွေ့ ရတော့လောက်ဘူးလို့ ထင်နေတာ။ သား လက်ထပ်တော့မယ့် ဖိတ်စာကို ဖတ်ရမှပဲ သားနဲ့တွေ့ရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့သား မိန်းမရက်ကောင်းပါတယ်။ ယဉ်တစ်ကိုယ်က တကယ်တော်တဲ့ မိန်းကလေးပါ”

ဖေဖေက ရှေးဟောင်းနှောင်ဖြစ်တွေကနေ ပစ္စုပ္ပန်ကာလသို့ ဆွဲခေါ်လာကာ ကိုကို့ကို ချီးမွမ်းလေလျှင် သူ ပြုံးမိသွားလေသည်။ အခုလည်း သူ့ဖေဖေကို ကိုကိုပဲ ရှာပေးခဲ့လို့ တွေ့ခဲ့တာဖြစ်သည်။ ကိုကိုက သူ့အဖေ ဘယ်မှာရှိတယ်ဆိုတာကို ဖုန်းဆက်ပြီးပြောတော့ သူ တကယ်ကို ရှော့ခ်ရသွားတာဖြစ်သည်။ ဒါပေမဲ့ ကိုကို့ကြောင့် သူ ဘယ်တော့မှ မတွေ့ရတော့ဘူးလို့ ထင်ခဲ့တဲ့အဖေကို အဖေလို့ ခေါ်ခွင့်ရှိခဲ့တာဖြစ်သည်။

“ဟုတ် ... ဖေဖေ။ ကံကြမ္မာက အရမ်းဆန်းကြယ်တယ်နော်၊ ကိုကိုက ဖေဖေ့ကုမ္ပဏီမှာ အလုပ်လုပ်နေတာ ဖြစ်နေတယ် ...

ကျွန်တော်တို့ မင်္ဂလာပွဲကို ဖေဖေ့ကို လာစေချင်တယ်။ မေမေက သားရဲ့အဖေနေရာကို ဘယ်တော့မှ ထည့်ခွင့်မပေးတဲ့အတွက် ဖေဖေ စိတ်မဆိုးပါနဲ့။ ဘာပဲဖြစ်ဖြစ် အဖေက သားရဲ့အဖေပါ”

“အဖေ ဝမ်းသာလိုက်တာ သားရယ်။ ငါ့သား မင်္ဂလာပွဲအတွက် ဖေဖေ တိုက်တစ်လုံး ကားတစ်စီး လက်ဖွဲ့မယ်။





ပြီးတော့ ဘာလုပ်ပေးရမလဲ သား။ သားအတွက် ဖေဖေ တစ်ခုခု ပေးဆပ်ချင်တယ်”

ငွေမိုးက ဖေဖေ့စကားကို ပြုံးမိသွားလေသည်။ ဖေဖေဟာ သူ့ကိုတော့ ချစ်သားပဲ။ အဲဒီစိတ်ကတင် လူကိုကျေနပ်ပျော်ရွှင်စေလေသည်။

“သားအတွက် အားလုံးပြည့်စုံပါတယ် ဖေဖေ။ ဖေဖေနဲ့ ပြန်တွေ့ရတာ သားအတွက် အကောင်းဆုံး မင်္ဂလာလက်ဆောင်ပါ။ တခြား ဘာမှမလိုပါဘူး ဖေဖေ”

“ငါ့သားက တကယ့်ကို ချစ်စရာကောင်းလိုက်တာကွာ။ သားကို အိမ်ထောင်ပြုတော့မယ့် အချိန်ကျမှ တွေ့ရတာ စိတ်ထဲမှာ ဝမ်းသာဝမ်းနည်း ဖြစ်နေတယ်။ သား အိမ်ထောင်တစ်ခုကို ထိန်းသိမ်းနိုင်ဖို့ဆိုတာ ယုံကြည်မှုက အရေးကြီးဆုံးပဲ သား။ သားတို့ ယုံကြည်မှုကို တည်ဆောက်ပါ။ ဘယ်လောက်ပဲချစ်ချစ် တစ်ယောက်ကိုတစ်ယောက် မယုံကြည်ဘူး သံသယတွေရှိလာပြီဆို အချစ်ကို သံသယက တိုက်စားသွားတာပဲ။ သားက အိမ်ထောင်ဦးစီးကောင်းတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ဖေဖေ ယုံကြည်တယ် သား”



www.burmeseclassic.com

www.burmeseclassic.com



ငွေမိုးက ကြည်နူးစွာပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ ဖေဖေ့ရဲ့ဆုံးမစကားကို သူက နှလုံးသားထဲမှာ သံမှိုစွဲသလို သိမ်းဆည်းထားလိုက်တော့သည်။

အခုဆိုရင် သူ့ကမ္ဘာဟာ အရမ်းကို ပြီးပြည့်စုံသွားပါသည်။ သူ့မှာ မေမေရှိသည်။ ဖေဖေရှိသည်။ ပြီးတော့ သူသိပ်ချစ်ရသည့် ယဉ်တစ်ကိုယ်ဆိုသော အချစ်ဦးလေး ရှိလေသည်။

* ❣ *





၁၇

ကိုကိုရဲ့အိမ်ထောင်ဦးကာလတွေဟာ တကယ်တမ်းတော့ ထင်ထားသလို ဖြစ်မလာခဲ့ပါပေ။ ငွေမိုးသွန်းက အိမ်ခွဲနေဖို့ ပြောခဲ့တာတောင် ကိုကိုက လုံးဝလက်သင့်မခံခဲ့ဘဲ တမင်တကာကို ငွေမိုးသွန်းအိမ်မှာနေဖို့ နားချခဲ့တဲ့သူ ဖြစ်ပါသည်။

"အဲဒီလို မလုပ်ပါနဲ့။ ကျွန်မတစ်ယောက် ပိုလာတာ အန်တီ့အတွက် ဘာမှမထူးပေမယ့် ရှင်သာ အဲဒီအိမ်မှာမရှိလို့ တစ်ယောက်လျော့သွားတာနဲ့ အန်တီ့အတွက် lonely ဖြစ်သွားလိမ့်မယ်။ ကျွန်မယောက္ခမအိမ်မှာနေဖို့ ဆန္ဒရှိပါတယ် ငွေမိုးသွန်း"

အဲဒီစကားအတွက် ကိုကိုက ငွေမိုးသွန်းရဲ့အချစ်တွေကို ပိုတိုးကာရရှိပြီး ကိုကိုက ကိုယ့်အတွေးနဲ့ကိုယ်မို့ သဘောတွေကျနေတာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... အရမ်းကို ချစ်ဖို့ကောင်းတာပဲကွာ။ ကိုကိုကလေ အားလုံးလိမ္မာပြီး ချစ်ဖို့ကောင်းတယ်။ တစ်ခုပဲ ကိုယ်ဘယ်လိုပြောပြော နားကိုမထောင်ဘူး"

သူ ဘာပြောတယ်ဆိုတာ သိနေသော်လည်း ကိုကိုက မသိချင်ယောင်ဆောင်ကာ ရူးချင်ယောင် ဆောင်နေလိုက်သည်။

"ဘာတုံး ... ကျွန်မ ဘာတစ်ခုမှ အမှားမလုပ်ခဲ့ဖူးပါဘူး"

"သြော် ... ပြောတတ်တယ်။ မင်း ကိုယ့်ကို ငွေမိုးသွန်း ငွေမိုးသွန်းဆိုပြီး မိုးမွှန်အောင် ခေါ်နေတာလေ၊ လက်လည်း ထပ်ပြီးသွားပြီ။ အဲလိုကြီး မခေါ်စမ်းပါနဲ့ကွာ။ လူကြားလို့လည်း မကောင်းဘူး။ ကိုယ့်ယောကျ်ားကိုခေါ်တဲ့ နာမည်ကြီးက အောက်လိုက်တာကွာ"

ငွေမိုးသွန်းဟာ တကယ့်ကို ကလေးဆိုးကြီးဖြစ်လေသည်။ ကိုကို့ကိုဆို အရမ်းဂရုစိုက် ချစ်ပြသလောက် ကိုကို့ဆီကလည်း ဂရုစိုက်မှု အယုအယနဲ့ ကြင်ကြင်နာနာခေါ်သံလေးကို ကြားချင်နေသူ ဖြစ်လေသည်။ သူ့အချစ်တွေဟာ ကိုကို့အတွက် အကောင်းဆုံး လက်နက်တွေပဲ ဖြစ်ပါသည်။ အဲဒီအတွက် သူ့ကို အားနာပေမယ့် ဘာမှမတတ်နိုင်ပါပေ။

"ကိုကို ... ကိုယ်ပြောတာ ပြန်ဖြေဦးလေ"





ကိုကို့ပခုံးကို သူ့ကိုယ်နှင့် အသာတွန်းတိုက်ကာ ထပ်ပြောလေလျှင် ကိုကိုက သူ့ကို အလိုလို မျက်စောင်းတစ်ချက် ထိုးလိုက်ရင်းက ...

"ဘယ်လိုဖြစ်နေတာလဲ။ နာမည်ဆိုတာ ခေါ်ဖို့လေ။ ရှင့်နာမည် ငွေမိုးသွန်းမို့ ငွေမိုးသွန်း ခေါ်တာပဲဟာ။ အဲဒီလို အခေါ်မခံနိုင်ရင် မှတ်ပုံတင်ထဲကနာမည် ပြောင်းလိုက်ပေါ့"

"သြော် ... ဒီလိုလား။ Ok... ဒါဆိုရင် ကိုယ့်နာမည်ပြောင်းလိုက်ပြီ။ တစ်လုံးတည်း။ မောင်တဲ့။ ခေါ်ကြည့်"

"ဟုတ်လား ... ဆန်းတယ်နော်။ နာမည်ကလည်း။ အင်းပါ ... ခေါ်ဆိုတော့လည်း ခေါ်တာပေါ့ကွယ်။ ဟဲ ဟဲ ... တစ်လုံးတည်း"

ကိုကိုက သူ့ကို မှင်သေသေပြောလေလျှင် သူက မနိုင်ဘူးဆိုသောသဘောဖြင့် ခေါင်းအသာယမ်းကာ ...

"နောက်ပါနဲ့ကွာ။ ကိုယ် တကယ်ပြောနေတာပါ။ ကိုကို့ဆီကနေ 'မောင်'လို့ခေါ်သံလေးသာကြားရင် ကိုယ် တိမ်နဲ့ ခေါင်းနဲ့ ပြေးဆောင့်သွားမလားတောင် မသိဘူး"

"ဟင်း ဟင်း ... အဲဒါဆို မခေါ်တော့ဘူးလေ။ တိမ်နဲ့ ခေါင်းနဲ့ ဆောင့်နေမှာစိုးလို့"

"ဟိုတ် ... အကောင်းပြောနေတာပါကွာ။ ခေါ်ကြည့်ပါကွာ ... တစ်ခါလေးပဲဖြစ်ဖြစ်။ please"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက သူ့မျက်နှာကို ငေးစိုက်ကြည့်မိသွားသည်။ သူ ကိုကို့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကိုကို သိလေသည်။ ကိုကို့ ခေါ်ဝေါ်မယ့်နာမ်စားကို တော်တော်မျှော်လင့်ထားပုံရလေ၏။ မျှော်လင့်နေတဲ့ ပုံစံလေးကို ရင်ထဲမှာ ချစ်စနိုး ဖြစ်မိပေမယ့် ကိုကိုက ခေါင်းကိုခါလိုက်ကာ ...

"ဟင့်အင်း ... ခေါ်ချင်သေးဘူး"

"ခေါ်ချင်သေးဘူး။ အင်း ... ဘာပဲဖြစ်ဖြစ် ကျေနပ်ပါတယ်ကွာ။ မခေါ်နိုင်ဘူးလို့ ပြောတာထက်စာရင် ခေါ်ချင်သေးဘူးက တစ်ချိန်ချိန်မှာ ခေါ်မယ့်သဘောမှာရှိတယ်။ မဆိုးပါဘူး ဒီလောက်ဆို။ ဟဲ ဟဲ"

ဩော် ... ဒုက္ခ။ ဖြစ်ရတယ် ငွေမိုးသွန်းရယ်။ ကိုကိုက သူ့ကိုစိုက်ကြည့်ကာ သူ့ကို နိုင်အောင်မပြောနိုင်စွာ လက်လျှော့သော အပြုံးတစ်ခုဖြင့် ပြုံးလိုက်ရင်း မျက်နှာလွှဲမိလေသည်။

သူနဲ့ကိုကို လက်ထပ်တာ ငါးရက်မြောက်ခဲ့ပြီဖြစ်သည်။ ဒီငါးရက်စလုံး ကိုကို မပြုံးရတဲ့နေ့ တစ်နေ့ရယ်တောင် မရှိခဲ့ချေ။ ကိုကို့ရဲ့အပြုံးသည် ကောင်လေးကို ကိုကို ရက်စက်မှာဖြစ်တဲ့အတွက် တကယ်ပဲ စိတ်မကောင်းပါချေ။

* ❣ *





နှိုးစက်က အသံမြည်တာနဲ့ ကိုကို့မျက်လုံးတွေက ဖျတ်ခနဲပွင့်လာကာ လက်တစ်ဖက်က နှိုးစက်ကို လှမ်းပိတ်လိုက်သည်။ ပြီးတော့ မျက်လုံးတွေကို ပြန်မှိတ်ကာ ဆက်အိပ်မည် အလုပ်မှာ ခေါင်းထဲမှာ ဆတ်ခနဲ သတိရသွားတာမို့ မျက်လုံးတွေကို ချက်ချင်းပြန်ဖွင့်လိုက်လေသည်။ ကိုကိုရဲ့ဘေးမှာ နှစ်ခြိုက်စွာ အိပ်ပျော်နေသော သူ့မျက်နှာကို မြင်လိုက်လျှင် ကိုကိုက ငါး စက္ကန့်လောက် ငေးကြည့်နေပြီးမှ သက်ပြင်းတစ်ချက်ချကာ အိပ်ရာမှ ထထိုင်လိုက်လေသည်။ ဒီနေ့က ကိုကို့အတွက် အထူးခြားဆုံး နံနက်ခင်းပဲ ဖြစ်လေသည်။

မနေ့က ငွေမိုးသွန်းနဲ့ ကိုကိုရဲ့မင်္ဂလာညစာစားပွဲကို ဆိုင်းနားမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပလေသည်။ အဲဒီပွဲမှာ ဦးထင်မင်းညိုက VIPထိုင်ခုံဝိုင်းမှာထိုင်၍ လက်ခုပ်တီးပေးခဲ့သလို ဒေါ်နှင်းဆီကလည်း သတို့သားရဲ့မိခင်အဖြစ် ခန့်ညားထည်ဝါစွာ ပြုံးပြုံးလေး ရှိပေးခဲ့သည်။ ပြီးတော့ မနေ့ကပဲ ကိုကိုတို့နှစ်ယောက်ဟာ ယောက္ခမနဲ့ ချွေးမ ဖြစ်သွားလေသည်။ ဒေါ်နှင်းဆီရဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ကိုလည်း ရောက်လာခဲ့ပြီဖြစ်သည်။ အဲဒီနေ့ရဲ့နောက် မနက်မှာ ကိုကို့ရဲ့အစီအစဉ်တွေ စရတော့မှာမို့ ကိုကိုက ညကတည်း က မနက်ငါးနာရီ Alarm ပေးခဲ့တာဖြစ်သည်။ အခုမှ အစီအစဉ် တွေက ခေါင်းထဲကို ပြန်ဝင်လာကာ လန်းလန်းဆန်းဆန်း ဖြစ် သွားလေသည်။

ကိုကိုက အရင်ဆုံး အိပ်ရာပေါ်ကနေဆင်းကာ ရေ ချိုးခန်းဝင်၍ မျက်နှာသစ် သွားတိုက် ရေမိုးချိုးလိုက်သည်။ ပြီးတော့ မှန်တင်ခုံမှာ အလှဆုံးမိတ်ကပ်ပြင်ဆင်ကာ အဝတ်အစား လဲပြီးတော့မှ ငွေမိုးသွန်းကို နှိုးရလေသည်။

"ငွေမိုးသွန်း ... ငွေမိုးသွန်း ... ထတော့ ... ထတော့"

ကိုကိုက သူ့လက်မောင်းကို ဖွန်းလှုပ်နှိုးလျှင် သူက မျက်နှာကိုမဲ့ပြရင်းက ဟိုဘက်လှည့်သွားကာ ...

"အင် ... ဘာလဲကွာ။ အစောကြီးပဲ ရှိသေးတဲ့ဟာ"

"မရဘူး ... ထဆို ... ထ၊ ဘရိတ်ဖတ်စ် သွားစားမယ်။ ထကွာ"

ကိုကိုက သူ့ကို မနိုး,နိုးအောင် သူ့ကိုယ်ကြီးကို အတင်းရိုက်ပုတ်နှိုးလျှင် သူက မှုန်အစ်အစ်မျက်နှာဖြင့် မျက်လုံး တစ်ဝက်ပွင့်လာကာ ...

"ဟင် ... အစောကြီးပဲ ရှိသေးတာ။ ပြန်အိပ်ရအောင်ကွာ။ ကိုယ် အိပ်ချင်သေးတယ်"





သူက ကိုကို့လက်တစ်ဖက်ကို ဆုပ်ကိုင်၍ပြောကာ ဆက်အိပ်နေသေးလျှင် ကိုကိုက သူကိုင်ထားတဲ့လက်ကို ဆောင့် ရုန်းရင်း သူ့ကို တဖတ်ဖတ်ရိုက်ကာ မရ,ရအောင် နှိုးရလေသည်။

"ဟာ ... ထကွာ။ ငွေမိုးသွန်းနော် ... ရှင် အခု အိပ်ရာက မထဘူးဆိုရင် တစ်သက်လုံး ဘယ်တော့မှ မောင်လို့မခေါ်တော့ဘူး။ ထကွာ ... ထ"

ကိုကိုက သူ မထ,ထအောင် သူ့ကို ခြိမ်းခြောက်မှ သူက အီး အဲဖြင့် ပျင်းကြောဆန့်ကာ မျက်လုံးတွေဖွင့်လာကာ ကိုကို့ကို မှင်သေသေမျက်နှာပေးဖြင့်ကြည့်၍ ...

"ကိုယ့်ကို အိပ်ရာက ထစေချင်တယ်ဆိုရင် မောင်လို့ခေါ် ပြီးနှိုး ... ဒါပဲ"

တောက် ...။ အဲဒါ တမင်ညစ်ပတ်တာ။ ကိုကို့ စကားနဲ့ ကိုကို့ကို ပြန်ချေတာ။ ကိုကိုက စိတ်တိုသွားပေမယ့် လည်း သူနဲ့ ဒီမနက် အပြင်မသွားလို့ မဖြစ်တာကြောင့် စိတ် လျှော့လိုက်ကာ လေပူတစ်ချက် မှုတ်ထုတ်ကာ သူ ခေါ်စေချင် သလို ခေါ်ပေးလိုက်ရသည်။

"ကဲ ... ထတော့ မောင်ရယ်။ အဲဒါမှ မထရင် ရှင့်ကို လည်ပင်းညှစ်သတ်တော့မယ်"

"ဟား ဟား ... ကြင်နာတယ်ကွာ။ မောင်ဆိုတဲ့ အသံလေး ကို ခံစားချိန်တောင် မရလိုက်ဘူး။ ကဲ ... ထပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



သူက အိပ်ရာထကာ ခုတင်ပေါ်ကမဆင်းသေးဘဲ ထိုင်လျက်အနေအထားဖြင့် ကိုကို့ကို အကဲခတ်ကြည့်လေသည်။

"ကိုကို ဘယ်သွားမလို့လဲ"

"ဘယ်သွားရမလဲ။ ဘရိတ်ဖတ်စ်ကို အပြင်မှာသွားစားမလို့လေ"

"အင်း ... မေမေလည်း ဘရိတ်ဖတ်စ်လုပ်ထားပါတယ်။ အိမ်မှာပဲ စားမယ်လေ"

သူက သဘောရိုးပြောတာ ဖြစ်ပေမယ့် ကိုကိုက တမင်တကာ အိုက်တင်သုံး၍ သူ့ အပြင်ထွက်အောင် ဆွဲဆောင်ရတော့သည်။

"တွေ့လား ... ယောကျ်ားတွေများ မရခင်တစ်မျိုး၊ ရပြီးတော့တစ်မျိုး။ ပြောတော့ ကျွန်မသဘောအတိုင်း ဖြစ်ရပါစေမယ်ဆို၊ သူများကတော့ သူနဲ့အတူ နှစ်ယောက်တည်း ဘရိတ်ဖတ်စ်သွားစားချင်လို့ဟာကို။ ရတယ် ... ပြီးရော ... ဒါဆိုလည်း အိမ်မှာပဲ စားတော့မယ်။ အဲဒီမှာ ဆက်သာအိပ်။ ထချင်တဲ့အချိန်မှထ"

ကိုကိုက တမင်တကာ စိတ်ဆိုးချင်ယောင် ဆောင်လိုက်လျှင် နှစ်ခါတောင် ကောက်စရာမလိုဘဲ ပျာပျာသလဲပင် ကိုကို့လက်ကို ဖမ်းဆွဲကာ ...





"အား ... စိတ်မဆိုးပါနဲ့ ကိုကိုရာ။ ဆောရီး ... ဆောရီး ... အများကြီး တောင်းပန်တယ်။ ဟုတ်သားပဲ။ ကိုယ်တို့နှစ်ယောက်တည်းပဲ ကြင်စဦးစားဖို့ စိတ်ကူးက ရှိပြီးသား။ wait ... wait ခဏလေး။ မောင် ရေချိုးခန်း ဝင်လိုက်ဦးမယ်"

"မလုပ်ပါနဲ့တော့။ အိမ်မှာစားလည်း ဖြစ်တာပဲ"

"အဟား ဟား ... ဆောရီးပါ ချစ်ရာ။ တောင်းပန်တယ် ... နော်။ ခဏလေး ... ပြီးတော့မှ ချော့မယ်"

သူက ခုတင်ပေါ်ကနေ ဖွေ့ခနဲ ခုန်ဆင်းသွားကာ ရေချိုးခန်းထဲ ဝင်သွားလေတော့သည်။ ကိုကိုက ကျေနပ်ဖွယ်သော အပြုံးတစ်ခုဖြင့် သူ့အတွက် အဝတ်အစား ထုတ်ထားပေးလိုက်သည်။ ငွေမိုးသွန်းက ဘရိတ်ဖတ်စ်ဆို အမေ ပြင်ပေးတာကိုမှ စားရတာတဲ့။ အမေ စီစဉ်ပေးတာကိုပဲ တစ်သဝေမတိမ်း လိုက်နာရသူတဲ့။

ဟင်း ဟင်း ... ဒီနေ့ကစပြီး ရှင် စိတ်ဆင်းရဲဖို့သာ ပြင်ထား ခေါ်နီနှင်းဆီ။

ကိုကိုနဲ့သူဟာ ကြင်စဦးမို့ ပျော်မဆုံး မော်မဆုံး ခြေလှမ်းတွေဖြင့် စကားတပြောပြော အောက်ထပ်သို့ ဆင်းလာလေလျှင် ကိုကို ထင်ထားသလိုပဲ ဖြစ်လာလေသည်။

"သားနဲ့သမီး စောစောစီးစီး ဘယ်သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမေးခွန်းအတွက် ငွေမိုးသွန်းက သူ့အမေကို ဟဲခနဲ တစ်ချက်ရယ်ပြီးကာ ...

"မောနင်း မေမေ။ သားတို့ အပြင်မှာ ဘရိတ်ဖတ်စ်သွားစားမလို့"

"သားရယ် ... မေမေက ဒီမှာ အကုန်စီစဉ်ထားတာ။ သားနဲ့သမီးစားဖို့ မေမေကိုယ်တိုင် နန်းကြီးသုပ် လုပ်ထားတာ။ အိမ်မှာပဲ စားလိုက်ပါလားကွယ်"

ဘွားတော်က သူ့သားကို အပျော့ဆွဲဆွဲနေတာကို ကိုကိုက အင်းတွေ အဲတွေဖြစ်ကာ ပြောရခက်နေတဲ့ပုံ ပေါက်နေသော ငွေမိုးသွန်းကို အသာလက်တို့လိုက်လျှင် ငွေမိုးသွန်းက သူ့အမေကို အားတုံ့အားနာပုံစံဖြင့် တောင်းပန်နေတော့သည်။

"အဟဲ ... ဟို ... မေမေရယ်၊ သားက ကိုကို့ကို ဒီနေ့ အပြင်မှာ ဘရိတ်ဖတ်စ်စားမယ် ပြောထားပြီးသား ဖြစ်နေလို့။ ဒီနေ့တော့ ခွင့်လွှတ်ပါ မေမေရာနော်"

"အပြင်က အစားအစာဆိုတာ ဘယ်သန့်ရှင်းမှု စိတ်ချရမလဲ သားရယ်။ ကိုကို ... သမီးစားဖို့ မေမေက စပါယ်ရှယ် စီစဉ်ထားတာ။ အိမ်မှာပဲ စားလိုက်ပါလား"

သားကို ပြောလို့မရတော့ ကိုကို့ဘက် လှည့်လာပြန်လျှင် ကိုကိုက ပြုံးပြုံးလေးပင် ပြန်ဖြေလိုက်လေသည်။





"အားနာလိုက်တာ မေမေရယ်။ မေမေ့သားက အပြင်မှာပဲ သွားစားချင်နေတာလေ။ မေမေ စီစဉ်ထားတာတွေတော့ အလကား ဖြစ်သွားပါပြီ"

ကိုကို့စကားကြောင့် မျက်နှာကွက်ခနဲ ပျက်သွားတာကို ကိုကိုက သတိထားမိသွားလေသည်။ ဒါပေမဲ့ ဘွားတော်က မသွားရဘူး တစ်ခွန်းမပြော၊ မကျေနပ်ဟန် တစ်ကွက်မှမပြဘဲ ပညာရှိဆန်ပြသွားပါသည်။

"အေးလေ ... အဲဒါဆိုလည်း သဘောပဲလေ။ သွားကြ ... သွားကြ။ ကောင်းကောင်းစားခဲ့ကြနော်"

"ဟုတ် ... မေမေ။ အဲဒါဆို သားတို့ သွားလိုက်ဦးမယ်နော်"

ကိုကို့နဲ့ သူက ကြော့ကြော့လေးပင် အိမ်ထဲကနေ ထွက်လာခဲ့လိုက်သည်။ သူ့အမေကို စိတ်မကောင်းဖြစ်သွားဟန်တူသော ငွေမိုးသွန်းကို အာရုံလွှဲဖို့အတွက် ကိုကိုက သူ့အကြားချင်ဆုံး နာမ်စားကို စသုံးလိုက်လေတော့သည်။

"မောင်"

"ကိုကို ဘယ်လိုခေါ်လိုက်တယ်"

"အဟင်း ... ဘာလဲ၊ အဲလိုမခေါ်နဲ့လို့ ဆိုလိုချင်တာလား"

"အာ ... ဘယ်ကလာ။ ရုတ်တရက်ကြီး အခေါ်ခံလိုက်ရတော့ ဒိန်းခနဲ ဖြစ်သွားပြီး ကြက်သီးတောင်ထသွားတာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုလေး ကိုကို အမြဲတမ်းပြုံးနေပြီး မောင်လို့ အမြဲတမ်း ခေါ်နေရင် ကိုယ်တော့ ကမ္ဘာဂရင်းနစ်စံချိန်တင် အပျော်ရွှင်ဆုံးလူသားဖြစ်မှာ အသေချာပဲ”

ကိုကိုက အဲဒီစကားကြောင့် ပြုံးရုံသာ ပြုံးလိုက်မိသည်။ လောလောဆယ် ကိုကို့စိတ်အခြေအနေဟာ အရှုံးကို သာယာနေသည်လို့ ပြောလို့ရပေသည်။

ခေါ်နီနှင်းဆီနဲ့ တည်ပို့အတွက်ကိုပဲ ရန်စတွေကို လိုက်ရှာကာ ကိုကိုက အစတွေ တစ်စပြီးတစ်စ ဆွဲထုတ်ပစ်မှာ ဖြစ်သည်။ အခု ပထမဆုံးခြေလှမ်းအဖြစ် တစ်သက်လုံး လိုက်နာလာတဲ့ သားလိမ္မာလေးကို ဘရိတ်ဖတ်စ်ဝိုင်းထဲကနေ ကိုကို က အောင်မြင်စွာ ဆွဲထုတ်လာနိုင်ခဲ့ပြီဖြစ်တဲ့အတွက် အရှုံးပဲ ကျေနပ်ရလေသည်။

✻ ❦ ✻





## ၁၈

“ဟုတ်ပြီ ... အဲဒါဆို ညနေမှ လာကြိုမယ်နော်။ သွားပြီ။ မသစင် သွားပြီနော်”

သူ့ရဲ့ကားလေး မောင်းထွက်သွားမှ ကိုကိုနှင့် စင်က အပေါ်သို့ တက်လာခဲ့လေသည်။ ဒီနေ့မှာ စင်နဲ့ ကိုကိုက သူငယ်ချင်းတွေဆိုပြီး ငွေမိုးသွန်းကို မိတ်ဆက်ပေးလိုက်သောအခါ “တိုက်ဆိုင်လိုက်တာများကွာ”ဆိုပြီး အံ့တွေသြနေတာဖြစ်သည်။ သူနဲ့ကိုကိုက အိမ်ထောင်ကျသွားပြီမို့ စင့်ကို ကိုကိုက ဇက်ပဲအဖြစ် ထားဖို့ မလိုတော့ဘဲ မိတ်ဆက်ပေးလိုက်တာဖြစ်သည်။ မင်္ဂလာဆောင်တဲ့နေ့တုန်းက စင်က မန္တလေးပြန်သွားတာကြောင့် မလာဖြစ်တာမို့ အခုမှ ငွေမိုးသွန်းနဲ့ မိတ်ဆက်ပေးရတာဖြစ်သည်။

“ဟဲ့ ... ကိုကိုရယ်၊ နင့်ကို စိတ်ပူလိုက်ရတာဟယ်။ ဘယ်လိုလဲ ... နင် အဆင်ကော ပြေရဲ့လားဟင်။ စိတ်ကော ချမ်းသာရဲ့လား”



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို စိတ်ပူပန်စွာ မေးလေသော ခင့်ကို ကိုကိုက ခေါင်းတစ်ချက်သာ ညိတ်ပြလိုက်သည်။

"အဆင်က သိပ်ပြေနေလွန်းတယ်ဟ။ တစ်ခါတလေမှာ ထင်ထားတာနဲ့ တလွဲတွေ ဖြစ်တတ်တယ်ဟာ"

"ဘာဖြစ်လို့လဲ ကိုကို"

"ဒေါ်နှင်းဆီ အရမ်း မာန်တွေကျသွားတယ်ဟ။ သူ့သားကို ချစ်တဲ့စိတ်နဲ့ ငါ့ကို သည်းညည်းခံနေတယ်။ ငါ သူနဲ့ပြီးအောင်ကို တမင် ပြဿနာရှာတယ်။ မနက်ဘရိတ်ဖတ်စ်ကို အိမ်မှာ လုံးဝမစားဘူး။ ငွေမိုးသွန်းကို ငါက သိပ်ပိုင်ကြောင်း နိုင်ကြောင်း ပြတယ်။ တစ်ခါတလေ ငါက ဒေါ်နှင်းဆီရှေ့မှာတင် ငွေမိုးသွန်းကို မျိုးစုံနိုင်းနေတာ။ ငါ အဲဒီလိုလုပ်တိုင်း သူ့မျက်နှာပျက်သွားတယ်။ ဒါပေမဲ့ ငါ့ကို ဘာတစ်ခွန်းမှ မပြောဘူး"

"ကိုငွေမိုးကကော"

ခင့်အမေးကြောင့် ကိုကို့နှလုံးသားဟာ နွေးခနဲဖြစ်သွားရသည်။ ကိုကို့အပေါ်ကို အရမ်းချစ်တဲ့ ယောကျ်ားတစ်ယောက်ကို ကိုကို တစ်စက်ကလေးမှ ညှာခဲ့တာမဟုတ်ပါ။ ဒီကာလတွေမှာ သူတို့သားအမိ စိတ်ညစ်နေကြသည်။ ဦးထင်မင်းညီနဲ့ ပြန်ဆုံရခြင်းအပေါ်ကို ဒေါ်နီနှင်းဆီ တစ်ယောက် မနှစ်မြို့ချေ။ ကိုကိုက တမင်တကာပင် ဒီလိုတွေဖြစ်အောင် ဖန်တီးခဲ့တာဖြစ်သည်။





"သူက ငါ့ကို တော်တော်ချစ်ရှာပါတယ်။ ငါ့ကို ဘာမဆို အလိုလိုက်တယ်။ သူ့အပေါ် ငါ ဘယ်လောက်ပဲပြောပြော သူက သည်းခံတဲ့လူမျိုးဟ"

"ကိုကို ... နင် သူ့ကို ချစ်တယ်လို့ မခံစားမိဘူးလားဟင်။ နင့်ပုဂ္ဂိုလ်ရေးခံစားချက်အရ သူ့အဖေနဲ့အမေကို မုန်းတာက တစ်ပိုင်းပေါ့ဟာ။ ခုနက ငါ အကဲခတ်မိသလောက် နင့်ကို သိပ်ချစ်တယ်ဆိုတာ သိသာနေတာပဲ။ နင့်ခံစားချက်ကို ငါ နားလည်တယ် ကိုကို။ ဒါပေမဲ့ ငါတို့က မြန်မာမိန်းကလေးတွေနော်။ အိမ်ထောင်တစ်ခုထူထောင်ပြီးရင် အဲဒီအိမ်ထောင် တည်တံ့ဖို့ ထိန်းသိမ်းရမှာ။ ကွဲကြ ကွာကြရင် မိန်းကလေးဘက်ကပဲ နစ်နာရတာ။ နင့်ကို သိပ်ချစ်ပြီး သိပ်ကောင်းတဲ့ ယောကျ်ားတစ်ယောက်နဲ့ ကွဲဖို့ကို ငါ မဖြစ်စေချင်ဘူး"

"ငါကတော့ သူ့အဖေနဲ့အမေ တနုံ့နုံ့ခံစားရအောင်လုပ်ဖို့ပဲ ဆန္ဒရှိတယ် ခင်။ သူတို့ကြောင့် ငါ့ဘဝမှာ ပျော်ရွှင်စရာ မရှိခဲ့တာ"

ကိုကိုက ခင့်ကို ပေါက်ကွဲပြနေတုန်းမှာ ဖုန်းလာနေတာကြောင့် ကိုကိုက စကားစပြတ်သွားကာ ဖုန်းကိုင်လိုက်လေသည်။

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"Congratulationပါ ကိုကို။ အဖြစ်အပျက်တွေ ဒီလောက်ထိ မြန်သွားလိမ့်မယ်လို့ ကိုယ် မထင်မိခဲ့ဘူး။ မင်းရဲ့လက်ထပ်ပွဲကို ကိုယ် ဝမ်းသာပါတယ်"

ဝမ်းသာပါတယ်ဆိုသော ကိုသူယံ အသံမှာ အနည်းငယ် အဖျားခတ် လှုပ်ရှားနေတယ်ဆိုတာ ကိုကို သိပါသည်။ ကျွန်မကို မေ့လိုက်ပါ ကိုသူယံရယ်။

"ကျေးဇူးတင်ပါတယ် ကိုသူယံ။ စင်ကာပူက ပြန်ရောက်ပြီလား။ ဒီတစ်ခါသွားတာ ကြာတယ်နော်"

"ဟုတ်တယ် ကိုကို။ ကိုယ် အသည်းကွဲလို့ စ,လုံးကို ခဏထွက်သွားတာ။ တစ်လနီးပါး ကြာသွားတာပေါ့။ ကိုယ် ပြန်ရောက်လာတော့ လုံးဝကို အံ့ဩစရာ အခြေအနေကြီးကို ရင်ဆိုင်လိုက်ရတာပဲ။ ဒါပေမဲ့ ကိုယ်လက်ခံပါတယ်။ ကိုကို ချစ်လို့ ရွေးချယ်လိုက်တဲ့ လူတစ်ယောက်ကို ကိုယ် ကြိုဆိုပါတယ်"

ကိုကိုသည် ရင်ထဲမှာ နင့်ခနဲ ခံစားရလေသည်။ ကိုကို့ကြောင့် ခံစားသွားရရှာတဲ့ ကိုသူယံအတွက် ကိုကို့မှာ ဘာမှ နှစ်သိမ့်မှုမပေးနိုင်ခဲ့ပါ။

"ကျွန်မတို့က လုပ်ဖော်ကိုင်ဖက်ကောင်းတွေပါ ကိုသူယံ။ အရင်လိုပဲ ခင်မင်သွားကြတာပေါ့"





"အဟင်း ... Okပါ။ အခုချိန်ထိ ကိုကိုက အဖေ့ဆီမှာ အလုပ်လုပ်နေဆဲဆိုတာ သိရလို့ ဝမ်းသာပါတယ်။ ဒီနေ့ ဖုန်းဆက်တာ ကိုယ် ပြန်ရောက်ပြီဆိုတာ ပြောရင်းနဲ့ Congratulation လှမ်းလုပ်တာပါ။ ကိုကို့အတွက် ကိုယ် လက်ဆောင်ပါတယ်။ အခုတော့ မင်္ဂလာလက်ဖွဲ့ပေါ့။ အဲဒါလေး ပေးချင်တယ် ကိုကို။ ကိုယ့်ကို အချိန်ခဏလောက် ပေးပါလား"

ဒီလောက်တော့ တွေ့သင့်တယ်လို့ ကိုကို ထင်သည်။ အဲဒီအတွက် ကိုကိုကသိပ်အချိန်မဆွဲဘဲ ဒီနေ့တွေ့ဖို့ ချိန်းလိုက်သည်။

"အင်း ... အဲဒါဆို သုံးနာရီလောက် My Garden မှာ တွေ့မယ်လေ။ ကိုသူယံ အဆင်ပြေရဲ့လား"

"Ok ... အဆင်ပြေတာပေါ့။ အဲဒါဆို See you နော်"

ကိုကိုတို့ ဖုန်းပြောပြီးတဲ့နောက် ကိုကိုက ဇင့်ကို စကားမပြောနိုင်သေးဘဲ ငွေမိုးသွန်းဆီ အရင်ဆက်ရသည်။ သူက ညနေ ပြန်လာကြိုမှာ ဖြစ်သောကြောင့် ကိုကိုက ကြိုဆက်ရတာဖြစ်သည်။

"အင်း ... မိန်းမ ပြော"

နားထဲမှာ အင်မတန်မှ ရင်းနှီးကျွမ်းဝင်လှသည့် အခေါ်အဝေါ်ကြောင့် နေရခက်သွားတာတော့ အမှန်ပဲဖြစ်သည်။ ဒါပေမဲ့ ... ထားပါ။ အဲဒါက အရေးမကြီးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ညနေ လာမကြိုနဲ့တော့။ ကျွန်မဘာသာပဲ ပြန်လာခဲ့တော့မယ်"

"ဟင် ... ဘာဖြစ်လို့လဲ။ ကိုယ်လာကြိုပေးပါ့မယ်"

"မဟုတ်ဘူး။ ရတယ် ... ဒီနေ့ တီလေးကို ညနေဆေးခန်းလိုက်ပို့ပေးမလို့။ ကျွန်မဘာသာ ပြန်လာခဲ့တော့မယ်လေ ... နော်"

"အင်း ... အင်းပေါ့။ ဟို ... ကိုကို ပြန်ရတာ အဆင်မပြေရင် ဖုန်းဆက်လိုက်နော်"

"အင်း ... ဒါပဲနော်"

ကိုကိုက ဖုန်းပြောပြီးသွားရင် ကိုကို့ကို အကဲခတ်နေသော ဇင်က မေးခွန်းအရင်ထုတ်တာဖြစ်သည်။

"နင် ကိုငွေမိုးကို ဘာလို့ လိမ်လိုက်တာလဲ။ ကိုသူယံနဲ့ တွေ့ဖို့လိုလို့လား ကိုကိုရယ်"

"ကိုသူယံကို ငါ အားနာလို့ တွေ့လိုက်တာ။ မရည်ရွယ်ဘဲနဲ့ သူဟာ ငါ့ကြောင့် ခံစားနေရတဲ့သူ ဖြစ်နေတယ်။ အဲဒါကြောင့်ပါ။ ပြီးတော့ ငါ သူနဲ့တွေ့တယ်ဆိုတာ မိတ်ဆွေလိုပါ။ ဒါကြောင့် မလိုအပ်ဘဲ မသိစေချင်လို့ ငွေမိုးသွန်းကို လိမ်လိုက်တာ"

"အေးပါ ... အေးပါ၊ နင် အဆင်ပြေရင် ပျော်ပါတယ် ကိုကိုရယ်။ ဒါပေမဲ့ နင့်ကို ကိုငွေမိုးနဲ့ ပြဿနာမတက်စေ





ချင်ဘူး။ ဖြစ်နိုင်ရင် သူနဲ့ပျော်ရွှင်တဲ့ မိသားစုဘဝလေးကို တည်ဆောက်ပါ ကိုကိုရယ်"

ဇင့်စကားကို ကိုကိုက ပြုံးလို့သာ နေလိုက်သည်။ ကိုကို့အပေါ်ကို စေတနာအမြဲတမ်းထားတဲ့ ဇင့်ကို ခံစားနေရတာတွေကို အမြဲရင်ဖွင့်နေကြမို့ တစ်ယောက်နဲ့တစ်ယောက်ကြားမှာ ဖုံးကွယ်လျှို့ဝှက်ထားတယ်ဆိုတာ မရှိခဲ့ပါ။

ကိုသူယံအပေါ် ရင်ခုန်ခဲ့ဖူးတဲ့ ကိုကို့ကို ကိုသူယံဆီ စိတ်ယိုင်သွားမှာ စိုးနေတဲ့ ဇင့်ရဲ့စေတနာတွေကို သိနေတာကြောင့် ကိုကိုက ဘာမှဆက်မပြောဖြစ်တော့ချေ။

တစ်ခါတစ်ရံမှာ မုန်တိုင်းမလာခင် လေပြည်က ခပ်အေးအေး တိုက်နေတတ်တဲ့ သဘောတရားဆိုတာ ကိုကိုသတိမမူခဲ့ခြင်းပင် ဖြစ်ပါသည်။

✻ ❣ ✻



www.burmeseclassic.com

www.burmeseclassic.com



"သားရေ ... မင်းမိန်းမကို သွားမကြိုဖြစ်ရင် မေမေ့ကို အပြင်လိုက်ပို့ပေးပါဦးကွယ်။ မေမေ့မိတ်ဆွေ စိုးစိုးနဲ့ ချိန်းထားလို့၊ သိပ်မကြာပါဘူး ... လိုက်ပို့နော်"

မေမေ့တောင်းဆိုမှုကို သူက မငြင်းသင့်တာကြောင့် အသာတကြည်ပင် မေမေ့ကို လိုက်ပို့ဖြစ်လေသည်။ မေမေက သူ့ကိုပါ လိုက်ခဲ့ဖို့ အတင်းခေါ်တာကြောင့် ငွေမိုးသည် မေမေနဲ့ အတူ ဆိုင်ထဲဝင်လာခဲ့လိုက်တော့သည်။

"ဟင် ... မရောက်သေးဘူးပဲ။ ထိုင်လေ ... သား"

ငွေမိုးက မေမေနဲ့အတူထိုင်ကာ Coke တစ်ဘူးမှာပြီးနောက် internet ဖွင့်ကြည့်နေလိုက်သည်။ မေမေ့ညှော်သည် မလာသေးတာကြောင့် စောင့်နေစဉ်မှာ မေမေက ဆိုင်ဝန်းကျင်ကို မျက်လုံးကစားလိုက်စဉ်မှာ ဟင်ခနဲ အာမေဋိတ်ပြုလိုက်တာကြောင့် သူက ဘာပါလိမ့်ဆိုပြီး မေမေ့ကို ကြည့်မိသွားသည်။ မေမေက တခြားဝိုင်းတစ်ခုကို ကြည့်နေတာကြောင့် သူဟာ ဘာများလဲဆို





တဲ့စိတ်နဲ့ ကြည့်မိလိုက်လျှင် ကိုကို့ကို သွားတွေ့ပါသည်။ ကိုကို့ ဘေးမှာ ငနဲတစ်ကောင်။ ပုံစံကြည့်ရတာက အရမ်းကို ရင်းရင်း နှီးနှီးပင်။ စကားတွေ ဖောင်ဖွဲ့နေလိုက်တာဟာ သူ့ကိုတောင် မမြင်ပေ။ ဒီလူ ဘယ်သူလဲ။ သေချာကြည့်တော့ မြင်ဖူးတယ်လို့ ထင်ရလေသည်။

ငွေမိုးက အသည်းအသန်တွေးမိသွားလျှင် သူဟာ မေမေ့ tablet ထဲက မေမေပြသည့် ဓာတ်ပုံကို မြင်မိသွားလေသည်။ သူရမိုးယံ ...။ ဒီလောက်ဆို သူရမိုးယံနဲ့ ကိုကိုဟာ လုပ်ဖော် ကိုင်ဖက်အဖြစ် သူ ခံစားပေးလို့ ရသွားလေသည်။

"ဘယ်လိုဖြစ်တာလဲ ငွေမိုး။ မင်းပြောတော့ ယဉ်တစ်ကိုယ် က သူ့အဒေါ်ကို ဆေးခန်းလိုက်ပြပေးဖို့ဆို။ အခု ဘယ် လိုလဲ။ ယောကျ်ားတစ်ယောက်နဲ့ အရမ်းကို အရောဝင်နေ လွန်းတယ်"

မေမေ့ရဲ့အပြစ်ဖို့သံကြောင့် သူဟာ ပြောသင့်မပြော သင့် စဉ်းစားမနေတော့ဘဲ ကိုကို့ဘက်က ရှေ့နေလိုက်ပေးလိုက် သည်။

"သူက သူရမိုးယံတဲ့။ မေမေ့သား ဆိုတာလေ"

"ဘာ"

မေမေ့အသံက ဆောင့်ခနဲ ထွက်လာလေသည်။ မေမေဟာ အမေ့အပေါ်ကို တော်တော်နာကြည်းနေတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုဆို ပိုနာကြည်းသွားလောက်ပြီလို့ ထင်ရလေသည်။ လမ်းခွဲခဲ့ပြီးနောက်မှာ မေမေက အိမ်ထောင်ထပ်ပြုခဲ့ပြီး အဲဒီမိန်းမဘက်ကသားကို ငွေမိုးနေရာမှာ အစားထိုးချစ်နေခဲ့တဲ့အတွက် မေမေ့ ပိုနာကြည်းသွားပုံရသည်။ ပြီးတော့ မေမေ့ကို ဘယ်လိုမှ ခွင့်လွှတ်မယ့်သဘောမှာ မရှိချေ။

"ဒါ ဘယ်လိုဖြစ်ရတာလဲ။ အဲဒီကောင်နဲ့ ဒီလောက်ထိ ရင်းနှီးရသလား။ မင်း ယဥ်တစ်ကိုယ်ဆီ ချက်ချင်းဖုန်းဆက်စမ်း။ ဒါ မင်းကို လိမ်တာပဲ"

"မေမေရယ် ... သူ့အဒေါ်ကို ဆေးခန်းပြပြီး အပြန်မှာတွေ့တာ ဖြစ်မှာပေါ့"

"မလိုချင်ဘူး ငွေမိုး။ မင်း မဆက်ဘူးဆိုရင် မေမေ အဲဒီဗိုင်းကို သွားရလိမ့်မယ်"

"ဟာ ... အဲဒီလိုမလုပ်ပါနဲ့ မေမေရာ။ ကျစ် ... ကျိုင်ပဲဗျာ"

ငွေမိုးက ဖုန်းထုတ်ကာ ကိုကို့ဖုန်းကို လှမ်းဆက်လိုက်ရတော့သည်။ မေမေက သူ့ကို အကဲခတ်နေတာကြောင့် သူဟာ နေရထိုင်ရ ခက်လာပါသည်။

"ဟယ်လို"

ကိုကို့ဘက်က ဖုန်းကိုင်လျှင် ငွေမိုးက ခပ်အုံ့အုံ့လေသံဖြင့် မေမေ မေးခိုင်းတာကို မေးရလေသည်။





"ကိုကို ဘယ်ရောက်နေတာလဲ"

"ကျွန်မလား ဆေးခန်းမှာ။ ဒေါ်လေး တိုကင်နံပါတ်မရောက်သေးလို့။ ဘာဖြစ်လို့လဲဟင်"

သူ့ရင်ထဲမှာ တစ်မျိုးတော့ ဖြစ်သွားလေသည်။ ကိုကိုက ဘာလို့ အဲဒီလို ပြောရတာလဲ။ တကယ်ဆို ရှင့်အဖေရဲ့သားနဲ့ အလုပ်ကိစ္စတွေ့နေတယ်ဆို သူက ဘာပြောမှာမို့လို့လဲ။ ဒါပေမဲ့ ကိုကို့ကို သူ ယုံပါသည်။

"အော် ... မေးကြည့်တာပါ။ ပြန်လာကြိုရမလားလို့"

"ရပါတယ်ဆို ... ဒါပဲနော်"

ကိုကိုက သူ့အပြောတောင် မစောင့်ဘဲ ဖုန်းချသွား...မှာ မေမေက ဘာတဲ့လဲဆိုပြီး မေးဆတ်ပြလေသည်။ သူက ...နာမတက်ချင်တာကြောင့် လိမ်လိုက်ရလေသည်။

"သူ ဒီမှာရှိနေတယ်လို့ ပြောတယ်"

"အေးလေ ... မင်းပြောတော့လည်း မင်းစကားပေါ့။ အော် ... စိုးစိုး လာလေ"

သူက ကံကောင်းသွားတယ်လို့ပဲ ပြောရမည်။ မေမေ ...ပြောခါနီးမှာ ဧည့်သည်ရောက်လာတာကြောင့် စကားပြတ်...သည်။ ငွေမိုးက ကားပေါ်ကစောင့်မယ်ပြောပြီး ထထွက်လာ...သည်။ သူက ကိုကိုတို့ဗိုင်းကို တစ်ချက်ကြည့်လိုက်လျှင် ...မှာ တစ်မျိုးကြီးတော့ ဖြစ်သွားလေသည်။ မင်း ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်တောင် ရယ်မောနေရတာလဲ ကိုကိုရယ်။ သူနဲ့ဆို အမြဲ ခပ်တင်းတင်းနေထားတဲ့ နှုတ်ခမ်းတွေကို သူက မြင်ယောင်လာတာမို့ အတွေးထဲက မောင်းထုတ်ပစ်လိုက်သည်။

မမမေနဲ့ ကိုကို့ကြားမှာ ပြဿနာမဖြစ်စေချင်ပါ။ အဲဒီတော့ မမမေ့သံသယတွေပါ ရှင်းသွားပြီး သူလည်း ရင်အေးရအောင် တစ်ခုခုလုပ်မှ ရတော့မည်။ သူဟာ အကြံတစ်ခုရသွားကာ မေမေ့ဆီကို ဖုန်းလှမ်းခေါ်လိုက်သည်။

"ဟယ်လို ... မေမေလား"

✻ ❣ ✻





## ❦ ၁၉ ❦

"ဒီနေ့ညနေ အိမ်ကို ထမင်းစားလာဖို့ ညွှန့်သည်တွေ သား ဖိတ်ထားတယ်။ သူတို့တွေက မေမေနဲ့ ကိုသူရမိုးယံ ပါ"

"ဘာ"

အဲဒီစကားကို ငွေမိုးက မနက်ဘရိတ်ဖတ်စ်ဝိုင်းမှာ မမေနဲ့ ကိုကိုရှိတုန်း ပြောလိုက်တာဖြစ်သည်။ ဒီစကားကြောင့် အပေါက်ကွဲသူက မမေပင် ဖြစ်လေသည်။

"နင် ဘာတွေလုပ်နေတာလဲ။ ငါ လုံးဝသဘောမတူဘူး ငွေမိုးသွန်း။ ဒီလူတွေကို ငါ့အိမ်ပေါ် အတက်မခံဘူး။ ကျက်သရေယုတ်တယ်"

"ဘာဖြစ်လို့လဲ မမေရာ။ သူက သားအဖေပဲ။ သားတို့ မိသားစုစုံညီ ထမင်းအတူစားချင်လို့ ဖိတ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ … မိသားစု … ဟုတ်လား။ ငွေမိုးသွန်း … နင် ဘာစကားပြောတာလဲ"

"မေမေရယ် … မေမေကော ဖေဖေကော အသက်တွေလည်း ကြီးနေပါပြီ။ အာဃာတတွေ လျှော့လိုက်ပါတော့။ အဖေရော အမေရော မာနတွေ ခေါင်ခိုက်ပြီး ပြန်ပေါင်းထုပ်ကြမှာ မဟုတ်ဘူးဆိုတာ သားသိတယ်။ ဒါပေမဲ့ ဖေဖေနဲ့ မေမေ မိတ်ဆွေလိုတော့ ဆက်ဆံပေးပေါ့။ သားတစ်ယောက်ရဲ့ မျှော်လင့်ချက်က သူ့မိဘနဲ့အတူ ထမင်းလက်စုံစားချင်တာပါ။ သားဘဝမှာ ထမင်းစားခဲ့ရတိုင်း အဖေမပါဘူး။ သားကို နားလည်ပေးပါ မေမေ။ ဒီတစ်ခါလေးပဲ သားဆန္ဒကို လိုက်လျောပေးပါ မေမေရာ။ သား တောင်းပန်နေတာပါ"

သူ့ရဲ့ တောင်းပန်ခယမှုအဆုံးမှာ မေမေက တစ်ချက်တော့ငြိမ်သွားကာ တွေသွားသည်။ ပြီးတော့ ဘာမှမပြောဘဲ စားပွဲဝိုင်းကနေ ထထွက်လို့သွားလေသည်။ မေမေလည်း တော်တော်ခံစားသွားရလောက်မည်။ အဲဒါဟာ သူတို့ရင်ဘတ်ထဲက လစ်လပ်လိုအပ်နေတဲ့ နှလုံးသွေးရဲ့ အားမပြည့်မှုတွေပဲဖြစ်သည်။ သူလည်း ထိုင်ခုံမှာ တွေတွေကြီး ငိုင်နေလျှင် သူ့ပခုံးတစ်ဖက်ကို ကိုကိုက နှစ်သိမ့်သလို ခပ်ဖွဖွပုတ်ပေးကာ …





"ဝမ်းမနည်းပါနဲ့ မောင်။ ကျွန်မဆိုရင် အဖေကော အမေကော မရှိတော့ဘူး။ သူတို့တွေနဲ့ ထမင်းလက်ဆုံစားဖို့ အခွင့်အရေးတွေ ဆုံးရှုံးခဲ့ရတာ နှစ်ချို့နေခဲ့ပြီ။ မောင့်ရဲ့ ခံစားချက်တွေကို ကျွန်မ ကိုယ်ချင်းစာလို့ ရပါတယ်"

ငွေမိုးက ကိုကို့ရဲ့နှစ်သိမ့်မှုအတွက် ပြေသိမ့်နိုင်သွားကာ သူမရဲ့လက်တွေကို ဆုပ်ကိုင်လိုက်သည်။ ဘာပဲဖြစ်ဖြစ် သူ့ကို စာနာနားလည်ပေးနိုင်တဲ့သူ မရှိဘူးလို့ တွေးနေချိန်မှာ သူ သိပ်ချစ်ရတဲ့သူက နှစ်သိမ့်ပေးတဲ့အတွက် ပြေသိမ့်နိုင်သွားသည်။

ပြီးတော့ ဒီနေ့ ဖေဖေနဲ့ ကိုသူရမိုးယံကို ညစာဖိတ်တာဟာ မေမေ့ရဲ့ ကိုကို့အပေါ်ကို မြင်နေတဲ့ အမြင်တွေကိုလည်း ရှင်းသွားစေချင်လို့ဖြစ်သည်။

* ❦ *



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဒီနေ့ည ဒင်နာဟာ သူထင်ထားခဲ့သလို မေမေ့အမြင် ရှင်းလင်းသွားဖို့ ဖြစ်မလာခဲ့တဲ့အပြင် သူကော မေမေ၊ ပြီးတော့ ဖေဖေပါ ငြိမ်သက်တိတ်ဆိတ်သွားခဲ့တဲ့ ညစာစားပွဲပဲဖြစ်ပါသည်။ ထမင်းစစားချင်း သူက အမေနဲ့အမေ့ကို ဦးချမယ့် ဟင်းခွက်ကို ကိုကိုက ဆတ်ခနဲမ,ယူ၍ သူရမ်းယံရဲ့ ပန်းကန်ထဲကို ထည့်ပေးသည်။

"စားနော် ... ကိုသူယံ။ ဘာမှအားနာဖို့ မလိုဘူး။ ရှေ့ဒါက ကြက်ကိုအချိုပေါင်းပြီး အသီးအရွက် အုပ်ထားတာ။ ကိုသူယံ အကြိုက်လေ။ စား ... ဒီဟင်းချိုက ကိုသူယံ အကြိုက် ပင်လယ်စာတုန့်ယမ်းလေ၊ ဪ ... ဒီမှာ ကင်းမွန်အစပ်သုပ်လေး။ စားနော်"

ထမင်းစားဝိုင်းမှာ လူကော လက်တွေကော ရှုပ်ယှက်ခတ်နေကာ သူရမ်းယံကို ဧည့်ခံနေသော ကိုကို့ကိုကြည့်ကာ သူ အံ့သြနေမိသည်။ ကိုကို့ရဲ့မျက်နှာဟာ ဒီနေ့မှ အရမ်းကိုလှပနေ





တာဖြစ်သည်။ သေသေချာချာ မိတ်ကပ်ပြင်ဆင်လိမ်းခြယ်ကာ သူ တစ်ခါမှ မမြင်ဖူးတဲ့ အပြုံးတွေနဲ့ စကားတွေ ဖောင်ဖွဲ့နေတာကြောင့် သူဟာ သဝန်တိုစိတ်ကြောင့် ခေါသနည်းနည်းထွက်နေတာဖြစ်လေသည်။ ဒါပေမဲ့ သူဟာ အဲဒီလိုမျက်နှာကြီးတင်းနေရင် မေမေက ပိုဆိုးတော့မှာမို့ သူက ဟန်ဆောင်ပြုံးနေကာ တိတ်တိတ်ဆိတ်ဆိတ်ပင် ထမင်းဆက်စားနေတော့သည်။

"ဟင်း ... ကိုသူယံ စားပါဆို။ ဘာလဲ ... အစ်ကိုက အားနာနေတာပေါ့ ဟုတ်လား။ ဟိုနေ့ကတောင် အစ်ကို့ကို သတိတွေရနေတာ။ အိမ်မှာ ဒေါ်မြကြ ဘဲပေါင်းကြီးမဆိုင် လုပ်ထားတယ်လေ။ ဟိုတစ်ခါက အစ်ကိုနဲ့ ပဲခူးမှာတုန်းက အစ်ကို အားရပါးရ ဘဲပေါင်းကြီးမဆိုင် စားတာကို သတိရပြီး လာစေချင်ပို့ချင်တယ် ... ဟင်း ဟင်း"

"မမလေး ... မသဇင်ဆီက ဖုန်းလာပါတယ်"

အသေးလေးက ကော့လက်စ်ဖုန်းလေး ကိုင်လာကာ ကိုကို့ဆီ လာပေးလျှင် ကိုကိုက ဆတ်ခနဲ တွန်းထုတ်လိုက်တာကြောင့် အသေးလေးလက်ထဲကဖုန်းက လွတ်ကျသွားလေသည်။ ဒါကိုတောင် သူမက ထိမထင်မျက်နှာပေးဖြင့် ဂရုမစိုက်ဘွာကြည့်တာ ...

"နင်တို့ဟာလေ တော်တော်အလိုက်ကန်းဆိုး မသိတာပဲ။ သဇင် ဖုန်းဆက်တာ ဘာဖြစ်သလဲ။ ငါ ဒီမှာ အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



ညှိသည်နဲ့ ထမင်းစားနေတယ်လေ။ သွားစမ်း ... ဘယ်ဖုန်းလာလာ- မခေါ်ပေးနဲ့”

အသေးလေးကို ဟောက်ထုတ်ပစ်လိုက်သောအခါ သူ တော်တော်ဒေါကန်သွားတော့သည်။ ဘာလဲကွာ။ တောက် ...။ ငွေမိုးသည် စိတ်ကို အတင်းဖိနှိပ်မျိုသိပ်ချကာ ဟန်မပျက်ဆက်နေခဲ့တာဟာ အဖေနဲ့ သူရမိုးယံကို ပေါ်တီကိုအောက်အထိ လိုက်ပို့ပေးတဲ့အချိန်ထိပဲဖြစ်သည်။ ဘာစကားမှ မယ်မယ်ရရမဆိုဖြစ်ခဲ့ဘဲ ကိုကို့လုပ်ရပ်ကိုပဲကြည့်ကာ သူ ဒေါ်တွေထွက်နေပါတယ်ဆိုမှ ဂိတ်ဆုံးရောက်အောင် ကိုကိုက ကားပေါ်လိုက်အပို့မှာ သူရမိုးယံကို ပြောသည့် ညုတုတုအပြောက ပို့ပေးလိုက်တာဖြစ်သည်။

“Ok ... Bye ... Bye ... ကိုသူယံ။ monday ရုံးမှာဆုံမယ်လေ။ စောစောလာနော်။ ကိုသူယံ အကြိုက် Espresso ဖျော်ခဲ့မယ်”

သူရမိုးယံက သူတို့ကို တော်တော်အားနာနေပုံရသည်။ အီး ... အဲနဲ့ အလိုက်ထိုက် ဆက်ဆံနေတာကိုတောင် ကိုကိုက။ တောက် ...။ ငွေမိုးသည် ဘယ်လိုမှ ထိန်းလို့မရတော့တဲ့ ဒေါသတွေနဲ့အတူ ခြံထဲကနေ အဖေတို့ ကားမောင်းထွက်သွားတာနဲ့ ကိုကို့ရဲ့လက်ကို ဆတ်ခနဲအားဖြင့် ဆောင့်ဆွဲကာ အပေါ်ထပ်တက်၍ အခန်းထဲ ဝင်ခဲ့တော့သည်။





“ငွေမိုးသွန်း ... ရှင် ဘာလုပ်တာလဲ။ ကျွန်မလက်ကိုလွှတ်စမ်း”

သူမက ဆောင့်ရုန်းနေသော်လည်း သူက ဂရုမစိုက်ဘဲ အခန်းထဲသို့ ဆောင့်ဆွဲခေါ်လာကာ ခုတင်ပေါ်သို့ ဝုန်းခနဲ တွန်းထိုင်ခိုင်းလိုက်ပြီးမှ သူ့ဒေါသတွေ အစွမ်းကုန်ပေါက်ကွဲတော့တာဖြစ်သည်။

“ယဉ်တစ်ကိုယ် ... မင်း ငါ့ကို အရှက်ခွဲလိုက်တာလား။ မင်းမှာ ကာမပိုင်ယောကျ်ား ငါတစ်ယောက်လုံး ရှိနေတယ်ဆိုတာ သတိကော ရသေးရဲ့လား ဟမ်”

သူ့စကားကို ကိုကိုက ပြန်မဖြေသေးဘဲ ထီမထင်ပြန်ကြည့်ကာ မုန်းစရာကောင်းအောင် မဲ့ပြလိုက်ရင်း ...

“ဘာလုပ်လို့လဲ”

တောက် ... ကြည့်စမ်း။ ဒါ သူ့ကိုသက်သက်မဲ့ဆွနေတာ။ ငွေမိုးက သူပါ ခုတင်ပေါ်ထိုင်လိုက်၍ ကိုကို့ကို သူ့ဘက်သို့ ဆတ်ခနဲ ဆွဲလှည့်ကာ သူမရဲ့ပခုံးတွေကို ခပ်ကြမ်းကြမ်းလှုပ်ယမ်းပစ်ရင်းက ...

“ကိုကို ... မင်း ... ကွာ ... ဘာလို့ အဲလိုလုပ်ရတာလဲ။ ငါ့ကို အဲဖေနဲ့အမေရှေ့မှာ မင်းက နွားလုံးလုံးဖြစ်အောင် လုပ်ပစ်လိုက်တာ။ အဲဒီကောင်က ဘာတွေလေးစားစရာကောင်းနေလို့ သူ့ကို ဒီလောက်တောင် ပ,စားပေးနေရတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ငွေမိုးသွန်း ... သူများကို မပုတ်ခတ်နဲ့။ ကိုသူယံက ကျွန်မအတွက် လူကြီးလူကောင်းပဲ။ ရှင်က ဘာတွေဖြစ်နေရတာလဲ။ အဲဒါတွေ ကျွန်မ စိတ်ပျက်တာ။ ပြဿနာကို ဖြူးဖြူးဖြဲဖြဲ ထဝန်းဖို့ပဲသိတယ်။ ညည်သည်ကို ညည့်ခံတာ ဘာမှားလို့လဲ။ လာပြီး ဇာချဲ့နေတယ်။ သိပ်စိတ်ပျက်တာပဲ"

"ဘာ"

ငွေမိုးသည် ဆက်စကားမပြောနိုင်တော့လောက်အောင် ရင်ထဲမှာ ဆို့နင့်သွားလေသည်။ သူ့ကို သူရမိုးယံနဲ့လာယှဉ်ပြောတယ်။ သူ တကယ်ကို မချိမဆန့် ခံစားရလေသည်။ တကယ်ဆို သူက ကိုကို့ယောကျ်ားလေ။ သူမ ဒီလိုဘာသဘောနဲ့ ပြောရတာလဲ။

"မင်းက ငါ့ကို စိတ်ပျက်တယ်။ ဒီမှာ ယဉ်တစ်ကိုယ်၊ ငါက မင်းယောကျ်ား။ ဒီနေ့ကစပြီး မင်း အလုပ်သွားဖို့မလိုတော့ဘူး"

"ဘာ ... ငွေမိုးသွန်း၊ ကျွန်မကို အဲဒီလိုချုပ်ဖို့ မစဉ်းစားနဲ့။ ကျွန်မ ယောကျ်ားဖြစ်တာနဲ့ပဲ ငြိမ်ခံနေရမှာလား။ ရှင့်ကို ရွေးချယ်ခဲ့မိတာ ကျွန်မမှားတယ်။ ကိုသူယံကိုသာ ရွေးခဲ့ရင် သိပ်ကောင်းမှာပဲ"





ဒီစကားလုံးကတော့ သူ့မျက်နှာကို အက်ဆစ်နဲ့ ပက်လိုက်သလို ခံစားရလေသည်။ ငွေမိုးသည် မီးတောက်နေသော ဒေါသတွေနဲ့ သူမပခုံးတွေကို ဖျစ်ညှစ်လှုပ်ယမ်းလိုက်ရင်း ...

"မင်း ဘာစကားပြောတာလဲ ကိုကို"

"ဟုတ်တယ်၊ ကျွန်မ လူရွေးမှားသွားပြီ။ ကိုသူယံက ကျွန်မ အရင်ဆုံး ရင်ခုန်ခဲ့ရတဲ့သူ။ သူ့ရဲ့ propose ကိုသာ လက်ခံမိရင် ကျွန်မ စိတ်ချမ်းသာရမှာ၊ အခုတော့ ရှင့်ကို ယူခဲ့မိတာ မှားသွားပြီ"

သူ ကိုင်ထားတဲ့လက်တွေကို ဖြုတ်ချပစ်လိုက်သည်။ ဘာစကားမှလဲ ဆက်မပြောနိုင်တော့ချေ။

"မင်း စကားပြောတာ သိပ်လွန်သွားပြီ ယဉ်တစ်ကိုယ်။ သားကိုချစ်တဲ့စိတ်နဲ့ ငါ အောင့်အည်းခံနေခဲ့တာ သိပ်ဟုတ်လှပြီ မထင်နဲ့"

မမေက အခန်းတံခါး ဝုန်းခနဲဖွင့်ကာ ဝင်ချလာလျှင် သူလည်း တားချိန်မရလိုက်ပေ။ ကိုကိုက ပါးပျဉ်းထောင်ထလာတဲ့ မြွေတစ်ကောင်လို သူ့အမေနဲ့ ရင်ဆိုင်လေသည်။

"ဒါ ကျွန်မတို့ကိစ္စ။ အန်တီနဲ့ ဘာဆိုင်လဲ"

"ဟဲ့ ... နင်လို မလောက်လေး မလောက်စားကများ။ သားလိုလူမျိုးကို ရထားတာတောင် အတောမသတ်နိုင်တဲ့ မိန်းမ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အန်တီနဲ့ ဘာဆိုင်လဲ။ ယောက္ခမက ကိုယ့်နေရာနဲ့ ကိုယ်နေစမ်းပါ"

သူ မတားရင် ပွဲကပိုဆူလာတော့မှာမို့ သူဟာ မေမေနဲ့ကိုကိုကြားသို့ဝင်ကာ ဖျန်ဖြေလိုက်တော့သည်။

"နှစ်ယောက်လုံး တော်ကြတော့ဗျာ။ မေမေ ခဏလေးပါ။ သား တောင်းပန်ပါတယ် ...

ကိုကို ... မင်း ခုနကပြောတာ တကယ်ပဲလား။ ငါ့ကို မင်း မချစ်ခဲ့ဘူးလား"

သူက ကိုကို့မျက်ဝန်းတွေနဲ့ ရင်ဆိုင်ကာ မေးလိုက်လျှင် ကိုကိုက သွေးအေးအေးပြန်ကြည့်ကာ တစ်လုံးချင်းပြန်ဖြေသည်။

"အဲဒါ ,တကယ်ပြောတာ ငွေမိုးသွန်း"

သူ့မျက်ရည်တစ်ပေါက် လိမ့်ခနဲကျသွားသည်။ ပြီးတော့ နာကျင်စွာ တစ်ချက်ပြုံးလိုက်ပြီးမှ သူမကို လက်ညှိုးငေါက်ငေါက်ထိုးလိုက်ကာ ...

"မင်းဟာ ငါ့အချစ်တွေကို စော်ကားတဲ့မိန်းမ။ မင်း တစ်နေ့ ငါ့ဝဋ်တွေ မလည်ပါစေနဲ့ ကိုကို။ မင်းကို ငါ သိပ်ကြောက်သွားပြီ။ မင်း ... ကွာ ... တောက်"

ငွေမိုးသည် မခံရပ်နိုင်တော့သော နှလုံးသားတွေဖြင့် သူမရှေ့က ပြေးထွက်လာခဲ့တော့သည်။ မင်း ငါ့အချစ်တွေကို စော်ကားတယ်။ ငါ့ကို အသည်းခွဲတယ်။





"သား ... သား"

သူဟာ မေမေ့ရဲ့ခေါ်သံကို ဂရုမစိုက်အားတော့။ ရှက်စိတ်၊ နာကြည်းစိတ်တွေနဲ့အတူ အားလုံးနဲ့ဝေးရာကို ပြေးထွက်လာခဲ့တော့သည်။

* ❣ *



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

မီးဝင်းဝင်းတောက် မျက်လုံးတွေနဲ့ ကိုကို့ကိုကြည့်သော အကြည့်တွေကို ကိုကိုက အောင်နိုင်သော အပြုံးတစ်ခုဖြင့် မမိတ်မသုန် ပြန်ကြည့်လိုက်လေသည်။ ဒီနေ့ဟာ နှစ်ပေါင်းများစွာ စောင့်နေခဲ့ရတဲ့နေ့။ ဒေါ်နီနှင်းဆီရဲ့ နှလုံးသားတွေ ကွဲကြေတဲ့နေ့။ သူ့သားရဲ့ ငိုကြွေးမှုအတွက် ရင်ဘတ်ထဲမှာ မီးဟုန်းဟုန်းတောက်နေချိန်မို့ ကိုကိုက အရမ်းကိုကျေနပ်လေသည်။

"မင်းဟာ အင်မတန် ယုတ်မာတဲ့ မိန်းကလေးပဲ။ ငါ့သားရဲ့ဘဝကို ဖျက်ဆီးပစ်ဖို့ မကြိုးစားနဲ့"

ပျစ်ပျစ်နှစ်နှစ် တစ်လုံးချင်း ပြောနေသော အဲဒီအပြောအပေါ် ကိုကိုက ဟားတိုက်ရယ်မောပစ်လိုက်ကာ ဒေါ်နီနှင်းဆီရဲ့မျက်လုံးတွေကို ရဲရဲတောက်ရင့်ဆိုင်ပစ်လိုက်ကာ ...





"ဟား ဟား ... ကိုယ့်ကိုထိတော့ နာတတ်တယ်ပေါ့ ဟုတ်လား။ ကိုယ့်ဘဝကို မပျက်စီးချင်ရင် သူများမိသားစုဘဝကိုလည်း မဖျက်ဆီးနဲ့ပေါ့။ ရှင့်အတွက် ဒီထက်မက ကြေကွဲနာကျင်မှုတွေ ကြုံစေရမယ်"

ကိုကိုရဲ့စကားတွေကြောင့် သူမက စေ့စေ့ပြန်ကြည့်ရင်းက ပြန်မေးလေသည်။

"မင်း ဘာတွေပြောနေတာလဲ ယဉ်တစ်ကိုယ်။ မင်းရူးသွားပြီလား"

"ဟင်း ဟင်း ... ကျွန်မ မရူးပါဘူး။ မရူးလို့လည်း ရှင့်အနားရောက်အောင် လာနိုင်ခဲ့တာပေါ့။ ဘယ်လိုလဲ ... ရှင်သား အရူးလို ထွက်သွားတော့ သိပ်မှခံစားလိုက်ရရဲ့လား ... ဟမ်"

"ယဉ်တစ်ကိုယ် ... မင်း ဘာတွေပြောနေတာလဲ"

"ဟင်း ဟင်း ... ပြောပြရမှာပေါ့။ ကျွန်မ ဘယ်သူလဲသိလား။ သူများလင်ခိုးတဲ့ မိန်းမဆိုပြီး ပက်ပက်စက်စက် အရှက်ခွဲခံခဲ့ရတဲ့ မြယမုံကို မှတ်မိသေးရဲ့လား ဒေါ်နီနှင်းဆီ"

ကိုကို့စကားကြောင့် ဒေါ်နီနှင်းဆီသည် အနည်းငယ် ငြိမ်သက်သွားကာ ကိုကို့ကို စိုက်ကြည့်သည်။

"မင်း ... မင်းက"

ပါးထက်သို့ ကျလာတဲ့ မျက်ရည်စတို့ကို ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်ပြီးမှ ခေါင်းညိတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက မြယမုံလို့ သိကြတဲ့ ဒေါ်မြခင်ယမုံကိုရဲ့သမီးပဲ။ ရှင့်ကြောင့် ကျွန်မတို့ ဘဝပျက်ခဲ့ရတာ ရှင် သိလား။ အမေနဲ့ ရှင့်ယောကျ်ားက ဘာမှမပတ်သက်ဘူး။ ရှင့်ရဲ့ တစ်ဖက်သတ်စွဲချက်တွေနဲ့ ကျွန်မအမေကို လူပုံအလယ်မှာ အရှက်ခွဲခဲ့လို့ ကျွန်မအဖေက ဖောက်ပြန်တဲ့မိန်းမဆိုပြီး အမေ့ကို ပစ်ထားခဲ့တယ်။ အမေက အဲဒီစိတ်တွေ ရှက်စိတ်တွေနဲ့ သေခဲ့ရတယ်။ အဲဒါတွေရဲ့ အဓိကတရားခံက ရှင်ပဲ။ ကျွန်မကို မိဘမဲ့ဘဝနဲ့ ဒုက္ခရောက်အောင် ကျွန်မဘဝကို ဖျက်ဆီးခဲ့တာ ရှင်ပဲ"

ကိုကိုက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကာ ပေါက်ကွဲပြလျှင် နှင်းဆီသည် အတိတ်က အဖြစ်တွေကို ပြန်မြင်လို့လာလေသည်။ ကိုထင်မင်းနဲ့ ကွာရှင်းပြီးနောက်မှာ နှင်းဆီဟာ ဒေါသတွေနဲ့ မြယမုံရဲ့အလုပ်ထဲကော၊ ရပ်ကွက်ထဲကော၊ သူ့ဘဝကြီးကို လူတောမတိုးအောင် အရှက်ခွဲပစ်ခဲ့တာ ဖြစ်သည်။ အဲဒါ မမှားဘူးလေ။ မြယမုံဟာ နှင်းဆီရဲ့မိသားစု ဘဝကို ဖြိုခွဲခဲ့တာပဲ။ သူ့မိသားစုဘဝလည်း ပျက်ရမှာပဲ။

"မင်းအမေက ငါတို့မိသားစုကို ဖြိုခွဲခဲ့တာပဲ။ ဝဋ်ပြန်လည်တာပဲ ယဉ်တစ်ကိုယ်။ သူ ငါ့ယောကျ်ားနဲ့ ဖောက်ပြန်ခဲ့တာပဲ"





"မဟုတ်ဘူး။ မေမေက ဘယ်တုန်းကမှ မဖောက်ပြန်ခဲ့ဖူးဘူး။ ကျွန်မတို့မိသားစု စားဝတ်နေရေး အဆင်မပြေလို့ ဦးထင်မင်းညီရဲ့ပန်းချီခန်းမှာ စာရေးမဝင်လုပ်ခဲ့တာ။ မေမေဟာ လော်လီဖောက်ပြားတဲ့မိန်းမ မဟုတ်ဘူး။ ရှင့်ရဲ့တစ်ဖက်သတ်စွပ်စွဲချက်တွေနဲ့သာ အဖေနဲ့အမေ ကွဲခဲ့တာ။ ကျွန်မရဲ့ဘဝ မိဘမဲ့ဖြစ်ခဲ့ရတာ။ အဲဒါတွေကို ရှင်သိလား။ ရှင် ဟားတိုက်ရယ်မောနေတဲ့အချိန်မှာ ကျွန်မတို့မိသားစု မီးလောင်နေတာ ရှင် သိလား။ ရှင့်ရဲ့အရှက်ခွဲမှုတွေကြောင့် အဖေ့စွန့်ပစ်ခြင်းကို ခံရတဲ့ အမေ့ဘဝကို ကျွန်မ ဘယ်တော့မှမမေ့ဘူး။ ရှင့်ကြောင့် အဲဒါတွေအားလုံးဟာ ရှင်တို့လင်မယားကြောင့်ပဲ"

"မင်းဟာ သိပ်အငြိုးကြီးတဲ့ မိန်းကလေးပဲ ယဉ်တစ်ကိုယ်။ မင်း ဒါကြောင့် သားကို လက်ထပ်ခဲ့တာလား"

"ဟုတ်တယ် ... ရှင်တို့ရဲ့သား စိတ်ဆင်းရဲရင် ရှင်တို့လည်း ထပ်တူ ခံစားစေရအောင် လက်ထပ်ခဲ့တာ။ အခု သူလည်း တော်တော်ခံစားနေရပြီ။ ဒါပေမဲ့ ဒီပွဲမပြီးသေးဘူး ဒေါ်နီနှင်းဆီ။ ကျွန်မအမေ ခံစားခဲ့ရတာရဲ့ အဖျားအနားလောက်ပဲ ရှိသေးတယ်။ ရှင်တို့ ဒီထက် ပိုခံစားစေရမယ်"

ကိုကိုက ကျိန်ဆိုခဲ့ကာ ဒေါ်နီနှင်းဆီရှေ့က ထွက်သွားခဲ့လိုက်သည်။ ဒီအိမ်မှာ ကိုကို့အတန် မရှိတော့။ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူဆိုတာ ပြောခဲ့ပြီမို့ ရှေ့လျှောက် ပေါ်တင်ဖိုက်ဖို့ပဲရှိတော့သည်။ အံ့သြမှုတွေနဲ့ တွေတွေကြီး ရပ်ကျန်နေခဲ့တဲ့ ဒေါ်နီနှင်းဆီဟာ ကိုကို အောက်ထပ်မရောက်ခင်မှာပဲ မေ့လဲကျသွားတာကြောင့် အိမ်သားတွေရဲ့ စိုးရိမ်တကြီး ခေါ်သံကို နားဝင်ရှုံ့ဖွာ ကြားလိုက်ရသည်။

ရှင့်အတွက် အခန့်မသင့်ရင် အသက်တောင်ပါသွားနိုင်တဲ့ လုပ်ရပ်မျိုးကို ကျွန်မ ထပ်လုပ်ပြဦးမယ် ဒေါ်နီနှင်းဆီ။ ဒီတစ်ခါ ကျွန်မအလှည့်ပဲ။

❋ ❣ ❋





"နင်သိပ်မှားတယ် ကိုကို။ နင့်ခံစားချက်ကို နားလည်ပေးနိုင်ပေမယ့် နင့်လုပ်ရပ်ကိုတော့ ငါရွံတ်ချတယ်။ နင်ကိုသူယံနဲ့ အဲဒီလို အရောတဝင်နေတော့ကော နင့်အတွက် အဲဒါဟာ အနိုင်ရသတဲ့လား။ နင့်အတွက် ဘာကောင်းကျိုးရှိလို့လဲ ...

ဒီလုပ်ရပ်အတွက် နင့်ကို ကိုသူယံ အထင်သေးသွားမယ်။ နင့်ယောက်ျား နင့်ကိုမုန်းသွားပြီ။ နင့်လုပ်ရပ်ကြောင့် ဦးထင်မင်းညီနဲ့ ဒေါ်နီနှင်းဆီ ခံစားရတယ် ဆိုရင်လည်း အဲဒီခံစားချက်ထဲမှာ နင်ဟာ မုန်းစရာကောင်းတဲ့သူ ဖြစ်သွားပြီဆိုတာ နင် မစဉ်းစားမိဘူးလား ကိုကိုရယ်"

ဇင့်ရဲ့အပြစ်တင်ဆေဖန်သံ အဆုံးမှာ ကိုကို့မျက်ရည်သည်း ပေါက်ခနဲ တစ်စက်ကျသွားလေသည်။ အခုဆိုရင် ကိုကို့ကြောင့် သူတို့မိသားစု ဖရိုဖရဲ ဖြစ်သွားခဲ့ပြီပဲ။ ဘာလို့ ကိုကို အပြည့်အဝ မပျော်ရွှင်ရတာလဲ။ ဇင်ပြောသလို ငွေမိုးသွန်းတဲ့အတယ်ပဲ ကိုကိုကို မုန်းတီးသွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်နီနှင်းဆီ မူးလဲသွားတယ်။ ဘာဆက်ဖြစ်လဲတော့ ငါလည်းမသိဘူး။ ငါ အနိုင်နဲ့ပိုင်းပြီး ထွက်လာခဲ့တာပဲ"

ဖင်က စိတ်တွေ အရမ်းလှုပ်ရှားနေတဲ့ ကိုကို့ကို မွှေ့ဖက်ထွေးမွှေ့ နှစ်သိမ့်ပေးရင်းက မေးခွန်းထုတ်မိလိုက်လေသည်။

"ကိုငွေမိုးက ဘယ်ကိုထွက်သွားတာလဲ"

"ဟင့်အင်း ... ငါမသိဘူး"

ကိုကိုက ဖင့်ကို ပြန်ဖြေရင်းကမှ မျက်လုံးထဲမှာ သူ့ရဲ့ပုံရိပ်တို့က မြင်ယောင်လို့ လာလေသည်။ သူ ကိုကို့ကို နောက်ဆုံးကြည့်သွားတဲ့ အကြည့်ထဲမှာ နာကျင်မှုတွေ များစွာပါသည်။ ကိုကို ဘယ်လိုမှ မတတ်နိုင်တဲ့ အမုန်းတရားအတွက် မြုံးမြုံးလေး နေနေရပေမယ့် ရင်ထဲမှာ အရမ်းပူနေလေသည်။

"ဘာပဲဖြစ်ဖြစ်ပါ။ နင့်ရဲ့ မျှော်လင့်ချက်တွေ ပြည့်ဝသွားပြီပဲ ကိုကိုရယ်။ ဒီလောက်ဆို ကျေနပ်လိုက်ပါတော့။ အန်တီလည်း တမလွန်ကနေ နင့်ကိုကြည့်ပြီး ကျေနပ်မှာပါ။ နင့်စိတ်တွေကို ပေါ့ပေါ့ပါးပါး ထားလိုက်တော့ ကိုကို။ ဘာအမုန်းတရားမှ မထည့်ထားနဲ့တော့။ ခေါင်းထဲက ထုတ်လိုက်တော့ ... နော်"

မေမေရယ်။ ကိုကို့ရဲ့ရင်ထဲမှာ မေမေ့ကို အရမ်းသတိရသွားမိသည်။ သနားစရာကောင်းတဲ့ မေမေ။ ကိုကို့ရဲ့အမေ





ဟာ သစ္စာရှိတဲ့မိန်းမ ဖြစ်ပါရက်နဲ့ ဒေါ်နီနှင်းဆီရဲ့ သံသယတွေ စွပ်စွဲချက်တွေကြောင့် ကြွေလွင့်ခဲ့ရတာ။

"ကိုကို ... ငွေမိုးသွန်းကို နင် မချစ်ဘူးလားဟင်။ နင့်ကို သိပ်ချစ်တဲ့ ယောကျာ်းအပေါ်မှာ နင် အဲဒီလောက် ရက်စက်လိမ့်မယ်လို့ ငါ မထင်ထားဘူး။ ငါကလေ နင်လက်စားချေဖို့ ကြိုးစားရင်းနဲ့ ကိုငွေမိုးကို ချစ်သွားပြီး အချစ်ကို နင် နားလည်သွားလိမ့်မယ်လို့ ထင်ခဲ့တာ။ အခုတော့ နင် တကယ်ကို လုပ်ရက်ခဲ့တာပဲ ကိုကိုရယ်"

ဖင့်ရဲ့မချိတင်ကဲ စကားတွေကိုလည်း ကိုကို နားမထောင်နိုင်တော့ပေ။ မျက်ရည်တွေသာ ကျလာခဲ့လေသည်။ ကိုကို အနိုင်ရခဲ့ပြီပဲ။ ဘာလို့ မျက်ရည်ကျရတာလဲ။ မျက်လုံးတွေကို စုံမှိတ်ချပစ်လိုက်လျှင် ငွေမိုးသွန်းရဲ့မျက်နှာကိုသာ မြင်ယောင်လာသည်။

အို ... သွားစမ်းပါ။

ဒါဟာ ကျွန်မ သိပ်မုန်းတဲ့မိန်းမရဲ့သားကို အနိုင်ယူပြနိုင်လို့ ပြန်မြင်ယောင်တဲ့ အောင်နိုင်မှုပုံရိပ်တွေပဲ ဖြစ်မှာပါ။ ရှင်တို့မိသားစုကို အောင်နိုင်ခဲ့လို့ကျတဲ့ ဝမ်းသာမျက်ရည်တွေပဲ ဖြစ်မှာပါနော်။

✻ ❣ ✻



www.burmeseclassic.com

www.burmeseclassic.com



၂၁

"ကိုယ်ပြောတာတွေကို ယုံပါ နှင်းဆီ။ ဒီစကားတွေကို ရှင်းပြဖို့အတွက် အနှစ်နှစ်ဆယ် စောင့်လာခဲ့ရတာပါ။ ကိုယ့်ရဲ့သစ္စာတရားနဲ့ ကျိန်ဆိုပြောရဲပါတယ်။ မြယမုံဟာ ကိုယ့်အတွက်တော့ အလုပ်ကြိုးစားတဲ့ စာရေးမတစ်ယောက်ထက် ခံစားချက်မပိုခဲ့ပါဘူး။ သူတို့မိသားစု အဆင်မပြေတာလေးတွေကို ကိုယ့်ဘက်က တတ်နိုင်သရွေ့ ကူညီပေးမဲ့တာကလည်း ကိုယ်ချင်းစာတဲ့ စိတ်တစ်ခုတည်းနဲ့ပါ ...

အဲဒီတုန်းက နှင်းဆီကို ရှင်းပြခဲ့ချင်ပေမယ့် နှင်းဆီက ဘယ်လိုမှလက်သင့်မခံနိုင်တဲ့အပြင် ကိုယ့်ကိုပါ နှိမ်ချပြောဆိုခဲ့တော့ မာနနဲ့ဒေါသတွေရောပြီး ကိုယ်တို့မဖြစ်သင့်တာတွေ ဖြစ်ခဲ့ကြတာပါ။ ကိုယ်ပြောတာကို ယုံပါ နှင်းဆီရယ်။ ကိုယ်ဟာ မြယမုံနဲ့ မပတ်သက်ခဲ့ပါဘူး"





အဲဒီစကားကို ကြားလိုက်ရသောအခါ နှင်းဆီသည် တဒင်္ဂတော့ ငြိမ်သက်တွေဝေသွားလေသည်။ ဒါဟာဖြစ်နိုင်ပါရဲ့လား။ ပြီးတော့ သူ့မျက်လုံးတွေကို ကြည့်မိသွားသည်။ အသက်တွေ ကြီးလာခဲ့ပေမယ့် သူ့ရဲ့အညိုရောင်မျက်ဆံတွေထဲက ဖြူစင်မှုတစ်ခုကို မြင်လိုက်ရသည်။ ဘာဖြစ်လို့ အဲဒီအချိန်တုန်းက နှင်းဆီ ဒီဖြူစင်မှုကို မတွေ့ရတာလဲ။

ပြန်တွေးရရင်တော့ နှင်းဆီရဲ့ အမှားပဲဖြစ်သည်။ သိပ်ချစ်လွန်း၍ မိဘသဘောမတူတဲ့ကြားက နိုးပြေးခဲ့ကြသော ထင်မင်းညီနှင့် နှင်းဆီမှာ နှင်းဆီက အရမ်းကိုထက်ကာ ထင်မင်းညီကတော့ ဘဝမှာ ဖန်းချိတွေရယ်၊ နှင်းဆီရယ်သာ ရှိနေရင် အားလုံးပြီးပြည့်စုံတဲ့ ယောက်ျားမျိုးပဲဖြစ်သည်။ သားကိုမွေးပြီးမှာ နှင်းဆီရဲ့ကြိုးစားမှုတွေ အရောင်ဟပ်လာခဲ့ပြီး ငွေကြေးအတော်အသင့် စုနိုင်လာခဲ့သောအခါ နှင်းဆီဟာ ငါငွေရှာနိုင်တယ်ဆိုတဲ့ ဂုဏ်မောက်ခဲ့သည်။ အဲဒီ ငွေဂုဏ်မောက်မှုက နှင်းဆီကို မောင်နဲ့ ဝေးစေခဲ့သည်။

အချစ်ကြီးလွန်း၍ အမျက်ကြီးခဲ့ကာ နှင်းဆီဟာ ထင်ရာတွေ လျှောက်တွေးပြီး နှင်းဆီ အထင်မှားခဲ့တဲ့ မြယမုံကို နည်းမျိုးစုံ အရှက်ခွဲခဲ့သည်။ နှင်းဆီရဲ့လုပ်ရပ်တွေက သားငိုပါ သက်ရောက်စေခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆီ ... ဒီကိစ္စမှာ ဘယ်သူ့ ဘယ်သူ့ကိုမှ အပြစ်မတင်ပါနဲ့။ အားလုံးဟာ မှန်ပါတယ်။ လက်ဖဝါး လက်ဖမိုး အမြင်မတူပေမယ့် လက်ကတော့ လက်ပါပဲ။ ဘယ်သူမှ မမှားပါဘူး ...

ယဉ်တစ်ကိုယ့်ကို ခွင့်လွှတ်ပေးလိုက်ပါ။ သူ့ခမျာ မှာလည်း ကိုယ်တို့ကြောင့် တစ်လျှောက်လုံး ဒုက္ခရောက်လာခဲ့ရတာလေ။ တကယ်တော့ မြယမုံက မဆိုင်ဘဲ ကြားညပ်သွားလို့ အခုလိုဖြစ်ခဲ့တာပါ။ ကိုယ်တော့လေ အငြိုးတွေ၊ အမုန်းတွေကို အရမ်းကြောက်သွားပြီ။ သားကို ဒုတိယမြောက် ထင်မင်းညို မဖြစ်စေချင်သလို၊ ယဉ်တစ်ကိုယ့်ကိုလည်း ဒုတိယမြောက် နှင်းဆီ မဖြစ်စေချင်ဘူး ...

ကိုယ်တို့တွေ အသက်ကြီးပါပြီကွာ။ အေးအေးချမ်းချမ်းနဲ့ စစ်မှန်တဲ့ မိသားစုဘဝလေးကို ပိုင်ဆိုင်သင့်နေပါပြီ"

နှင်းဆီက ထင်မင်းကို မျက်ရည်တွေကြားက မော့ကြည့်လိုက်မိသည်။ အခု နှင်းဆီရဲ့ရင်ထဲမှာ အရမ်းကိုအေးချမ်းသွားသည်။ ဒါဆိုရင် သားကော ...။

"သားက ယဉ်တစ်ကိုယ့်ကို မုန်းသွားပြီလေ"

"မပူပါနဲ့ နှင်းဆီရယ်။ သားက အဖေတူသားပါ။ မုန်းတယ်လို့ ပြောနေပေမယ့် သူ ချစ်နေဆဲပါ"





အဲဒီစကားကြောင့် နှင်းဆီသည် အများကြီးငယ်သွားသလိုခံစားမိကာ ဟက်ခနဲ ရယ်လိုက်မိလေသည်။ နှင်းဆီကို ပြုံးကြည့်နေသည့် ထင်မင်းကလည်း ဟိုးအရင်တုန်းက ပန်းချီဆရာလေး ထင်မင်းညို ပြန်ဖြစ်သွားလေသည်။

❋ ❣ ❋



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရဲ့အသိစိတ်မှာ xxx နင်ဟာ နတ်ဆိုးပါကွယ် xxx နှလုံးသားထဲက နင်ဟာ xxx အရှင်သခင်ပါပဲကွယ် xxx မျှော်လင့်နေတဲ့ အချစ် xxx အမုန်းကိုစွန့်ပြီး xxx ကြိုးစား ချစ်နေလည်း xxx ဘယ်လိုလုပ်ရမလဲကွယ် xxx တားဆီး မရတယ် နာကျင်နေ xxx အမုန်းများ ...

ပေးဆပ်ခြင်းနဲ့ ချစ်နေလည်း xxx ရလဒ်ကတော့ ဒီအမုန်းများ xxx သိပ်ချစ်တယ် xxx အရမ်းမုန်းတယ် xxx ဝဋ်ရှိရင် ကျေပေးတော့ကွယ် xxx နှလုံးသားထဲက ချစ်နေလည်း xxx ဦးနှောက်ထဲက ဒီအမုန်းများ xxx သိပ်ချစ်တယ် အရမ်းမုန်းတယ် xxx ရောထွေးနေပြီ xxx တကယ်ရှုံးတော့မယ် xxx ဝဋ်ကြွေးများရယ်"

ကိုကိုက FM ကလွှင့်နေတဲ့ "သိပ်ချစ်တယ် အရမ်း မုန်းတယ်" သီချင်းကို နားထောင်မိရင်း မျက်ရည်တွေကျလာသေ သည်။ ကိုကိုကကော အဲဒီလို တကယ်ဖြစ်နေခဲ့ပြီလား။ အစဆို





ဘာမှမစဉ်းစားဘဲနဲ့ သူက ခေါင်းထဲအလိုလို ရောက်နေတော့သည်။ ပြီးတော့ တစ်ပတ်လောက် မတွေ့ရတာကို ကိုကို့မှာ အရမ်းခံစား နေရသည်။ အဲဒါဟာ ချစ်လို့မဟုတ်ပါဘူး။ ဒါဟာ မုန်းလို့ပဲဖြစ် မှာ။ ကိုကိုက စိတ်ကိုတင်းကာ မျက်ရည်တွေကို သုတ်ပစ်လိုက် သည်။

ကိုကို သူတို့ကို မုန်းတာပဲ။ သူတို့တွေကို အနိုင်ယူ လာခဲ့တဲ့ ကိုကိုက ဘာလို့မပျော်နိုင်ရမှာလဲ။

"ကိုကိုရေ ... သမီး၊ ဖုန်းလာနေတယ်"

တီလေးက အခန်းတံခါးကိုခေါက်ကာ ဖုန်းလာတယ် ဆိုတာကြောင့် ကိုကိုက အိပ်ရာထက်ကနေ မထချင်ထချင်နဲ့ လူးလဲထကာ ဖုန်းသွားကိုင်ရသည်။ နံပါတ်က ကိုသူယံ ဖုန်းနံပါတ် ဖြစ်နေတာမို့ ကိုကိုက မကိုင်တော့ဘူးလို့ တွေးပြီးကာမှ ဘယ်လို စေ့ဆော်မှုကြောင့်မှန်းမသိ ဖုန်းကိုင်လိုက်သည်။

"ဟယ်လို"

"ကိုကိုလား ... ကိုယ် မင်းကို ပြောစရာရှိလို့ ဖုန်းဆက် လိုက်တာပါ"

ကိုသူယံကို ကိုကို့မှာ တကယ်ပဲ မျက်နှာပူနေရတာ ဖြစ်သည်။ ကိုကို့လုပ်ရပ်အတွက် နောင်တမရမိပေမယ့် စိတ်ထဲ တစ်မျိုးတော့ ဖြစ်မိတာအမှန်ပဲ ဖြစ်လေသည်။

"ဟုတ် ... ပြောပါ ကိုသူယံ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ကိုယ့်ဘက်က မိတ်ဆွေကောင်း ပီသသင့်တယ် ထင်လို့ပါ။ ဟို ... စိတ်မရှိပါနဲ့နော်။ ကိုယ် ဒီစကားကို ပြောသင့်တယ်လို့ ထင်လို့ပါ"

စကားတွေ ပလ္လင်ခံနေလွန်းတာကြောင့် ကိုကိုက ဇဝေဇဝါကြီး ဖြစ်နေမိသည်။ ဘာကိစ္စများပါလိမ့်။

"ပြောပါ ... ကိုသူယံ။ ဘာကိစ္စများလဲ"

"ဒီလိုပါ ...မနေ့က ညနေပိုင်းလောက်က ကိုယ် ငွေမိုးသွန်းကို တွေ့လိုက်တယ်"

စိတ်ထဲမှာ လှပ်ခနဲ ဖြစ်သွားပေမယ့် ကိုကိုက ခေါင်းအသာယမ်းလိုက်ကာ မေ့ပစ်လိုက်သည်။

"ဪ ... သူ့ကိုတွေ့တာလား။ ဟုတ်ကဲ့"

"ဟို ... ဆန်းနေတာတစ်ခုက သူ့ဘေးနားမှာ သူနဲ့တွဲနေတဲ့ ကောင်မလေးဗျ။ ကျွန်တော် သူတို့နှစ်ယောက်နဲ့ ဒီတစ်ရက် နှစ်ရက်အတွင်းမှာ ဆုံမိတယ်။ ဟိုဗျာ ... ကျွန်တော့် အထင်ပေါ့နော်။ Coupleတွေလိုပဲ။ ငွေမိုးသွန်း ချစ်သူရနေသလိုပဲ"

"ရှင်"

ကိုကို့ဒေါသသွေးတွေ ဖျင်းခနဲဖြစ်ကာ ဆူပွက်သွားလေသည်။ အာ ... ငါနဲ့ ဘာဆိုင်လို့လဲကွာ။





"ကိုသူယံ ဘာပြောချင်တာလဲ မသိဘူး။ ကိုသူယံ ကြားမိမှာပါ။ ကျွန်မတို့ မပတ်သက်ကြတော့ဘူး။ သူနဲ့ပတ်သက်တဲ့ကိစ္စမှန်သမျှ ကျွန်မကို မပြောပါနဲ့"

"ဆောရီးပဲဗျာ။ ကိုယ်နားလည်ပါတယ်။ မပြောဖို့လည်း စဉ်းစားမိပါသေးတယ်။ ဒါပေမဲ့ ပြောသင့်တယ်ပဲ ထင်တယ်။ ကိုကို့ကို အသိပေးတာပါ။ ယုံတာမယုံတာ တစ်ပိုင်းပေါ့။ အခု ငွေမိုးသွန်းနဲ့ တွဲနေတာ တခြားသူ မဟုတ်ဘူး။ ကိုကို့ရဲ့သူငယ်ချင်း သဇင်ခင်စုပဲ"

"ဘယ်လို"

ကိုကို့ခေါင်းပေါ်သို့ မိုးကြိုးအချက်ပေါင်းများစွာ ပစ်ချလိုက်သလို ခံစားရလေသည်။ ဇင် ... ဇင်က ...။ ဟင့်အင်း မဖြစ်နိုင်ဘူး။

"ကိုကို အံ့ဩနေမယ်ထင်တယ်။ ကိုယ်လည်း တွေ့တွေ့ချင်တုန်းကဆို shock ဖြစ်သွားတယ်။ ဒါပေမဲ့ အဲဒါ တကယ့်ကို အမှန်တရားဖြစ်နေတယ် ကိုကို။ ကိုယ်စုံစမ်းပြီးပြီ။ သူတို့တွဲနေတာ လေးရက်လောက်ပဲ ရှိသေးတယ်။ ကိုကို မယုံဘူး၊ ဒါမှမဟုတ် ယုံအောင် လက်တွေ့မြင်ချင်တယ် ဆိုရင်တော့ အခု(......)မှာ ရှိနေလိမ့်မယ်"

ကိုသူယံဘက်က ဖုန်းချလို့သွားလေသည်။ ကိုကိုသည် တုံ့ဏှိဘာဝေဖြစ်ကာ ဖုန်းကိုကိုင်ထား၍ တွေတွေကြီးရပ်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။ ဘုရား ... ဘုရား။ ဒါဟာ တကယ်ပဲလား။ ပြီးတော့ ဇင်က အဲဒီလိုမျိုးလုပ်တတ်လား။ မဖြစ်နိုင်ဘူး ... ဟင့်အင်း။

အင်း ... ဖြစ်နိုင်တယ်။ ဇင်က ကိုငွေမိုး ... ကိုငွေမိုးနဲ့ ကိုကို့ရက်စက်မှုတွေကို အမြဲသနားနေတတ်တဲ့သူ။ ပြီးတော့ ဒီတလောမှာ ဇင်က အိမ်ပြန်သိသိသာသာ နောက်ကျနေတယ်။ ဒါဆို ... ဒါဆို။

ကိုငွေမိုးကိုမှ သနားနေတဲ့ ဇင်၊ ပြီးတော့ ကိုကို့ကို နာကြည်းသွားတဲ့ ငွေမိုးသွန်း၊ သူတို့တွေ မတော်တဆတွေ့ဆုံပြီး ကြိုးချင်းထား ကြိုးချင်းငြိသွားနိုင်တာပဲ။ ကိုသူ့ယံ စကားတွေသာ အမှန်ဖြစ်ရင် ...။

ကိုကိုသည် လက်ထဲကဖုန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၍ ထွက်လာခဲ့တော့သည်။

❋ ❦ ❋





မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ကိုကိုဟာ မျက်လုံးတွေတောင် ပြာထွက်သွားလေသည်။ ဟား ... ကြည့်စမ်းပါဦး။ သူတို့တွေက ...။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ နှစ်ယောက်သား ပြုံးရွှင်နေကြတာတွေကို မြင်ရလျှင် ကိုကို့စိတ်ထဲမှာ ဘာဆိုဘာမှ မမြင်တော့။ ကိုကို့ကို သိပ်ချစ်ပါတယ်ပြောပြီး သစ္စာဖောက်ကြတာ။ ကိုကိုသည် ဘယ်လိုမှ မခံစားနိုင်သော နှလုံးသားဖြင့် သူတို့ဆီတော့ အရောက်သွားလေသည်။

"သိပ်ကို ကြည်နူးနေတယ်ပေါ့လေ ... ဟုတ်လား သဇင် ခင်စု"

ကိုကို့အသံကြောင့် သူတို့နှစ်ယောက်လုံးက ကိုကို့ကို ထိတ်လန့်တကြား လှည့်ကြည့်ကာ ဇင်က ကိုကို့အနားသို့ တိုးကပ်လာ၍ ...

"ကိုကို ... ငါ ရှင်းပြမယ်နော်။ ငါပြောတာ ... ..."



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်း ... နင့်အသံ မကြားချင်ဘူး။ နင့်ကို ငါယုံမိတာ မှားတာပဲ သဇင်ခင်ရ။ နင့်မှာ ကြိုက်စရာယောကျ်ား အဲဒီလောက် ရှားလား။ နင်က ငါ့ရဲ့ နောက်ကျောဓား ပဲ"

"မဟုတ်ဘူး ကိုကို။ ကိုယ်ပြော ..."

ကိုကိုတို့ရဲ့ပြဿနာကြားထဲသို့ ငွေမိုးသွန်းကပါဝင်လာကာ မဟုတ်ပါဘူး လိမ်ချင်သေးလျှင် ကိုကိုက အသည်းနိုက်အောင် နာကျင်ရလေသည်။ အံကြိတ်ပြီး တင်ထားသော်လည်း မျက်ရည်တွေက တားဆီးမရစွာ ကျလာကာ နာကြည်းစွာ သူတို့ကို ပြောပစ်လိုက်သည်။

"နင်တို့ရဲ့အသံလည်း မကြားချင်ဘူး။ နင်တို့ဟာ သစ္စာဖောက်တွေ။ ငါ့ကို အယုံသွင်းခဲ့တာ။ နင် အဆိုးဆုံးပဲ ငွေမိုးသွန်း။ ငါ့ကို ချစ်ပါတယ် အကြိမ်ကြိမ်ပြောပြီး ငါ့နှလုံးသားကို အသေသတ်တဲ့ နင့်ကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး။ နင့်ကို ငါ မုန်းတယ်။ နင့်ကို ချစ်မိတဲ့ ငါ့ကိုယ်ငါလည်း မုန်းတယ်"

"ကိုကို ... ကိုကို"

"ကဲ ... နောက်ဆုံးတော့လည်း အချစ်တွေ ပွင့်ထွက်ကုန်တာပဲ မလား"





အနောက်က အသံကြောင့် ကိုကိုက ကြည့်မိသွားလျှင် ကိုသူယံကို တွေ့ရလေသည်။ ပြီးတော့ ဦးထင်မင်းညီ၊ ဒေါ်နီနှင်းဆီ။ သူတို့မျက်နှာက အပြုံးတွေနဲ့ ကိုကို့ဆီကို လာကြတယ်။ ကိုကိုက အံ့အားတသင့် ကြည့်နေမိစဉ်မှာ ဒေါ်နီနှင်းဆီက အေးချမ်းသွားစေမယ့် အပြုံးတစ်ခုပြုံးကာ ကိုကို့အနားသို့ လျှောက်လာပြီးမှ နူးညံ့စွာ မေးလေသည်။

"ဘယ်လိုလဲ ကိုကို။ မျက်လုံးထဲမှာ ဘာမှမမြင်တော့လောက်အောင် ဒေါသတွေကြီးပြီး နာကြည်းတဲ့စိတ်တွေပဲ ဖုံးနေတယ်မှုလား"

ကိုကိုက ဘာမှမပြောနိုင်သေးခင်မှာပဲ ဒေါ်နီနှင်းဆီက ဆက်ပြောလေသည်။

"အချစ်ကြီးလို့ အမျက်ကြီးတယ်ဆိုတာ အဲဒါပဲ ကိုကို။ တစ်ချိန်တုန်းက မင်းအမေနဲ့ အန်တီကြားက ရန်ငြိုးဆိုတာကလည်း ဒီအဖြစ်နဲ့ အလားသဏ္ဍာန် အတူတူပါပဲ။ တကယ်တော့ ဇင်က ဒီကိစ္စကို ကူညီပေးတာပါ။ သမီးရဲ့စိတ်တွေ ရှင်းသွားအောင်ပေါ့။ အဲဒီတုန်းကလည်း မင်းအမေနဲ့ ကိုထင်မင်းကို မြင်ခဲ့ရတော့ ဘာမှမမြင်ဘဲ ဒီလိုပဲပေါက်ကွဲခဲ့တယ်။ ရှင်းပြလို့မရခဲ့တော့ အဆုံးစွန်ထိ ဖြစ်ခဲ့ကြတယ်။ ဒါကြောင့် မဖြစ်သင့်တာတွေ ဖြစ်ခဲ့တာပါ။ အခု သမီးရင်ထဲမှာ သားနဲ့ဇင့်အပေါ် ဖြစ်နေတဲ့စိတ်က အနှစ် နှစ်ဆယ်တုန်းက အန်တီ့ရင်ထဲကစိတ်နဲ့ တစ်ထပ်တည်းပါပဲ ...



www.burmeseclassic.com

www.burmeseclassic.com



သမီးကို အန်တီ တောင်းပန်ပါတယ်။ အန်တီရဲ့ ဒေါသတွေကြောင့် မဖြစ်သင့်တာတွေ ဖြစ်ခဲ့တာပါ။ ဒီအဖြစ် အပျက်နဲ့ယှဉ်ပြီး အဲဒီတုန်းက အန်တီရဲ့စိတ်ကို သမီးနား လည်ပေးမယ်လို့ မျှော်လင့်ပါတယ်"

ဒေါ်နီနှင်းဆီ စကားအဆုံးသတ်သွားပေမယ့် ကိုကို့ ရင်ထဲက အကြောင်းအရာတွေကတော့ အဆုံးမသတ်သွားပေ။ မမျှော်လင့်ပါဘဲ ပွင့်ထွက်သွားသည့် ကိုကို့ရဲ့အချစ်အတွက် ကိုကို လည်း ဘာမှမတတ်နိုင်ပေ။ ဇင်က ကိုကို့အချစ်တွေ ပွင့်ထွက်လာ ဖို့ ကူညီတာတဲ့။ ဇင်နဲ့သူ့ကို တွဲမြင်လိုက်တော့ ကိုကို အဆုံးရှုံး ပေါက်ကွဲခဲ့သည်။ အဲဒါကို ဒေါ်နီနှင်းဆီက လွန်ခဲ့တဲ့ အနှစ်နှစ် ဆယ်က သူ့အဖြစ်နဲ့ယှဉ်ပြီး နားလည်ပေးပါတဲ့။

အဲဒီတုန်းက ဒေါ်နီနှင်းဆီဟာ ကိုကို့လိုပဲ ဒေါသ တွေ ထွက်ခဲ့လိမ့်မည်။ ဒါပေမဲ့ သူ အချစ်ကြီးလို့ ထွက်ခဲ့ရတဲ့ အမျက်ကြီးဟာ သူများမိသားစုဘဝတော့ ပျက်လို့မရဘူးလေ။ ဒါကို ကိုကိုက ခွင့်လွှတ်ရမလား။

"ကိုကို ... ကိုယ်တို့တွေ ပျော်ရွှင်စရာ မိသားစုဘဝလေး ကို ဖန်တီးကြရအောင်နော်။ အားလုံး ချစ်ချစ်ခင်ခင်နဲ့ ဘာအငြိုးမှမရှိတဲ့ ချစ်ခြင်းတွေ တည်ဆောက်ကြရအောင် ကိုကိုရယ် ... နော်"





တိုးဖျော့ဖျော့လေသံဖြင့် ငွေမိုးသွန်းက ကိုကို့ကို အဖျော့ဆွဲဆွဲကာ ပြောသောစကားတွေ အပေါ်ကို ကိုကို တဒင်္ဂ တော့ မိန်းမောမိသွားသလိုပင်။ သူ့ရဲ့လက်တစ်ဖက်က ကိုကို့ပခုံး ကို ခပ်ဖွဖွထိတွေ့လိုက်သောအခါ ကိုကိုက သူ့လက်တွေကို ဆတ်ခနဲ ပုတ်ထုတ်ပစ်ကာ သူ့ကိုတွန်းပစ်လိုက်၍ ဗူးဗူးဝါးဝါး အော်လိုက်မိသည်။

"ခွင့်မလွှတ်ဘူး။ ကျွန်မ မိဘမဲ့ဖြစ်ခဲ့ရတဲ့ ဘဝအတွက် ဒီလောက် အနိုင်ယူရရုံနဲ့ မကျေနပ်ဘူး။ ရှင်တို့ကိုမုန်း တယ် ... မုန်းတယ်"

"ကိုကို"

ကိုကိုက မျက်ရည်တွေ ဝေသိုင်းကာ ထွက်ပြေးလာ ခဲ့သည်။ ဟင့်အင်း ... မေမေ။ မေမေ့အတွက် သမီး ဘယ်တော့မှ ခွင့်မလွှတ်ဘူး။ သမီးရဲ့ခံစားချက်တွေအတွက် သူတို့ကို နာကျင် အောင် ရက်စက်ရမယ်။ ကိုကိုက ကားကိုအကြမ်းပတမ်းမောင်း ချလာကာ ကက်ဆက် volumeအသံကို ပိုတိုးမြှင့်ပစ်လိုက်သည်။

"ငယ်စဉ်တည်းက ရိုးသားဖြူစင်ခဲ့ xxx ရေလိုကြည်လင် အေးမြလို့ သာယာနေတဲ့ တို့ဘဝကို xxx ဘယ်သူဝင်ကာ ဆေးဆိုးလိုက်ပြီလဲ xxxအိုး xxx အိပ်လို့မရတော့ဘူး ည, ညတွေ xxx ရင်မောကာနေရတာ စိတ္တဇလိုပဲ xxx ကူညီ ကြပါဦး xxx ဒီမှာ ကယောင်ချောက်ချား အတွေးများနဲ့ ရူး xxx"



www.burmeseclassic.com

www.burmeseclassic.com



သီချင်းက ကိုကို့အရှိက်ကို တည့်တည့်ကိုလာထိမှန်တာကြောင့် ကိုကိုဟာ ပိုလို့တောင် ကြေကွဲလို့ သွားချေသည်။ ဒီနေ့မှာ ကြားနေရတဲ့ သီချင်းတွေဟာ ကိုကို့ရင်တွေကို မီးမြိုက်နေသလိုပဲ။ ကိုကိုက မျက်ရည်တွေ ကျနေကာ အတွေးတွေကချာချာလည် လည်ထွက်လို့ နေချေသည်။ ကိုကို ကိုယ်တိုင်လည်း ဒီယောက်ျားတစ်ယောက်ကို ချစ်မိလေသလား မချစ်ဘူးလားလည်း မသိပါ။ ကိုကို့ရင်ထဲက ခါးခါးသီးသီး အငြိုးတရားတွေဟာ ကိုကို့နှလုံးသားကို အကျဉ်းချထားတာ ဖြစ်လေသည်။

"အတ္တစိတ်ဟာ လူတစ်ကိုယ်လုံး ဖုံးလွှမ်းကာ xxx ကိုယ့်အရိပ်ကို ရန်သူထင်တယ် xxx ဦးနှောက်ထဲမှာ လိုချင်တာပဲသိ xxx ဘယ်အရာတွေ ဘယ်လို xxx အို xxx ကောင်းသလား xxx ဆိုးမှာလား xxx ကိုယ်ကိုယ်တိုင်လည်း ခွဲခြားမသိတော့ဘူး xxx အတ္တများနဲ့အဆိပ်တက်လို့ xxx အခန်းကျဉ်းထဲမှာ xxx ကိုယ်တစ်ယောက်တည်းရှူး"

ဟုတ်တယ် ... အန်တီမေဆွိရယ်။

ကိုကိုလည်း တကယ်ကို အတ္တတွေ အငြိုးတရားတွေနဲ့ လူက တစ်ယောက်တည်း ပိန်းပိတ်လို့ မှောင်နေကာရှူးနေပါသည်။ ကိုကိုက မျက်ရည်တွေကို ပွတ်သုတ်ကာ အိမ်ကိုပဲ အမြန်ပြန်မောင်းလာခဲ့သည်။ တကယ့်ကို ကိုကို့စိတ်တွေဟာ မွန်းကျပ်အဆိပ်တက်လို့ နေပါသည်။ ကိုကို့ကို တံခါးလာဖွင့်ပေး





သော တီလေးက စိတ်ပုတီးကိုင်ကာ ကိုကို့ရဲ့မျက်ရည်အစွဲသားပုံစံကို တီလေးက အထိတ်တလန့်ဖြစ်၍ ...

"သမီး ... ကိုကို ... ဘာဖြစ်လို့လဲ ... ဘာဖြစ်လို့လဲဟင်"

တီလေးရဲ့ဂရုစိုက်လေသော စိုးရိမ်တကြီး မျက်ဝန်းတွေကိုကြည့်ကာ ကိုကိုက ဝမ်းနည်းစွာဖြင့် တီလေးကိုဖက်ကာ ရှိုက်ကြီးတငင် ငိုမိလေသည်။ တီလေးက ကိုကို့ဆံပင်လေးတွေကို ဖွဖွပွတ်သပ်ပေးကာ ...

"သမီးရယ် ... အမုန်းတရားဆိုတာ ပူလောင်ပါတယ်။ သမီးလေးကို အေးချမ်းစေချင်ပါတယ်။ မုဆိုးတစ်ပိုင်း မိန်းမရိုင်းဆိုတဲ့ ခက်ထန်တဲ့ အသုံးအနှုန်းက သမီးလေးလို ဖြူစင်တဲ့ ကလေးအတွက် မဖြစ်သင့်ဘူး။ စိတ်လျှော့လိုက်ပါ သမီးရယ်။ သမီးကို သာယာပျော်ရွှင်တဲ့ မိသားစုဘဝလေးနဲ့ ဖြစ်စေချင်ပြီ"

"တီလေးရယ် ... သမီးလေး ... သမီး"

ကိုကို့ရဲ့ခံစားချက်တွေက ငယ်ထိပ်အထိ ဆောင့်တက်လာကာ ဒီတလောမှာ စိတ်ဆင်းရဲမှုတွေများ၍ ဖိစီးဒဏ်တွေပိကာ ရင်ထဲက တလှပ်လှပ် လှိုက်မောလာကာ လူက ခေါင်းထဲမိုက်ခနဲ ဖြစ်တာမို့ မျက်လုံးတွေ စုံမှိတ်ချလိုက်လျှင် ကိုကိုဟာ လေဟာနယ်ထဲ ရောက်သွားသလို ခံစားရကာ ပေါ့ပါးသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... သမီး ... ကိုကို ... ကိုကို"

ကိုကို့နားထဲမှာ ခေါ်သံသာ ကြားပေမယ့် ကိုကို့မျက်လုံးက ဘယ်လိုမှ မဖွင့်နိုင်ချေ။ နစ်မြှုပ်ကျွာ အိပ်ပျော်သွားသည်ဟု ထင်ရသော ကိုကို့ရဲ့မျက်လုံးတွေ ပွင့်လာတော့ ကိုကို့ဘေးမှာ အပြုံးဖြင့် ဆီးကြိုနေသည့် တီလေးကို တွေ့ရလေသည်။

"သမီး ... နေကောင်းရဲ့လား"

"ဟုတ် ... သမီး ဘာဖြစ်သွားတာလဲ တီလေး"

"ကိုကိုလေးအတွက် ဝမ်းသာစရာ သတင်းပါ။ သမီးမှာ ကိုယ်ဝန်နှစ်လရှိနေပြီ။ အခုပဲ ဆရာဝန်ပြောသွားတာ။ ညည်းအေ ကိုယ် dateလွန်နေတာ သတိမထားမိဘူးလား"

"ရှင်"

ကိုကိုက အံ့သြလွန်း၍ နှုတ်ခမ်းတွေတောင် တဆတ်ဆတ် တုန်လို့လာလေသည်။ ဘုရားရေ။ ကိုကို့မှာ ကိုယ်ဝန်ရှိနေပြီတဲ့။ သူ့ရဲ့ရင်သွေးလေးက ကိုကို့ဗိုက်ထဲမှာ ရောက်နေတယ်။ ကိုကိုက မျက်ရည်တွေ ရစ်ဝဲလို့ သွားသည်။ ပြီးတော့ မမျှော်လင့်ဘဲရခဲ့တဲ့ ကိုယ်ဝန်မို့ အရမ်းကို အံ့သြရလေသည်။

"သမီး ... သမီးဟာ မိခင်တစ်ယောက် ဖြစ်တော့မယ်။ အရာရာကို မိခင်စိတ်နဲ့ကြည့်ရင် အေးချမ်းသွားပါလိမ့်မယ်။ အထူးသဖြင့် သမီး ခံစားနေရတဲ့ နာကျင်မှုတွေကို အဲဒီမိခင်စိတ်လေးနဲ့ ကြည့်လိုက်ရင် တကယ်အေးချမ်းသွား





ပါလိမ့်မယ်။ ကိုကို ... အမုန်အတိုင်း ဖြောင့်ဖြောင့်လေးတွေးပါ။ သမီးရဲ့ရင်သွေးလေးကို တီလေးက အထီးမကျန်စေချင်ဘူး သမီးရယ်"

ကိုကိုက တီလေးစကားကြောင့် ရင်ထဲမှာ ဒိတ်ခနဲဖြစ်သွားရသည်။ ကလေးလေးရယ် ... မင်းကို မေမေ အထီးမကျန်စေချင်ပါဘူးကွယ်။ မေမေတဲ့။ မေမေ ဆိုပြီး ကိုယ့်ကိုယ်ကိုယ်သုံးလိုက်မိတဲ့ နာမ်စားကြောင့် ကိုကို့တစ်ကိုယ်လုံး အားအင်တွေပြည့်လာသလို ခံစားရလေသည်။

ဒါပေမဲ့ မေမေ့ရဲ့အတ္တစိတ်တွေ အငြိုးတရားတွေကြောင့် ကလေးရဲ့ဖေဖေကို အသိမခံတာဟာ မေမေ ရက်စက်တယ်လို့ ခေါ်မလားဟင် ? ။

* ❣ *

ဝေဝနေတဲ့ အကြံဖြုတဲ့ စိတ်ဆတ်တာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဝမ္မစိန္တာလမ်း။ ကျောက်မြောင်း။ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"



www.burmeseclassic.com

www.burmeseclassic.com



မိုးသားတိမ်က ညို့ညို့ညို
ငါ့မျက်ရည်က ယိုးလေးစို
အချစ်ပုံကြီး စည်တော်ဟီး
ရွှေနားတော်သွင်း ချစ်ရောင်လင်း

အကြင်နာမိုးတိမ် ရင်မှာတိုးစေ
နှလုံးသားဘောင်ခတ် ဟန်ဆောင်မှုလျက်
အချစ်ရဲ့ပတ်ပျိုး နရီကကြိုး
မုန်းမေမို့မလွယ် အချစ်ရှိတယ်

မျက်ရည်ခကောင်းကင်မှာ
မင်းမရှိလည်း
ပြုံးချင်တာမို့
ချစ်သူ ...
ငါ့ကို မုန်းခွင့်ပေးပါ။

* ❣ *





## တစ်လကြာပြီးနောက်

## One Month Later

www.burmeseclassic.com

www.burmeseclassic.com



## ၂၂

အခုဆိုရင် ကိုကို့ရဲ့စိတ်တွေဟာ အရှိန်းကို အေးချမ်းသွားခဲ့ပါသည်။ အာယာတတွေ အငြိုးတွေ အားလုံးကို ရင်ဘတ်ထဲက ရှင်းထုတ်လိုက်သောအခါ နေရတာ အရှိန်းပေါ့သွားသလို ခံစားရလေသည်။ ကိုကိုဟာ ဘယ်သူနဲ့မှလဲ မပတ်သက်တော့။ ပြီးတော့ ကိုကို့ကို ဘယ်သူကမှလဲ မပတ်သက်တော့။ ဒီတစ်လတာ ကာလအတွင်းမှာ ကိုကို့ရဲ့ဖုန်းကိုလည်း အပြီးစက်ပိတ်ထားလိုက်သည်။ ပြီးတော့ အိမ်ထဲက အိမ်ပြင်လည်း မထွက်ဖြစ်။ ကိုကို့ရဲ့တစ်နေ့တာတွေဟာ ဘုရားရှိခိုး၊ တရားစာအုပ်ဖတ်၊ ပြီးတော့ TV ကြည့် စသဖြင့် အချိန်တွေကုန်စေတာဖြစ်သည်။ တစ်ခါတစ်ရံမှာ သူ့ကို သတိရမိပေမယ့် ကိုကို့အာရုံထဲမှာ ဖွတ်ကို မေ့ဖျောက်ထားလိုက်သည်။ သူ ရက်စက်တယ်လို့ သတ်မှတ်ချင်ပါသည်။





ဒီရက်တွေမှာ သူဟာ ကိုကို့ကို တစက်ကလေးမှ ဆက်သွယ်ခြင်းလည်း မရှိခဲ့ပါ။ တီလေးကိုလည်း တောင်းပန်ထား၍ ဒီကိစ္စထဲကို ဝင်မပါချေ။ ဇင် တစ်ယောက်ကလည်း မန္တလေးခဏဆိုပြီး ပြန်သွားလေသည်။ အနားမှာ တစ်စုံတစ်ယောက် ရှိခြင်း မရှိခြင်းက အရေးမကြီးတော့ပေ။

ကိုကို့ရဲ့ကလေးလေးကို ဂရုစိုက်ဖို့ပဲ ခေါင်းထဲမှာ အပြည့်ထည့်ထားတာဖြစ်ရသည်။

"သမီးရေ ... တီလေး လမ်းထိပ်မှာ ကော်ဖီထုပ်သွားဝယ်လိုက်ဦးမယ်။ နားနားနေနေ နေနော် သမီး"

"ဩော် ... ဟုတ် ... ဟုတ်ကဲ့ တီလေး"

တီလေးက အောက်ထပ်သို့ ဆင်းသွားလေတော့သည်။ ကိုကိုက အခန်းထဲမှာ မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို စိတ်မပါလက်မပါဖြင့် ဟိုလှန်ဒီလှန် လုပ်နေတာဖြစ်သည်။

"မင်းကို တန်ဖိုးထားချင်တယ် xxx ငါ့အသက်နဲ့ ရင်းပြီးကွယ် xxx ဖြစ်ပျက်ခဲ့တာ အားလုံးမေ့ပစ်ခဲ့ xxx ဘဝကို ပြန်စဖို့ ငါတို့နှစ်ဦး လက်တွေတွဲထားမယ် xxx အသက်ဝိညာဉ်လွင့်ပျံ့တဲ့အထိကွယ် xxx"

ဘာလဲဟ ...။ နားထဲက ကြားနေရတဲ့သီချင်းသံဟာ ကက်ဆက်ဖွင့်ထားတာမျိုး မဟုတ်ဘဲ တစ်ယောက်ယောက်က ဂစ်တာတီး ပြီး သီချင်းဆိုနေတာဖြစ်သည်။ ဘုရားရေ ... အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



သူနိုးကပ်တာလား။ ဟင်... အဲလိုလည်း ဟုတ်သေးပါဘူး။ သူနိုးက သီချင်းဆိုပါမလား။ ကိုကိုက ခြေကိုဖွဖွနင်းကာ အခန်းထောင့်နား ကပ်လိုက်ပြီး ထပ်နားစွင့်နေမိသည်။

"ငါ ဒီမှာ မင်းနဲ့နီးဖို့ ကြိုးစားနေတယ် xxxယုံကြည်ခြင်းတွေ အထပ်ထပ် ရေးစပ်အသက်ရှင်ကြမယ် xxxအတိတ်ဆိုးများနဲ့ ပုံပြင်တွေလို သင်ပုန်းချေ xxxဒီမှာ မင်းနဲ့နီးဖို့ ကြိုးစားနေတယ် xxxအရင်တစ်ခါလို အမှားမှား အယွင်းယွင်း မဖြစ်တော့ဘူးကွယ် xxxနင် ကျေနပ်ရဲ့လား xxx ပျော်နိုင်မှ လိုက်ပါ xxxနင့်သဘောလိုတယ်"

ဘာလဲဟ။ ကိုကိုက တစ်နိုင်စာထီးဝေါက်ကို လှမ်းယူကာ တံခါးကို ကျီစနဲ ဆောင့်ဖွင့်လိုက်၍ မျက်စိစုံမှိတ်ကာ ရိုက်ချပစ်လိုက်သည်။

"အား ... သေပါပြီဗျာ"

ဝုန်းခနဲ ပစ်လဲကျသံကြောင့် ကိုကိုက မျက်လုံးတွေ ပွင့်လာကာ ကြည့်လိုက်လျှင် ကြမ်းပြင်ပေါ်မှာ ဂစ်တာကလည်း လဲလို့၊ ပြီးတော့ ခွေခွေလေး လဲနေသူက ...။ ကိုကိုက ဆံပင်တွေကို နားရွက်နောက် ပြန်သိမ်းကာ ငုံ့ကြည့်မိလိုက်လျှင် သူဟာ ငွေမိုးသွန်း ဖြစ်လို့နေသည်။ ဘုရားရေ ... သူ ... ကိုကို သူ့ကို ဘယ်နေရာ ရိုက်မိသွားလို့လဲ။ စိုးရိမ်မှုက ငယ်ထိပ်ဆောင့်တက်ကာ ချက်ချင်းပင် မောင့်ကို ထူပွေ့ကာ လှုပ်နိုးလေသည်၊





"မောင် ... မောင် ... ဘာဖြစ်သွားတာလဲ။ ဟဲ့ ... ငွေမိုးသွန်း ... ငွေမိုးသွန်း"

ဘုရား ... ဘုရား။ ကိုကို ဘယ်နေရာများ ရိုက်မိတာပါလိမ့်။ သူက လှုပ်နိုးလည်း မနိုးဘဲဖြစ်ကာ ငြိမ်နေတာမို့ ကိုကို့ရင်ထဲ ပူလာလေသည်။

"မောင် ... မောင် ... ထဦးလေ၊ ကျွန်မ ... ကျွန်မက မောင်မှန်းမသိလို့ ရိုက်လိုက်မိတာပါ။ ဟင့် ... ဒုက္ခပါပဲ။ ဘယ်လိုလုပ်ရမလဲ မသိဘူး"

"အဲဒါများ mouth to mouth respiration လေး လုပ်လိုက်လေ"

ဟမ် ...။ ကြည့်စမ်း ... မျက်လုံးမဖွင့်သေးဘဲ ပြုံးစိစိ မျက်နှာလေးဖြင့် ပြောလိုက်တာကြောင့် ကိုကို့မှာ အခုမှပဲ ရင်အေးသွားရကာ ဟူးခနဲ သက်ပြင်းချ၍ သူ့ရင်ဘတ်ကို ထုလိုက်သည်။

"ထစမ်း ... ရှင်ဟာလေ တော်တော်ပြဿနာရှာတယ်"

"ဟဲ ဟဲ ... မောင့်မိန်းမက သိပ်စိတ်ပူတတ်တာပဲကွာ။ ကဲ ... ထပြီ ပလို့ကို"

သူက ဆတ်ခနဲထကာ ကိုကို့ဘေးသို့ ကပ်လာတာကြောင့် ကိုကိုက ဆတ်ခနဲထမယ်အပြုမှာ ကိုကို့လက်ကို အသည်းအသန်ဆွဲကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟိုး ... ဟိုး ... ကလေးအမေ ... အဲဒီလိုမထ နဲ့လေ"

"ဟင် ... ရှင်"

ကျစ် ... တီလေးကတော့ မပြောပါနဲ့ဆိုကွာ။

"ကဲ ... ထိုင်ပါဦး ကိုကိုရာ"

ကိုကို့ကို ကြမ်းပြင်ပေါ်မှာ ပြန်ထိုင်စေပြီးမှ သူက ကိုကို့လက်ဖျားလေးတွေကို ဖျစ်ညှစ်ဆုပ်ကိုင်ကာ နွေးထွေးစွာ ပြုံးလိုက်လေသည်။

"ကိုယ် ခုနကဆိုတဲ့ သီချင်းလေးလိုပဲ။ ကိုယ် ကိုကို့နဲ့ နီးချင်ပြီ။ ကိုကို့သဘောလိုတယ်။ အားလုံးလည်း အဆင် ပြေကုန်ပြီပဲ ကိုကိုရယ်။ ကိုယ့်ကို မရက်စက်ပါနဲ့တော့ နော်။ ကိုယ် ကိုကို့ကို အရမ်းချစ်တယ်"

သူ့စကားတွေက အရမ်း လေးနက်လွန်းနေတာ ကြောင့် ကိုကိုက ရင်ခုန်သံတွေ မြန်လာသည်။ ကိုကို ဘာလပ် သင့်သလဲ။

"ကိုကို ... ပြောဦးလေ"

ကိုကိုက အပြုံးတစ်ခု ပြုံးထား၍ အရင်ဆုံး ဒေါ်နီ နှင်းဆီကို ခွင့်လွှတ်နိုင်ရဲ့လားလို့ နှလုံးသားကို အရင်မေးလိုက် သည်။ Ok... အရင်လို ဒေါသသွေးတို့ ပွက်ပွက်ဆူမနေတော့ပါ။ အဲဒါဟာ တီလေးပြောတဲ့ မိခင်စိတ်ရှိသွားလို့ပဲလားတော့ မပြော





တတ်ပေ။ ဒီအချိန်ဟာ ဇင် ဖြစ်စေချင်တဲ့ အချိန်ရောက်ပြီဟု ကိုကို သတ်မှတ်လေသည်။ သိပ်ပြီးတော့လည်း အချိန်မဆွဲချင်ပါ။ ကိုကို့ကလေးလေးကလည်း သူ့ကို ဖေဖေခေါ်ချင်ရှာမှာပေါ့။

"ဟော့ ... ကလေးအမေ၊ ပြောလေကွာ"

သူက ပန်းချင်းတွန်းတိုက်ရင်း ခပ်ချွဲချွဲထပ်မေးလေ လျှင် ကိုကိုက သဘောကျစွာ ရယ်မောမိသွားသည်။ အဲဒါကို သူက ပြုံးရင်းငေးစိုက်ကြည့်နေတာ ...

"ကိုယ့်ရဲ့ရင်သွေးလေး ကိုကို့ဆီမှာ ရှိတယ်ဆိုလို့ အရမ်း ကိုကွာ ဘယ်လိုပြောရမလဲ။ လုံးဝကို ရူးသွားတယ်။ အရမ်းလည်း ပျော်တယ်။ ကိုကို့ကိုလည်း အရမ်းချစ်သွား တယ်"

"အဟင်း ဟင်း ... ကလေးအဖေ တော်တော်ပျော်နေတယ် ပေါ့လေ"

"ဟား ... မိုက်တယ်ကွာ။ ပျော်တာပေါ့ ကလေးအမေရဲ့။ အဖေနဲ့အမေကလည်း သူတို့ရဲ့မြေးဦးလေးအတွက် အရမ်း ကို ရူးနေကြတယ်လေ။ ပြီးတော့ ကိုကို့ကိုလည်း သူတို့က သမီးတစ်ယောက်အဖြစ်နဲ့ ကြိုဆိုနေကြတယ်"

ကိုကို့ရင်ထဲ အေးမြသွားလေသည်။ ပြီးတော့ မောင့် ကို နွေးထွေးသော မျက်ဝန်းတွေဖြင့်ကြည့်ကာ ရွှန်းရွှန်းစားစား ပြုံးစြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခန်းထဲကိုကြည့်လိုက်။ မောင် လက်ဆောင်ပေးတဲ့ Teddy Bear ကြီးလေ"

"ဟား ... ကိုကိုရယ်။ ဒီနေ့ကစပြီး ကိုယ့်ကို ဘာစိတ်ဆင်းရဲမှုမှ မရှိစေရတော့ဘူး ... နော်"

"အင်း"

ကိုကိုက ခေါင်းညိတ်ပြကာ မောင့်ရင်ခွင်ထဲသို့ ဝင်လိုက်တော့သည်။ ဒါဟာ ကိုကို့အတွက် မိုလှံ့ရာအေးချမ်းမှုလေးပါပဲ။ အခုဆို အမုန်းတွေ အငြိုးတွေ ဘာဆိုဘာမှ မရှိတော့။ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်မှုတွေပဲ ရှိတော့သည်။

ရင်ဘတ်ထဲက အနီရောင်မြစ်တစ်စင်းသည် ပွလောင်ခြင်းတွေ ကင်းဝေး၍ ရှေ့ဆက်ရမယ့် အနာဂတ်အတွက် အကြင်နာကသာ အဓိကအခန်းကဏ္ဍမှ ပါဝင်လေတော့သည်။

**အချစ်ကြီး၍ အကျက်ကင်းနိုင်ပါစေ ...**

**ဒ**

**ကျေးဇူးတင်စွာဖြင့် ...**

**မယ်မင်းဘို**

7th Nov. 2012,

2:19 P.M

BURMESE CLASSIC

www.burmeseclassic.com